# လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များနှင့် တုံ့ပြန်ရေးလုပ်ငန်းစီမံချက်

မြန်မာနိုင်ငံ

**၂၀၂၄ မြန်မာနိုင်ငံ**
**လူသားချင်းစာနာမှုဆိုင်ရာ**
**အစီအစဉ်စက်ဝန်း**

၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင်
ထုတ်ပြန်သည်။



# မာတိကာ


၃ **ဥယျောဇဉ်**

၄ **အကျဉ်းချုပ်**

၇ **အကြမ်းဖျင်းလေ့လာမှုအချက်များ**

၈ **အပိုင်း (၁) - လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များ**

၁၂ ၁.၁ အကျပ်အတည်းအပေါ် ခြုံငုံသုံးသပ်ချက်
၂၁ ၁.၂ လူသားချင်းစာနာမှုလိုအပ်ချက်များနှင့် အန္တရာယ်ဖြစ်နိုင်ခြေများကို ခွဲခြမ်းစိတ်ဖြာကြည့်ခြင်း
၂၇ ၁.၃ အကူအညီလိုအပ်နေသည့် လူဦးရေ

၂၉ **အပိုင်း (၂) - လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးလုပ်ငန်းစီမံချက်**

၃၀ ၂.၁ မဟာဗျူဟာ ရည်ရွယ်ချက်များ
၃၁ ၂.၂ လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးလုပ်ငန်းမဟာဗျူဟာ
၃၂ ၂.၃ စီမံချက်ရေးဆွဲခြင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည်
၄၁ ၂.၄ အားလုံးပါဝင်၍ အရည်အသွေးပြည့်ဝသော စီမံကိန်းများဆောင်ရွက်ခြင်း
၄၇ ၂.၅ ကုန်ကျစရိတ်တွက်ချက်သည့် နည်းလမ်း
၄၈ ၂.၆ ငွေကြေးအခြေခံသည့် အကူအညီပုံစံများ
၅၀ ၂.၇ စောင့်ကြည့်လေ့လာရေးနည်းလမ်း

၅၁ **အပိုင်း (၃) - အစုအဖွဲ့အလိုက် လိုအပ်ချက်များနှင့် တုံ့ပြန်ရေးလုပ်ငန်းများ**

၅၃ ၃.၁ ပညာရေးအစုအဖွဲ့
၅၅ ၃.၂ စားနပ်ရိက္ခာဖူလုံရေးအစုအဖွဲ့
၅၉ ၃.၃ ကျန်းမာရေးအစုအဖွဲ့
၆၂ ၃.၄ အာဟာရဆိုင်ရာ အစုအဖွဲ့
၆၅ ၃.၅ ကာကွယ်စောင့်ရှောက်မှုပေးရေးအစုအဖွဲ့
၇၂ ၃.၆ ခိုလှုံရာ/ အသုံးအဆောင်ပစ္စည်း/ စခန်းစီမံခန့်ခွဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးအစုအဖွဲ့
၇၆ ၃.၇ ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေးအစုအဖွဲ့ (WASH)
၇၉ ၃.၈ ပေါင်းစပ်ညှိနှိုင်းရေးနှင့် ဘုံဝန်ဆောင်မှုဆိုင်ရာ အစုအဖွဲ့

၈၃ **အပိုင်း (၄) - နောက်ဆက်တွဲများ**

၈၄ ၄.၁ နည်းစနစ်
၈၇ ၄.၂ သတင်းအချက်အလက် လစ်ဟာမှုများနှင့် အကန့်အသတ်များ
၉၀ ၄.၃ လူသားချင်းစာနာမှုရန်ပုံငွေများကို အလုံအလောက် မရရှိပါက ဖြစ်လာနိုင်သည့် အချက်များ
၉၆ ၄.၄ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်သူများက ရန်ပုံငွေလုံလောက်စွာ မရှာဖွေနိုင်ပါက ဖြစ်နိုင်သည့် လူသားချင်းစာနာမှုဆိုင်ရာ အကျိုးဆက်များ
၁၀၁ ထည့်ဝင်ကူညီနိုင်သည့် နည်းလမ်းများ
၁၀၂ အတိုကောက်ဝေါဟာရများစာရင်း
၁၀၄ စာကြွင်းများ

# ဥပဒေသာဇြင့်

၂၀၂၄ ခုနှစ် လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များနှင့် တုံ့ပြန်ရေး လုပ်ငန်းစီမံချက် (HNRP) ထုတ်ပြန်သည့်အချိန်တွင်ပင် အရှိန်မြင့်လာသော တိုက်ပွဲများ၊ တစ်ဟုန်ထိုးမြင့်တက်လာသော နေရပ်စွန့်ခွာရမှုများနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ခြိမ်းခြောက်မှုများကြောင့် နိုင်ငံအနှံ့အပြားတွင် ထိခိုက်မှုများ ဖြစ်ပေါ်နေပြီး၊ မေလတွင်တိုက်ခတ်ခဲ့သည့် မိုခါမုန်တိုင်းကြောင့် ထိခိုက်ပျက်စီးမှု ကြီးများနှင့်ပေါင်းစပ်၍ မြန်မာနိုင်ငံပြည်သူများသည် ကြီးမားသော အန္တရာယ်များကို ရင်ဆိုင်နေရသည်။

တပ်မတော်အာဏာသိမ်းပြီးနောက် သုံးနှစ်ကြာမြင့်သည့်အချိန်တွင် ၂၀၂၄ ခုနှစ်အတွက် လူသားချင်းစာနာမှု အခြေအနေမှာ စိတ်မကောင်းဖွယ် ဆိုးရွားနေပြီး၊ ယခုအခါ နိုင်ငံ့လူဦးရေ၏ သုံးပုံတစ်ပုံဖြစ်သည့် (၁၈.၆) သန်းသည် လူသားချင်းစာနာမှုအကူအညီများကို လိုအပ်နေသည်ဟု ခန့်မှန်းထားသည်။ ကလေးသူငယ်များသည် အကျပ်အတည်း၏ အဆိုးရွားဆုံးဒဏ်ကို ရင်ဆိုင်နေကြရပြီး၊ နေရပ်စွန့်ခွာရခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးပြတ်တောက်ခြင်း၊ စားနပ်ရိက္ခာမဖူလုံခြင်း၊ အာဟာရချို့တဲ့ခြင်း၊ အဓမ္မလူသစ်စုဆောင်းခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ရခြင်းတို့အပါအဝင် နက်ရှိုင်းသော ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ခြိမ်းခြောက်မှု များကြောင့် ကလေးသူငယ် (၆) သန်းခန့်သည် အကူအညီများ လိုအပ်နေပါသည်။ လက်ရှိစီးပွားရေး အခြေအနေသည် အိမ်ထောင်စုတိုင်းအတွက် ငွေရေးကြေးရေးအခက်အခဲများကို ပိုမိုဖြစ်ပေါ်စေပြီး၊ ရင်ဆိုင်ဖြေရှင်းနိုင်သည့် စွမ်းရည်များသည်လည်း အဆုံးစွန်အထိ ရောက်ရှိနေပြီဖြစ်သည်။ စိုက်ပျိုးရေးကဏ္ဍ အပေါ် ဖြစ်ပေါ်သော အနှောင့်အယှက်များနှင့် လျင်မြန်သော ငွေကြေးဖောင်းပွမှုနှုန်းကြောင့် ပြည်သူများသည် လုံလောက်သော စားနပ်ရိက္ခာများကို လက်လှမ်းမီဝယ်ယူနိုင်ရန် ပိုမိုခက်ခဲလာပြီး၊ အာဟာရချို့တဲ့မှု ပိုမိုမြင့်တက်လာမည်ကို စိုးရိမ်နေရသည်။ ကျန်းမာရေးစနစ်သည်လည်း အကျပ်အတည်းဖြစ်နေပြီး၊ သန်းနှင့်ချီသော ပြည်သူများသည် ဘေးကင်းသော ခိုလှုံရာနှင့် သောက်သုံးရေများ မရှိဘဲ နေထိုင်နေကြရ သည်။ အမျိုးသမီးများ၊ မိန်းကလေးများ၊ မသန်စွမ်းသူများနှင့် နိုင်ငံမဲ့ ရိုဟင်ဂျာများသည် ဤသို့သော အန္တရာယ်ကြီးမားလှသည့် ပတ်ဝန်းကျင်ကြောင့် အထိခိုက်ခံရဆုံးသူများဖြစ်ကြသည်။ တစ်ချိန်တည်းတွင် ဖွံ့ဖြိုးတိုးတက်မှုရလဒ်များမှာ ကြီးမားစွာခြိမ်းခြောက်ခံနေရပြီး ဆင်းရဲနွမ်းပါးမှုအဆင့်သည် လွန်ခဲ့သော ၁၅ နှစ်အတွင်း မြင်တွေ့ခဲ့ဖူးခြင်းမရှိသည့် အခြေအနေသို့ ပြန်လည်ရောက်ရှိနေသည်။

ဤစီမံချက်သည် စိတ်ညစ်ညူးဖွယ် အခြေအနေကိုထင်ဟပ်ဖော်ပြထားပြီး ကမ္ဘာလုံးဆိုင်ရာ အာရုံစိုက်မှုနှင့် ရန်ပုံငွေပမာဏ များစွာတိုးမြင့်ပေးရန် တောင်းဆိုထားပါသည်။ လူသားချင်းစာနာမှုဆိုင်ရာ ပါဝင်ဆောင်ရွက်သူများအနေဖြင့် အရေးကြီးအကူအညီ များပေးအပ်ရန် ဦးစားပေးအဖြစ် သတ်မှတ်ထားသည့် လူဦးရေ (၅.၃) သန်းသို့ ဖြန့်ကြက်ကူညီပေးနိုင်ရေးအတွက် အမေရိကန်ဒေါ်လာ တစ်ဘီလီယံနီးပါးရှိသော ရန်ပုံငွေများကို လိုအပ်နေပါသည်။ ရန်ပုံငွေလိုအပ်ချက်၏ ၂၉% ကိုသာ လက်ခံရရှိခဲ့သည့် ၂၀၂၃ ခုနှစ်ကဲ့သို့ ရန်ပုံငွေအလွန်အမင်းနည်းပါးသည့် အခြေအနေမျိုးကို ထပ်မံကြုံတွေ့၍ မဖြစ်တော့ပါ။ ရန်ပုံငွေထောက်ပံ့မှုမရှိခြင်းနှင့် ဝင်ရောက်ကူညီခွင့်ဆိုင်ရာ ကြီးမားသော အခက်အခဲများ ရှိနေခြင်းကြောင့် အကူအညီပေးရန် ဦးစားပေးသတ်မှတ်ထားသည့် လူဦးရေ (၁.၉) သန်းခန့်အတွက် အကူအညီများ ပေးအပ်နိုင်စွမ်းမရှိခဲ့သည့်အပြင် ဖြန့်ကြက်ကူညီပေးနိုင်ခဲ့သည့် လူဦးရေ (၃.၁) သန်းသည်လည်း မူလရည်မှန်းထားသည့် ကဏ္ဍစုံအကူအညီများအား အပြည့်အဝ ရရှိခဲ့ခြင်းမရှိပေ။ တုံ့ပြန်ရေးလုပ်ငန်း၏ ရှေ့တန်းရှိ ရဲရင့်သော အကူအညီပေးရေး လုပ်သားများ ပါဝင်သည့် ဒေသခံအဖွဲ့အစည်းအများစုသည် လွန်ခဲ့သော သုံးနှစ်တာကာလ အတွင်း ဆက်လက်ရပ်တည် အကူအညီများပေးရန် ကတိကဝတ်ပြုထားကြပြီး ရနိုင်သည့်နေရာများ၌ တတ်နိုင်သမျှ တိုးချဲ့ကူညီခဲ့ကြသည်။ သို့ရာတွင် ဤစီမံချက်အရ အကူအညီပေးရန် ဦးစားပေးအဖြစ် သတ်မှတ်ထားသည့် ပြည်သူတိုင်း၏ ဒုက္ခများကိုဖြေရှင်းပေးနိုင်ရေးအတွက် အကူအညီများကို နိုင်ငံရေးအရ အသုံးချခြင်းမှ ရှောင်ကြဉ်ရန်၊ ဝင်ရောက်ကူညီခွင့်များကို ပိုမိုခွင့်ပြုပေးရန်နှင့် ရန်ပုံငွေတိုးမြှင့်ထောက်ပံ့ပေးရန် အလွန်အရေးကြီးပါသည်။

လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များ ကာလရှည်မြင့်တက်လာမှုကို ဖြေရှင်းရန်အတွက် ဆက်စပ်အုပ်စုများ အချင်းချင်းကြားတွင် အပြန်အလှန်အားဖြည့်ပေးသော ရန်ပုံငွေများကို ထောက်ပံ့ပေးရန်လည်း လိုအပ်ပါသည်။ ပိုမိုကျယ်ပြန့်သော ဖွံ့ဖြိုးရေးလုပ်ငန်းအသိုက်အဝန်းက ဆောင်ရွက်သည့် ကြိုတင်ကာကွယ်ရေးစီမံကိန်းကြီးများ နှင့် ကြံ့ကြံ့ခံနိုင်မှုတည်ဆောက်ရေးလုပ်ငန်းများမရှိခြင်းကလည်း လူသားချင်းစာနာမှုအကူအညီလိုအပ်မှု အပေါ် မမျှော်မှန်းနိုင်သော ဖိအားများသက်ရောက်စေပါသည်။ လက်ရှိလူသားချင်းစာနာမှုလိုအပ်ချက် တိုးမြင့်နေသော အခြေအနေကို နောက်ပြန်ဆုတ်သွားစေရေးအတွက် ၂၀၂၄ ခုနှစ်တွင် ရပ်ရွာလူထုဖွံ့ဖြိုးရေး လုပ်ငန်းများသို့လည်း ပိုမိုများပြားသော ရန်ပုံငွေများကို တပြိုင်နက်တည်း ထောက်ပံ့ပေးရန် လိုအပ်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် လိုအပ်ချက်များ ဆက်လက်မြင့်တက်နေချိန်တွင် မြန်မာနိုင်ငံ ပြည်သူများနှင့် အတူ ဆက်လက်ရှိနေပေးသည့် စေတနာပြည့်ဝသော အလှူရှင်များကိုလည်း ကျေးဇူးတင် ရှိကြောင်း ပြောကြားလိုပါသည်။ သို့သော် ၂၀၂၄ ခုနှစ်တွင်မူ အလှူရှင်များအနေဖြင့် မြန်မာနိုင်ငံ၏ ဘေးဒဏ်ခံရသည့် ပြည်သူများထံမှ ရင်တွင်းစကားသံများကို နက်ရှိုင်းစွာ နားလည်အောင်ကြိုးစား၍ ကမ္ဘာ့စင်မြင့်ထက်၌ ပိုမိုကျယ်လောင်စွာ ပြောကြားပေးရန်လည်း လိုအပ်နေပါသည်။ သန်းနှင့်ချီသော ဘဝများသည် အန္တရာယ်ကျရောက်နေပြီး၊ မြန်မာနိုင်ငံအား အမေ့လျော့ခံ အရေးပေါ်အခြေအနေတစ်ခုအဖြစ်သို့ မရောက်ရှိ သွားစေရေးအတွက် ကျွန်ုပ်တို့အားလုံးက လုပ်နိုင်သမျှ လုပ်ငန်းအားလုံးကို ဆောင်ရွက်ကြ ရမည်ဖြစ်ပါသည်။

Marcoluigi Corsi

Myanmar Humanitarian Coordinator a.i

# အကျဉ်းချုပ်

မြန်မာနိုင်ငံသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ၊ တပ်မတော်အာဏာသိမ်းချိန်မှစ၍ မနားတမ်း မြင့်တက်လာခဲ့သည့် လူသားချင်းစာနာမှု အကျပ်အတည်းများ ပိုမိုနက်ရှိုင်းလာသည်နှင့်အမျှ ၂၀၂၄ ခုနှစ်တွင် အန္တရာယ်ရှိသော အနေအထားတစ်ခု၌ ရပ်တည်နေပါသည်။ ယခုအခါတွင် အရပ်သားပြည်သူများသည် အသက်ဘေးအတွက် ကြောက်ရွံ့စွာဖြင့် ရှင်သန်နေထိုင်နေကြရပြီး၊ ရင်ဆိုင်ဖြေရှင်းနိုင်သည့် စွမ်းရည်များသည်လည်း အဆုံးစွန်အထိ ရောက်ရှိနေပြီဖြစ်သည်။ လက်ရှိအခြေအနေတွင် ပိုမိုများပြားလာသော နေရပ်စွန့်ခွာရမှုများ၊ ထိခိုက်လွယ်သော လုံခြုံရေးပတ်ဝန်းကျင်၊ နက်ရှိုင်းသော ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ခြိမ်းခြောက်မှုများရှိနေပြီး မဖြည့်ဆည်းပေးနိုင်သော လိုအပ်ချက်များလည်း မြင့်တက်လျက်ရှိနေသည်။ လူသားချင်းစာနာမှုအခြေအနေမှာ အလွန်ဆိုးရွားနေဆဲဖြစ်ပြီး၊ ကလေးသူငယ် ၆ သန်းအပါအဝင် လူဦးရေ ၁၈.၆ သန်းသည် လူသားချင်းစာနာမှု အကူအညီများကို လိုအပ်နေသည်။ ဤအရေအတွက်သည် ယခင်နှစ်ကထက် လူဦးရေတစ်သန်း ပိုမိုတိုးမြင့်လာ သည်။ ဤသို့သော စိုးရိမ်ဖွယ်တိုးမြင့်လာမှုအပြင် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေများနှင့် ပဋိပက္ခများက ပိုမိုဆိုးရွားစေပြီး၊ ၂၀၂၃ ခုနှစ် မေလအတွင်း တိုက်ခတ်ခဲ့သည့် မိုခါမုန်တိုင်းနောက်ပိုင်းတွင် ခံစားရသည့် အကျပ်အတည်းများနှင့်အတူ စားနပ်ရိက္ခာမဖူလုံခြင်း၊ ကျန်းမာရေးစနစ် အကျပ်အတည်းဖြစ်ခြင်း၊ ပညာရေးစနစ် ပြတ်တောက်ခြင်း၊ များစွာသော ပြည်သူများက ကြောက်လန့်မှုများကြားမှ ဘေးလွတ်ရာသို့ ရွှေ့လျားထွက်ပြေးနေရခြင်း စသည့် စိန်ခေါ်မှုများကလည်း အခြေအနေကို ပိုမိုဆိုးရွားစေပါသည်။ ၂၀၂၃ ခုနှစ်၏ စတုတ္ထသုံးလပတ်ကာလအတွင်းတွင် သိသာစွာအရှိန်မြင့်တက်လာသော တိုက်ပွဲများကြောင့် လိုအပ်ချက်များ ထပ်မံများပြားလာပြီး၊ လေကြောင်းတိုက်ခိုက်မှုကြောင့် ထိခိုက်သေဆုံးမှုများ၊ ခြိမ်းခြောက် ငွေညှစ်မှုများ၊ အတင်းအကျပ်ခိုင်းစေမှုများအပါအဝင် ကာကွယ်စောင့်ရှောက်ရေးအန္တရာယ်များနှင့် လမ်းပန်း ဆက်သွယ်ရေး ပိတ်ဆို့မှုများ မြင့်တက်လာသည်ကို တွေ့ရှိရသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ (EAOs)/ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ (PDFs) နှင့် မြန်မာ့တပ်မတော်တို့ အကြားတွင် တိုက်ပွဲများ ပိုမိုဖြစ်ပွားလာခြင်းနှင့်အတူ ၂၀၂၄ ခုနှစ်တွင်လည်း ပဋိပက္ခများနှင့် အကြမ်းဖက်မှုများ ပိုဆိုးလာမည်ဟု မျှော်မှန်းထားပါသည်။ ပဋိပက္ခများပိုမိုဆိုးရွားလာပြီး နိုင်ငံအနှံ့အပြားတွင် တပြိုင်နက်တည်း ပျံ့နှံ့ဖြစ်ပွားနေသော တိုက်ပွဲများနှင့်အတူ အရပ်သားများကို ပစ်မှတ်ထားခြင်းနှင့် ထိပါးနှောင့်ယှက်ခြင်း၊ လွတ်လပ်စွာရွေ့လျား သွားလာမှုကို ကန့်သတ်ထားခြင်းနှင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ထုတ်ပြန်ထားရှိသည့် အရေးပေါ်အခြေအနေတို့သည် လက်ရှိ လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်းနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အကျပ်အတည်းတို့ကို ပိုမို ဆိုးရွားလာစေမည် ဖြစ်သည်။

အရပ်သားပြည်သူများ အသက်ရှင်သန်ရေးအတွက် ရင်ဆိုင်နေရသည့် ဘက်ပေါင်းစုံမှ အခက်အခဲများကို ဖြေရှင်းပေးနိုင်ရေးအတွက် မြန်မာနိုင်ငံ၏ လက်ရှိအကျပ်အတည်းကို နိုင်ငံတကာမှ ချက်ချင်းအာရုံစိုက်၍ အကူအညီများ တိုးမြှင့်ပေးအပ်ရန် လိုအပ်နေပါသည်။ လူသားချင်းစာနာမှုဆိုင်ရာ လိုအပ် ချက်များ မြင့်တက်လာခြင်းကို ပြန်လည်နောက်ဆုတ်စေရန်နှင့် ကာလရှည်ထိခိုက်မှုများကို ရင်ဆိုင်နေရသည့် ရပ်ရွာပြည်သူများ၏ ကြံ့ကြံ့ခံနိုင်မှုကို တည်ဆောက်ပေးရန်အတွက် အပြန်အလှန်အားဖြည့် ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအတွက်လည်း ရန်ပုံငွေများကို အဆောတလျင်ထောက်ပံ့ပေးရန် လိုအပ်နေပါ သည်။

## လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များ တစ်ဟုန်ထိုးမြင့်တက်လာခြင်း

အရပ်သားများအပေါ် စစ်ရေးဖြင့် စနစ်တကျအကြမ်းဖက်မှုများကြောင့် အရပ်သားပြည်သူ သေဆုံးမှု ၄၀၀၀ ကျော်နှင့် ဥပဒေမဲ့ဖမ်းဆီးခံရမှု သောင်းနှင့်ချီ၍ ဖြစ်ပေါ် ခဲ့ရာ ၂၀၂၄ ခုနှစ် တုံ့ပြန်ရေးလုပ်ငန်းစီမံချက်တွင် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဦးစားပေးရန် အရေးတကြီးဆုံးဖြတ်ခဲ့ရသည်။ မြန်မာနိုင်ငံတွင် ပဋိပက္ခကြောင့်ဖြစ်ပွားသည့် အကြမ်းဖက်မှုများ၊ အခြေကျနေသည့် ခွဲခြားဆက်ဆံမှုများ၊ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ကြောက်ရွံ့ထိတ်လန့်မှုများသည် အရပ်သားပြည်သူများ၏ နေ့စဉ်ဘဝအတွင်း စိမ့်ဝင်နေသည်နှင့်အမျှ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စိုးရိမ်မှုများမှာ နေရာအနှံ့အပြားတွင် ဖြစ်ပေါ်နေသည်။ ကိုယ်ပိုင် တရားဝင်စာရွက်စာတမ်းများ ထုတ်ပေးရန် ငြင်းဆိုခြင်းသည်လည်း အထူးသဖြင့် နိုင်ငံမဲ့များအဖြစ် နေထိုင်နေရသည့် ရိုဟင်ဂျာများအပါအဝင် ထိခိုက်လွယ်ပြည်သူများကို ပိုမိုလျစ်လျူရှုခံရစေပြီး၊ ဝန်ဆောင်မှု များကို ရယူရာတွင် အကန့်အသတ်ဖြစ်စေကာ၊ ခွဲခြားဆက်ဆံခံရမှု သံသရာကို ဆက်လက်လည်ပတ်စေသည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့အထိ လူဦးရေ ၂.၆ သန်းနီးပါး နေရပ်စွန့်ခွာခဲ့ရသည့်အတွက် တစ်နှစ်အတွင်း ၁.၁ သန်း တိုးလာရာ အစုအပြုံလိုက် နေရပ်စွန့်ခွာရမှုများသည် စိုးရိမ်ဖွယ်နှုန်းဖြင့် ဆက်လက် ဖြစ်ပေါ်နေသည်။ ဤအရေအတွက်တွင် ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့မှစ၍ အရှိန်မြင့်တက်လာသည့် တိုက်ပွဲများ ကြောင့် နေရပ်စွန့်ခွာရသူ ၆၆၀၀၀၀ ကျော်လည်း ပါဝင်သည်။ အိုးအိမ်ပစ်၍ ထွက်ပြေးခဲ့ရပြီး နေရပ်စွန့်ခွာ နေရဆဲဖြစ်သည့် ပြည်သူများသည် တရားဝင် ခိုလှုံရာစခန်းများတွင်ဖြစ်စေ၊ တောတောင်များအတွင်းတွင်ဖြစ်စေ နုံချာသောအခြေအနေများကို ရင်ဆိုင်ရလေ့ရှိပြီး၊ မလုံလောက်သော အမိုးအကာများတွင် ခိုလှုံနေကြရသည်။ စခန်းများပိတ်သိမ်းရေး၊ အချိန်မတိုင်မီ နေရပ်ပြန်ပို့ရေးနှင့် ရွှေ့ပြောင်းနေရာချထားရေးတို့ကိုသာ ရည်ရွယ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ၏ လုပ်ဆောင်ချက်များနှင့် မူဝါဒများကြောင့် ဘေးဒဏ်သင့် IDP များအတွက် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စိန်ခေါ်မှုများ ပိုတိုးလာစေပြီး၊ မှောင်ခိုကူးခြင်း၊ လူကုန်ကူးခြင်းစသည့် အန္တရာယ်ဖြစ်နိုင်ခြေများ ပိုများလာကာ၊ လူငယ်များသည်လည်း ဘေးကင်းရာနှင့် အခွင့်အလမ်းများအတွက် နိုင်ငံရပ်ခြားသို့ အစုအပြုံလိုက်ထွက်ခွာနေကြသည်။

လုပ်ငန်းလည်ပတ်နိုင်ခြင်းမရှိသည့် ကျန်းမာရေးစနစ်နှင့် ပြည်သူလူထုအများစုအတွင်း ကျန်းမာရေးဆိုင်ရာ ထိခိုက်လွယ်မှုများ တိုးလာခြင်းတို့ ပေါင်းစပ်၍ မိခင်နှင့် ကလေးစောင့်ရှောက်ရေးလုပ်ငန်းရလဒ်များ ယိုယွင်းလာခြင်း၊ အရေးပေါ်အခြေအနေကျန်းမာရေးစောင့်ရှောက်

မှုတုံ့ပြန်ရေးလုပ်ငန်းများ နောက်ကျကျန် နေခြင်းတို့နှင့်အတူ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများ အန္တရာယ်ရှိသည့် အဆင့်အထိ ကျဆင်းသွားခြင်းကြောင့် အချို့ဒေသများတွင် ထိခိုက်မှုများဖြစ်ပေါ်နိုင်စေသည်။ ကလေးသူငယ်များသည် ကျန်းမာရေး စောင့်ရှောက်မှုနှင့် ပညာသင်ကြားရေးတို့၌ နှောင့်နှေးမှုများနှင့်အတူ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေများ၊ စိတ်ကျန်းမာရေးပြဿနာများကို တွေ့ကြုံနေရပြီး၊ အကျပ်အတည်း၏ အခက်အခဲဆုံးအပိုင်းကို ရင်ဆိုင်နေရ သည်။ မြန်မာနိုင်ငံတွင် ကျောင်းနေအရွယ်ကလေးသူငယ်များအနက် သုံးပုံတစ်ပုံခန့်သည် မည်သည့် သင်ကြားရေး ပုံစံတွင်မျှ ကျောင်းအပ်နိုင်ခြင်းမရှိဘဲ၊ လွန်ခဲ့သော သုံးနှစ်တာကာလအတွင်း ပဋိပက္ခ၊ နေရပ်စွန့်ခွာရမှုနှင့် စီးပွားရေးကျပ်တည်းမှုများကြောင့် ပညာရေးကို ဆိုးရွားစွာ ထိခိုက်ခဲ့ပြီး ကလေးသူငယ်များ၏ ဘဝတစ်လျှောက်လုံးအပေါ် ထိခိုက်မှုများဖြစ်စေခဲ့သည်။ ပြည်သူအများစုတို့သည် စားနပ်ရိက္ခာမဖူလုံမှုကို ဆက်လက်ကြုံတွေ့နေရသည်နှင့်အမျှ နေရာအနှံ့အပြားတွင် အာဟာရချို့တဲ့မှုများ ဖြစ်လာမည်ကို စိုးရိမ်နေရ ပြီး၊ လူသားချင်းစာနာမှု တုံ့ပြန်ဆောင်ရွက်သူများအနေဖြင့် အာဟာရချို့တဲ့မှု ကုသရေးပစ္စည်းများကို နိုင်ငံတွင်းသို့ တင်သွင်းရန် ပိုမိုခက်ခဲလာသည်။

မြန်မာနိုင်ငံသည် မုန်တိုင်းတိုက်ခတ်ခြင်းနှင့် ရေကြီးခြင်းတို့အပါအဝင် သဘာဝဘေးအန္တရာယ်များကို ကြုံတွေ့ရလေ့ရှိပြီး၊ တစ်ကမ္ဘာလုံး၌ ပြင်းထန်သော ရာသီဥတုဖြစ်စဉ်များကြောင့် အထိခိုက်ခံရဆုံးနိုင်ငံများတွင် ဒုတိယနေရာ၌ ရှိနေသည့်အတွက် ပြည်သူများအနေဖြင့် ထပ်တိုးအန္တရာယ်များကိုလည်း ရင်ဆိုင်နေရသည်။ ၂၈ သန်းထက် မနည်းသော ပြည်သူများ (သို့မဟုတ် တစ်နိုင်ငံလုံးလူဦးရေ၏ တစ်ဝက်ခန့်) သည် ရေမကြာခဏကြီးတတ်သည့် ဒေသများတွင် နေထိုင်နေကြသည်။ ၂၀၂၃ ခုနှစ် မေလတွင် တိုက်ခတ်ခဲ့သည့် အင်အားအလွန်ပြင်းထန်သော မိုခါမုန်တိုင်းကြောင့် လူဦးရေ ၃ သန်းကျော် ထိခိုက်ခဲ့ရသည်။ မုန်တိုင်းဒဏ်သင့် ပြည်သူများသည် လူသားချင်း စာနာမှုအကူအညီများကို အချိန်နှင့်တပြေးညီ မရရှိနိုင်ခဲ့ခြင်းကြောင့် ယခင်ကပင် ရှိထားပြီးသည့် ထိခိုက်လွယ်မှုများကို ပိုဆိုးစေပြီး၊ အကူအညီများအပေါ် ပိုမို မှီခိုလာရကာ၊ ၂၀၂၄ ခုနှစ်အတွက် လိုအပ်ချက်များကို ပိုတိုးလာစေသည်။

မြန်မာနိုင်ငံ၏ အကျပ်အတည်းသည် အမျိုးသမီးများအပေါ် အချိုးမညီစွာဖြင့် ပိုမိုထိခိုက်စေပြီး၊ အလုပ်အကိုင် ရရှိမှုတွင် ကျားမရေးရာ မညီမျှမှုများကို ဆက်လက်ဖြစ်ပေါ်စေကာ၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားပြုခြင်း (SEA) အပါအဝင် ကျားမအခြေပြု အကြမ်းဖက်မှု (GBV) နှင့် လူကုန်ကူးမှုဆိုင်ရာ ထိခိုက်လွယ်မှုများကို ပိုတိုးလာစေသည်။ လူမျိုးရေးနှင့်ဘာသာရေးကို အခြေခံ၍ ကျယ်ပြန့်စွာ ခွဲခြားဆက်ဆံခြင်းသည်လည်း အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေသည်။ ပဋိပက္ခနှင့် အကြမ်းဖက်မှု များကြောင့်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်များကြောင့်လည်းကောင်း ထိခိုက်ခံစားနေရသည့် မြန်မာနိုင်ငံ တွင် မသန်စွမ်းပြည်သူများက ပို၍ပင် ထိခိုက်ခံရဖွယ်ရှိသည်။

## ၂၀၂၄ ခုနှစ် တုံ့ပြန်ရေးလုပ်ငန်းစီမံချက်

မြန်မာနိုင်ငံတွင် အရှိန်မြင့်တက်လာနေသော ပဋိပက္ခများ၊ မတည်ငြိမ်သော နိုင်ငံရေးနှင့်စီးပွားရေး အခြေအနေများ၊ အကြမ်းဖက်မှုများကို အဆက်မပြတ် ကြုံတွေ့နေရသည့် ပြည်သူများ၊ ပဋိပက္ခနှင့် သဘာဝဘေး အန္တရာယ်နှစ်မျိုးလုံးကြောင့် ဖြစ်ပေါ်သော နေရပ်စွန့်ခွာရမှုများ၊ နေရာအနှံ့တွင်ဖြစ်ပေါ်နေသည့် ကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေများရှိနေသည့် အခြေအနေများကို ရင်ဆိုင်တုံ့ပြန်နိုင်ရန် အတွက် ၂၀၂၄ ခုနှစ် လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များနှင့် တုံ့ပြန်ရေးလုပ်ငန်းစီမံချက် (HNRP) ကို စတင်ဆောင်ရွက်ခြင်းဖြစ်သည်။ HNRP သည် အလွန်အမင်းကြီးမားသော လိုအပ်ချက်များနှင့် ခြိမ်းခြောက်မှုများကို ရင်ဆိုင်ရေးအတွက် မဟာဗျူဟာရည်ရွယ်ချက် (၃) ခုကို သတ်မှတ်ထားသည်။ ပထမရည်ရွယ်ချက်မှာ လူ့အခွင့်အရေးများကို စွဲမြဲလိုက်နာပြီး အန္တရာယ်ဖြစ်နိုင်ခြေများကို သတ်မှတ်ဖော်ထုတ်ခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်း၊ လျှော့ချခြင်းအားဖြင့် လူဦးရေ (၃) သန်းကို ကာကွယ်စောင့်ရှောက်မှု ပေးနိုင်ရန်ဖြစ်ပြီး၊ ဒုတိယရည်ရွယ်ချက်မှာ စားနပ်ရိက္ခာမဖူလုံမှု၊ အာဟာရချို့တဲ့မှုနှင့်ကျန်းမာရေးပြဿနာများကို ရင်ဆိုင်နေရသည့် နေရပ်စွန့်ခွာရသူ (၃.၇) သန်းတို့၏ ထိခိုက်ခံစားရမှု၊ ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုတို့ကို ကာကွယ်တားဆီးပေးရန် ဖြစ်သည်။ တတိယရည်ရွယ်ချက်မှာ ပဋိပက္ခဒဏ်ခံရသည့် ပြည်သူ (၂.၅) သန်း ၏ ရှင်သန်နိုင်ရေးနှင့် ၎င်းတို့၏ လူသားချင်းစာနာမှု လိုအပ်ချက်များ ထပ်မံမြင့်တက်မှုကို တားဆီးနိုင်ရေး တို့အတွက်  မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများနှင့်အကူအညီများကို ထောက်ပံ့ပေးရန်ဖြစ်သည်။

HNRP သည် တစ်နိုင်ငံလုံးကို ဆက်လက်လွှမ်းခြုံဆောင်ရွက်မည်ဖြစ်ပြီး၊ ကြီးမားသော လိုအပ်ချက်များ ရှိနေသည့် နေရပ်စွန့်ခွာရသူများနှင့် ဝေးလံခေါင်းပါးသော ဒေသများမှ ပြည်သူများကို အထူးဦးတည်သည်။ ဤစီမံချက်အရ ၂၀၂၄ ခုနှစ်အတွင်း အကူအညီပေးရန် ဦးစားပေးအဖြစ် သတ်မှတ်ထားသည့် ပြည်သူ ၅.၃ သန်းထံသို့ ဖြန့်ကြက် ကူညီပေးရန်အတွက် အမေရိကန်ဒေါ်လာ ၉၉၄ သန်းလိုအပ်ပါသည်။ ဦးစားပေးအဖြစ်သတ်မှတ်ရာတွင် ဘေးဒဏ်ခံရသည့်ပြည်သူများ၏ လိုအပ်ချက်ကြီးမားမှုနှင့် ထိခိုက်လွယ်မှု နှစ်မျိုးလုံးကို အခြေခံ၍ သတ်မှတ်ထားခြင်း ဖြစ်သည်။ HNRP ကို ကုလသမဂ္ဂ၏ ၂၀၂၄-၂၀၂၅ ခုနှစ် ကြားကာလပူးပေါင်းဆောင်ရွက်ရေး မူဘောင် (TCF) နှင့်လည်း ချိန်ညှိထားပြီး၊ အသက်အန္တရာယ်ကာကွယ်ရေးနှင့် အသက်ကယ်ဆယ်ရေးဟူသော လူသားချင်းစာနာမှုဆိုင်ရာ အဓိကတာဝန်ကို အလေးအနက်ထားသည်။ တစ်ချိန်တည်းတွင် HNRP နှင့်အတူ အပြန်အလှန်အားဖြည့် ဆောင်ရွက်သော ဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းများသည် လူမှုရေးရာဝန်ဆောင်မှု များကို ရေရှည်တည်တံ့စွာ ထောက်ပံ့နိုင်ရေး၊ ရပ်ရွာပြည်သူများ၏ ကြံ့ကြံ့ခံနိုင်မှုကို တည်ဆောက်ပေးရေးနှင့် အားကောင်းစေရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် လွှမ်းမိုးပါဝင်နေသူများ၏ စွမ်းဆောင်ရည် ခိုင်မာ အားကောင်းစေရေးတို့ကို ဦးတည်ဆောင်ရွက်ပါသည်။

၂၀၂၄ ခုနှစ်အတွင်းသို့ ဝင်ရောက်လာချိန်တွင်၊ လူသားချင်းစာနာမှု လုပ်သားများအနေဖြင့် လွန်ခဲ့သော နှစ်များ အတွင်း တုံ့ပြန်ရေးလုပ်ငန်းလစ်ဟာမှု အများအပြားဖြစ်စေခဲ့သည့် ရန်ပုံငွေနည်းပါးမှုများကို ထပ်တလဲလဲ ကြုံတွေ့နေရပြီး၊ လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေမှာ တည်ငြိမ်မှု နည်းနေဆဲဖြစ်သည်။ ၂၀၂၄ ခုနှစ်တွင် တုံ့ပြန်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဝင်ရောက်ကူညီခွင့် အခက်အခဲများ၊ ဗျူရိုကရေစီနစ်၏ ကြန့်ကြာမှုများကို ဖယ်ရှားရန်နှင့် အကူအညီလုပ်သားများအပေါ် ကန့်သတ်ချုပ်ချယ်မှုများကို ရပ်တန့်ရန်အတွက် စုပေါင်း၍ တိုက်တွန်းလှုံ့ဆော်မှုပြုလုပ်နိုင်ရန် ပိုမိုအရေးကြီးလာပါသည်။  အကူအညီများကို မည်သည့်ဘက်မှမဆို နိုင်ငံရေးအရ အသုံးချခြင်းသည် လူသားချင်းစာနာမှုလုပ်ငန်းများကို အန္တရာယ်ပိုများစေသောကြောင့် စနစ်တစ်ခုလုံးအတွက် တသမတ်တည်းဖြစ်သော တိုက်တွန်းလှုံ့ဆော်မှု ပြုလုပ်ပေးရန် လိုအပ်ပါသည်။ ယခုအခါတွင် ဒေသတွင်း အရွေ့သစ်များ ပေါ်ထွက်လာနေပြီး၊ မြန်မာနိုင်ငံ၏ ပဋိပက္ခများ အရှိန်လျော့ကျစေရေးအတွက်လည်းကောင်း၊ မြင့်တက်လာနေ

သော လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် အတွက် လူသားချင်းစာနာမှုလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရေးအတွက်လည်းကောင်း တိုက်တွန်းလှုံ့ဆော်ရာ တွင် အိမ်နီးချင်း နိုင်ငံများ၏ အခန်းကဏ္ဍများကလည်း ပို၍ အရေးကြီးလာပါသည်။


HNRP ကို အခြေပြုရေးဆွဲသည့် ယူဆချက်များအရ လျင်မြန်စွာ ပြောင်းလဲနေသော ပတ်ဝန်းကျင်တစ်ခု ဖြစ်လာ မည်ဟု မျှော်မှန်းထားပြီး၊ လူသားချင်းစာနာမှုတုံ့ပြန်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပြောင်းလွယ် ပြင်လွယ် ရှိသောနည်းလမ်းများကို လိုအပ်ပါလိမ့်မည်။ လူသားချင်းစာနာမှုအဖွဲ့အစည်းများအနေဖြင့် အသက်ကယ်ဆယ်ရေးအကူအညီများကို ပေးအပ်ရာတွင် ဝင်ရောက်ကူညီခွင့်ဆိုင်ရာ အခက်အခဲအမျိုးမျိုးတို့ကို သိရှိ လာပြီး မတူကွဲပြားသော နည်းလမ်းများကို ပြောင်းလဲအသုံးပြုနေကြသည်။ ဗျူရိုကရေစီ အဟန့်အတားများ၊ တိုက်ခိုက်မှုများနှင့် ရန်ပုံငွေနည်းပါးမှုများကို ရင်ဆိုင်လျက် တုံ့ပြန်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အချင်းချင်းဖြည့်ဆည်း၍ ဘက်စုံအကူအညီများ ပေးအပ်နိုင်ရန် ရည်ရွယ်ထားကြသည်။ ထိခိုက်လွယ်ပြည်သူ များထံသို့ ဖြန့်ကြက်ရောက်ရှိအောင် ဆောင်ရွက်ရာတွင် ဒေသခံတုံ့ပြန်ဆောင်ရွက်သူများက အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေပြီး၊ လူသားချင်းစာနာမှုအသိုက်အဝန်းသည် ၎င်းတို့၏ အင်အားကို ပိုမို ကောင်းမွန်စွာ အသုံးချ၍ တုံ့ပြန်ရေးလုပ်ငန်း၏ ရှေ့တန်းတွင် အန္တရာယ်ဖြစ်နိုင်ခြေများစွာရှိသည့် ဒေသခံ ပါဝင်ဆောင်ရွက်သူများနှင့် ပိုမိုတန်းတူညီမျှစွာ မိတ်ဖက်ဖွဲ့စည်းဆောင်ရွက်ခြင်းအပါအဝင် ဒေသအလိုက် ကိုက်ညီအောင်ဆောင်ရွက်ခြင်း အစီအစဉ်ကို အကောင်အထည်ဖော်ရန် ကတိကဝတ်ပြုထားကြသည်။ တုံ့ပြန်ရေး နည်းလမ်းများတွင် ပိုမို ခေတ်မီတိုးတက်သော၊ ဗဟိုချုပ်ကိုင်မှု လျှော့ချထားသော၊ အားလုံးပါဝင်သော ပေါင်းစပ် ညှိနှိုင်းရေးပုံစံများလည်း လိုအပ်ပါသည်။ ၂၀၂၃ ခုနှစ် စက်တင်ဘာလမှစ၍ လည်ပတ်ဆောင်ရွက်နေပြီ ဖြစ်သည့် မွမ်းမံ ပြင်ဆင်ထားသော ပေါင်းစပ်ညှိနှိုင်းရေး ဗိသုကာပုံစံသည် မြန်မာနိုင်ငံရှိ ထိခိုက်ခံစားနေရသော ဒေသအားလုံးတွင် ထိရောက်အကျိုးရှိမှု၊ တသမတ်တည်းဖြစ်မှု၊ ဝင်ရောက်ကူညီခွင့်နှင့်သွားလာခွင့်များ ပိုမိုရရှိစေမှုတို့ကို ရည်ရွယ်ထားသည်။ သို့ရာတွင် ဤလုပ်ငန်းအတွက် ရန်ပုံငွေထောက်ပံ့မှုမှာ အလွန်နည်းပါးနေဆဲဖြစ်သည်။ လူသားချင်းစာနာမှု အသိုက်အဝန်းသည် ပိုမိုစုစည်းပြီး၊ အပြန်အလှန်အားဖြည့်ပေးနိုင်သော တုံ့ပြန်လုပ်ငန်း ဖြစ်စေရေးအတွက် နယ်စပ်ဒေသကို အခြေခံသည့် ပါဝင်ဆောင်ရွက်သူများနှင့် လက်တွဲဆောင်ရွက်ရန်လည်း အရေးကြီးသည်။

မြန်မာနိုင်ငံအတွက် ၂၀၂၄ ခုနှစ် လူသားချင်းစာနာမှုလိုအပ်ချက်များနှင့် တုံ့ပြန်ရေးစီမံချက်သည် မျှော်လင့်ချက် ပိုမိုကင်းမဲ့လာနေသော ပြည်သူများ၏ ရှုပ်ထွေး၍ အမြဲပြောင်းလဲနေသော လိုအပ်ချက်များကို ဖြေရှင်းပေးရန် အတွက် ဘက်စုံမဟာဗျူဟာတစ်ရပ်ကို ဖော်ပြထားသည်။ လူသားချင်းစာနာမှု အသိုက်အဝန်းအနေဖြင့် အခက်အခဲများ အစဉ်အမြဲရှိနေသည့်ကြားမှပင် အထိခိုက်လွယ်ဆုံးသူများနှင့် နေရပ်စွန့်ခွာရသူများအတွက် မရှိမဖြစ်လိုအပ်သော အကူအညီများကို ထောက်ပံ့ပေးခြင်းဖြင့် မျှော်လင့်ချက်များ ရှင်သန်လာစေပြီး၊ ထိုသူများနှင့်အတူ ရပ်တည်၍ အကူအညီများပေးအပ်သွားရန် ကတိကဝတ်ပြုထားဆဲ ဖြစ်ပါသည်။ ဤစီမံချက်၏ ရည်ရွယ်ချက်များကို ရရှိစေရေးအတွက်လည်းကောင်း၊ ကာလကြာမြင့်နေပြီဖြစ်သည့် မြန်မာနိုင်ငံ၏ အကျပ်အတည်းကြောင့် ထိခိုက်ခံစားသူများ၏ ဒုက္ခများကို လျှော့ချပေးရန်အတွက်လည်းကောင်း လုံလောက်သော ရန်ပုံငွေထောက်ပံ့မှုနှင့် ဝင်ရောက်ကူညီခွင့် ပိုမိုရရှိခြင်းတို့ဖြင့် ထောက်ပံ့ပေးထားသည့် စုပေါင်းကြိုးပမ်းအားထုတ်မှုကို မဖြစ်မနေပြုလုပ်ရန် လိုအပ်နေပါသည်။

# အကျဉ်းချုပ်

ကျား/မ၊ အသက်အရွယ်နှင့် မသန်စွမ်းမှုအလိုက်ခွဲခြားထားသော လူသားချင်းစာနာမှုအကူအညီ လိုအပ်နေသည့် လူဦးရေနှင့် အကူအညီပေးအပ်ရန် လျာထားသည့် လူဦးရေ

| | | အမျိုးသမီးများနှင့် မိန်းကလေးများ | ကလေးသူငယ်များ | သက်ကြီးရွယ်အိုများ | မသန်စွမ်းသူများ | ရန်ပုံငွေလိုအပ်ချက်များ (အမေရိကန်ဒေါ်လာ) |
|---|---|---|---|---|---|---|
| အကူအညီလိုအပ်နေသည့် လူဦးရေ | ၁၈.၆ သန်း | ၅၂% | ၃၂% | ၁၁% | ၁၃% | ၉၉၄ သန်း |
| ကူညီရန်လျာထားသည့် လူဦးရေ | ၅.၃ သန်း | ၅၂% | ၃၄% | ၁၁% | ၁၃% | |





## အစုအဖွဲ့အလိုက်ဖော်ပြထားသော လူသားချင်းစာနာမှုအကူအညီ လိုအပ်နေသည့် လူဦးရေနှင့် ကူညီရန် လျာထားသည့် လူဦးရေ

| အစုအဖွဲ့ | အကူအညီလိုအပ်နေသည့် လူဦးရေ | ကူညီရန်လျာထားသည့် လူဦးရေ |
|---|---|---|
| ပညာရေး | ၄.၅ သန်း | ၁.၄ သန်း |
| စားနပ်ရိက္ခာဖူလုံရေး | ၁၂.၉ သန်း | ၂.၃ သန်း |
| ကျန်းမာရေး | ၁၂.၁ သန်း | ၂.၇ သန်း |
| အာဟာရ | ၂.၂ သန်း | ၀.၆ သန်း |
| ကာကွယ်စောင့်ရှောက်ပေးရေး | ၁၂.၂ သန်း | ၃.၀ သန်း |
| ခိုလှုံရာ/ အသုံးအဆောင်ပစ္စည်း/ စခန်းစီမံခန့်ခွဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးအစုအဖွဲ့ | ၄.၃ သန်း | ၁.၃ သန်း |
| ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေး | ၅.၆ သန်း | ၁.၇ သန်း |

## အစုအဖွဲ့အလိုက် ရန်ပုံငွေလိုအပ်ချက်

| အစုအဖွဲ့ | ရန်ပုံငွေလိုအပ်ချက် (အမေရိကန်ဒေါ်လာ) | မိတ်ဖက်အဖွဲ့အစည်း အရေအတွက် |
|---|---|---|
| ပညာရေး | ၉၄ သန်း | ၈၄ |
| စားနပ်ရိက္ခာဖူလုံရေး | ၂၈၉ သန်း | ၄၃ |
| ကျန်းမာရေး | ၁၃၀ သန်း | ၃၂ |
| အာဟာရ | ၅၈ သန်း | ၃၆ |
| ကာကွယ်စောင့်ရှောက်ပေးရေး | ၁၆၁ သန်း | ၁၁၁ |
| ခိုလှုံရာ/ အသုံးအဆောင်ပစ္စည်း/ စခန်းစီမံခန့်ခွဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးအစုအဖွဲ့ | ၁၄၉ သန်း | ၃၈ |
| ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေး | ၁၀၆ သန်း | ၅၈ |
| ပေါင်းစပ်ညှိနှိုင်းရေး | ၇ သန်း | ၂၄၂ |




# အပိုင်း ၁
# လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များ

**ရခိုင်**
၂၀၂၃ခုနှစ် ရခိုင်ပြည်နယ်တွင် မိုခါမုန်တိုင်းတိုက်ခတ်ပြီးနောက် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းသွားနေသည့် မိသားစုတစ်စု။
ဓာတ်ပုံ - Plan International



## ကဏ္ဍအားလုံးအတွက် လိုအပ်ချက်များ၏ ပြင်းထန်မှုအဆင့်နှင့် အကူအညီလိုအပ်နေသူများ၏ ပျံ့နှံ့တည်ရှိမှု





ကဏ္ဍများအကြား လိုအပ်ချက်များ၏ ပြင်းထန်မှုအဆင့်သတ်မှတ်ချက် ● နည်းပါး ● အသင့်အတင့် ● ပြင်းထန် ● အလွန်ပြင်းထန် ● ကပ်ဘေးအဆင့်

## အကူအညီလိုအပ်နေသည့် ခန့်မှန်းလူဦးရေ

### စုစုပေါင်းလူဦးရေ




### အကူအညီလိုအပ်နေသည့် လူဦးရေ



## နိုင်ငံတွင်းနေရပ်စွန့်ခွာရသူများ (ခန့်မှန်းချက်)

အကူအညီလိုအပ်နေသည့် လူဦးရေ: **၃ သန်း**

လိုအပ်ချက်များ၏ ပြင်းထန်မှုအဆင့်

| နည်းပါး | အသင့်အတင့် | ပြင်းထန် | အလွန်ပြင်းထန် | ကပ်ဘေးအဆင့် |
|---|---|---|---|---|
| | | ၂.၄သန်း | ၂၂,၀၀၀ | ၅၉၆,၀၀၀ |

ကျား/မနှင့် အသက်အရွယ်အလိုက် ဖော်ပြထားသော အကူအညီလိုအပ်နေသည့် လူဦးရေ

| | အမျိုးသမီး | အမျိုးသား | ကလေးသူငယ်များ | အရွယ်ရောက်ပြီးသူများ | သက်ကြီးရွယ်အိုများ |
|---|---|---|---|---|---|
| # | ၁.၆ သန်း | ၁.၄ သန်း | ၁ သန်း | ၁.၆ သန်း | ၀.၄ သန်း |
| % | ၅၃% | ၄၇% | ၃၃% | ၅၅% | ၁၂% |

ကျား/မအလိုက် ဖော်ပြထားသော အကူအညီလိုအပ်နေသည့် လူဦးရေ

| | အမျိုးသမီးများ | အမျိုးသားများ | မိန်းကလေးများ | ယောကျ်ားလေးများ |
|---|---|---|---|---|
| # | ၁.၁ သန်း | ၀.၉ သန်း | ၀.၅ သန်း | ၀.၅ သန်း |
| % | ၃၅% | ၃၁% | ၁၈% | ၁၆% |

## နေရပ်ပြန်သူ၊ ပြောင်းရွှေ့အခြေချသူနှင့်ဒေသတွင်းပေါင်းစည်းနေထိုင်ကြသော နေရပ်စွန့်ခွာရသူများ (ခန့်မှန်းချက်)

အကူအညီလိုအပ်နေသည့် လူဦးရေ: **၀.၆ သန်း**

လိုအပ်ချက်များ၏ ပြင်းထန်မှုအဆင့်

| နည်းပါး | အသင့်အတင့် | ပြင်းထန် | အလွန်ပြင်းထန် | ကပ်ဘေးအဆင့် |
|---|---|---|---|---|
| | | ၄၃၇,၀၀၀ | ၇,၀၀၀ | ၁၂၇,၀၀၀ |

ကျား/မနှင့် အသက်အရွယ်အလိုက် ဖော်ပြထားသော အကူအညီလိုအပ်နေသည့် လူဦးရေ

| | အမျိုးသမီး | အမျိုးသား | ကလေးသူငယ်များ | အရွယ်ရောက်ပြီးသူများ | သက်ကြီးရွယ်အိုများ |
|---|---|---|---|---|---|
| # | ၂၉၉,၀၀၀ | ၂၇၂,၀၀၀ | ၂၀၀,၀၀၀ | ၃၁၀,၀၀၀ | ၆၁,၀၀၀ |
| % | ၅၂% | ၄၈% | ၃၅% | ၅၄% | ၁၁% |

ကျား/မအလိုက် ဖော်ပြထားသော အကူအညီလိုအပ်နေသည့် လူဦးရေ

| | အမျိုးသမီးများ | အမျိုးသားများ | မိန်းကလေးများ | ယောကျ်ားလေးများ |
|---|---|---|---|---|
| # | ၁၉၄,၀၀၀ | ၁၇၇,၀၀၀ | ၁၀၅,၀၀၀ | ၉၅,၀၀၀ |
| % | ၃၄% | ၃၁% | ၁၈% | ၁၇% |

## နေရပ်စွန့်ခွာရခြင်းမရှိသည့် နိုင်ငံမဲ့ပြည်သူများ

အကူအညီလိုအပ်နေသည့် လူဦးရေ: **၅၁၀,၀၀၀**

လိုအပ်ချက်များ၏ ပြင်းထန်မှုအဆင့်

| နည်းပါး | အသင့်အတင့် | ပြင်းထန် | အလွန်ပြင်းထန် | ကပ်ဘေးအဆင့် |
|---|---|---|---|---|
| | | ၂၅၅,၀၀၀ | | ၂၅၅,၀၀၀ |

ကျား/မနှင့် အသက်အရွယ်အလိုက် ဖော်ပြထားသော အကူအညီလိုအပ်နေသည့် လူဦးရေ

| | အမျိုးသမီး | အမျိုးသား | ကလေးသူငယ်များ | အရွယ်ရောက်ပြီးသူများ | သက်ကြီးရွယ်အိုများ |
|---|---|---|---|---|---|
| # | ၂၆၁,၀၀၀ | ၂၄၉၀၀၀ | ၁၈၂,၀၀၀ | ၂၈၂,၀၀၀ | ၄၆,၀၀၀ |
| % | ၅၁% | ၄၉% | ၃၆% | ၅၅% | ၉% |

ကျား/မအလိုက် ဖော်ပြထားသော အကူအညီလိုအပ်နေသည့် လူဦးရေ

| | အမျိုးသမီးများ | အမျိုးသားများ | မိန်းကလေးများ | ယောကျ်ားလေးများ |
|---|---|---|---|---|
| # | ၁၆၈,၀၀၀ | ၁၆၀,၀၀၀ | ၉၃,၀၀၀ | ၈၉,၀၀၀ |
| % | ၃၄% | ၃၁% | ၁၈% | ၁၇% |

## လူသားချင်းစာနာမှုအကူအညီလိုအပ်နေသော အခြားအကျပ်အတည်းဒဏ်သင့်ပြည်သူများ

အကူအညီလိုအပ်နေသည့် လူဦးရေ: **၁၄.၅ သန်း**

လိုအပ်ချက်များ၏ ပြင်းထန်မှုအဆင့်

| နည်းပါး | အသင့်အတင့် | ပြင်းထန် | အလွန်ပြင်းထန် | ကပ်ဘေးအဆင့် |
|---|---|---|---|---|
| | ၂.၁သန်း | ၁၀.၈သန်း | ၆၇၁,၀၀၀ | ၉၄၅,၀၀၀ |

ကျား/မနှင့် အသက်အရွယ်အလိုက် ဖော်ပြထားသော အကူအညီလိုအပ်နေသည့် လူဦးရေ

| | အမျိုးသမီး | အမျိုးသား | ကလေးသူငယ်များ | အရွယ်ရောက်ပြီးသူများ | သက်ကြီးရွယ်အိုများ |
|---|---|---|---|---|---|
| # | ၇.၆ သန်း | ၆.၉ သန်း | ၄.၆ သန်း | ၈.၃ သန်း | ၁.၆သန်း |
| % | ၅၂% | ၄၈% | ၃၂% | ၅၇% | ၁၁% |


ကျား/မအလိုက် ဖော်ပြထားသော အကူအညီလိုအပ်နေသည့် လူဦးရေ

| | အမျိုးသမီးများ | အမျိုးသားများ | မိန်းကလေးများ | ယောကျ်ားလေးများ |
|---|---|---|---|---|
| # | ၅.၂ သန်း | ၄.၇ သန်း | ၂.၄ သန်း | ၂.၂ သန်း |
| % | ၃၆% | ၃၃% | ၁၆% | ၁၅% |

# ၁.၁။ အကျပ်အတည်းအပေါ် ခြုံငုံသုံးသပ်ချက်

၂၀၂၄ ခုနှစ်အတွက် မြန်မာနိုင်ငံ၏ လူသားချင်းစာနာမှုအခြေအနေမှာ ရေရာမှုမရှိဘဲ၊ လူ့အခွင့်အရေးကို စနစ်တကျချိုးဖောက်မှုများ ကျယ်ပြန့်စွာ ဖြစ်ပေါ်နေခြင်း၊ လုံခြုံရေးအခြေအနေ အဆက်မပြတ်ယိုယွင်း လာနေခြင်း၊ နက်ရှိုင်းသော ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ခြိမ်းခြောက်မှုများရှိနေခြင်း၊ လူသားချင်းစာနာမှု လိုအပ်ချက်များနှင့် ဖွံ့ဖြိုးရေး လိုအပ်ချက်များကို မဖြည့်ဆည်းပေးနိုင်ခြင်း၊ လွန်ခဲ့သော သုံးနှစ်တာကာလအတွင်း ပြည်သူများ၏ ရင်ဆိုင်ဖြေရှင်းနိုင်သည့် စွမ်းရည်များ တဖြည်းဖြည်းကုန်ခမ်းလာခြင်းတို့ကို ကြုံတွေ့နေရပါသည်။ ၂၀၂၄ ခုနှစ်တွင် လူဦးရေ (၁၈.၆) သန်းခန့်က လူသားချင်းစာနာမှုအကူအညီများကို လိုအပ်မည်ဟု ခန့်မှန်းထားရာ၊ ယခင်နှစ် ဤအချိန်ကထက် လူဦးရေ တစ်သန်းတိုးလာခြင်းဖြစ်သည်။ နေရပ်စွန့်ခွာရသူအရေအတွက်သည်

### အကူအညီလိုအပ်သူအရေအတွက်နှင့် နေရပ်စွန့်ခွာရမှု အခြေအနေ (၂၀၂၀- ၂၀၂၄)




လည်း ၂၀၂၃ ခုနှစ်အကုန်တွင် (၂.၆) သန်းအထိ စံချိန်တင်မြင့်တက်လာရာမှ ၂၀၂၄ ခုနှစ်အတွင်း တဖြည်းဖြည်းချင်းဆက်လက်မြင့်တက်လာမည်ဟု မျှော်မှန်းထားသည်။

၂၀၂၄ ခုနှစ်အတွင်းသို့ ဝင်ရောက်လာသည်နှင့်အမျှ စားနပ်ရိက္ခာမဖူလုံခြင်း၊ ကျန်းမာရေးနှင့် ပညာရေးစနစ်များ ပြတ်တောက်ခြင်း၊ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေများ တဟုန်ထိုးမြင့်တက်လာခြင်း တို့သည် အဓိကစိုးရိမ်ရသည့် နယ်ပယ်များ ဆက်လက်ဖြစ်နေပါမည်။ ပဋိပက္ခများ၊ စီးပွားရေးကျဆင်းမှုနှင့် သဘာဝဘေးအန္တရာယ်များသည် တစ်နိုင်ငံလုံးတွင် လူဦးရေ (၁၂.၉) သန်းခန့်အား အသင့်အတင့်သို့မဟုတ် ပြင်းထန်သည့်အဆင့်အထိ စားနပ်ရိက္ခာ မလုံလောက်မှုကို ကြုံတွေ့ရစေသည့် အဓိကအကြောင်းရင်း များဖြစ်ကြပြီး အကျပ်အတည်းကြောင့် စားနပ်ရိက္ခာ ထုတ်လုပ်ရရှိနိုင်မှု၊ လက်လှမ်းမီမှုနှင့် ဝယ်ယူနိုင်မှုအားလုံးကို ထိခိုက်လျက်ရှိပါသည်။ လူသားချင်းစာနာမှုဆိုင်ရာ ထိခိုက်မှုများသည် ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ နိုင်ငံမဲ့ပြည်သူများ၊ မသန်စွမ်းသူများ၊ မတူကွဲပြားသော လိင်စိတ်/ကျားမသတ်မှတ်ချက်/လိင်လက္ခဏာရှိသူများနှင့် အခြားလူနည်းစုအုပ်စုများကဲ့သို့သော ထိခိုက်လွယ် အုပ်စုများအတွက် အသိသာဆုံးဖြစ်ပါသည်။

ဆိုးရွားစွာပြတ်တောက်နေသော ကျန်းမာရေးစနစ်နှင့် ပြည်သူများ ထိခိုက်လွယ်မှုတိုးလာခြင်းအား ဖြစ်ပေါ်စေသည့် အပျက်သဘောဆောင်သော အချက်များပေါင်းစုံမှုကြောင့် ကျန်းမာရေးကဏ္ဍသည် ကြီးမားသော စိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ တိုင်းရင်းသားကျန်းမာရေး အဖွဲ့အစည်းများ (EHOs) နှင့် ပုဂ္ဂလိကဝန်ဆောင်မှုများက ကျန်းမာရေးဆိုင်ရာ လစ်ဟာမှုများကို ဖြည့်ဆည်းရန် ကြိုးပမ်းနေကြသည့်ကြားမှပင်၊ မိခင်နှင့်ကလေး ကျန်းမာရေးမှာ ယိုယွင်းလျက်ရှိပြီး၊ များစွာသော လူအုပ်စုအတွက် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများ မဆောင်ရွက်နိုင်တော့ဘဲ၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများသည်လည်း လိုအပ်သည်ထက် များစွာ နောက်ကျနေဆဲဖြစ်သည်။ တစ်ချိန်တည်းတွင် ကျောင်းနေအရွယ်ကလေးသူငယ်များအနက် ၃၀% ကျော်သည် မည်သည့်သင်ကြားရေး ပုံစံတွင်မျှ ကျောင်းအပ်နိုင်ခြင်းမရှိဘဲ၊ လွန်ခဲ့သော သုံးနှစ်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ၊ တပ်မတော်မှအာဏာသိမ်းခြင်း၊ ပဋိပက္ခများ၊ နေရပ်စွန့်ခွာရမှုများ၊ စီးပွားရေးကျပ်တည်းမှုများနှင့် သဘာဝဘေးအန္တရာယ်များကြောင့် ကျောင်းနေအရွယ်လူဦးရေ တစ်ဝက်ခန့်၏ ပညာရေးမှာ ပြတ်တောက်ခဲ့ရသည်။


ရင်ဆိုင်ဖြေရှင်းရေးနည်းလမ်းဆိုးများအပေါ် မှီခိုနေရမှုများ မြင့်တက်လာပြီး၊ လူဦးရေ (၁၂.၂) သန်းကျော်သည် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အကူအညီများကို လိုအပ်နေကြသည်။ ၂၀၂၃ ခုနှစ်ကုန်ဆုံးတော့မည့် အချိန်တွင် နိုင်ငံ၏ ဒေသအများအပြား၌ တိုက်ပွဲများ အရှိန်မြင့်တက်နေပြီး၊ အရပ်သားပြည်သူများ၏ ဘေးကင်းလုံခြုံရေးကို ကြီးမားစွာထိခိုက်လျက်ရှိကာ နေရပ်စွန့်ခွာရမှုများ တဟုန်ထိုးမြင့်တက်လာသည်။ ဒေသများစွာတွင် ပြည်သူများသည် အကြိမ်ကြိမ်နေရပ်စွန့်ခွာနေရပြီး၊ ခြိမ်းခြောက်ငွေညှစ်မှုများနှင့် အဓမ္မခိုင်းစေမှုအန္တရာယ်များကို ပိုမိုရင်ဆိုင်နေရသည်။ ဤအခြေအနေကြားမှပင် အထူးသဖြင့် အနောက်မြောက်ပိုင်းဒေသအပါအဝင် ပဋိပက္ခဒဏ်သင့်ဒေသအများအပြား၌ လူသားချင်းစာနာမှုဆိုင်ရာ ဝင်ရောက်ခွင့် များကို ကန့်သတ်နေဆဲဖြစ်ပြီး၊ နစကသည် အကူအညီလိုအပ်နေသည့် ပြည်သူများအတွက် ဆန်၊ ဆေးဝါး၊ လောင်စာဆီနှင့် အခြားအကူအညီများအား ဝင်ရောက်ကူညီခွင့်နှင့် သယ်ယူပို့ဆောင်မှုများကို ဆက်လက် ထိန်းချုပ်ကန့်သတ်ထားဆဲဖြစ်သည်။

### လုံခြုံရေးအခြေအနေ

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့မှစ၍ တပ်မတော်က ထုတ်ပြန်ထားသည့် အရေးပေါ်အခြေအနေသည် ဆက်လက်တည်ရှိနေဆဲဖြစ်ပြီး၊ ၂၀၂၃ ခုနှစ် ဩဂုတ်လ (၁) ရက်နေ့မှစ၍ နောက်ထပ် ခြောက်လသက်တမ်းတိုးထားသည်။ မြို့နယ် (၁၂၇) မြို့နယ်တွင် ရာဇသတ်ကြီးကျင့်ထုံးဥပဒေ ပုဒ်မ (၁၄၄) အရ လွတ်လပ်စွာစုဝေးခွင့်အား တားမြစ်ထားဆဲဖြစ်ပြီး၊[1] ယခုအချိန်တွင် တစ်နိုင်ငံလုံးရှိ မြို့နယ် (၃၃၀) အနက် (၅၉) မြို့နယ်တွင် စစ်အုပ်ချုပ်ရေးဥပဒေ ပြဋ္ဌာန်းထားသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ (EAOs)နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ (PDFs) ပိုမိုပူးပေါင်း လာသည်နှင့်အမျှ တစ်နိုင်ငံလုံးတွင် မြန်မာ့တပ်မတော် (MAF) နှင့် တိုက်ပွဲဖြစ်ပွားမှု အကြိမ်ရေနှင့် ပြင်းထန်မှုတို့ ပိုများလာမည်ဖြစ်ရာ၊ ၂၀၂၄ ခုနှစ်တွင် ပဋိပက္ခနှင့် အကြမ်းဖက်မှုများ ပိုဆိုးလာမည်ဟု မျှော်မှန်းထားသည်။ တပ်မတော်သည် အတိုက်အခံအဖွဲ့အစည်းများကို ဖိနှိပ်ရန်နှင့် အာဏာကို ပိုမိုချုပ်ကိုင်နိုင်ရန် ကြိုးစားသည့်အနေဖြင့် အရပ်သားပြည်သူများအပေါ် အကြမ်းဖက်မှုများကို စနစ်တကျ ကျူးလွန်လျက်ရှိရာ ပြည်သူ (၄၀၀၀) ကျော် သေဆုံးခဲ့ပြီး၊ သောင်းနှင့်ချီသော ပြည်သူများ ဥပဒေမဲ့ဖမ်းဆီးခံခဲ့ရကာ၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် ကျားမအခြေပြုအကြမ်းဖက်မှုတို့အပါအဝင် အခြားသော လူ့အခွင့်အရေး ချိုးဖောက်မှုများစွာ ရှိခဲ့သည်။2 ပဋိပက္ခနှင့်အကြမ်းဖက်မှုများကြောင့် အဆက်မပြတ် (နှင့်ကြိမ်ဖန်များစွာ) နေရပ်စွန့်ခွာရမှုများ² ပိုင်ဆိုင်မှုများကို ဖျက်ဆီးခြင်း၊ ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းများ ပျံ့နှံ့ခြင်း၊ ရွှေ့လျားသွားလာမှု ကန့်သတ်ခံရခြင်းတို့ကို ကာလရှည်ဖြစ်ပေါ်စေပြီး၊ အရပ်သားများကို တိုက်ခိုက်ခြင်း၊ ဥပဒေမဲ့ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် အခြားသော လူ့အခွင့်အရေးချိုးဖောက်


**၂၀၂၃ တွင် မိုင်းနှင့် ပေါက်ကွဲစေတတ်သော ပစ္စည်းများကြောင့် ထိခိုက်သေဆုံးမှုများ**
ဇန်နဝါရီ - ဩဂုတ်




မှုများကို ပိုများလာစေသည်။ ဤအခြေအနေသည် အဆောတလျင် တုံ့ပြန်ရမည့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ခြိမ်းခြောက်မှုများကို ဖန်တီးနေပြီး၊ တုံ့ပြန်ရေးလုပ်ငန်းစဉ်တလျှောက်လုံးတွင်လည်း ကာကွယ်စောင့်ရှောက်ရေးကို ဗဟိုပြု၍ ရန်ပုံငွေထောက်ပံ့ရန်နှင့် အကောင်အထည်ဖော်ရန် အလေးအနက်ဖော်ပြနေသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာလကုန်ပိုင်းတွင် EAOs များက ရှေ့တန်းစစ်မျက်နှာအများအပြား၌ တပြိုင်နက်တည်း တိုက်ခိုက်ပြီး စစ်ဆင်ရေး စတင်ခဲ့သည့်အတွက် တပ်မတော်အာဏာသိမ်းပြီးနောက်ပိုင်း သုံးနှစ်

၂၀၂၃ ခုနှစ်အတွင်း လုံခြုံရေးဆိုင်ရာ ထိခိုက်မှုဖြစ်ရပ်များ
**(ဇန်နဝါရီလမှ နိုဝင်ဘာလအထိ)**




ဒေတာရင်းမြစ်: ACLED

နီးပါးကာလအတွင်း အကျယ်ပြန့်ဆုံးသော တိုက်ပွဲအရှိန်မြင့်တက်လာမှုကို တွေ့မြင်ခဲ့ရသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ (EAOs)နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDFs) တို့ပါဝင်သည့် ပူးပေါင်းတပ်ဖွဲ့များနှင့် မြန်မာ့တပ်မတော် (MAF) တို့အကြားတွင် ဖြစ်ပွားနေသည့် တိုက်ပွဲများကြောင့် အရှေ့မြောက်ပိုင်း၊ အနောက်မြောက်ပိုင်း၊ အရှေ့တောင်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့အပါအဝင် ဒေသအများအပြားတွင် ကြီးမားသော ထိခိုက်မှုများဖြစ်ပေါ်နေသည်။ ရခိုင် ပြည်နယ်တွင် ရက္ခိုင့်တပ်တော်နှင့် MAF တို့အကြား တစ်နှစ်ကြာမြင့်ပြီဖြစ်သည့် အပစ်အခတ်ရပ်စဲရေးသည်လည်း ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် ပျက်ပြယ်သွားခဲ့သည်။ အချင်းချင်းပူးပေါင်း၍ စစ်ဆင်ရေးဆောင်ရွက်နေသည့် EAOs များအတွက် မဟာဗျူဟာကျသော အောင်ပွဲကြီးအချို့ ရရှိနေပြီး၊ လက်ရှိအမြင်အရ တိုက်ပွဲများပြီးဆုံးမည့် အလားအလာမရှိသေးပါ။ အရှိန်မြင့်တက်လာသော တိုက်ပွဲများကြောင့် လူနေထူထပ်သည့် မြို့ကြီးမြို့ငယ်များကို လက်နက်ကြီးနှင့် လေကြောင်းမှ တိုက်ခိုက်မှုများ ရှိနေသည့်အတွက် မြို့ပြဒေသများသည်လည်း ပိုမိုကြီးမားစွာ ထိခိုက်ခံနေရပြီး၊ များစွာသော ထွက်ပြေးတိမ်းရှောင်နေရသူများအတွက် ဆိုးရွားသော အန္တရာယ်များကို ဖြစ်ပေါ်စေသည်။

တစ်လပင်မပြည့်သော ကာလအတွင်းတွင် တိုက်ပွဲဒဏ်သင့်ဒေသများမှ ပြည်သူ (၆၆၀၀၀၀) ခန့် ထွက်ပြေးခဲ့ရပြီး၊ တိုက်ပွဲများ အရှိန်မမြင့်တက်မီကပင် နေရပ်စွန့်ခွာနေရသည့် ပြည်သူ (၂) သန်းရှိနေသည့်အတွက် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့အခြေအနေအရ စုစုပေါင်းနေရပ်စွန့်ခွာရသူဦးရေမှာ (၂.၆) သန်းနီးပါးအထိ စံချိန်တင် မြင့်တက်ခဲ့သည်။ နယ်စပ်ဒေသများ၌ နေရပ်စွန့်ခွာရမှုများသည် ဒေသတွင်းအရွှေ့အသစ်များကို ဖြစ်ပေါ်စေပြီး၊ ကုန်သွယ်ရေးနှင့် သွင်းကုန်ပစ္စည်းများ ရရှိနိုင်မှုကို သိသာစွာ နှောင့်ယှက်နေသည်။ ယခင်က ထိခိုက်ခံရခြင်းမရှိခဲ့သည့် ဒေသများ၌ပင် ဆက်သွယ်ရေး ဖြတ်တောက်ခံထားရပြီး၊ ကူးသန်းရောင်းဝယ်ရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ အဓိကသယ်ယူပို့ဆောင်ရေးလမ်းကြောင်းများကို ပိတ်ဆို့ထားခြင်း သို့မဟုတ် စစ်ဆေးရေးဂိတ်များစွာချထားခြင်းတို့ကြောင့် ပြည်သူများ၏ ရွှေ့လျားသွားလာမှုကိုလည်းကောင်း၊ အကူအညီနှင့် ဈေးကွက်များသို့ လက်လှမ်းမီမှုကိုလည်းကောင်း အကန့်အသတ်ဖြစ်စေသည်။ အထိခိုက်ခံရဆုံးဒေသများရှိ ရပ်ရွာလူထုအတွင်း ရှင်သန်နေထိုင်ရေးအတွက် အဓိကပစ္စည်းများ ပြတ်တောက်နေကြောင်းကိုလည်း အစီရင်ခံထားကြသည်။ ဤစီမံချက်ရေးသားချိန်တွင်ပင် အထူးသဖြင့် ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာစခန်းများ၌ နေထိုင်ကြရသူများအပါအဝင် တိုက်ပွဲများအရှိန်မမြင့်တက်မီကပင် နေရပ်စွန့်ခွာခဲ့ရပြီး အကူအညီများအပေါ် အလွန်အမင်းမှီခို

နေရသည့် ပြည်သူများစွာတို့အတွက် ပံ့ပိုးပေးအပ်နေသည့် အကူအညီများ ပြတ်တောက် နေသည်မှာ ရက်သတ္တပတ်ပေါင်းများစွာ ကြာမြင့်ပြီဖြစ်သည်။ ဘေးဒဏ်သင့်ဒေသများမှ ပြည်သူအချို့ထံသို့ ဒေသခံအဖွဲ့အစည်းများမှတဆင့် အကူအညီများကို ဖြန့်ကြက်ပေးအပ်နေရာ ဒီဇင်ဘာလလယ်ခန့်တွင် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ နေရပ်စွန့်ခွာရသူအများစုသို့ ရောက်ရှိနိုင်ခဲ့သည်။ သို့သော် ယင်းအကူအညီများမှာ လုံလောက်စွာ ကျယ်ပြန့်နက်ရှိုင်းမှုမရှိသေးဘဲ၊ အကူအညီပေးသူများ အနေဖြင့်လည်း အန္တရာယ်ဖြစ်နိုင်ခြေများကို ပိုမိုကြုံတွေ့နေရသည်။ ၂၀၂၃ ခုနှစ်မေလ၌ တိုက်ခတ်ခဲ့သော မိုခါမုန်တိုင်းနောက်ပိုင်း ဒုက္ခများနှင့် လုံးထွေးနေရဆဲဖြစ်သည့် မြန်မာနိုင်ငံ အနောက်ပိုင်းတွင် အခြေအနေဆိုးရွားနေကာ တူညီသောဒေသများစွာ၌ အသစ်ဖြစ်ပေါ်သည့် ပဋိပက္ခများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။

ပဋိပက္ခဒဏ်သင့်ဒေသအားလုံးတွင် လက်နက်ကိုင်အဖွဲ့များက လက်နက်များနှင့် ပေါက်ကွဲ ပစ္စည်းများကို ပိုမိုလက်လှမ်းမီလာပြီး၊ အရပ်သားများ အထူးသဖြင့် ကလေးသူငယ်များနှင့် လူငယ်များ အား အဓမ္မလူသစ်





စုဆောင်း ခြင်းနှင့် ခြိမ်းခြောက်ငွေညှစ်မှုများ တိုးမြင့်လုပ်ဆောင်နေသည်ဟု လူသားချင်းစာနာမှုမိတ်ဖက်အဖွဲ့များက မှတ်ချက်ပြု ထားသည်။ မြေမြှုပ်မိုင်းများနှင့် စစ်ကျန်ပေါက်ကွဲပစ္စည်း (ERW) များအပါအဝင် ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းများ ပိုမိုများပြား အသုံးပြု လာခြင်းကြောင့် ထိခိုက်သေဆုံးမှုများလည်း အချိုးညီစွာ တိုးလာသည်။ ၂၀၂၃ ခုနှစ်တွင် မြေမြှုပ်မိုင်းနှင့် စစ်ကျန်ပေါက်ကွဲပစ္စည်းများကြောင့် ထိခိုက်မှုဖြစ်ရပ်များသည် ကြောက်လန့်ဖွယ်အဆင့်တစ်ခု အထိ ရောက်ရှိခဲ့ပြီး၊ ယင်းဖြစ်ရပ်များကို စတင်မှတ်တမ်းတင်သည့် ၂၀၁၅ ခုနှစ်မှစ၍ စံချိန်တင်အမြင့်ဆုံး ဖြစ်နေသည်။ ယခုအချိန်တွင် မြန်မာနိုင်ငံရှိ မြို့နယ်အားလုံးအနက် တစ်ဝက်ကျော်ခန့်တွင် မြေမြှုပ်မိုင်း သို့မဟုတ် စစ်ကျန်ပေါက်ကွဲပစ္စည်းများကြောင့် ထိခိုက်မှုများရှိမည်ဟု ခန့်မှန်းထားသည်။ ၂၀၂၃ ခုနှစ်တွင် နေပြည်တော် မှအပ မြန်မာနိုင်ငံ၏ ပြည်နယ်/တိုင်းဒေသကြီးအားလုံးတွင် မြေမြှုပ်မိုင်းကြောင့် ထိခိုက်သေဆုံးမှုများ ဖြစ်ပွားခဲ့သည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့အခြေအနေအရ ယူကရိန်းနှင့် ဆီးရီးယားနိုင်ငံတို့ပြီးနောက် မြန်မာနိုင်ငံသည် ၂၀၂၃ ခုနှစ်အတွင်း ပဋိပက္ခနှင့် ဆက်စပ်ဖြစ်ပေါ်သည့် ထိခိုက်မှုဖြစ်ရပ် အများဆုံးနိုင်ငံအဖြစ် (ဖြစ်ရပ်ပေါင်း ၈၀၀၀ ကျော်) မှတ်တမ်းတင်ခဲ့သည်။[3] တပ်မတော်မှ လေကြောင်းတိုက်ခိုက်မှုများ၊ အမြောက်ကြီးများအပါအဝင် လက်နက်ကြီးများကို အသုံးပြုနေခြင်းကြောင့် အသက်ပေါင်းများစွာ ဆုံးရှုံးရပြီး၊ အရပ်သားပြည်သူများနှင့် အကူအညီပေးရေးလုပ်သားများ၏ ဘေးကင်းလုံခြုံရေးအပေါ် အလွန်အမင်း အန္တရာယ်ရှိစေသည်။ တစ်ချိန်တည်း တွင် စီးနင်းတိုက်ခိုက်မှုများ၊ ကြုံရာကျပမ်းရှာဖွေဖမ်းဆီးများမှာလည်း အလွန်စိုးရိမ်ဖွယ်ဖြစ်နေသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် NGO အဖွဲ့တစ်ခုဖြစ်သည့် Insecurity Insight တို့အပါအဝင် အဖွဲ့အစည်းများစွာ တို့က ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် တိုက်ခိုက်ခံရမှုများကို စောင့်ကြည့်ခဲ့ကြရာ၊ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ၂၀၂၃ ခုနှစ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို တိုက်ခိုက်ခံရမှု အများဆုံးနိုင်ငံများတွင် ပါဝင်နေဆဲဖြစ်ကြောင်းနှင့် အဓိပ္ပါယ်ဖွင့်ဆိုချက်အမျိုးမျိုးနှင့် စိစစ်အတည်ပြုသည့် အဆင့်များပေါ်မူတည်၍ တိုက်ခိုက်ခံရမှုဖြစ်စဉ် (၆၆) ခုမှ (၃၃၀) ခုအထိ ရှိခဲ့ကြောင်း အစီရင်ခံထားသည်။ အစီရင်ခံမှုနည်းပါးနိုင်ခြင်းကို ထည့်သွင်းစဉ်းစားလျှင်ပင် ၂၀၂၃ ခုနှစ်အတွင်း ကျန်းမာရေးလုပ်သား (၁၄) ဦး သေဆုံး၍ (၂၁) ဦး ထိခိုက်ဒဏ်ရာ ရခဲ့ပြီး၊ ဒေသခံကျန်းမာရေးလုပ်သားများမှာ အန္တရာယ်အရှိဆုံးဖြစ်ကြောင်း မှတ်တမ်းများက ဖော်ပြနေသည်။[4,5]

၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် မြန်မာနိုင်ငံတွင် အကြမ်းဖက်မှုများကို ချက်ချင်းရပ်တန့်ရန်နှင့် လူသား

**၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ဖြစ်ပွားခဲ့သည့် ထိခိုက်မှုဖြစ်ရပ်များအတွက် အသေးစိတ်အချက်များ** (၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအထိ)




ဒေတာရင်းမြစ်: ACLED and AAPP

ချင်းစာနာမှုဆိုင်ရာ ဝင်ရောက်ကူညီခွင့်များကို အတားအဆီးမရှိ ခွင့်ပြုပေးရန် ပထမဆုံးအကြိမ်အဖြစ် ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်ခဲ့သည်။[6] ယင်းဆုံးဖြတ်ချက်အပေါ် မြန်မာနိုင်ငံ စစ်တပ်က အကောင်အထည်ဖော်ဆောင်မှုမရှိခြင်းကြောင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် အပြည်ပြည်ဆိုင်ရာဥပဒေများ ကို လေးစားလိုက်နာရန်နှင့် လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် (၂၆၆၉) ကို အကောင်အထည်ဖော်ရန် ထပ်မံတောင်းဆိုထားပြီး၊ အကျပ်အတည်းကို ငြိမ်းချမ်းစွာဖြေရှင်းနိုင်ရေး ကြိုးပမ်းရာတွင် အရှေ့တောင် အာရှနိုင်ငံများအသင်းကို ဆက်လက်ထောက်ခံကြောင်း ကုလသမဂ္ဂ၏ ကတိကဝတ်ကို ထပ်မံဖော်ပြထားသည့် (တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ကြားနေခဲ့သည့်) ကြေငြာချက်တစ်စောင်ကို ၂၃-၈-၂၀၂၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။[7]

## သဘာဝဘေးအန္တရာယ်များ

ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုအန္တရာယ်ညွှန်းကိန်းအဖွဲ့၏ ၂၀၂၁ ခုနှစ်အတွက် နောက်ဆုံးထုတ်ပြန်သည့် အချက်အလက်များအရ မြန်မာနိုင်ငံသည် လွန်ခဲ့သော နှစ်နှစ်ဆယ်ကာလအတွင်း အလွန်ပြင်းထန်သော ရာသီဥတုဖြစ်ရပ်များကြောင့် ထိခိုက်မှု အရှိဆုံး နိုင်ငံများစာရင်းတွင် ဒုတိယနေရာ၌ ရှိနေသည်။[8] ရာသီဥတုပြောင်းလဲမှုသည် အထူးသဖြင့် မုန်တိုင်းများနှင့် မုတ်သုန်ရာသီရေကြီးရေလျှံမှုများအပါအဝင် သဘာဝဘေးအန္တရာယ်များ၏ အကြိမ်ရေ၊ ပြင်းထန်မှုနှင့် ပုံစံတို့ကို ပိုမိုသက်ရောက်လာနေသည်နှင့်အမျှ မြန်မာနိုင်ငံသည် အပူလှိုင်းများ၊ ရေကြီးရေလျှံမှုများ၊ မုန်တိုင်းများ၊ မြေငလျင်များကြောင့် ထိခိုက်လွယ်ပြီး၊ သဘာဝဘေးအန္တရာယ်ဖြစ်ပွားနိုင်မှုအများဆုံးနိုင်ငံများ၌ ပါဝင်နေသည်။

၂၀၂၃ ခုနှစ် မေလတွင် တိုက်ခတ်ခဲ့သည့် မိုခါမုန်တိုင်းသည် မြန်မာနိုင်ငံအနောက်ပိုင်းကို သက်ရောက်ခဲ့ပြီး၊ လေတိုက်နှုန်း တစ်နာရီလျှင် ၃၀၅ ကီလိုမီတာအထိရောက်ရှိခဲ့ကာ မုန်တိုင်းဒီလှိုင်းများနှင့် မိုးသည်းထန်မှုများ ကြောင့် ယခင်ကပင် လိုအပ်ချက်များမြင့်မားနေသည့် ဒေသအတွင်းရှိ ပြည်သူ (၃) သန်းကျော်ကို ထိခိုက်စေခဲ့သည်။ ၂၀၂၃ ခုနှစ် မုတ်သုန်ရာသီတွင်လည်း ရေကြီးရေလျှံမှုများကြောင့် သိန်းနှင့်ချီသော ပြည်သူများ အား ထိခိုက်ခဲ့ခြင်း သို့မဟုတ် နေရပ်စွန့်ခွာရခြင်းများ ဖြစ်စေခဲ့သည်။ မြန်မာတစ်နိုင်ငံလုံးတွင် ပြည်သူ (၂၈) သန်းခန့်သည် အဓိကအားဖြင့် ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်၊ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်နှင့် ကရင်ပြည်နယ်တို့အပါအဝင် ရေကြီးလွယ်သည့် ခရိုင်များ၌ နေထိုင်နေကြသည်ဟု ခန့်မှန်းထားသည်။

မြန်မာနိုင်ငံ၏ အခြားဒေသများတွင်မူ ရာသီဥတုပြောင်းလဲမှုကြောင့် မိုးရွာသွန်းမှုများ ပုံမှန်ထက် ပိုနည်းပါးလာပြီး၊ အရေးကြီးသည့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၊ အပူပိုင်းဇုန်၊ အရှေ့ပိုင်းနှင့် မြောက်ပိုင်းတောင်တန်းဒေသများတွင် မိုးခေါင်ရေရှားမှုများပင် ပို၍ဖြစ်ပေါ်လာနိုင်ပါသည်။ ဤအခြေအနေသည် စိုက်ပျိုးရေးထုတ်ကုန်များအတွက်လည်းကောင်း၊ ရပ်ရွာလူထုအတွင်း စားနပ်ရိက္ခာကျွေးမွေးနိုင်စွမ်းအတွက်လည်းကောင်း ဆိုးရွားသော အကျိုးဆက်များကို ရင်ဆိုင်ရစေနိုင်ပြီး၊ ပဋိပက္ခကြောင့်ဖြစ်ပေါ်လာသော လူသားချင်းစာနာမှု လိုအပ်ချက်များကို ပိုဆိုးစေကာ၊ ရင်ဆိုင်ဖြေရှင်းရေးစွမ်းရည်ကိုလည်း ထိခိုက်စေသည်။

## စီးပွားရေးအခြေအနေ

မြန်မာနိုင်ငံ၏ စီးပွားရေးတွင် မတည်ငြိမ်မှုများ ဆက်လက်ဖြစ်ပေါ်နေပြီး၊ ကိုဗစ် (၁၉) ရောဂါ နှင့် တပ်မတော် အာဏာသိမ်းပြီးနောက်ပိုင်း အလုပ်အကိုင်ဆုံးရှုံးခြင်း၊ လုပ်ငန်းများကျဆင်းခြင်း၊ ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကျဆင်းခြင်း၊ ငွေကြေးဖောင်းပွခြင်းနှင့် မြန်မာကျပ်ငွေတန်ဖိုးကျခြင်းကဲ့သို့သော တစ်ကမ္ဘာလုံးနှင့် ပြည်တွင်းအခြေအနေများကြောင့် အထူးသဖြင့် ဝင်ငွေရအခွင့်အလမ်းများ နည်းပါးနေပြီး ငွေရေးကြေးရေး နှင့်စီးပွားရေးအရ မိမိဘာသာရပ်တည်နိုင်ရန် ကြိုးပမ်းနေသည့် အိမ်ထောင်စုများ၏ စွမ်းရည်ကို ဆက်လက်ထိခိုက်နေဆဲဖြစ်သည်။ ပဋိပက္ခများ မြင့်တက်လာခြင်း၊ ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးပြတ်တောက်ခြင်း၊ ကျပ်ငွေမတည်ငြိမ်ခြင်းနှင့် ငွေကြေးဖောင်းပွမှုနှုန်းမြင့်မားခြင်းတို့ပေါင်းစပ်၍ စီးပွားရေးလုပ်ငန်းများနှင့် အိမ်ထောင်စုများအပေါ် ဆိုးကျိုးများသက်ရောက်စေသည့်အတွက် မြန်မာနိုင်ငံ၏ ကာလတိုအတွင်း စီးပွားရေးတိုးတက်မှုသည် မရှိသလောက်နည်းမည်ဟု မျှော်မှန်းထားသည်။ ကမ္ဘာ့ဘဏ်မှ နောက်ဆုံး ထုတ်ပြန် ထားသည့် အချက်အလက်များအရ ၂၀၂၃ ခုနှစ်ဇွန်လအထိ တစ်နှစ်တာကာလအတွင်း ငွေကြေးဖောင်းပွမှု ၂၈.၆% ရှိခဲ့သော်လည်း၊ မြန်မာကျပ်ငွေရုတ်တရက်တန်ဖိုးကျခြင်းနှင့် ပဋိပက္ခများ မြင့်တက်လာခြင်းကြောင့် လတ်တလောတွင် ကုန်စျေးနှုန်းများ ထပ်မံမြင့်တက်လာခဲ့သည်။ IFPRI အဖွဲ့က ၂၀၂၃ ခုနှစ်အလယ်ခန့်တွင် ကောက်ယူခဲ့သည့်စစ်တမ်းများအရ အိမ်ထောင်စုများအနက် ၄၀% သည် ယခင်နှစ်ကထက် ဝင်ငွေ လျော့နည်းခဲ့ကြကြောင်းနှင့် အသားတင်ဝင်ငွေရရှိမှု (real income) သည် ၁၀% ခန့် ကျဆင်းသွားကြောင်း အစီရင်ခံထားသည်။

ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးကဲ့သို့သော အခြေခံဝန်ဆောင်မှုများကို ပုဂ္ဂလိကကဏ္ဍမှသာ ပေးအပ် နေသည့် ယခုအခြေအနေတွင်၊ ပြည်သူများသည် စီးပွားရေးကျဆင်းလာမှုကြောင့် ဝန်ဆောင်မှု စျေးကွက်များသို့ လက်လှမ်းမမီနိုင်ကြတော့ပေ။ အစိုးရထောက်ပံ့မှု သို့မဟုတ် ဖွံ့ဖြိုးရေးအကူအညီများ မရှိသည့် အချိန်တွင် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် လူသားချင်းစာနာမှုအကူအညီများကို ပိုမိုမှီခိုလာရသည်။ ဤအခြေအနေသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် သမားရိုးကျလုပ်ငန်းများအား ပိုမိုထိခိုက်စေပြီး၊ ထုတ်လုပ်သူများအတွက် ဝင်ငွေရင်းမြစ်နှင့် အများပြည်သူအတွက် ထောက်ပံ့ပစ္စည်းဖြစ်သည့် ထုတ်ကုန်များကို လျော့နည်းစေကာ၊ တစ်ပိုင်တစ်နိုင်လုပ်ငန်းဆောင်ရွက်သည့် အိမ်ထောင်စုများက စျေးကွက်များနှင့် အကူအညီများ အပေါ် ပြောင်းလဲမှီခိုလာရစေသည်။

တစ်ချိန်တည်းတွင် အထူးသဖြင့် ရန်ပုံငွေလျော့နည်းရရှိနေသည့် အခြေအနေကို ကြုံတွေ့နေရပြီး ငွေကြေးဖောင်းပွမှု၏ အကျိုးဆက်အဖြစ် လုပ်ငန်းဆောင်ရွက်မှုကုန်ကျစရိတ်များမြင့်တက်လာခြင်းကြောင့် ပိုမိုများပြားလာသော လိုအပ်ချက်များကို ဖြည့်ဆည်းရန် ကြိုးပမ်းနေသည့် လူသားချင်းစာနာမှုမိတ်ဖက်အဖွဲ့များ၏ စွမ်းရည်အပေါ်လည်း ဆိုးကျိုးများ သက်ရောက်စေပါသည်။

## ရွှေ့လျားသွားလာနေရသည့် ပြည်သူများ

ပြည်သူများသည် ပဋိပက္ခများအကြားတွင် MAF/နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (နစက) ၏ ဖိနှိပ်ချုပ်ချယ်မှုများကို ကြောက်လန့်နေရပြီး နေအိမ် စွန့်ခွာထွက်ပြေးရသူဦးရေမှာ စံချိန်တင်မြင့်မားနေသည်။ မြန်မာပြည်သူ (၁.၃) သန်းနီးပါးသည် အိမ်နီးချင်း နိုင်ငံ များနှင့် အခြားနိုင်ငံများတွင် ဒုက္ခသည်အဖြစ် ခိုလှုံခွင့်ရရန် ကြိုးစားနေကြသည်။ [9] ပြည်တွင်းရှိ နေရပ်စွန့်ခွာရသူ အရေအတွက်သည်လည်း ၂၀၂၃ ခုနှစ် အောက်တိုဘာလကုန်တွင် (၂) သန်းကျော်လာခဲ့ပြီး၊ ၂၀၂၃ ခုနှစ်၏ စတုတ္ထသုံးလပတ်အတွင်း အရှိန်မြင့်တက်လာသည့် တိုက်ပွဲများကြောင့် ဒီဇင်ဘာလလယ်ခန့်တွင် IDP အရေအတွက်သည် ၂.၆ သန်းအထိ ရှိလာပြီဖြစ်သည်။ နေရပ်စွန့်ခွာရသည့်ပြည်သူများသည် တောတောင်များအတွင်းရှိ ယာယီခိုလှုံရာများတွင် ရေသန့်ကဲ့သို့သော အခြေခံဝန်ဆောင်မှုများနှင့် အမိုးအကာများလုံလောက်စွာမရှိဘဲ ဂုဏ်သိက္ခာမဲ့၍ လုံခြုံမှုကင်းမဲ့စွာ နေထိုင်ရှင်သန်နေကြရသည်။

## ရိုဟင်ဂျာ - အကျပ်အတည်းအတွင်းမှ အကျပ်အတည်းတစ်ခု

ရိုဟင်ဂျာပြည်သူများသည် မြန်မာနိုင်ငံတွင် အကြမ်းဖက်မှု၊ စနစ်တကျခွဲခြားဆက်ဆံခံရမှုနှင့် ဖိနှိပ်ချုပ်ချယ်မှု များကို ဆယ်စုနှစ်များစွာခံစားနေကြရသည့် အထိခိုက်လွယ်ဆုံးအုပ်စုများတွင် ပါဝင်သည်။ ရိုဟင်ဂျာများစွာ (၁၅၃၀၀၀ ဦး) တို့သည် ၂၀၁၂ ခုနှစ်၊ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့တွင် အကြိမ်ကြိမ်ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုသံသရာကြောင့် သမိုင်းဝင်ဒုက္ခသည်စခန်းများတွင် နိုင်ငံတွင်းနေရပ်စွန့်ခွာရသူများအဖြစ် ဆက်လက်ရှိနေပြီး၊ လတ်တလောဖြစ်ပွားနေသည့် လက်နက်ကိုင်တိုက်ပွဲများကြောင့် ပိုမိုများပြားလာခဲ့သည်။ ဤစခန်းများသည် ၂၀၂၃ ခုနှစ် မေလတွင် တိုက်ခတ်ခဲ့သည့် မိုခါမုန်တိုင်းအတွင်း များစွာ ထိခိုက်ပျက်စီးခဲ့ရသည်။ မိမိတို့၏ ကျေးရွာများတွင် ဆက်လက်နေထိုင်နေဆဲဖြစ်သည့် ရိုဟင်ဂျာများ (၄၄၇၀၀၀ ဦး) သည်ပင် သွားလာမှုကန့်သတ်ထားခြင်း၊ နိုင်ငံသားဖြစ်ရေးလုပ်ငန်းများ တိုးတက်မှုမရှိခြင်းနှင့် အခြေခံဝန်ဆောင်မှုများကို လျော့နည်းရရှိလာခြင်းတို့ကြောင့် ထိခိုက်ခဲ့ရသည်။ ရိုဟင်ဂျာအသိုက်အဝန်းအပေါ် ကျူးလွန်သည့် လူ့အခွင့် အရေးချိုးဖောက်မှုများနှင့် အခြားသော အပြည်ပြည်ဆိုင်ရာဥပဒေချိုးဖောက်မှုများအတွက် တာဝန်ခံစေသည့် ဖြစ်ရပ်များ မရှိသေးပါ။

ရိုဟင်ဂျာ တစ်သန်းကျော်သည်လည်း ၁၉၉၀ ပြည့်နှစ်များကတည်းကပင် မြန်မာနိုင်ငံမှ ထွက်ပြေးခဲ့ကြပြီး၊ ယင်းတို့အနက် (၉၆၀၀၀၀) ကျော်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ခိုလှုံနေကြသည်။ အဓိကအားဖြင့် မြန်မာနိုင်ငံနှင့် ထိစပ်နေသည့် ကော့ဘဇားဒေသရှိ Kutupalong နှင့် Nayapara ဒုက္ခသည်စခန်းများအနီးတဝိုက်တွင်ဖြစ်ပြီး၊ ယင်းစခန်းများမှာ ကမ္ဘာပေါ်တွင်ပင် အကြီးဆုံးနှင့် လူနေအထူထပ်ဆုံးစခန်းများဖြစ်ကြသည်။ ရိုဟင်ဂျာများ အနက် တစ်ဝက်ကျော်မှာ ကလေးသူငယ်များဖြစ်ပြီး၊ အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည်လည်း တစ်ဝက်ကျော်ပင်ရှိကြသည်။ ရိုဟင်ဂျာများသည် ထိခိုက်လွယ်မှုအများအပြားရှိနေပြီး၊ ဒုက္ခသည်စခန်းများတွင် လုံခြုံရေးအခြေအနေဆိုးရွားခြင်းနှင့် ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများအပါအဝင် နှစ်စဉ် ဇွန်လမှ အောက်တိုဘာလအတွင်း မုတ်သုန်ရာသီ၏ သက်ရောက်မှုများနှင့် ရောဂါများကြောင့် ထိခိုက်လွယ်မှုများကို ပိုမိုဆိုးရွားစေပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ရိုဟင်ဂျာဒုက္ခသည်များသည်လည်း ၂၀၂၃ ခုနှစ် မေလတွင် တိုက်ခတ်ခဲ့သည့် မိုခါမုန်တိုင်းကြောင့် ကြီးမားစွာ ထိခိုက်ခဲ့ရသည်။

ရိုဟင်ဂျာပြည်သူများစွာတို့သည် အခြားသော အိမ်နီးချင်းနိုင်ငံများဖြစ်ကြသည့် မလေးရှားနိုင်ငံ (၁၀၆၀၀၀ ဦး) နှင့် အိန္ဒိယနိုင်ငံ (၂၂၀၀၀ ဦး) တို့တွင်လည်းကောင်း၊ အနည်းငယ်မှာ အင်ဒိုနီးရှားနှင့် အခြားနိုင်ငံများတွင် လည်းကောင်း ဒုက္ခသည်အဖြစ် ခိုလှုံရန် ကြိုးပမ်းခဲ့ကြသည်။[10]

မြန်မာစစ်တပ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြားတွင် ရိုဟင်ဂျာဒုက္ခသည်များအား ရွှေ့ပြေးအဖြစ် ပြန်လည် လက်ခံရေးအတွက် လတ်တလော ဆွေးနွေးမှုများ ရှိခဲ့သော်လည်း၊ လူသားချင်းစာနာမှုအသိုက်အဝန်းအနေဖြင့် မြန်မာနိုင်ငံ၏ အခြေအနေသည် ဘင်္ဂလားဒေ့ရှ်နှင့် အခြားနိုင်ငံများမှ ဒုက္ခသည်များသည် မိမိဆန္ဒအလျောက်၊ ဘေးကင်းလုံခြုံ၍ ဂုဏ်သိက္ခာရှိစွာဖြင့် ရေရှည်တည်တံ့စွာ နေရပ်ပြန်ရန် မဖြစ်နိုင်သေးကြောင်း သုံးသပ်ထားကြသည်။

သွားလာရန်ခက်ခဲသည့် အနောက်မြောက်ပိုင်းဒေသတစ်ခုတည်းတွင်ပင် နေရပ်စွန့်ခွာရသူ (၁.၄) သန်းနီးပါးကို လက်ခံထားပြီး၊ အိန္ဒိယနိုင်ငံသို့ နယ်စပ်ဖြတ်ကျော်ဝင်ရောက်မှု အနည်းငယ်လည်း ဆက်လက်ဖြစ်ပေါ်နေမည်ဟု မျှော်မှန်းထားသည်။ နေရပ်စွန့်ခွာရမှုနှင့် စီးပွားရေးအခြေအနေတို့ကြောင့် မှောင်ခိုကုန်သွယ်ရေးနှင့် လူကုန်ကူးမှုအန္တရာယ်များ ပိုမိုမြင့်မားလာကာ၊ လူငယ်များက ဘေးကင်းလုံခြုံရေးနှင့် ပိုမိုကောင်းမွန်သော အခွင့်အလမ်းများကို ရှာဖွေရန်အတွက် မြန်မာနိုင်ငံ နယ်စပ်ဒေသနှင့် ပင်လယ်ရေကြောင်းမှတဆင့် နိုင်ငံရပ်ခြားသို့ အစုအပြုံလိုက်ထွက်ခွာမှုများ မြင့်တက်လာနိုင်သည်။

အနောက်မြောက်ပိုင်းဒေသ၊ အရှေ့တောင်ပိုင်းဒေသနှင့် ရခိုင်ပြည်နယ်တို့တွင် ဒုက္ခသည်စခန်းများအား ပိတ်သိမ်းခြင်းသည် အဓိကစိုးရိမ်ဖွယ်တစ်ရပ်ဖြစ်နေပြီး၊ အခြေကျပြီးသည့် စခန်းများမှ IDP များကို အချိန်မတိုင်မီ နေရပ်ပြန်ပို့ရန် သို့မဟုတ် ပြန်လည်နေရာချထားရန်အတွက် ဖိအားပေးမှုများ ရှိနေသည်။ ဥပမာအားဖြင့် နစက က ရခိုင်ပြည်နယ်ရှိ ကျောက်တလုံးဒုက္ခသည်စခန်းကို မေလ ၃၁ ရက်နေ့တွင် ပိတ်သိမ်းကြောင်း ကြေငြာပြီးနောက် (၆) လကြာမြင့်ခဲ့ပြီဖြစ်သော်လည်း၊ IDP များအား ပြန်လည်နေရာချထားမည့်နေရာတွင် ကတိပြုထားသည့်အတိုင်း လမ်းဖောက်ပေးခြင်း၊ လျှပ်စစ်ဓါတ်အားပေးခြင်းနှင့် လိုအပ်သည့် အခြေခံဆောက်အဦဆောက်လုပ်ပေးခြင်းလုပ်ငန်းများကို ဖြည့်ဆည်းပေးရန် ပျက်ကွက်ခဲ့သည်။ ထို့ကြောင့် IDP များအတွက် မရေရာသော အခြေအနေများကို ဖြစ်ပေါ်စေခဲ့သည်။ ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် တိုက်ပွဲများ တကျော့ပြန်ဖြစ်ပွားခဲ့ပြီးချိန်မှစ၍ ကျောက်ဖြူမြို့နယ်တွင် သွားလာရေးကန့်သတ်မှုများကြောင့် ကျောက်တလုံးစခန်းမှ ပြန်လည်နေရာချထားသည့် နေရာရှိ IDP များကို အရေးပေါ်ဆေးကုသရေးအတွက်သာ စခန်းခေါင်းဆောင်ထံမှ ထောက်ခံစာဖြင့် စခန်းမှ ထွက်ခွာခွင့်ပြုထားသည်။ ယခင်ကမူ ညနေ (၆) နာရီမတိုင်မီ ပြန်လည်နေရာချထားရေးစခန်းသို့ ပြန်လာရန် လိုအပ်သော်လည်း IDP များကို မြို့ပေါ်တဝိုက်တွင် လွတ်လပ်စွာ သွားလာခွင့်ပြုထားသည်။ အနောက်မြောက်ပိုင်းဒေသနှင့် အရှေ့တောင်ပိုင်းဒေသတို့တွင် ၂၀၂၃ ခုနှစ် စတုတ္ထသုံးလပတ်ကာလအတွင်း ပြန်လည်ဖြစ်ပွားလာသည့် တိုက်ပွဲများကြောင့် ရှမ်းပြည်နယ်တောင်ပိုင်းသို့ နေရပ်စွန့်ခွာထွက်ပြေးရမှုများ ဖြစ်ပေါ် ခဲ့သည်။ ရှမ်းပြည်နယ်တောင်ပိုင်းရှိ ခိုလှုံရာစခန်းများစွာတို့ကို "ပိတ်သိမ်းပြီး" ဖြစ်ကြောင်း ကြေငြာထားပြီးဖြစ်ရာ ထပ်မံရောက်ရှိလာသည့် IDP အသစ်များကို ယင်းစခန်းများတွင် လက်မခံရန် ဖိအားပေးမှုများ ရှိခဲ့သည်။

မုန်တိုင်းများနှင့် မုတ်သုန်ရာသီရေကြီးရေလျှံမှုများကဲ့သို့သော သဘာဝဘေးအန္တရာယ်များကြောင့်လည်းကောင်း၊ မြေမြှုပ်မိုင်းများ၊ ERW နှင့် ချိန်ကိုက်ဖောက်ခွဲပစ္စည်းများ (IED) အပါအဝင် ပေါက်ကွဲစေတတ်သော လက်နက် ပစ္စည်းများ ပျံ့နှံ့မှုကြောင့်လည်းကောင်း နေရပ်စွန့်ခွာရသူများ ရင်ဆိုင်နေရသည့် ကျပ်တည်းမှုများကို ပိုဆိုးလာစေ ပြီး နေရပ်ပြန်သူများနှင့် ဆက်လက်ရွှေ့လျားသွားလာနေရသူများကို ကြန့်ကြာစေသည်။ အဆောက်အဦ၊ မြေယာ နှင့် ပိုင်ဆိုင်မှု (HLP) ဆိုင်ရာ အခွင့်အရေးချိုးဖောက်မှုများသည်လည်း နေရပ်စွန့်ခွာရသူများအတွက် ကြီးမားသော အခက်အခဲများအဖြစ် ဆက်လက်တည်ရှိနေပြီး၊ လက်ရှိအခြေအနေနှင့် IDP များ အကြိမ်ကြိမ်ရောက်ရှိ လာမှုကြောင့် ရင်ဆိုင်ဖြေရှင်းရေးစွမ်းရည်များ ကုန်ခမ်းလာနေသည့် အိမ်ရှင်ရပ်ရွာလူထုနှင့်

နေရပ်စွန့်ခွာရသူများ အကြားတွင် ပဋိပက္ခများနှင့် သယံဇာတအတွက် ယှဉ်ပြိုင်ရမှုများကို ပိုမိုမြင့်မားလာစေသည်။

ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာ IDP များအပါအဝင် ကာလရှည်နေရပ်စွန့်ခွာနေရပြီး လူသားချင်းစာနာမှု အကူအညီများကို များစွာ မှီခိုနေရသည့် ပြည်သူများသည် ပဋိပက္ခများ၊ သဘာဝဘေးအန္တရာယ်များနှင့်  နစက ၏ ဗျူရိုကရေစီစနစ်အတားအဆီးများကြောင့် လွန်ခဲ့သောတစ်နှစ်ကာလအတွင်း ဆိုးရွားသော အကူအညီ ပြတ်တောက်မှုများကို ရင်ဆိုင်ခဲ့ရသည်။

မြန်မာနိုင်ငံသားများနှင့် နိုင်ငံခြားသားများသည် ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ရှိ နယ်စပ်ဒေသများတွင် လုပ်ငန်းလည်ပတ်နေသည့် “ငွေလိမ်ဂိုဏ်းခြံဝင်းများ” သို့ လူကုန်ကူးခံနေကြရပြီး၊ ထိုနေရာများတွင် အမျိုးသားများ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များပါဝင်သည့် လူဦးရေ (၁၂၀၀၀၀) ခန့်သည် အတင်းအကျပ် ရာဇဝတ်မှုကျူးလွန်ခိုင်းခြင်း၊ အဓမ္မလုပ်သားအဖြစ်ခိုင်းစေခံရခြင်း၊ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခံရခြင်းနှင့် ခန္ဓာကိုယ်အစိတ်အပိုင်းထုတ်ယူခံရခြင်းတို့ကို ကြုံတွေ့နေရသည်။ ပေါ်ပေါက်လာခဲ့သည့် အမှုအများစုမှာ နိုင်ငံခြားသားများနှင့် ဆက်စပ်နေသော်လည်း မြန်မာနိုင်ငံအတွင်း ကလေးသူငယ်များအပါအဝင် မြန်မာနိုင်ငံ ပြည်သူများ ထိုနေရာများသို့ လူကုန်ကူးခံနေရသည့် တိုင်ကြားချက်များစွာလည်း ရှိပါသည်။ ဤအခြေအနေမှာ လက်ရှိ အကျပ်အတည်းကြောင့် ဖြစ်ပေါ်လာသည့် မမျှော်မှန်းထားသော ပြဿနာတစ်ရပ်ဖြစ်ပြီး၊ စုစည်း၍ ပေါင်းစပ်ညှိနှိုင်းထားသော အရေးယူမှု မရှိပါက ဆက်လက်ဆိုးရွားလာကာ၊ (မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသား နှစ်မျိုးလုံးပါဝင်သည့်) များစွာသော ပြည်သူများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ အန္တရာယ်များ ပိုမို၍ ဖြစ်လာနိုင်ပါသည်။

လူကုန်ကူးမှု၊ ခေါင်းပုံဖြတ်မှုနှင့် အလွဲသုံးစားခံရသူများသည် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စိုးရိမ်မှု များစွာတို့ကို ရင်ဆိုင်ရနိုင်ပြီး၊ ပိုမိုကျယ်ပြန့်သော ကာကွယ်စောင့်ရှောက်ရေးအကူအညီလိုအပ်နေသည့် လူဦးရေတွင် ပါဝင်လာမည်ဖြစ်သည်။ တစ်ချိန်တည်းတွင် ရွှေ့လျားသွားလာနေသူများအတွက် အခြေအနေ အလိုက် သီးသန့်အန္တရာယ်ဖြစ်နိုင်ခြေများနှင့် လိုအပ်ချက်များကို နားလည်သဘောပေါက်ထားရန်လည်း အရေးကြီးပါသည်။ ဥပမာအားဖြင့် ဘေးကင်းလုံခြုံသော ခိုလှုံရာလိုအပ်ခြင်း၊ လူကုန်ကူးသူများအန္တရာယ်မှ ကာကွယ်တားဆီးပေးခြင်း၊ မိမိဆန္ဒအလျောက် ဘေးကင်းစွာ နေရပ်ပြန်ခြင်း၊ ဥပဒေရေးရာအကူအညီ ပုံစံအမျိုးမျိုး၊ စိတ်ကျန်းမာရေးနှင့် စိတ္တလူမှုဆိုင်ရာ အထောက်အပံ့ပေးခြင်း (MHPSS) တို့ဖြစ်ကြပြီး၊  ခရီးဆုံးနေရာ၊ ခရီးထောက်နေရာနှင့် မူလနေရာများအားလုံးတွင်လည်း ဆက်စပ်အကူအညီများကို ပေးအပ်ရပါမည်။ မြန်မာနိုင်ငံတွင် ဘေးကင်းလုံခြုံမှုမရှိသော ရွှေ့လျားသွားလာမှုများ ပိုမိုများပြားလာသည့် အခြေအနေ၌ လူကုန်ကူးခြင်း၊ ယင်းနှင့်ဆက်စပ်၍ ခေါင်းပုံဖြတ်ခြင်းနှင့် အလွဲသုံးစားမှုပြုခြင်း ခံရသူများကို ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ တုံ့ပြန်လုပ်ငန်းများတွင် ထည့်သွင်းရပါမည်။ ကူညီရန်လျာထားသည့် လူဦးရေကို မြှင့်တင်ပြီး၊ တချိန်တည်းတွင် အထူးပြုဝန်ဆောင်မှုများကို တတ်နိုင်သမျှ ထောက်ပံ့ပေးနိုင်ရေး အတွက် စွမ်းဆောင်ရည်များ ခိုင်မာအားကောင်းအောင် ဆောင်ရွက်ရပါမည်။

## လူမှုရေးအခြေအနေ

လက်ရှိအကျပ်အတည်း၏ စီးပွားရေးဆိုင်ရာ ထိခိုက်မှုများမှာ အမျိုးသမီးများအပေါ်တွင် အချိုးမညီစွာ သက်ရောက်နေရာ၊ အကြောင်းရင်းများမှာ လုပ်ငန်းတွင်း လူမှုဆိုင်ရာ စံနှုန်းများမညီမျှခြင်း၊ လုပ်ငန်းခွင်တွင် လုပ်ပိုင်ခွင့်မပေးခြင်းနှင့် အမျိုးသမီးများသည် မိသားစုတွင်းနှင့် ရပ်ရွာတွင်း၌ ပြုစုစောင့်ရှောက်သူနှင့် အိမ်ထောင်မှုထိန်းသိမ်းသူဟူသော မိရိုးဖလာအခန်းကဏ္ဍများရှိနေခြင်းတို့ကြောင့် ဖြစ်သည်။ အမျိုးသမီးများ လုပ်ကိုင်နိုင်သော အလုပ်များ၊ လုပ်ကိုင်သင့်သော အလုပ်များနှင့်စပ်လျဉ်းသည့် မိရိုးဖလာစံနှုန်းများသည် အမျိုးသမီးများအား ပညာရပ်လုပ်ငန်းများနှင့် လုပ်ငန်းကဏ္ဍများတွင် ဝင်ရောက်လုပ်ကိုင်မှုများကိုလည်းကောင်း၊ ဦးဆောင်မှုနေရာများအား ရယူမှုကိုလည်းကောင်း ဟန့်တားနေပြီး၊ လုပ်အားခပိုမိုနည်းပါးသည့် အလုပ်အကိုင်များ အတွက်သာ အဆင့်နှိမ့်ထားကာ၊ ကျားမအခြေပြုသည့် လုပ်အားခကွာဟချက်များကို ကြီးမားစွာဆက်လက် ဖြစ်ပေါ်စေသည်။[11]

ကပ်ရောဂါနှင့် တပ်မတော်အာဏာထိန်းသိမ်းပြီးချိန်မှစ၍ အမျိုးသမီးများသည် အလုပ်အကိုင်ဆုံးရှုံးမှုများကို အချိုးမညီစွာဖြင့် ခံစားခဲ့ရသည်။ မြန်မာနိုင်ငံ၏ အမျိုးသမီးများအကြား အလုပ်အကိုင်နှင့် လူဦးရေအချိုးသည် ၂၀၁၇ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်အတွင်းတွင် ၁၁% နီးပါးအထိ ကျဆင်းခဲ့ရာ၊ အမျိုးသားများထက် နှစ်ဆကျော်များပြားခဲ့သည်။ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍနှစ်ခုလုံးတွင် အလုပ်အကိုင်များ ဆုံးရှုံးခဲ့ရသဖြင့် အမျိုးသမီးအလုပ်လက်မဲ့နှုန်းသည် ၂၀၁၇ ခုနှစ်တွင် ၂% သာရှိခဲ့ရာမှ ၂၀၂၂ ခုနှစ်တွင် ၁၀.၂% အထိ မြင့်တက်လာခဲ့သည်။[12] ရွေးချယ်စရာ အလုပ်အကိုင်များမှာ အကန့်အသတ်ဖြင့်သာ ရှိခဲ့သည့်အတွက် အမျိုးသမီးများသည် လူကုန်ကူးမှုအတွက်လည်းကောင်း၊ ဘေးကင်းလုံခြုံမှုမရှိသော သို့မဟုတ် တရားဝင် မဟုတ်သော အလုပ်များကို လုပ်ကိုင်ရမှု ကဲ့သို့သော ရင်ဆိုင်ဖြေရှင်းရေးနည်းလမ်းဆိုးများအတွက်လည်းကောင်း ထိခိုက်လွယ်မှုများ တိုးမြင့်လာကြသည်။ တစ်ချိန်တည်းတွင် အမျိုးသားများ၏ အလုပ်လက်မဲ့နှုန်းများ မြင့်မားလာခြင်းကြောင့် အမျိုးသမီးများအတွက် ကျားမအခြေပြုအကြမ်းဖက်မှုဆိုင်ရာအန္တရာယ်ဖြစ်နိုင်ခြေများ တိုးလာပြီး၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း၊ အလွဲသုံးစားပြုခြင်းနှင့် ထိတွေ့ရင်ဆိုင်ရမှုများ မြင့်တက်လာသည်။

မူလတိုင်းရင်းသားလူမျိုး ၁၃၅ မျိုးရှိသည်ဟု အသိအမှတ်ပြုထားပြီး၊ ရိုဟင်ဂျာများအပါအဝင် အခြားလူမျိုးများကို ဖယ်ထုတ်ထားသည့် မြန်မာနိုင်ငံတွင် လူမျိုးရေးနှင့် ဘာသာရေးတို့သည် အရေးကြီးသော အချက်များ ဖြစ်ကြသည်။ တိုင်းရင်းသားဖြစ်မှုသည် ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေ၏ အခြေခံအချက်ဖြစ်ပြီး၊ မြန်မာနိုင်ငံတွင် ၁၈၂၃ ခုနှစ်မှစ၍ နေထိုင်တည်ရှိခဲ့သည့် တိုင်းရင်းသားများသည်သာ မွေးရာပါနိုင်ငံသားဖြစ်ရန် အကျုံးဝင်သည်။[13] ရိုဟင်ဂျာများအပါအဝင် မြန်မာနိုင်ငံတွင် မျိုးဆက်များစွာ နေထိုင်ခဲ့ကြသည့် ပြည်သူများစွာတို့သည် နိုင်ငံသားအခွင့်အရေး ဆက်လက်ဆုံးရှုံးနေဆဲဖြစ်ပြီး၊ အခွင့်အရေးနည်းပါးစွာရရှိသည့် အခြားနိုင်ငံသား အမျိုးအစားများအဖြစ် သတ်မှတ်ခြင်းခံရသည်။[14] မြန်မာနိုင်ငံ၏ လက်ရှိအကျပ်အတည်းသည် ကာလကြာမြင့်ပြီ ဖြစ်သည့် လူမျိုးရေးပဋိပက္ခများအတွက် ဆိုးရွားသော ရှုထောင့်သစ်များကို စတင်စေခဲ့ပြီး၊ ရခိုင်ပြည်နယ်၊ အရှေ့မြောက်ပိုင်းဒေသနှင့် အရှေ့တောင်ပိုင်းဒေသတို့ရှိ သမိုင်းတလျှောက်တင်းမာမှုများရှိခဲ့သည့် ဒေသများ အပြင်၊ ဗုဒ္ဓဘာသာဗမာလူမျိုးအများစုနေထိုင်သည့် ဒေသများသည်လည်း ပဋိပက္ခများ၊ စီးပွားရေးနှင့် နိုင်ငံရေး မတည်ငြိမ်မှုများကြောင့် ထိခိုက်ခံစားကြရသည်။ အနောက်မြောက်ပိုင်းဒေသ၊ အရှေ့တောင်ပိုင်းဒေသနှင့် ရခိုင်ပြည်နယ်တို့တွင် EAOs များ အချင်းချင်း ပိုမိုပူးပေါင်းလာကြပြီး၊ ယင်းပူးပေါင်းတပ်ဖွဲ့များ၏ လတ်တလော အောင်မြင်မှုများကြောင့် လက်ရှိအကျပ်အတည်းအပေါ် တိုင်းရင်းသားများ၏ ရှုထောင့်သစ်များကို ဖြစ်ပေါ်စေခဲ့ သည်။

မြန်မာနိုင်ငံရှိ မသန်စွမ်းသူများသည် လူသားချင်းစာနာမှုဆိုင်ရာ ဝန်ဆောင်မှုများကို လက်လှမ်းမီရယူရာတွင် အခက်အခဲအမျိုးမျိုးကို ရင်ဆိုင်နေရသည်။ ယင်းအခက်အခဲများတွင် ရုပ်ပိုင်းဆိုင်ရာ အတားအဆီးများ၊ သတင်းအချက်အလက်မရရှိခြင်း၊ နားလည်သဘောပေါက်မှုမရှိခြင်း၊ ငွေရေးကြေးရေးအခက်အခဲများ၊ ဘေးကင်းလုံခြုံရေးဆိုင်ရာ စိုးရိမ်မှုများနှင့် ခွဲခြားဆက်ဆံခံရမှုများ ပါဝင်သည်။ မသန်စွမ်းသူများက ပဋိပက္ခများအခြေအနေ၊ အန္တရာယ်များ၊ အမိုးအကာ၊ ကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုများ၊ စားနပ်ရိက္ခာနှင့် အသုံးအဆောင်ပစ္စည်းများ (NFIs)နှင့် ဆေးဝါးအကူအညီအပါအဝင် လူသားချင်းစာနာမှုအကူအညီများ၊ မိသားစုရှာဖွေပေါင်းစည်းပေးခြင်းစသည်တို့အတွက် သတင်းအချက်အလက်များကို ရယူရာတွင် ရုပ်ပိုင်းဆိုင်ရာ အပြင်နှင့် ဆက်သွယ်ရေးအခြေခံအဆောက်အဦများအားနည်းခြင်းတို့ကြောင့် ထပ်တိုးအတားအဆီးများကို ဖြစ်ပေါ်စေသည်။

ထို့အပြင် မသန်စွမ်းမှုရှိနေသည့် အမျိုးသမီးများနှင့် အမျိုးသားများသည် လိုအပ်ချက်အကြီးမားဆုံးသူ များဖြစ်နေကြသော်လည်း အရေးပေါ်အခြေအနေတုံ့ပြန်ရေးလုပ်ငန်းများတွင် မကြာခဏပင် ချန်ထားခံနေရသည်။ မိုခါမုန်တိုင်းသည် ထိခိုက်ဒဏ်ရာရမှုများစွာကို ဖြစ်ပေါ်စေပြီး ချက်ချင်းကူညီပေးရန်လိုအပ်နေသည့် လူအရေအတွက်နှင့် ကာလရှည်ကူညီပေးရန်လိုအပ်နေသည့် မသန်စွမ်းသူ အရေအတွက်ကိုတိုးလာစေပါသည်။ ယခုအခါတွင် ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းများ ပျံ့နှံ့မှုသည် ပဋိပက္ခဒေသများရှိ အရပ်သားပြည်သူများအတွက် အမြဲတည်ရှိနေသည့် ခြိမ်းခြောက်မှု တစ်ခု ဖြစ်နေပြီး၊ မသန်စွမ်းမှုဖြစ်နိုင်သည့် အလားအလာကို မြင့်တက်စေသည်။

## လုပ်ငန်းဆောင်ရွက်မှုအခြေအနေ


လူသားချင်းစာနာမှုလုပ်သားများအတွက် လုပ်ငန်းဆောင်ရွက်မှုဝန်းကျင်သည် ကျဉ်းမြောင်းလာနေပြီး၊ တည်ငြိမ်မှု ပိုမိုနည်းပါးလာကာ၊ နိုင်ငံရေးအရ အသုံးချခံရမှုများ ဆက်လက်ရှိနေဆဲဖြစ်သည်။ ပဋိပက္ခတွင် ပါဝင်နေသည့် တပ်မတော်နှင့် အခြားအဖွဲ့များက အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေ (IHRL) နှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာမှုဥပဒေ (IHL) တို့ကို ချိုးဖောက်မှုများလည်း ထပ်တလဲလဲဖြစ်ပေါ်နေသည်။ ရန်ပုံငွေထောက်ပံ့မှု အလွန်နည်းပါးခြင်းနှင့် ဝင်ရောက်ကူညီခွင့်ဆိုင်ရာ အခက်အခဲများအပါအဝင် စိန်ခေါ်မှုများကြောင့် တုံ့ပြန်ရေး လုပ်ငန်းများ၏ အောင်မြင်နိုင်စွမ်းကို လျော့နည်းစေကာ၊ အထူးသဖြင့် ဝေးလံခေါင်ပါးသော ပဋိပက္ခဒဏ် ခံရသည့်ဒေသများရှိ ပြည်သူများသည် အကူအညီလစ်ဟာမှုများကြောင့် အခက်ခဲဆုံးအပိုင်းကို ရင်ဆိုင် နေရသည်။ အကူအညီများ ရရှိနိုင်သည့်ဒေသများတွင်ပင် သွားလာရေးဆိုင်ရာ ကန့်သတ်ချက်များနှင့် လုံခြုံရေး အန္တရာယ်များကြောင့် ဘေးဒဏ်ခံရသည့်ပြည်သူများက ဝန်ဆောင်မှုများနှင့် အကူအညီများအား လက်လှမ်းမီ ရယူနိုင်စွမ်း လျော့နည်းနေသည်။

လမ်း၊တံတားများ ပိတ်ဆို့ထားခြင်း သို့မဟုတ် ပျက်စီးနေခြင်းကဲ့သို့သော သွားလာရေးအခက်အခဲများသည် နားလည်မှုစာချွန်လွှာ၊ သဘောတူညီကြောင်းစာလွှာနှင့် ခရီးသွားခွင့်ပြုမိန့်ကဲ့သို့သော ဗျူရိုကရေစီစနစ် အတားအဆီးများနှင့် ပေါင်းစည်းဆက်စပ်နေသည်။ အကျိုးဆက်အဖြစ် လူသားချင်းစာနာမှုအဖွဲ့အစည်းများက အကူအညီလိုအပ်နေသည့် ပြည်သူအားလုံးထံသို့ ဝင်ရောက်ကူညီနိုင်မှုကို တားဆီးနေပြီး၊ သွားလာကူညီနိုင်သည့် နေရာများတွင်ပင် လုံခြုံရေးအန္တရာယ်များနှင့် လုပ်ငန်းဆောင်ရွက်မှု ကုန်ကျစရိတ်များ မြင့်တက်နေသည်။ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည့် အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေအား နစကမှ အကောင်အထည်ဖော်ဆောင်ရွက်မှုကြောင့် မြန်မာနိုင်ငံရှိ ဘာသာရေးအဖွဲ့အစည်းများမှအပ အသင်းအဖွဲ့ အားလုံးကို မဖြစ်မနေ မှတ်ပုံတင်ခိုင်းခြင်းနှင့် မှတ်ပုံတင်ရန် ပျက်ကွက်ပါက ရာဇဝတ်မှုပုဒ်မများဖြင့် အရေးယူ ခြင်းပြုနေရာ အရပ်သားလူမှုအသိုက်အဝန်း (civic space) နှင့် လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးစွမ်းရည် တို့ကို လျော့ကျစေခဲ့သည်။ ဘဏ်စနစ်ပြဿနာများနှင့် ငွေသားရရှိနိုင်မှုပြဿနာများက ရန်ပုံငွေထောက်ပံ့ရေး၊ ပစ္စည်းဝယ်ယူရေးနှင့် အကူအညီဖြန့်ဝေရေးလုပ်ငန်းစဉ်များကို ထိခိုက်စေပြီး၊ တချိန်တည်းတွင် ဈေးကွက်မတည်ငြိမ်ခြင်း၊ ဘဏ်မှ ငွေသားထုတ်ယူရာတွင် အကန့်အသတ်ရှိခြင်း၊ အခကြေးငွေပေးရခြင်း တို့ကလည်း တုံ့ပြန်ရေးလုပ်ငန်းများဆောင်ရွက်နိုင်စွမ်းကို နှောင့်နှေးစေသည်။


၂၀၂၃ ခုနှစ်အာဏာသိမ်းပြီးချိန်မှစ၍ ဒီဂျစ်တယ်စနစ်အတွင်း ထိန်းချုပ်မှုများကို ပိုမိုကန့်သတ်တင်းကျပ်ခဲ့ရာ၊ ဆက်သွယ်ပြောကြားမှုများကို ထိခိုက်စေသည်။ တပ်မတော်သည် နိုင်ငံအနှံ့တွင် အင်တာနက်ဖြတ်တောက်မှု များပြုလုပ်ထားသည့်အတွက် ပြည်သူများအနေဖြင့် အကြမ်းဖက်မှုများမှ လွတ်မြောက်နိုင်မည့် အသက်ကယ်ဆယ်ရေး အချက်အလက်များကို မရရှိနိုင်တော့ဘဲ၊ ကာကွယ်စောင့်ရှောက်ရေး အပါအဝင် အခြေခံ ဝန်ဆောင်မှုများအား လက်လှမ်းမီရယူနိုင်မှုလည်း ပြတ်တောက်ခဲ့ရသည်။ အင်တာနက်ဖြတ် တောက်ခံရခြင်း ကြောင့် လူသားချင်းစာနာမှုဆိုင်ရာ ပါဝင်ဆောင်ရွက်သူများက လိုအပ်ချက်များကို လေ့လာဆန်းစစ်နိုင်စွမ်းနှင့် ရလဒ်များအား မျှဝေနိုင်စွမ်းတို့ကိုလည်း ထိခိုက်စေသည်။ ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံသည် တစ်ကမ္ဘာလုံး၌ အင်တာနက်လွတ်လပ်မှု ဒုတိယအနည်းဆုံးနိုင်ငံအဖြစ် သတ်မှတ်ခံခဲ့ရသည်။[15]

**၂၀၂၃ ခုနှစ်အတွင်း အစီရင်ခံတင်ပြခဲ့သော ဝင်ရောက်ကူညီရေး/ သွားလာရေးဆိုင်ရာ ထိခိုက်မှုဖြစ်ရပ်များအား နှိုင်းယှဉ်ခြင်း**

( ဇန်နဝါရီလမှ စက်တင်ဘာလအထိ)




**အစီရင်ခံထားသည့် ဝင်ရောက်ကူညီရေး/သွားလာရေးဆိုင်ရာ ထိခိုက်မှုဖြစ်ရပ်အမျိုးအစားအလိုက် ခြုံငုံသုံးသပ်ခြင်း**




ရင်းမြစ်: AMRF

# ဖြစ်ရပ်များ၏အချိန်ကာလများ

(၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ)

**ဇန်နဝါရီလ၊ ၂၀၂၃**

အကူအညီလိုအပ်နေသည့် လူဦးရေ (၄.၅) သန်းကို ဦးစားပေးအဖြစ်သတ်မှတ်ထားသည့် HRP ကို စတင်ဆောင်ရွက်သည်။

**ဖေဖော်ဝါရီလ၊ ၂၀၂၃**

ပြည်နယ်/တိုင်းဒေသကြီးအများအပြားရှိ မြို့နယ် (၄၀) မြို့နယ်တွင် စစ်အုပ်ချုပ်ရေးဥပဒေ ထုတ်ပြန်သည်။

**မတ်လ၊ ၂၀၂၃**

နစက ၏ ဒုက္ခသည်စခန်းပိတ်သိမ်းရေးမူဝါဒကြောင့် IDP များအချိန်မတိုင်မီ နေရပ်ပြန်ရမှုအပေါ် စိုးရိမ်မှုများ မြင့်တက်လာသည်။

**ဧပြီလ၊ ၂၀၂၃**

အနောက်မြောက်ပိုင်းဒေသတစ်ခုတည်းတွင်ပင် နေရပ်စွန့်ခွာရသူအရေအတွက် တစ်သန်းအထိ ရှိလာသည်။

**မေလ၊ ၂၀၂၃**

အင်အားအလွန်ပြင်းထန်သည့် မိုခါမုန်တိုင်းသည် မြန်မာနိုင်ငံ အနောက်ပိုင်းကို ကြီးမားစွာ ပျက်စီးစေခဲ့သည်။

မိုခါမုန်တိုင်းအတွက် အရေးပေါ်ရန်ပုံငွေအဆိုပြုလွှာအရ လူဦးရေ (၁.၆) သန်းကို ကူညီရန် လျာထားသည်။

**ဇွန်လ၊ ၂၀၂၃**

ဇွန်လ ၃၀ ရက်နေ့အထိ ၂၀၂၃ ခုနှစ် လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးလုပ်ငန်းစီမံချက် (နှင့် အရေးပေါ်ရန်ပုံငွေအဆိုပြုလွှာ) အတွက် ရန်ပုံငွေလိုအပ်ချက်၏ ၂၀% ကိုသာ ရရှိထားသည်။

၂၀၂၃ ခုနှစ်၊ နှစ်လယ်တွင် တစ်နိုင်ငံလုံး၌ လူဦးရေ (၁.၉) သန်းထက်မနည်းကို ဖြန့်ကြက်ကူညီခဲ့သည်။

**ဇူလိုင်လ၊ ၂၀၂၃**

နစက သည် မိုခါမုန်တိုင်းမှ ရှင်သန်ကျန်ရစ်သူများကို တုံ့ပြန်ကူညီရေးလုပ်ငန်းများနှင့် ဝင်ရောက်ကူညီခွင့်များကို ဆက်လက်ကန့်သတ်ထားသည်။

**ဩဂုတ်လ၊ ၂၀၂၃**

ရခိုင်ပြည်နယ်နှင့် အရှေ့တောင်ပိုင်းဒေသတို့တွင် ရေကြီးရေလျှံမှုများကြောင့် လူဦးရေ (၈၀၀၀၀) ထိခိုက်ခဲ့သည်။

အရေးပေါ်ကယ်ဆယ်ရေးညှိနှိုင်းရေးမှူးဖြစ်သူ Martin Griffiths မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည်။

**စက်တင်ဘာလ၊ ၂၀၂၃**

နေပြည်တော်မှအပ ကျန်ပြည်နယ်/တိုင်းဒေသကြီးအားလုံးတွင် မြေမြှုပ်မိုင်းကြောင့် ထိခိုက်သေဆုံးမှုရှိသည်ဟူသော အစီရင်ခံချက်များကို အတည်ပြုနိုင်ခဲ့သည်။

ပေါင်းစပ်ညှိနှိုင်းရေးဖွဲ့စည်းပုံအသစ်ကို စတင်လည်ပတ်ဆောင်ရွက်သည်။

**အောက်တိုဘာလ၊ ၂၀၂၃**

အရှေ့မြောက်ပိုင်းဒေသတွင် EAOs/PDFs ပူးပေါင်းတပ်ဖွဲ့များနှင့် မြန်မာ့တပ်မတော်တို့အကြား တိုက်ပွဲများ ပြင်းထန်လာသည်။

မြန်မာနိုင်ငံတွင် နေရပ်စွန့်ခွာရသူအရေအတွက် (၂) သန်းကျော်လာသည်။

HCT ဒေသအလိုက်ကိုက်ညီအောင်ဆောင်ရွက်ခြင်းမဟာဗျူဟာကို အတည်ပြုခဲ့သည်။

**နိုဝင်ဘာလ၊ ၂၀၂၃**

အရှိန်မြင့်လာသော တိုက်ပွဲများသည် အရှေ့မြောက်ပိုင်းဒေသ၊ အနောက်မြောက်ပိုင်းဒေသနှင့် အရှေ့တောင်ပိုင်းဒေသများသို့ ပျံ့နှံ့လာသည်။

AA နှင့် MAF အကြားရှိ အလွတ်သဘောအပစ်အခတ်ရပ်စဲရေး ပျက်ပြယ်ခဲ့ပြီး၊ တိုက်ပွဲများပြန်လည်ဖြစ်ပွားသည်။

မြို့နယ် (၅၉) မြို့နယ်တွင် စစ်အုပ်ချုပ်ရေးဥပဒေ ပြဋ္ဌာန်းထားသည်။

**ဒီဇင်ဘာလ၊ ၂၀၂၃**

တိုက်ပွဲဖြစ်ပွားနေသည့်ဒေသများတွင် လေဆိပ်များကို ပိတ်ထားပြီး၊ အဓိက သယ်ယူပို့ဆောင်ရေးလမ်းမကြီးများနှင့် လူသားချင်းစာနာမှုဆိုင်ရာ ဝင်ရောက်ကူညီမှုများကို ပိတ်ဆို့ထားဆဲဖြစ်သည်။

နေရပ်စွန့်ခွာရသူအရေအတွက် (၂.၆) သန်းသို့ ရောက်ရှိလာသည်။

ဒီဇင်ဘာလ ၁၄ ရက်နေ့အထိ ၂၀၂၃ ခုနှစ် HRP (နှင့် အရေးပေါ်ရန်ပုံငွေအဆိုပြုလွှာ) အတွက် ရန်ပုံငွေလိုအပ်ချက်၏ ၂၉% ကိုသာ ထောက်ပံ့ထားသည်။ လူဦးရေ (၃.၁) သန်းသို့ ဖြန့်ကြက်ကူညီပေးနိုင်ခဲ့သည်။

# ၁.၂။ လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များနှင့် အန္တရာယ်ဖြစ်နိုင်ခြေများကို စိစစ်ပိုင်းခြားခြင်း

### လိုအပ်ချက်များ၏ အကျဉ်းချုပ်

| | |
|---|---|
| စားနပ်ရိက္ခာမလုံလောက်မှုသည် ကြီးမားသော စိုးရိမ်ဖွယ်တစ်ရပ်အဖြစ် ဆက်လက်ရှိနေပြီး အထူးသဖြင့် နိုင်ငံအတွင်း နေရပ်စွန့်ခွာရသူများ နှင့် နေရပ်စွန့်ခွာရခြင်းမရှိသည့် နိုင်ငံမဲ့သူများအပါအဝင် အိမ်ထောင်စုအချို့သည် စားနပ်ရိက္ခာစားသုံးမှု လိုအပ်ချက်ကြီးမားကြောင်း အစီရင်ခံထားသည်။ | အထူးသဖြင့် IDP များနှင့် နိုင်ငံမဲ့သူများအပါအဝင် ပြည်သူများသည် ရေရှည်အကျိုးမရှိသော ဖြေရှင်းရေးနည်းများကို မဖြစ်မနေရွေးချယ်နေကြရသည်။ |
| ပဋိပက္ခနှင့် သဘာဝဘေးများကြောင့် ပညာရေးအနှောင့်အယှက်ဖြစ်ရသည့်အတွက် အထူးသဖြင့် နိုင်ငံအတွင်း နေရပ်စွန့်ခွာရသူများတွင် ပညာရေးအကူအညီလိုအပ်ချက်ကြီးမားသည်။ | ကျန်းမာရေးစနစ် ကသောင်းကနင်းဖြစ်နေပြီး၊ ဆေးကုသမှုလိုအပ်နေသည့် ထိခိုက်လွယ်ပြည်သူများအတွက် အကူအညီလိုအပ်နေသည်။ |
| နိုင်ငံမဲ့ပြည်သူများနှင့် နိုင်ငံအတွင်း နေရပ်စွန့်ခွာရသူများတွင် ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေး လိုအပ်ချက် အများဆုံးဖြစ်သည်။ ရေပမာဏနှင့် အရည်အသွေးနှစ်မျိုးလုံး လုံလောက်ခြင်းမရှိပါ။ | ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ အနောက်မြောက်ပိုင်းနှင့် အရှေ့တောင်ပိုင်းတို့တွင် ခိုလှုံရာလိုအပ်ချက် မြင့်မားသည်။ နိုင်ငံတွင်းနေရပ်စွန့်ခွာရသူများအနက် တစ်ဝက်ကျော်တွင် သင့်တော်သော ခိုလှုံရာများ မရှိကြပါ။ |
| ပဋိပက္ခများ၊ အကြမ်းဖက်မှု၊ ထိပါးနှောင့်ယှက်မှု၊ ဖမ်းဆီးခံရမှု၊ ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်း အန္တရာယ်များ၊ ခြိမ်းခြောက်ငွေညှစ်မှုများ၊ အဓမ္မ ခိုင်းစေခြင်း၊ ခွဲခြားဆက်ဆံခြင်းနှင့် ဖိနှိပ်ချုပ်ချယ်ခြင်း တို့၏ အကျိုးဆက်ကြောင့် ကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ ခြိမ်းခြောက်မှုများ ပြင်းထန်နေသည်။ | သွားလာမှုကန့်သတ်ချက်များ၊ ခွဲခြားဆက်ဆံခြင်း နှင့် လိုအပ်သော စာရွက်စာတမ်းမရှိခြင်း၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်း၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် ရောင်းဝယ်ရန်ဈေး များ မရှိခြင်းကြောင့် နေရပ်စွန့်ခွာရခြင်းမရှိသည့် နိုင်ငံမဲ့ ပြည်သူများ၏ လိုအပ်ချက်များ မြင့်တက်လာသည်။ |

### လိုအပ်ချက်များ၏ အကျဉ်းချုပ်

၂၀၂၄ ခုနှစ် HNRP တွင် ၂၀၂၃ ခုနှစ် လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးစီမံချက် (HRP) ကဲ့သို့ပင် အောက်ပါ လူဦးရေအုပ်စု (၄) စု၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ဦးတည်ထားသည် -

(၁) နိုင်ငံတွင်းနေရပ်စွန့်ခွာရသူများ (IDP)

(၂) နေရပ်ပြန်ရသူများ၊ အခြေကျသွားသူများနှင့် ဒေသတွင်း ပေါင်းစည်းဝင်ဆံ့သွားသူများ

(၃) နေရပ်စွန့်ခွာရခြင်းမရှိသည့် နိုင်ငံမဲ့ပြည်သူများ (ရိုဟင်ဂျာများ)[16]


(၄) လူသားချင်းစာနာမှုအကူအညီလိုအပ်နေသည့် အခြားသော အကျပ်အတည်းဒဏ်သင့်ပြည်သူများ

ဤလူဦးရေအုပ်စုများနှင့်စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များကို နောက်ဆက်တွဲ (၄.၁) - နည်းစနစ်အပိုင်းတွင် ကြည့်နိုင်ပါသည်။

### လိုအပ်ချက်များအား ခြုံငုံသုံးသပ်မှု

၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံ လူဦးရေ၏ သုံးပုံတစ်ပုံခန့် သို့မဟုတ် (၁၈.၆) သန်းခန့်သည် လူသားချင်းစာနာမှု အကူအညီများကို လိုအပ်နေပြီး၊ ယင်းအရေအတွက်တွင် ကလေးသူငယ် (၆) သန်းပါဝင်သည်။ အကူအညီ လိုအပ်နေသည့် လူဦးရေသည် တပ်မတော်အာဏာ ထိန်းသိမ်းပြီးချိန်မှစ၍ (၁၉) ဆ နီးပါးတိုးလာခြင်း ဖြစ်သည်။ ဤစီမံချက်ထုတ်ပြန်ချိန်တွင် လူဦးရေ (၂.၆) သန်းခန့် နေရပ်စွန့်ခွာနေရပြီး၊ ထိုသူများအနက် (၆၆၀၀၀၀) ကျော်မှာ ၂၀၂၃ ခုနှစ် အောက်တိုဘာလကုန်တွင် တိုက်ပွဲများအရှိန်မြင့်လာချိန်မှစ၍ ပဋိပက္ခများနှင့် အကြမ်းဖက်မှုများမှ ဘေးလွတ်ရာသို့ ထွက်ပြေးနေရသည်။ IDP အများစုတို့သည် ယာယီစခန်းနေရာများတွင် ခိုလှုံရာများ လုံလောက်မှုမရှိဘဲ၊ ရေသန့်ကဲ့သို့သော အခြေခံဝန်ဆောင်မှုများကို အလွန်အမင်းလိုအပ်နေသည့် စိုးရိမ်ထိတ်လန့်ဖွယ် အခြေအနေများတွင် ရှင်သန်နေထိုင်ကြရသည်။ ရွှေ့လျား သွားလာ နေရသည့် ပြည်သူများသည် ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းအန္တရာယ်များကို ပိုမိုကြုံတွေ့လာရပြီး၊ ကာလရှည်ကြာနေရပ်စွန့်ခွာနေရသူများသည်လည်း အချိန်နှင့်အမျှ ပိုမိုပြင်းထန်လာသော ထိခိုက် လွယ်မှုများနှင့် ရင်ဆိုင်နေရသည်။

### ကဏ္ဍအားလုံးအတွက် လိုအပ်ချက်များ၏ ပြင်းထန်မှု




စိုက်ပျိုးရေးကဏ္ဍအပေါ် နှောင့်ယှက်မှုများနှင့် ဆင်းရဲနွမ်းပါးမှုမြင့်တက်လာခြင်းတို့ကြောင့် ပြည်သူများအနေဖြင့် လုံလောက်သော စားနပ်ရိက္ခာများကို လက်လှမ်းမီဝယ်ယူနိုင်ရန် ပိုမိုခက်ခဲလာသည်။ ရင်ဆိုင်ဖြေရှင်းနိုင်သည့် စွမ်းရည်များ ကုန်ဆုံးလာသည်နှင့်အမျှ ရေရှည်အကျိုးမရှိသောဖြေရှင်းနည်းများ များကို ပိုမို အသုံးပြုလာရပြီး၊ ဖိနှိပ်ချုပ်ချယ်မှု၊ တိုက်ခိုက်မှုနှင့် လေကြောင်းမှ ပစ်ခတ်မှုများကို အလွန်အမင်းကြောက်လန့် နေရသည့် ဒေသများတွင် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အကူအညီများကို လိုအပ်နေသည့် ပြည်သူ အရေအတွက် ပိုမိုများပြားလာသည်။ နစက သည် ဆန်၊ ဆေးဝါးနှင့် လောင်စာဆီ သယ်ယူပို့ဆောင်ရေးကို ဆက်လက်ကန့်သတ်ထိန်းချုပ်ထားသောကြောင့် ပြည်သူများအနေဖြင့် အခြေခံ ကုန်ပစ္စည်းများအား လက်လှမ်းမီရရှိနိုင်မှု လျော့နည်းသွားသည်။ တစ်ချိန်တည်းတွင် အထူးသဖြင့် အနောက်မြောက်ပိုင်းဒေသ၌ ဤလိုအပ်ချက်များကို ဖြေရှင်းပေးရန် ကြိုးပမ်းနေသည့် အကူအညီလုပ်သားများ၏ လူသားချင်းစာနာမှုဆိုင်ရာ ဝင်ရောက်ကူညီခွင့်များကိုလည်း ကန့်သတ်နေသည်။ ပဋိပက္ခများနှင့် ဆက်စပ် ဖြစ်ပေါ်သော ကြောက်လန့်မှုများနှင့် စားနပ်ရိက္ခာမလုံလောက်မှုတို့သည် ပြည်သူများ၏ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် စိတ္တလူမှုဆိုင်ရာ ကောင်းမွန်စွာနေထိုင်နိုင်ရေးကို ထိခိုက်စေသည့် အကြီးမားဆုံးနှင့် အထင်ရှားဆုံးသော ဖိအားများတွင် ပါဝင်နေကြသည်။

လူသားချင်းစာနာမှုတုံ့ပြန်ရေးလုပ်ငန်းများကို ရန်ပုံငွေထောက်ပံ့မှုမှာ ကာလကြာရှည်စွာပင် အလွန်နည်းပါး နေခြင်း၊ ငွေကြေးဖောင်းပွမှု၊ ဝင်ရောက်ကူညီခွင့်ဆိုင်ရာ ကန့်သတ်ချက်များနှင့် ဝန်ဆောင်မှုပြတ်တောက်ခြင်း တို့ပေါင်းစပ်၍ ဆိုးရွားသော အခြေအနေကို ပိုမိုနက်ရှိုင်းစေသည်။ ကျောင်းနေအရွယ်ကလေးသူငယ်များအနက် ၃၀% ကျော်သည် မည်သည့်သင်ကြားမှုပုံစံတွင်မျှ ကျောင်းအပ်နိုင်ခြင်းမရှိဘဲ၊ တပ်မတော် အာဏာထိန်းသိမ်း ပြီးချိန်မှ စ၍ သုံးနှစ်ကာလအတွင်းတွင် ကလေးသူငယ်အားလုံးအနက် တစ်ဝက်ခန့်၏ ပညာသင်ကြားရေးသည် ဆိုးရွားစွာ ပြတ်တောက်ခဲ့ရသည်။ အစားထိုးပညာရေးနည်းလမ်းများသည်လည်း မြင့်မားသော လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်စွမ်းမရှိတော့ဘဲ၊ ကလေးသူငယ်များသည် ကလေးလုပ်သားအဖြစ်စေခိုင်းခံရခြင်း၊ လူကုန်ကူး ခံရခြင်း၊ အရွယ်မတိုင်မီလက်ထပ်ထိမ်းမြားခြင်းစသည့် အန္တရာယ်များကြားတွင် ရောက်ရှိနေသည်။ ကလေးသူငယ်များသည် စာသင်ကျောင်းများနှင့် တစ်ရက်ဝေးကွာသွားတိုင်း ပညာရေးနှင့် ထာဝရကင်းကွာသွားနိုင်သည့် အလားအလာလည်း မြင့်တက်လာပါလိမ့်မည်။

ကျန်းမာရေးကဏ္ဍသည်လည်း အလားတူအကျပ်အတည်းနှင့် ရင်ဆိုင်နေရပြီး၊ မိခင်နှင့်ကလေးကျန်းမာရေး စောင့်ရှောက်မှုရလဒ်များ ပိုဆိုးလာ

**ငွေကြေးအရ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်စွမ်းရှိသည့် အိမ်ထောင်စုများ**





ရင်းမြစ်: MSNA

ခြင်း၊ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများကို မဆောင်ရွက်နိုင်တော့ခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအတွက် အရေးပေါ်အခြေအနေတွင် ကျန်းမာရေးစောင့်ရှောက်ပေးနိုင်မှု အားနည်းသွားခြင်းတို့ ဖြစ်ပေါ်လျက်ရှိသည်။ ဤကျန်းမာရေးဆိုင်ရာ လစ်ဟာမှုများကို ဖြည့်ဆည်းရန်အတွက် တိုင်းရင်းသားနှင့် ရပ်ရွာလူထုအဆင့် ကျန်းမာရေးအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့၏ ကြိုးပမ်းမှု များမှာ အရေးကြီးသော်လည်း၊ အလွန်အမင်းများပြားနေသော လိုအပ်ချက်များကို အပြည့်အဝဖြည့်ဆည်းပေးနိုင် စွမ်းမရှိပေ။ အထူးသဖြင့် အကျပ်အတည်းဒဏ်သင့် ပြည်သူများသည် ပုဂ္ဂလိကကဏ္ဍ၏ ဝန်ဆောင်မှုများကို ရယူရန်ငွေကြေးမတတ်နိုင်ကြပေ။

၂၀၂၃ ခုနှစ်အတွက် ကဏ္ဍစုံပါဝင်သော လိုအပ်ချက်ဆန်းစစ်ခြင်း (MSNA) လုပ်ငန်းနှင့် အခြားသော အချက်အလက်စုဆောင်းရေးလုပ်ငန်းများမှ တွေ့ရှိချက်များအရ မြန်မာနိုင်ငံရှိ နေရာတိုင်း၌ လိုအပ်ချက် တစ်မျိုးမဟုတ်တစ်မျိုးရှိနေပြီး၊ တစ်နိုင်ငံလုံးတွင် လူသားချင်းစာနာမှုအကူအညီများကို ဆက်လက်လိုအပ်နေ ကြောင်း ဖော်ပြနေသည်။ ၂၀၂၄ ခုနှစ်အတွင်းတွင် လူဦးရေ (၂) သန်းနီးပါးသည် လိုအပ်ချက်ပြင်းထန်မှု အဆင့်အားဖြင့် အမြင့်ဆုံးအဆင့် (ကပ်အသွင်) တွင် ကျရောက်နေမည်ဟု မျှော်မှန်းထားသည်။ လွန်ခဲ့သော နှစ်နှစ်အတွင်းတွင်မူ လူဦးရေအနည်းသာ ဤအဆင့်အတွင်း ကျရောက်ခဲ့သည် (၂၀၂၂ ခုနှစ်တွင် (၁၅၁၀၀၀) ဦးရှိခဲ့ပြီး၊ ၂၀၂၃ ခုနှစ်တွင် လုံးဝမရှိခဲ့ပါ)။ လိုအပ်ချက်အချို့မှာ နေရာဒေသအားလုံးနှင့် လူဦးရေအုပ်စုအားလုံးအတွက် တူညီနေပြီး၊ အချို့မှာမူ နေရာဒေသနှင့် လူဦးရေပေါ်

## ရာသီအလိုက် ဖော်ပြထားသည့် ဖြစ်ရပ်များ



မှုတည်၍ ဖြစ်ပေါ်မှု သို့မဟုတ် ပြင်းထန်မှု များ အမျိုးမျိုးကွဲပြားသွားသည်။ နေရပ်စွန့်ခွာရခြင်းမရှိသည့် နိုင်ငံမဲ့ ရိုဟင်ဂျာများအားလုံးနီးပါး၊ IDP များအနက် ၆၀% ခန့်နှင့် နေရပ်ပြန်ရသူ IDP များအနက် ၄၀ % ခန့်တို့သည် MSNA အချက်အလက်မကောက်ယူမီ (၁၂) လအတွင်း အကူအညီများကို ရရှိခဲ့ကြောင်းနှင့် ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကယားပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် အကူအညီများကို အကြီးမားဆုံးမှီခိုနေရကြောင်း အစီရင်ခံထားသည်။ အလုပ်အကိုင်အတည်တကျနှင့်ဝင်ငွေမရှိခြင်းသည် လူသားချင်းစာနာမှုအကူအညီများအပေါ် ပိုမိုမှီခိုလာရသည့် အဓိကအကြောင်းရင်းဖြစ်ပြီး၊ လေ့လာဆန်းစစ်ခဲ့သည့် လူဦးရေအုပ်စုအားလုံးတို့က ၎င်းတို့၏ အဓိကဝင်ငွေရင်းမြစ်မှာ ကျပမ်းလုပ်သား သို့မဟုတ် နေ့စားလုပ်သားများဖြစ်ကြောင်း အစီရင်ခံခဲ့သည်။ ဤသို့သော ဝင်ငွေရလုပ်ငန်းများသည် မိသားစု၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် လုံလောက်ခြင်း မရှိကြပေ။

## စားနပ်ရိက္ခာမလုံလောက်မှုနှင့် အာဟာရချို့တဲ့မှု

စားနပ်ရိက္ခာမလုံလောက်မှုသည် မြန်မာနိုင်ငံ စုစုပေါင်းလူဦးရေ၏ ၂၅% နီးပါးဖြစ်သည့် လူဦးရေ (၁၂.၉) သန်းကို ထိခိုက်နေပြီး၊ စုစုပေါင်းလူဦးရေ၏ ၁၉% သည် ပြင်းထန်မှုအဆင့် ၃ (အကျပ်အတည်းအခြေအနေ) တွင် လည်းကောင်း၊ ၄% သည် ပြင်းထန်မှုအဆင့် ၄ (အရေးပေါ်အခြေအနေ) တွင်လည်းကောင်း ရောက်ရှိနေသည်။ IDP များနှင့် နေရပ်စွန့်ခွာရခြင်းမရှိသည့် နိုင်ငံမဲ့ ရိုဟင်ဂျာများတွင်လည်းကောင်း၊ ကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ ပြဿနာများကြောင့် ဒုက္ခရောက်နေကြသည့် အမျိုးသမီးများနှင့် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများတွင်လည်းကောင်း အစားအစာစားသုံးမှုပိုင်းတွင် ကြီးမားသော လိုအပ်ချက်များကို ပိုမိုထင်ရှားစွာ တွေ့ရှိရသည်။

### စားနပ်ရိက္ခာမလုံလောက်မှု၏ အဓိကအကြောင်းရင်းများ

**ပဋိပက္ခ၊ နေရပ်စွန့်ခွာရမှု၊ စားနပ်ရိက္ခာနှင့် လောင်စာဆီဈေးနှုန်းမြင့်တက်မှု၊ ဈေးကွက်လက်လှမ်းမီမှု ပိုမိုဆိုးရွားလာခြင်း၊ ပိုင်ဆိုင်မှုများ လျော့နည်းသွားခြင်းနှင့် သဘာဝဘေးအန္တရာယ်များ**

| | |
|---|---|
| နိုင်ငံလူဦးရေ၏ ၂၃% သို့မဟုတ် ၁၂.၉ သန်း သည် စားနပ်ရိက္ခာမလုံလောက်မှု (အဆင့် ၃ နှင့်အထက်)ရှိပြီး ယင်းတို့အနက် ၁၉% သည် အဆင့် ၃ (အကျပ်အတည်း)နှင့် ၄% သည် အဆင့် ၄ (အရေးပေါ်အခြေအနေ)တွင် ရှိနေသည်။ | စားနပ်ရိက္ခာဈေးနှုန်းများ မြင့်မားလာခြင်းသည် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ရင်ဆိုင်ဖြေရှင်းရေး နည်းလမ်းများကို ကျင့်သုံးနေရသူများနှင့် စားသုံးမှု လျှော့ချနေရသည့် လူများအတွက် အဓိကမောင်းနှင် အားဖြစ်သည်။ စားနပ်ရိက္ခာကို အခြေခံသည့် ရင်ဆိုင်ဖြေရှင်းရေးနည်းလမ်းများကို ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် အများဆုံး တွေ့ရှိရသည်။ |
| ပဋိပက္ခဒဏ်ခံရသည့်ဒေသအားလုံးတွင် IDP များ အတွင်း စားနပ်ရိက္ခာမလုံလောက်သူ အချိုးသည် အိမ်ရှင်ရပ်ရွာလူထုအတွင်း စားနပ်ရိက္ခာမလုံလောက်သူ အချိုး၏ နှစ်ဆရှိနေသည်။ | အစားအသောက်အရည်အသွေး ပိုဆိုးလာပြီး၊ ပရိုတိန်းကြွယ်ဝသည့် အစားအစာများကို စားသုံးနိုင်မှု ပိုနည်းလာသည်။ |
| ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အခက်အခဲများသည် အမျိုးသမီးများနှင့် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုဝင်များ၏ စားနပ်ရိက္ခာမလုံလောက်မှုကို ပိုဆိုးစေသည်။ | စီးပွားရေးမောင်းနှင်အားများ (ဆင်းရဲနွမ်းပါးမှု၊ အကြွေး၊ ငွေကြေးဖောင်းပွမှု)၊ မိုခါမုန်တိုင်းနှင့် ပဋိပက္ခများသည် စားနပ်ရိက္ခာမလုံလောက်မှုနှင့် ဆက်စပ်နေကြသည်။ |
| ပဋိပက္ခဒဏ်သင့် တောင်သူလယ်သမားများအနက် ၂၄% သည် စိုက်ပျိုးရေိယာများ လျော့နည်းသွားခဲ့သည်။ | မိုခါမုန်တိုင်းဒဏ်ခံရသည့် တောင်သူလယ်သမားများအနက် ၇၁ % သည် စိုက်ပျိုးရေးထုတ်လုပ်မှုတွင် အခက်အခဲများ ရှိခဲ့ကြောင်း အစီရင်ခံထားသည်။ |

စားနပ်ရိက္ခာအကျပ်အတည်းသည် တစိတ်တပိုင်းအားဖြင့် ထုတ်လုပ်မှုလျော့နည်းလာရခြင်းကြောင့်ဖြစ်သည်။ ပဋိပက္ခဒဏ်သင့် တောင်သူလယ်သမားများအနက် ၂၄% နှင့် ပဋိပက္ခဒဏ်ခံရခြင်းမရှိသည့် တောင်သူလယ်သမား များအနက် ၁၄% တို့သည် စိုက်ပျိုးဧရိယာများ လျော့နည်းသွားခဲ့ကြောင်းနှင့် မိုခါမုန်တိုင်းဒဏ်ခံရသည့် တောင်သူလယ်သမားများအနက် ၇၁% နှင့် မုန်တိုင်းဒဏ်ခံရခြင်းမရှိသည့် တောင်သူလယ်သမားများအနက် ၅၄% တို့သည် စိုက်ပျိုးရေးထုတ်လုပ်မှုတွင် အခက်အခဲများရှိခဲ့ကြောင်း အစီရင်ခံ တင်ပြထားသည်။ ဆင်းရဲနွမ်းပါးမှု တိုးလာချိန်တွင် စားနပ်ရိက္ခာဈေးနှုန်းများမြင့်မားလာခြင်းအပါအဝင် စီးပွားရေးမောင်းနှင်အားများသည် ပြည်သူများစွာတို့ကို ရင်ဆိုင်ဖြေရှင်းရေးနည်းလမ်းတစ်ခုအနေဖြင့် စားသုံးမှု အရည်အသွေးနှင့် ပမာဏ လျှော့ချစေရန် တွန်းအားပေးနေသည့် အချက်များဖြစ်ကြသည်။ အထူးသဖြင့် ပဋိက္ခဒဏ်ကို အဆိုးရွားဆုံးရင်ဆိုင် နေရသည့် ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် အာဟာရစံနှုန်းများ ဆိုးရွားစွာ နိမ့်ကျနေသည်။ အာဟာရ ချို့တဲ့မှုဆိုင်ရာ ပုံမှန်စစ်တမ်းများကို မဆောင်ရွက်နိုင်သည့်အချိန်တွင် ရရှိနိုင်သော သက်သေအထောက်အထား များအရ စားနပ်ရိက္ခာမလုံလောက်မှုသည် ကျန်းမာရေးနှင့် ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေး ဝန်ဆောင်မှုများ မပြည့်စုံခြင်းနှင့် ပေါင်းစပ်၍ အထူးသဖြင့် အထိခိုက်လွယ်ဆုံးပြည်သူများ၏ အစားအစာစားသုံးနိုင်မှုအပေါ် ထိခိုက်နေပြီး၊ အာဟာရချို့တဲ့မှု နှုန်းကို ပိုမိုမြင့်တက်စေကြောင်း ဖော်ပြနေသည်။

## ကျန်းမာရေးစောင့်ရှောက်မှုစနစ်ပြိုလဲနေခြင်း

မရှိမဖြစ်လိုအပ်သော ကျန်းမာရေးဝန်ဆောင်မှုများကို မြို့ကြီးများတွင် တစိတ်တပိုင်းပြန်လည်စတင်နေပြီ ဖြစ်သော်လည်း၊ မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် ကျန်းမာရေးစောင့်ရှောက်မှုများ ဆက်လက်ပြတ်တောက်နေပြီး၊ အထူးသဖြင့် ဝေးလံခေါင်ပါးသော ဒေသများနှင့် ပဋိပက္ခဒဏ်ခံရသည့်ဒေသများတွင် ပုဂ္ဂလိကဆေးရုံများ၊ ဒေသခံအရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် ရပ်ရွာလူထုအခြေပြု အဖွဲ့အစည်းများ (CBOs) ကိုသာ ကြီးမားစွာ မှီခိုနေရဆဲဖြစ်သည်။

အထူးသဖြင့် ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် နေရပ်စွန့်ခွာရခြင်းမရှိသည့် နိုင်ငံမဲ့ အိမ်ထောင်စုများအနက် ၇၀%၊ IDP  များအနက် ၄၀%၊ နေရပ်ပြန်ရသူ IDP များအနက် ၃၄% နှင့် အခြား ပဋိပက္ခဒဏ်ခံရသည့် ပြည်သူများအနက် ၂၅% တို့သည် ကျန်းမာရေးစောင့်ရှောက်မှုကို လက်လှမ်းမီရရှိရန် အခက်အခဲရှိနေသည်။ ကုသမှုများအတွက် ငွေကြေးမတတ်နိုင်ခြင်းသည်လည်း လူဦးရေအုပ်စုအားလုံးက ဖော်ပြကြသည့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အဓိကအတားအဆီးတစ်ခုဖြစ်သည်။ တပ်မတော် အာဏာထိန်းသိမ်းပြီးချိန်မှစ၍ ပုဂ္ဂလိကဆေးရုံဆေးခန်းများသည် လူဦးရေအုပ်စုအားလုံးက အများဆုံးသွားရောက် သည့် ကျန်းမာရေးဌာနများဖြစ်ကြပြီး၊ ပြည်သူ့အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) သည် ကျန်းမာရေးဝန်ဆောင်မှု များအား ရရှိနိုင်မှုအခက်အခဲတွင် အဓိကအချက်တစ်ချက်ဖြစ်ခဲ့သည်။

ရုတ်တရက် ဖျားနာမှုများအတွက် ဆရာဝန်နဲ့ ပြသဆွေးနွေးခြင်း သို့မဟုတ် ဆေးဝါးရယူခြင်းတို့သည် MSNA အချက်အလက်မကောက်ယူမီ (၃) လအတွင်း အလိုအပ်ဆုံးသော ကျန်းမာရေးစောင့်ရှောက်မှုများ ဖြစ်ကြပြီး ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်နေသည့်

လူဦးရေ၏ လေးပုံသုံးပုံနီးပါးက လိုအပ်ခဲ့ကြသော စောင့်ရှောက်မှု များဖြစ်သည်။


## မသင့်တော်သော ခိုလှုံရာနေရာများ

ကာလရှည်ကြာ မလုံခြုံမှုများနှင့် အကြိမ်ကြိမ်ဖြစ်ပေါ်သော သဘာဝဘေးအန္တရာယ်များ၏ ထိခိုက်မှုများကြောင့် လုံလောက်သော ဝန်ဆောင်မှုများဖြင့် ထောက်ပံ့ပေးထားသည့် ဘေးကင်းလုံခြုံသော အရေးပေါ် ခိုလှုံရာများကို တောင်းဆိုမှု ပိုမိုများပြားလာသည်။ အကြိမ်ကြိမ်နေရပ်စွန့်ခွာရမှုများနှင့် အတင်းအကျပ်နေရပ်ပြန်ရခြင်းများသည် ကာလရှည်နေရပ်စွန့်ခွာရသူများအတွက် ယခင်ကပင် အကန့်အသတ်ရှိနေသည့် ပိုမိုတည်ငြိမ်၍ ပေါင်းစည်း ညီညွတ်သော ခိုလှုံရာများ ရရှိနိုင်ရေးကို ပိုမိုထိခိုက်စေပြီး ကောင်းမွန်စွာနေထိုင်နိုင်ရေးနှင့် အသက်မွေး ဝမ်းကျောင်းအခွင့်အလမ်းများအတွက် သွယ်ဝိုက်သော သက်ရောက်မှုများ ထင်ရှားစွာရှိနေပါသည်။

စခန်းများရှိ ပြည်သူများ၏ နေထိုင်မှုအခြေအနေမှာ ပိုမိုဆိုးရွားလာပြီး၊ အန္တရာယ်လည်း ပိုများလာသည်။ စားနပ်ရိက္ခာ၊ အမိုးအကာ၊ WASH နှင့် အသုံးအဆောင်ပစ္စည်းများ၊ ပညာရေးနှင့် ကျန်းမာရေး စသည်တို့အတွက် ရေရှည်တည်တံ့စွာ လက်လှမ်းမီရရှိမှု မရှိခြင်း၊ အခြေခံအထောက်အပံ့နှင့် ဝန်ဆောင်မှုများမရှိခြင်းတို့အပြင် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ တုံ့ပြန်လုပ်ငန်းများ မရှိခြင်းတို့ကြောင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ စိုးရိမ်မှုများ မြင့်တက်လာနေသည်။ အထူးသဖြင့် အခြေခံအခွင့်အရေးများကို ငြင်းဆိုခြင်းခံနေရသည့် တရားဝင်စခန်းများတွင် အခြေအနေများ ပိုမိုယိုယွင်းလာနေသည်။ လူနေထူထပ်ကျပ်တည်းခြင်းသည် အရင်းအမြစ်များအတွက် ယှဉ်ပြိုင်ရမှုကို ပိုမိုပြင်းထန်စေပြီး၊ ဆက်လက်၍ IDP အသိုက်အဝန်းအတွင်း ပဋိပက္ခများဖြစ်ပေါ်နိုင်သည်အထိ တင်းမာမှုများ ရှိလာနိုင်ခြင်း၊ လူမှုဆိုင်ရာပေါင်းစည်း ညီညွတ်မှုကို ထိခိုက်စေခြင်း၊ အလွဲသုံးစားပြုမှုနှင့် အကြမ်းဖက်မှုများ တိုးလာခြင်းတို့ကို ဖြစ်ပေါ်စေနိုင်သည်။ နေရပ်စွန့်ခွာစခန်းများတွင် လူနေထူထပ် ကျပ်တည်းခြင်းသည် ကျားမအခြေပြုအကြမ်းဖက်မှု အန္တရာယ်များကို စတင်ဖြစ်ပေါ်စေပြီး ပို၍လည်း ဆိုးလာစေသည်။ ရခိုင်ပြည်နယ်ရှိ ကမန်နှင့် ရိုဟင်ဂျာ IDP များသည် အခြေကျနေပြီဖြစ်သည့် ခွဲခြားဆက်ဆံရေးစနစ်ကြောင့် လွတ်လပ်စွာ ရွှေ့လျားသွားလာခွင့်ကင်းမဲ့ပြီး အသက်မွေးဝမ်းကျောင်းလုပ်ငန်းများသို့ လက်လှမ်းမီမှု မရှိသည့် ဒုက္ခသည်စခန်း များတွင် ကာလရှည်ကြာ ဆက်လက်နေထိုင်ရဆဲဖြစ်သည်။ ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာများထံသို့ ဝင်ရောက် ကူညီခွင့်ကိုလည်း ဆက်လက်ကန့်သတ်ထားပြီး၊ လက်ရှိပြဿနာများကြောင့် ရိုဟင်ဂျာများအတွက် အမိုးအကာများနှင့် အသုံးအဆောင်ပစ္စည်းလိုအပ်ချက်များ မြင့်မားနေဆဲဖြစ်သည်။

တစ်နိုင်ငံလုံးရှိ IDP အိမ်ထောင်စုများအနက် သုံးပုံတစ်ပုံခန့်သည် ကြိုတင်စီစဉ်ထားခြင်းမရှိသော အခြေချနေရာများတွင် လည်းကောင်း၊ တစ်ဝက်နီးပါးသည် ပြုပြင်ထားခြင်းမရှိသော ခိုလှုံရာနေရာများတွင် လည်းကောင်း နေထိုင်နေကြရပြီး ယင်း IDP အများစုမှာ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ပဲခူးတိုင်း ဒေသကြီးအရှေ့ပိုင်းတို့တွင် ဖြစ်ကြသည်။ နေရပ်စွန့်ခွာရခြင်းမရှိသည့် နိုင်ငံမဲ့ အိမ်ထောင်စုများအနက် သုံးပုံနှစ်ပုံခန့်နှင့် IDP အိမ်ထောင်စုများအနက် တစ်ဝက်ခန့်တို့က ခိုလှုံရာနေရာများ ပျက်စီးခြင်းနှင့် ဆက်စပ် ပြဿနာရပ်များရှိကြောင်း အစီရင်ခံထားသည်။ ထို့အတူပင် နေရပ်ပြန်ရသူ IDP များအနက် ငါးပုံနှစ်ပုံခန့်နှင့် အခြားသော ပဋိပက္ခဒဏ်ခံရသည့်ပြည်သူများအနက် လေးပုံ

**ပြုပြင်ထားခြင်းမရှိသော သောက်ရေအရင်းအမြစ်များကို အသုံးပြုကြောင်း အစီရင်ခံခဲ့သည့် အိမ်ထောင်စုများ**




ရင်းမြစ်: MSNA

တစ်ပုံခန့်တို့ကလည်း ခိုလှုံရာနေရာများ၏ အမိုးများပျက်စီးခြင်း၊ မိုးယိုခြင်း၊ အကာများမလုံခြုံခြင်းတို့ကို အများဆုံး အစီရင်ခံခဲ့ကြသည်။

နေရပ်စွန့်ခွာရခြင်းမရှိသည့် နိုင်ငံမဲ့သူများအနက် ငါးပုံတစ်ပုံနီးပါးနှင့် IDP များအနက် ဆယ်ပုံတစ်ပုံခန့်တို့သည် ခိုလှုံရာနေရာများတွင် ချက်ပြုတ်ရန်နေရာမရှိကြဘဲ အစားအစာနှင့် ရေတို့ကိုလည်း သင့်လျော်စွာ မသိမ်းဆည်းနိုင်ကြသည့်အပြင် အိပ်ပျော်ရန် ခက်ခဲသည့် အခြေအနေများကို ကြုံတွေ့နေရသည်။ ရုပ်ပိုင်းဆိုင်ရာ အခက်အခဲများကို ရင်ဆိုင်နေရသည့်အပြင်၊ နေ့စဉ်လုပ်ငန်းဆောင်တာများကို လုပ်ကိုင်နိုင်စွမ်းရှိစေမည့် သင့်တော်သော အသုံးအဆောင်ပစ္စည်းများ (NFIs) မရှိခြင်းသည် အားလုံးက အစီရင်ခံထားသည့် အဓိကအခက်အခဲတစ်ခုဖြစ်သည်။


နေရပ်စွန့်ခွာရခြင်းမရှိသည့် နိုင်ငံမဲ့သူများအနက် ၇၀%၊ IDP များအနက် ၂၇%၊ နေရပ်ပြန်ရသူ IDP များအနက် ၁၂% နှင့် အခြားသော ပဋိပက္ခဒဏ်ခံရသည့်ပြည်သူများအနက် ၁၀% တို့သည် လျှပ်စစ်ဓါတ်အား မရရှိကြပါ။ နေရပ်စွန့်ခွာရခြင်းမရှိသည့် နိုင်ငံမဲ့သူအများစု (သုံးပုံနှစ်ပုံနီးပါး) က လျှပ်စစ်ဓါတ်အား သို့မဟုတ် ဆိုလာမီးများ မရှိကြောင်း အစီရင်ခံထားပြီး၊ အခြားသော ပဋိပက္ခဒဏ်ခံရသည့်ပြည်သူများအနက် သုံးပုံတစ်ပုံ၊ IDP များနှင့် နေရပ်ပြန်ရသူ IDP များအနက် တစ်ဝက်နီးပါးတို့ကလည်း အလားတူ ပြောကြားခဲ့သည်။

## ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးမလုံလောက်ခြင်း

မြန်မာနိုင်ငံ ပြည်သူများအနက် တစ်ဝက်ကျော်သည် တပ်မတော် အာဏာမသိမ်းသိမ်းမီကာလကပင် ဘေးကင်းအောင် စီမံခန့်ခွဲထားသော သောက်သုံးရေဆိုင်ရာ ဝန်ဆောင်မှုများကို မရရှိခဲ့ကြရာ ကျေးလက်ဒေသ များတွင်မူ လူဦးရေ၏ သုံးပုံနှစ်ပုံအထိပင် မြင့်တက်နေသည်။ ဤစိန်ခေါ်မှုသည် ကာလရှည်တည်ရှိနေပြီး၊ ရွှေ့လျားသွားလာမှု ကန့်သတ်ချက်များ၊ နေရပ်စွန့်ခွာရသည့်ဒေသများတွင် မြေပိုင်ဆိုင်ခွင့်မရှိခြင်း၊ ရေရရှိရာနေရာ များကို ထိန်းသိမ်းရန်နှင့်စီမံခန့်ခွဲရန်စွမ်းဆောင်ရည် မလုံလောက်ခြင်းတို့အပြင် အပူပိုင်းဒေသတွင် ရေရှားပါးမှုတို့ အပါအဝင် မတူကွဲပြားသော အချက်များကြောင့် သက်ရောက်မှုများ ရှိနေသည်။

အိမ်ထောင်စုအားလုံးနီးပါးက သောက်ရေကို လက်လှမ်းမီရရှိကြောင်း အစီရင်ခံခဲ့သည်။ သို့ရာတွင် အထူးသဖြင့် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် လူဦးရေအုပ်စုအားလုံးက ပြုပြင်ထားခြင်းမရှိသော သောက်ရေအရင်းအမြစ်များကို မုတ်သုန်နှင့် ခြောက်သွေ့ရာသီအတွင်း အသုံးပြုနေကြရာ၊ ရောဂါဖြစ်ပွားမှုနှင့် အာဟာရချို့တဲ့

**အသက် ၆ နှစ်မှ ၁၇ နှစ်အထိ ကလေးသူငယ်များ၏ ကျောင်းအပ်နှံမှုအခြေအနေ**




ရင်းမြစ်: MSNA

မှုအန္တရာယ်များနှင့် ကြုံတွေ့နေရသည်။ အထူးသဖြင့် နေရပ်စွန့်ခွာရခြင်းမရှိသည့် နိုင်ငံမဲ့သူများနှင့် နေရပ်ပြန်ရသူ IDP များက မသန့်ရှင်းသော ရေကိုမှီခိုအားထားနေရပြီး၊ အဝီစိတွင်းများ၊ ပိုက်တွင်းများနှင့် လက်ယက်တွင်းများမှ ရေကို အဓိကအားဖြင့် ရယူကြသည်။

IDP များအနက် တစ်ဝက်ကျော်နှင့် နေရပ်စွန့်ခွာရခြင်းမရှိသည့် နိုင်ငံမဲ့သူများအနက် ငါးပုံတစ်ပုံနီးပါးသည် အိမ်သာများကို အခြားအိမ်ထောင်စုများနှင့် မျှဝေအသုံးပြုရသည့်အတွက် ဘေးကင်းလုံခြုံမှုနှင့် ပုဂ္ဂိုလ်ရေး လွတ်လပ်မှုတို့ကို လျော့နည်းစေသည်။[17] IDP များသည် အိမ်ထောင်စု (၁၂) စုလျှင် အိမ်သာတစ်လုံးကို မျှဝေအသုံးပြုနေရသည်။ ထို့အပြင် နေရပ်စွန့်ခွာရခြင်းမရှိသည့် နိုင်ငံမဲ့သူများအနက် တစ်ဝက်ခန့်သည် လည်းကောင်း၊ IDP နှင့် နေရပ်ပြန်ရသူ IDP များအနက် လေးပုံတစ်ပုံခန့်သည်လည်းကောင်း အိမ်တွင် လက်ဆေးရန်နေရာများ မရှိကြသည့်အတွက် ဖျားနာခြင်းနှင့် အာဟာရချို့တဲ့မှုအန္တရာယ်များကို ထပ်မံတိုးမြင့်စေပါသည်။

## ပညာသင်ကြားရေးကို လက်လှမ်းမမီခြင်း

လက်ရှိအကျပ်အတည်းသည် တိုက်ပွဲများအတွင်း စာသင်ကျောင်းများ ထိခိုက်ပျက်စီးခြင်း၊ စစ်တပ်၊ လက်နက်ကိုင် အဖွဲ့များ သို့မဟုတ် IDP များက စာသင်ကျောင်းများတွင် တပ်စွဲခြင်းနှင့် အသုံးပြုခြင်း၊ ရွှေ့လျားသွားလာမှုကို ကန့်သတ်ထားခြင်းစသည်တို့အပါအဝင် နည်းလမ်းများစွာဖြင့် ပညာရေးကို ဆိုးရွားစွာ ထိခိုက်စေသည်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စာသင်ကျောင်းများ ပိတ်ထားရခြင်းကြောင့်လည်း ပညာရေးကို ထိခိုက်နေဆဲဖြစ်ပြီး၊ ကလေးသူငယ် (၁၃) သန်းခန့်သည် ၂၀၂၀ ခုနှစ် မတ်လမှ ၂၀၂၂ ခုနှစ် ဇွန်လအတွင်း စနစ်ကျသော ပညာသင်ကြားရေးကို မရရှိခဲ့ကြပါ။ တပ်မတော်အာဏာထိန်းသိမ်းပြီးချိန်မှစ၍ ဆရာ/ဆရာမများစွာ CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့ကြရာ၊ ပညာရေးကို နိုင်ငံရေးနှင့်ယှက်နွယ်လာခြင်းကြောင့် ယခင်ကပင် အရည်အချင်းပြည့်ဝသော ဆရာ/ဆရာမ အင်အား နည်းပါးနေသည့်အခြေအနေတွင် ပညာသင်ကြားရေးကို လက်လှမ်းမီမှု ပိုမို အားနည်းလာခဲ့သည်။ မိမိတို့၏ ကလေးများကို အစိုးရကျောင်းများသို့ မပို့ရခြင်း၏ အဓိကအကြောင်းရင်းများကို မိဘအုပ်ထိန်းသူများအား မေးမြန်းရာတွင် ကလေးများ၏ ဘေးကင်းလုံခြုံရေးကို ကြောက်ရွံ့ကြောင်းနှင့် စစ်တပ်၏ အပြုအမူများ/နစက မှပေးသော ဝန်ဆောင်မှုများအပေါ် စိုးရိမ်မှုများကြောင့် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အသက် ၆ နှစ်မှ ၁၇ နှစ်အကြားရှိ နေရပ်ပြန်ရသူ IDP များနှင့် အကျပ်အတည်းဒဏ်သင့် ကလေးသူငယ်များအား အစိုးရကျောင်းများသို့ ကျောင်းအပ်နှံသည့်နှုန်းမှာ အသက် ၆ နှစ်မှ ၁၄ နှစ်အကြားရှိ ကလေးသူငယ်များအတွက် အတော်အသင့်တည်ငြိမ်နေဆဲဖြစ်သော်လည်း၊ အသက် ၁၅ နှစ်မှစ၍ ယောကျ်ားလေးနှင့် မိန်းကလေး နှစ်မျိုးလုံးအတွက် သိသိသာသာ လျော့နည်းသွားသည်။ IDP များတွင် အသက် ၆ နှစ်မှ ၁၇ နှစ်အကြား ယောကျ်ားလေးများ၏ ကျောင်းအပ်နှံမှုနှုန်းမှာ တည်ငြိမ်နေပြီး၊ မိန်းကလေးများအတွက်မူ အသက် ၁၅ နှစ်အရွယ်တွင် ကျောင်းအပ်နှံမှုလျော့ကျသွားသည်။ နေရပ်စွန့်ခွာရခြင်းမရှိသည့် နိုင်ငံမဲ့ မိန်းကလေးများ၏ ကျောင်းအပ်နှံနှုန်းမှာ အသက် ၁၂ နှစ်မှစ၍ သိသိသာသာ ကျဆင်းသွားပြီး၊ ယောကျ်ားလေးများ၏ကျောင်းအပ်နှံမှုနှုန်းမှာမူ အသက် ၁၅ နှစ်တွင် လျော့ကျသွားရာ အချိုး မညီသော ကျဆင်းမှုကို တွေ့ရှိရသည်။


အစိုးရကျောင်းများတွင် ကျောင်းအပ်နှံမှုမှာ အထူးသဖြင့် အနောက်မြောက်ပိုင်းနှင့်အရှေ့တောင်ပိုင်းဒေသတို့တွင် လျော့နည်းသည်။ အစိုးရပညာသင်ကြားရေးတွင် ကျောင်းအပ်နှံခြင်းမရှိသည့် ကျောင်းနေအရွယ်ကလေးသူငယ်အများစုသည် ရပ်ရွာ၊ တိုင်းရင်းသားနှင့် ဘာသာရေး အခြေခံသည့် ကျောင်းများမှတဆင့် ပြင်ပအစားထိုး ပညာသင်ကြားရေးတွင် တက်ရောက်နေကြသည်။

ကလေးသူငယ်များအနေဖြင့် အစိုးရပညာသင်ကြားရေးတွင် မပါဝင်ခြင်းမှာ အဓိကအားဖြင့် ကျောင်းများ ပိတ်ထားခြင်းကြောင့်ဖြစ်ပြီး၊ နေရပ်စွန့်ခွာရခြင်းမရှိသည့် နိုင်ငံမဲ့သူများမှာ သဘာဝဘေးအန္တရာယ်များကြောင့် စာသင်ကျောင်းများသို့ မသွားနိုင်ခြင်းဖြစ်သည်။ အခြားလူဦးရေအုပ်စုများအတွက်မူ တိုက်ပွဲများဖြစ်ပွားနေသည့် အတွက် ကျောင်းသို့ မသွားနိုင်ခြင်းကြောင့်ဖြစ်သည်။

## ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အကျပ်အတည်း

ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အဓိကစိုးရိမ်မှုများသည် ကာလရှည် ပဋိပက္ခများ၊ လူ့အခွင့်အရေးချိုးဖောက် မှုများ၊ ဒေသအလိုက် ရပ်ရွာအသိုက်အဝန်းအတွင်း တင်းမာမှုများ၊ ကျယ်ပြန့်စွာဖြစ်ပေါ်နေသော ကြောက်လန့်မှု နှင့် စနစ်တကျခွဲခြားဆက်ဆံမှုများစသည့် လက်ရှိလူသားချင်းစာနာမှုအကျပ်အတည်း၏ အဓိကမောင်းနှင်အား များဖြစ်ကြသည်။ ယင်းတို့တွင် သတ်ဖြတ်ခံရခြင်းနှင့် ခန္ဓာကိုယ်အစိတ်အပိုင်း ဆုံးရှုံးခြင်း၊ ခြိမ်းခြောက် ငွေညှစ်ခံရခြင်း၊ ဥပဒေမဲ့ဖမ်းဆီးထိန်းသိမ်းခံရခြင်း၊ (ကလေးသူငယ်များအပါအဝင်) အဓမ္မခိုင်းစေခံရခြင်းနှင့် တပ်သားသစ်စုဆောင်းခံရခြင်း၊ ပိုင်ဆိုင်မှုများကို ဖျက်ဆီးခြင်း၊ လုယက်

## ရေရှည်အကျိုးမရှိသောဖြေရှင်းနည်းများ ကို အသုံးပြုနေသည့် အိမ်ထောင်စုများ၏ ရာခိုင်နှုန်း



ရင်းမြစ်: MSNA

ခြင်း၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ဆုံးရှုံးခြင်း၊ ပဋိပက္ခနှင့်ဆက်စပ်ဖြစ်ပေါ်သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု (CRSV) အပါအဝင် ကျားမအခြေပြုအကြမ်းဖက်ခြင်းအတွက် ထိခိုက်လွယ်မှု တိုးလာခြင်း၊ ကလေးသူငယ်များအတွက် အန္တရာယ်ဖြစ်နိုင်ခြေပိုများလာခြင်း၊ ပေါက်ကွဲစေတတ်သောလက်နက်ပစ္စည်းများနှင့်ဆက်စပ်သည့် အန္တရာယ်များစသည်တို့ ပါဝင်ကြသည်။

အထူးသဖြင့် အနောက်မြောက်ပိုင်းနှင့် အရှေ့တောင်ပိုင်းဒေသတို့တွင် နေရပ်ပြန်ရသူ IDP အိမ်ထောင်စုများ အနက် သုံးပုံတစ်ပုံကျော်နှင့် IDP အိမ်ထောင်စုများအနက် လေးပုံတစ်ပုံနီးပါးတို့သည် သွားလာရွှေ့လျားမှု ကန့်သတ်ချက်များကြောင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ စိုးရိမ်မှုများကို ရင်ဆိုင်နေရကြောင်း အစီရင်ခံထားပြီး၊ အဓိကအားဖြင့် စစ်ဆေးရေးဂိတ်များရှိခြင်းနှင့် တိုက်ပွဲများနှင့် နီးကပ်ခြင်းတို့ကြောင့်ဖြစ်သည်။ ဤအချက်များ သည် ပြည်သူများက ဝန်ဆောင်မှုများနှင့် အကူအညီများအား လက်လှမ်းမီရယူနိုင်မှုကို သိသာစွာလျော့နည်းစေ သည်။ ထို့အပြင် နေရပ်ပြန်ရသူ IDP အိမ်ထောင်စုများအနက် တစ်ဝက်ခန့်နှင့် IDP အိမ်ထောင်စုများအနက် လေးပုံတစ်ပုံတို့သည် MSNA အချက်အလက်မကောက်ယူမီ (၁၂) လအတွင်း ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းများ (EO) ကြောင့် ထိခိုက်မှုများရှိခဲ့ကြောင်း အစီရင်ခံခဲ့သည်။ ထိခိုက်မှုရှိခဲ့သည့် နေရပ်ပြန်ရသူ IDP အိမ်ထောင်စုများအနက် သုံးပုံတစ်ပုံခန့်က ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းများကို ကြောက်လန့်နေရကြောင်းနှင့် ပေါက်ကွဲစေတတ်တဲ့ လက်နက်ပစ္စည်းများကြောင့် လွတ်လပ်စွာ ရွှေ့လျားသွားလာမှုကို ထိခိုက်စေခဲ့ကြောင်း ပြောကြားခဲ့သည်။ နေရပ်ပြန်ရသူ IDP အိမ်ထောင်စုများအနက် လေးပုံတစ်ပုံနှင့် IDP အိမ်ထောင်စုများအနက် ငါးပုံတစ်ပုံတို့က ပေါက်ကွဲစေတတ်သောပစ္စည်းများသည် အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများကို ထိခိုက်စေခဲ့ကြောင်း အစီရင်ခံထားသည်။

တရားဝင်စာရွက်စာတမ်းများမရှိခြင်းသည် ဘေးဒဏ်သင့်ပြည်သူများစွာတို့၏ ဘေးကင်းလုံခြုံရေးနှင့် ဝန်ဆောင်မှု ရယူရေးတို့ကို ဆက်လက်ထိခိုက်နေဆဲဖြစ်သည်။ နေရပ်စွန့်ခွာရခြင်းမရှိသည့် နိုင်ငံမဲ့အိမ်ထောင်စုများ၏ လေးပုံသုံးပုံနှင့် အခြားလူဦးရေအုပ်စုများ၏ ၁၀% မှ ၂၀% တို့က အိမ်ထောင်စုအတွင်းရှိ အနည်းဆုံးလူတစ်ဦးတွင် အကျုံးဝင်သော သက်သေခံစာရွက်စာတမ်းများ မရှိကြောင်း အစီရင်ခံထားသည်။ နေရပ်စွန့်ခွာရခြင်းမရှိသည့် နိုင်ငံမဲ့အိမ်ထောင်စုများအနက် ၆၆% ကျော်တွင်လည်းကောင်း၊ IDP အိမ်ထောင်စုများအနက် ၃၈% တွင်လည်းကောင်း၊ နေရပ်ပြန်ရသူ IDP အိမ်ထောင်စုများအနက် ၂၇% တွင်လည်းကောင်း၊ အခြားသော အကျပ်အတည်းဒဏ်သင့်အိမ်ထောင်စုများအနက် ၄၀% တွင်လည်းကောင်း မွေးစာရင်းမရှိသော အိမ်ထောင်စုဝင်များ ရှိနေကြသည်။ စာရွက်စာတမ်းများ ဆုံးရှုံးခြင်း၊ ပျက်စီးခြင်းနှင့် ယင်းစာရွက်စာတမ်းများကို လျှောက်ထားရယူရမည့် နည်းလမ်းများအား မသိရှိခြင်းတို့သည် နေရပ်စွန့်ခွာရခြင်းမရှိသည့် နိုင်ငံမဲ့သူများမှအပ ကျန်လူဦးရေအုပ်စုအားလုံးက အများဆုံးပြောကြားခဲ့သည့် အကြောင်းရင်းများဖြစ်ကြသည်။ နေရပ်စွန့်ခွာရခြင်း မရှိသည့် နိုင်ငံမဲ့သူများအတွက်မူ စာရွက်စာတမ်းလျှောက်ထားမှုများအား ငြင်းပယ်ခံရခြင်းမှာ အဓိကအခက်အခဲဖြစ်နေသည်။

တစ်နိုင်ငံလုံးရှိလူဦးရေအုပ်စုအားလုံးအနက် တစ်ဝက်မှ လေးပုံသုံးပုံအထိက ၎င်းတို့၏ အခက်အခဲများကို ဖြေရှင်းရန်အတွက် စုဆောင်းငွေများကို ထုတ်သုံးရခြင်း၊ ငွေကြေး သို့မဟုတ် စားနပ်ရိက္ခာ ချေးယူခြင်း၊ စားလောက်ရုံဝင်ငွေရရှိရန် အကြွေးယူ၍ လုပ်ကိုင်ရခြင်းစသည်တို့ကို မဖြစ်မနေပြုလုပ်နေရကာ ရင်ဆိုင်ဖြေရှင်းရေးနည်းလမ်းဆိုးများကို အသုံးပြုရကြောင်းအစီရင်ခံထားသည်။ အိမ်ထောင်စုများအနက် ငါးပုံတစ်ပုံခန့်က ကျေးရွာများတွင် အသက် (၁၂) နှစ်မှ (၁၇) နှစ်အတွင်းရှိ ကလေးသူငယ်များသည် မိသားစုဝင်ငွေကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် အလုပ်လုပ်ရသည်မှာ ပုံမှန်ဖြစ်နေကြောင်း ပြောကြားခဲ့သည်။ တစ်နိုင်ငံလုံးတွင် ကလေးသူငယ်လက်ထပ်ထိမ်းမြားမှုသည်လည်း များပြားနေဆဲဖြစ်ပြီး၊ အိမ်ထောင်စုများအနက် သုံးပုံတစ်ပုံခန့်က ရပ်ရွာများအတွင်းတွင် မိန်းကလေးများ သို့မဟုတ် ယောကျာ်းလေးများသည် အသက် (၁၈) နှစ်မပြည့်မီ လက်ထပ်ကြသည်ကို သတိပြုမိကြောင်း အစီရင်ခံခဲ့သည်။

# ၁.၃။ အကူအညီလိုအပ်နေသည့် လူဦးရေ


မြန်မာနိုင်ငံတွင် ၂၀၂၄ ခုနှစ်အတွင်း လူဦးရေ (၁၈.၆) သန်းသည် လူသားချင်းစာနာမှုအကူအညီများကို လိုအပ်မည်ဟု ခန့်မှန်းထားရာ ၂၀၂၃ ခုနှစ်တွင် (၁၇.၆) သန်းရှိခဲ့ရာမှ ပိုများလာခြင်းဖြစ်သည်။ ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေပြီး အကျိုးဆက်အဖြစ် နေရပ်စွန့်ခွာရမှုများ တဟုန်ထိုးမြင့်တက်လာခြင်း တို့ကြောင့် လူသားချင်းစာနာမှုအခြေအနေသည် ပိုမိုယိုယွင်းလာနေသည်။ ၂၀၂၄ ခုနှစ်အတွက် စီမံချက်ရေးဆွဲရန် IDP ကိန်းဂဏန်းတွက်ချက်ရာတွင် ၂၀၂၃ ခုနှစ်ကဲ့သို့ပင် ကြိုတင်ခန့်မှန်းသည့် ပုံစံတစ်ခုကို အသုံးပြု ထားပါသည်။ မြန်မာနိုင်ငံတွင် နေရပ်စွန့်ခွာရသူအရေအတွက်သည် ၂၀၂၄ ခုနှစ်အတွင်း (၃.၆) သန်းအထိ မြင့်တက်လာနိုင်ကြောင်းနှင့် နှစ်မကုန်မီအတွင်း နေရပ်ပြန်ရသူ IDP အရေအတွက်သည် (၆၀၀၀၀၀) နီးပါး ရှိနိုင်ကြောင်း ခန့်မှန်းတွက်ချက်ထားသည်။ မိမိဆန္ဒအလျောက်ဖြစ်စေ၊ အတင်းအကျပ်ဖြစ်စေ နေရပ်ပြန်ရသူများ၊ အခြေချနေထိုင်သူများနှင့်  အိမ်ရှင်ရပ်ရွာလူထုအတွင်းသို့ ပေါင်းစည်းဝင်ဆံ့သွားသူများသည်လည်း အန္တရာယ်ရှိ နေဆဲဖြစ်ပြီး၊ အများစုမှာ ၂၀၂၄ ခုနှစ်အတွင်းတွင်လည်း လူသားချင်းစာနာမှုအကူအညီများကို ဆက်လက်လိုအပ် နေမည်ဖြစ်သည်။ ပဋိပက္ခနှင့် အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားနေပြီး၊ လူသားချင်းစာနာမှုဆိုင်ရာ ဝင်ရောက်ကူညီခွင့်များကို ငြင်းပယ်ခံရခြင်းကြောင့် ပိုဆိုးလာသည့် အခြေအနေသည် ကပ်ရောဂါဘေး၊ လက်ရှိ နိုင်ငံရေးမတည်ငြိမ်မှု၊ စီးပွားရေးသိသာစွာကျဆင်းမှုနှင့် ၂၀၂၃ ခုနှစ် မေလအတွင်းတိုက်ခတ်ခဲ့ပြီး လူဦးရေ သုံးသန်းခန့်ကို ထိခိုက်စေခဲ့သည့် မိုခါမုန်တိုင်းကြောင့် အကြီးအကျယ်ပျက်စီးထိခိုက်မှုများကို ပြန်လည်ထူထောင်နေရဆဲဖြစ်သည့် မြန်မာနိုင်ငံ၏ ရင်ဆိုင်ဖြေရှင်းရေးစွမ်းရည်များကို လျင်မြန်စွာ ကုန်ခမ်းစေပါသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် အရေးပေါ်အခြေအနေကြေငြာခဲ့ချိန်မှစ၍ ရန်ပုံငွေထောက်ပံ့မှု အလွန်နည်းပါးခြင်း၊ ဖွံ့ဖြိုးရေးပါဝင်ဆောင်ရွက်သူများက သဘာဝဘေးအန္တရာယ်လျော့ချရေး (DRR) လုပ်ငန်းများနှင့် ရပ်ရွာလူထု၏ ကြံ့ကြံ့ခံနိုင်စွမ်းတည်ဆောက်ရေးလုပ်ငန်းများကို လုံလောက်စွာ အကောင်အထည်ဖော်နိုင်စွမ်းမရှိခြင်းတို့ပေါင်းစပ်၍ လူသားချင်းစာနာမှုနှင့် ဖွံ့ဖြိုးရေးလိုအပ်ချက် များကို နှစ်ပေါင်းများစွာ ဆက်တိုက်မဖြည့်ဆည်းပေးနိုင်ခြင်းကြောင့် ယင်းအကူအညီများအပေါ် မှီခိုနေရသူများကို ပိုမိုထိခိုက်လာစေသည်။

**လူဦးရေအုပ်စုနှင့် ပြင်းထန်မှုအဆင့်အလိုက် အကူအညီလိုအပ်နေသည့် လူဦးရေ**

| အကူအညီ လိုအပ်နေသည့် လူဦးရေ | စုစုပေါင်း လူဦးရေ | ပြင်းထန်မှုအဆင့် | | | | | ဆက်စပ် အချက်များ | အထိခိုက်ဆုံး ဒေသများ |
|---|---|---|---|---|---|---|---|---|
| | | အနိမ့်ဆုံး | ဖိစီးမှုရှိ | ပြင်းထန် | အလွန်ပြင်းထန် | ကပ် အသွင် | | |
| IDP များ | ၃ သန်း (နှစ်ကုန် အထိ ခန့်မှန်း ချက်) | - | - | ၂.၄ သန်း | ၂၂၀၀၀ | ၅၉၆၀၀၀ | လက်နက်ကိုင် ပဋိပက္ခ၊ ရပ်ရွာများအကြား အကြမ်းဖက်မှု၊ ပေါက်ကွဲစေတတ်သော ပစ္စည်းများနှင့် သဘာဝဘေး | ပဲခူးအရှေ့၊ ချင်း၊ ကချင်၊ ကယား၊ ကရင်၊ မကွေး၊ မွန်၊ ရခိုင်၊ စစ်ကိုင်း၊ ရှမ်းမြောက်၊ ရှမ်းတောင်၊ တနင်္သာရီ |
| နေရပ်ပြန်ရသူများ၊ အခြေကျသွား သူများနှင့် ဒေသတွင်း ပေါင်းစည်း ဝင်ဆံ့သွားသည့် IDP များ | ၅၇၁၀၀၀ (နှစ်ကုန် အထိ ခန့်မှန်း ချက်) | - | - | ၄၃၇၀၀၀ | ၇၀၀၀ | ၁၂၇၀၀၀ | လက်နက်ကိုင် ပဋိပက္ခ၊ ပေါက်ကွဲစေတတ်သော ပစ္စည်းများနှင့် သဘာဝဘေး | ပဲခူးအရှေ့၊ ကချင်၊ ကယား၊ ကရင်၊ မွန်၊ ရခိုင်၊ ရှမ်းမြောက်၊ ရှမ်းတောင် |
| နေရပ်စွန့်ခွာရခြင်းမရှိသည့် နိုင်ငံမဲ့သူများ | ၅၁၀၀၀၀ | - | - | ၂၅၅၀၀၀ | - | ၂၅၅၀၀၀ | ရပ်ရွာများအကြား အကြမ်းဖက်မှု၊ လက်နက်ကိုင် ပဋိပက္ခ၊ EO, သဘာဝဘေး | ရခိုင် |
| လူသားချင်းစာနာမှု အကူအညီလိုအပ်နေသည့် အခြားပဋိပက္ခဒဏ်သင့် ပြည်သူများ | ၁၄.၅ သန်း | - | ၂.၁ သန်း | ၁၀.၈ သန်း | ၆၇၁၀၀၀ | ၉၄၅၀၀၀ | လက်နက်ကိုင် ပဋိပက္ခ၊ ရပ်ရွာများ အကြားအကြမ်းဖက်မှု၊ EO, သဘာဝဘေး | တစ်နိုင်ငံလုံး |

## နှစ်အလိုက် အကူအညီလိုအပ်နေသည့် လူဦးရေ

(၂၀၁၉ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ)




### အကူအညီလိုအပ်နေသည့် လူဦးရေ အသေးစိတ်

| ပြည်နယ်/ တိုင်းဒေသကြီး | ၂၀၂၄ ခုနှစ် အကူအညီ လိုအပ်နေသည့် လူဦးရေ | ၂၀၂၃ ခုနှစ်နှင့် နှိုင်းယှဉ်ချက် | ကျား/မအလိုက် အမျိုးသမီးနှင့် မိန်းကလေး% | အသက်အရွယ်အလိုက် ကလေး သူငယ် \| အရွယ်ရောက် ပြီးသူ \| သက်ကြီးရွယ်အို | မသန်စွမ်းမှု အလိုက် |
|---|---|---|---|---|---|
| ဧရာဝတီ | ၁.၅ သန်း | ၈ % (+) | ၅၂ % | ၃၂% \| ၅၅% \| ၁၃% | ၁၇% |
| ပဲခူးအရှေ့ | ၁.၁ သန်း | ၂၇ % (+) | ၅၃ % | ၃၄% \| ၅၅% \| ၁၁% | ၁၃% |
| ပဲခူးအနောက် | ၆၉၁၀၀၀ | ၂၂ % (+) | ၅၃ % | ၂၆% \| ၅၉% \| ၁၅% | ၁၃% |
| ချင်း | ၂၆၄၀၀၀ | ၂၄ % (-) | ၅၃ % | ၄၆% \| ၄၅% \| ၉% | ၂၁% |
| ကချင် | ၈၆၀၀၀၀ | ၂၈% (+) | ၄၈ % | ၃၃% \| ၅၉% \| ၈% | ၉% |
| ကယား | ၃၂၂၀၀၀ | ၂၂ % (+) | ၅၁ % | ၃၉% \| ၅၃% \| ၈% | ၁၁% |
| ကရင် | ၈၅၁၀၀၀ | ၃၃% (+) | ၅၁ % | ၃၈% \| ၅၂% \| ၁၀% | ၁၇% |
| မကွေး | ၁.၉ သန်း | ၃၀ % (+) | ၅၅ % | ၂၉% \| ၅၇% \| ၁၄% | ၁၇% |
| မန္တလေး | ၁.၂ သန်း | ၁၀ % (-) | ၅၃ % | ၂၈% \| ၆၀% \| ၁၂% | ၁၀% |
| မွန် | ၅၄၉ သန်း | ၄ % (-) | ၅၃ % | ၃၃% \| ၅၄% \| ၁၃% | ၁၅% |
| နေပြည်တော် | ၃၀၆၀၀၀ | ၉ % (+) | ၅၂ % | ၃၁% \| ၅၉% \| ၁၀% | ၁၁% |
| ရခိုင် | ၁.၇ သန်း | ၁ % (+) | ၅၂ % | ၃၄% \| ၅၅% \| ၁၁% | ၁၇% |
| စစ်ကိုင်း | ၂.၉ သန်း | ၁၂ % (+) | ၅၄ % | ၃၁% \| ၅၇% \| ၁၂% | ၁၀% |
| ရှမ်းအရှေ့ | ၃၆၀၀၀၀ | ၄၀ % (+) | ၄၈ % | ၃၅% \| ၅၆% \| ၉% | ၉% |
| ရှမ်းမြောက် | ၉၄၇၀၀၀ | ၁၈ % (+) | ၅၀ % | ၃၇% \| ၅၄% \| ၉% | ၉% |
| ရှမ်းတောင် | ၆၈၁၀၀၀ | ၁၉ % (-) | ၅၁ % | ၃၅% \| ၅၆% \| ၉% | ၉% |
| တနင်္သာရီ | ၅၆၀၀၀၀ | ၂၇% (+) | ၅၁ % | ၃၆% \| ၅၃% \| ၁၁% | ၁၂% |
| ရန်ကုန် | ၂ သန်း | ၂၆ % (-) | ၅၃ % | ၂၆% \| ၆၃% \| ၁၁% | ၁၂% |

အကူအညီလိုအပ်နေသော လူဦးရေအတိအကျအား အောက်ပါလင့်သို့သွားရောက်ကြည့်ရှုနိုင်ပါသည်။

bit.ly/MMR2024HNRPPiN

# အပိုင်း ၂
# လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးလုပ်ငန်းစီမံချက်

**မကွေး**
၂၀၂၃ ခုနှစ်အတွင်း မကွေးရှိ ရေလွှမ်းမိုးမှုခံရသော အိမ်များ။
ဓာတ်ပုံ - မိတ်ဖက်အဖွဲ့အစည်း



# ၂.၁။ မဟာဗျူဟာရည်ရွယ်ချက်များ

## မဟာဗျူဟာရည်ရွယ်ချက် (၁)

လူ့အခွင့်အရေး၊ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာမှုဥပဒေနှင့် လူသားချင်းစာနာမှုဆိုင်ရာ အခြေခံစည်းမျဉ်းများကို လေးစားမှုရှိစေရန် ပိုမိုမြှင့်တင်ဆောင်ရွက်ခြင်းအပါအဝင် လူသားချင်းစာနာမှုတုံ့ပြန်ရေးလုပ်ငန်းအားလုံးတွင် ကာကွယ်စောင့်ရှောက်ရေးကို စွဲမြဲစွာ ဗဟိုပြုလျက် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေများနှင့် လိုအပ်ချက်များကို သတ်မှတ်ဖော်ထုတ်ခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့်လျှော့ချခြင်းအားဖြင့် လူဦးရေ (၃) သန်းကို ကာကွယ်စောင့်ရှောက်မှုပေးရန်။

**လူဦးရေ (၃) သန်းကို ကူညီရန်လျာထားသည်။**

၁.၆ သန်း | ၃၂၉၀၀၀ | ၃၉၂၀၀၀

## မဟာဗျူဟာရည်ရွယ်ချက် (၂)

စားနပ်ရိက္ခာမဖူလုံမှု၊ အာဟာရချို့တဲ့မှုနှင့် ကျန်းမာရေးဆိုင်ရာ ခြိမ်းခြောက်မှုများကို ရင်ဆိုင်နေရသည့် သို့မဟုတ် ရင်ဆိုင်ရမည့်အန္တရာယ်ရှိနေသည့် နေရပ်စွန့်ခွာရသူများ၊ နေရပ်ပြန်ရသူများ၊ နိုင်ငံမဲ့သူများနှင့် အခြားသော အကျပ်အတည်းဒဏ်သင့်ပြည်သူ (၃.၇) သန်းတို့၏ ထိခိုက်ခံစားရမှု၊ ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုတို့ကို ကာကွယ်တားဆီးပေးရန် သို့မဟုတ် လျှော့ချပေးရန်။

**လူဦးရေ (၃.၇) သန်းကို ကူညီရန်လျာထားသည်။**

၁.၉ သန်း | ၄၁၈၀၀၀ | ၃၂၂၀၀၀


## မဟာဗျူဟာရည်ရွယ်ချက် (၃)

နေရပ်ပြန်ရသူများ၊ နိုင်ငံမဲ့သူများနှင့် အကျပ်အတည်းဒဏ်သင့်ပြည်သူ အနည်းဆုံး (၂.၅) သန်းတို့၏ ရှင်သန်ရပ်တည်နိုင်ရေးနှင့် ၎င်းတို့၏ လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များ ပိုမိုဆိုးရွားမလာစေရေးအတွက်  ကူညီပေးရန်နှင့် အသေးစိတ်ပြင်ဆင်ထားသည့် မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများနှင့် အကူအညီများကို ဘေးကင်းလုံခြုံစွာ၊ဂုဏ်သိက္ခာရှိစွာဖြင့်အချိန်နှင့်တပြေးညီလက်လှမ်းမီရရှိနိုင်စေရန်။


**လူဦးရေ (၂.၅) သန်းကို ကူညီရန်လျာထားသည်။**

၁.၃ သန်း | ၂၇၃၀၀၀ | ၃၂၂၀၀၀


**မဟာဗျူဟာရည်ရွယ်ချက် (၁) အရ ကူညီပေးရန် လျာထားသည့် လူဦးရေ**




**မဟာဗျူဟာရည်ရွယ်ချက် (၂) အရ ကူညီပေးရန် လျာထားသည့် လူဦးရေ**




**မဟာဗျူဟာရည်ရွယ်ချက် (၃) အရ ကူညီပေးရန် လျာထားသည့် လူဦးရေ**



# ၂.၂။ လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးလုပ်ငန်းမဟာဗျူဟာ

**လူဦးရေ (၅.၃) သန်း**ကို ကူညီပေးရန်အတွက် ရန်ပုံငွေ အမေရိကန်ဒေါ်လာ**(၉၉၄) သန်း** လိုအပ်သည်။

ဤ HNRP ၏ မဟာဗျူဟာရည်ရွယ်ချက် (၃) ခုတို့သည် မကြာမီပြီးစီးတော့မည့် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံအတွက် ကြားကာလပူးပေါင်းဆောင်ရွက်ရေးမူဘောင် (UNTCF) မှ မဟာဗျူဟာဦးစားပေးအချက် (၁)-(SP1 - အသက်ကယ်ဆယ်ရန်နှင့် အသက်အန္တရာယ်ကာကွယ်ပေးရန်) တွင် စွဲမြဲပါဝင်သည်။ UNTCF သည် ပြည်သူများ၏ လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များ ပိုဆိုးမလာစေရေးအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်သူများက အားဖြည့်အကောင်အထည်ဖော်နေသည့် ရပ်ရွာလူထုကြံ့ကြံ့ခံနိုင်ရေးနှင့် အခြေခံဝန်ဆောင်မှုများကို လူသားချင်းစာနာမှုလုပ်ငန်းများနှင့် တွဲဖက်ဆောင်ရွက်ရန် ရည်ရွယ်ထားသည်။

UNTCF ၏ မဟာဗျူဟာဦးစားပေးအချက် (၁) ကို အခြားသော ဦးစားပေးအချက် (၃) ခုဖြင့် အားဖြည့်ပေးထားသည်။ ယင်းတို့သည် မရှိမဖြစ်လိုအပ်သော လူမှုဆိုင်ရာဝန်ဆောင်မှုများကို ရေရှည်တည်တံ့စေရန်နှင့် စနစ်များ၏ ကြံ့ကြံ့ခံနိုင်မှုတိုးတက်စေရန်လည်းကောင်း (SP2)၊ ပြည်သူများကို လုပ်ပိုင်ခွင့်ပေးရန်နှင့် ရပ်ရွာလူထု၏ ကြံ့ကြံ့ခံနိုင်မှု ခိုင်မာအားကောင်းစေရန်လည်းကောင်း (SP3)၊ ငြိမ်းချမ်းရေးအတွက် မောင်းနှင်အားများကို ခိုင်မာအားကောင်းစေရန်လည်းကောင်း (SP4) ဦးတည်ထားသည်။ အသေးစိတ်အချက်များကို နောက်ဆက်တွဲ (၄-၄) တွင် ကြည့်နိုင်ပါသည်။

ဤ ၂၀၂၄ ခုနှစ် HNRP တွင် ပါရှိသည့် လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးလုပ်ငန်းသည် တစ်နိုင်ငံလုံးကို ဆက်လက်လွှမ်းခြုံဆောင်ရွက်မည်ဖြစ်ပြီး၊ တစ်ဖြည်းဖြည်းတိုးတက်လာသော မိတ်ဖက်အသစ်များနှင့် ဝင်ရောက်ကူညီခွင့်လမ်းကြောင်းများနှင့်အညီ သင့်တင့်စွာတိုးမြှင့်ထားသော လျာထားချက်တစ်ခုကို (ယခင်နှစ်အလားတူအချိန်ကထက် လျာထားလူဦးရေ ၈၀၀,၀၀၀ ကျော်တိုးလာသည်) လျာထားဆောင်ရွက်ပါမည်။ လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးလုပ်ငန်းသည် စီစဉ်ထားသော ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ အရှိန်မြှင့်တင်ဆောင်ရွက်နိုင်မှု၊ လူသားချင်းစာနာမှုဆိုင်ရာ ဝင်ရောက်ကူညီခွင့်၊ စွမ်းဆောင်ရည်နှင့် ရန်ပုံငွေရရှိမှုတို့နှင့် မျှော်မှန်းချိန်ညှိ၍ ဦးစားပေးလုပ်ငန်းများကို လက်တွေ့ကျစွာ သတ်မှတ်ထားပါသည်။ ဤသို့ဦးစားပေးလုပ်ငန်းသတ်မှတ်ဆောင်ရွက်ခြင်းသည် ကဏ္ဍစုံပူးပေါင်းဆန်းစစ်ရေးမူဘောင် (JIAF) ၏ တွေ့ရှိချက်များနှင့် ကမ္ဘာလုံးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ သက်သေအထောက်အထားအခြေခံသော တွက်ချက်မှုနည်းလမ်းများကို အသုံးပြု၍ ခန့်မှန်းထားသော ဝင်ရောက်ကူညီခွင့်၊ စွမ်းဆောင်ရည်နှင့် ရန်ပုံငွေထောက်ပံ့မှုတို့ကို ချိန်ဆလျက် ရနိုင်သမျှသော လူသားချင်းစာနာမှုအကူအညီများကို အရေးတကြီးလိုအပ်နေသူများသို့ လျာထားပေးအပ်နိုင်ရန် ရည်ရွယ်သည်။

ဦးစားပေးလုပ်ငန်းသတ်မှတ်ရာတွင် အဓိကမောင်းနှင်အားအဖြစ် လိုအပ်ချက်များ၏ ပြင်းထန်မှုနှင့်အတူ ထိခိုက်လွယ်မှုကို အသုံးပြုထားပါသည်။ ၂၀၂၄ ခုနှစ် HNRP သည် နေရပ်ပြန်ရသူများ၊ အခြေကျသွားသူများနှင့် ဒေသတွင်းပေါင်းစည်းဝင်ဆံ့သွားသူများအပါအဝင် နေရပ်စွန့်ခွာရသူများကိုလည်းကောင်း၊ အကြီးမားဆုံးလိုအပ်ချက်များရှိနေသည့် ဝေးလံခေါင်ပါးသော ပဋိပက္ခဒေသများနှင့် နေရာများကိုလည်းကောင်း ပိုမိုဦးတည်ထားသည်။ တစ်ချိန်တည်းတွင် ဤစီမံချက်သည် ကြံ့ကြံ့ခံနိုင်မှုတည်ဆောက်ရေးလုပ်ငန်း၊ သဘာဝဘေးအန္တရာယ်လျှော့ချရေး (DRR)လုပ်ငန်းကဲ့သို့သော ပိုမိုကျယ်ပြန့်ပြီး ကာလရှည်ဆောင်ရွက်သည့် လုပ်ငန်းများ၊ HNRP ၏ နယ်ပယ်ပြင်ပရှိ TCF ၏ မဟာဗျူဟာဦးစားပေးအချက်များနှင့် ကိုက်ညီစေရန် ပြောင်းလဲဆောင်ရွက်သည့် လူမှုဆိုင်ရာ အခြေခံဝန်ဆောင်မှုပေးခြင်း လုပ်ငန်းများနှင့်လည်း ရှင်းလင်းတိကျစွာ ပိုင်းခြားထားပါသည်။

**လူသားချင်းစာနာမှု အကူအညီလိုအပ်နေသည့် လူဦးရေနှင့် အကူအညီပေးအပ်ရန် လျာထားသည့် လူဦးရေတို့ကို ကျားမနှင့် အသက်အရွယ်အလိုက် ခွဲခြားဖော်ပြခြင်း**

| | အမျိုးသမီးနှင့် မိန်းကလေး | ကလေးသူငယ် (၀ နှစ်မှ ၁၈ နှစ်) | အရွယ်ရောက်ပြီးသူ (၁၈ နှစ်မှ ၆၀ နှစ်) | သက်ကြီးရွယ်အို (၆၀ နှစ်နှင့်အထက်) | မသန်စွမ်းသူ |
|---|---|---|---|---|---|
| **၁၈.၆ သန်း** အကူအညီလိုအပ်နေသူ | **၉.၇ သန်း** (၅၂ %) | **၆.၀ သန်း** (၃၂ %) | **၁၀.၅ သန်း** (၅၇%) | **၂.၁ သန်း** (၁၁%) | **၂.၄ သန်း** (၁၃ %) |
| **၅.၃ သန်း** အကူအညီပေးရန် လျာထားသူ | **၂.၈ သန်း** (၅၂ %) | **၁.၈ သန်း** (၃၄%) | **၂.၉ သန်း** (၅၅ %) | **၅၉၉၀၀၀** (၁၁ %) | **၇၀၈၀၀၀** (၁၃ %) |

# ၂.၃။ စီမံချက်ရေးဆွဲရာတွင် အသုံးပြုထားသော ယူဆချက်များနှင့် လုပ်ငန်းစွမ်းဆောင်ရည်

ဤအပိုင်းတွင် ၂၀၂၄ ခုနှစ်တုံ့ပြန်ရေးလုပ်ငန်းစီမံချက်ရေးဆွဲခြင်းကို အထောက်အကူပြုထားသည့် ဘုံယူဆချက်အချို့ကို ဖော်ပြထားသည်။ ဤယူဆချက်များမှာ မသန်စွမ်းမှုနှင့် ကျားမရေးရာနယ်ပယ်ပိုင်းတွင် ကျွမ်းကျင်သူများအပါအဝင် တစ်နိုင်ငံလုံးရှိ လုပ်ဖော်ကိုင်ဖက် (၃၀၀) ကျော်တို့နှင့် ကျယ်ပြန့်စွာ တိုင်ပင်ဆွေးနွေးထားသည့်ရလဒ်များဖြစ်ကြသည်။ လိုအပ်ချက်များမှာ မမျှော်လင့်ထားသော ဖြစ်ရပ်များနှင့်အတူ ကွဲပြားခြားနားစွာ ပေါ်ပေါက်လာနိုင်ပါသည်၊ သို့သော် စီမံချက်အတွက် အနာဂတ်အမြင်များနှင့် စီမံကိန်းနယ်ပယ်များသတ်မှတ်ရာတွင် တသမတ်တည်းဖြစ်စေရေးအတွက် သဘောတူညီထားသော ဘုံယူဆချက်များကို အစုအဖွဲ့အားလုံးတွင် အသုံးပြုခဲ့ပြီးဖြစ်သည်။ စီမံချက်ရေးဆွဲရာတွင် အသုံးပြုထားသည့် ယူဆချက်များ၏ သက်ဆိုင်မှု သို့မဟုတ် စီမံချက်လုပ်ငန်းများအား ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်မှုကို စိစစ်အတည်ပြုရန်အတွက် သုံးလတစ်ကြိမ် စောင့်ကြည့်စစ်ဆေးရေးလုပ်ငန်းများကို တစ်နှစ်ပတ်လုံး ပုံမှန်ဆောင်ရွက်ပါမည်။

### ခြုံငုံဖော်ပြချက်

ပဋိပက္ခနှင့် အကြမ်းဖက်မှုများ ပြီးဆုံးစေရေးအတွက် တိုက်တွန်းလှုံ့ဆော်မှုများကို ဆက်လက်ဆောင်ရွက်နေသော်လည်း၊ ၂၀၂၄ ခုနှစ် HNRP စီမံချက်ရေးဆွဲရာတွင်မူ လက်ရှိအခြေအနေသည် နောင်လာမည့်တစ်နှစ်လုံးတွင် ဆက်လက်ဖြစ်ပေါ်နေမည်ဟု ယူဆထားသည်။ ပြည်သူတစ်ရပ်လုံးသည် စီးပွားရေးအားနည်းခြင်း၊ ဈေးကွက်များနှင့် ဝန်ဆောင်မှုများကို လက်လှမ်းမီမှုနည်းပါးခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ သို့မဟုတ် ဝင်ငွေရအခွင့်အလမ်းများ အကန့်အသတ်ရှိခြင်းတို့အပြင် နိုင်ငံရေးမတည်ငြိမ်မှု၊ လက်နက်ကိုင်ပဋိပက္ခများ၊ ERW အပါအဝင် ပေါက်ကွဲစေတတ်သောလက်နက်ပစ္စည်းများ၊ မြေမြှုပ်မိုင်းများနှင့် ချိန်ကိုက်ပေါက်ကွဲပစ္စည်း (IEDs) များ၊ အကြိမ်ကြိမ်နေရပ်စွန့်ခွာရမှုများနှင့် သဘာဝဘေးအန္တရာယ်များကို ဆက်လက်ကြုံတွေ့နေရဦးမည်ဖြစ်သည်။

စီမံကိန်းရေးဆွဲရာ၌ အသုံးပြုထားသော အဓိကယူဆချက်များတွင် အောက်ပါတို့ ပါဝင်ကြသည် -

- လုပ်ငန်းဆောင်ရွက်မှုပတ်ဝန်းကျင်သည် တည်ငြိမ်မှုမရှိဘဲ ပြောင်းလဲလွယ်နေဦးမည်ဖြစ်ပြီး၊ လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များ၊ သွားလာရေး/ဝင်ရောက်ကူညီရေး၊ နေရပ်စွန့်ခွာရမှုနှင့် နေရပ်ပြန်ရမှုများအပေါ် ဆိုးကျိုးများသက်ရောက်နေကာ၊ ဒေသခံမိတ်ဖက်အဖွဲ့များကို များစွာအလေးထားရမည့် ပြောင်းလွယ်ပြင်လွယ်ရှိသော လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးနည်းလမ်းများကို လိုအပ်ပါမည်။
- နိုင်ငံတွင်းနေရပ်စွန့်ခွာရမှုများ (ကာလတို၊ ကာလရှည်နှင့် အကြိမ်ကြိမ်နေရပ်စွန့်ခွာရမှုများ) သည် ဆက်လက်မြင့်တက်နေဦးမည်ဖြစ်ပြီး၊ မြန်မာနိုင်ငံ၏ လူသားချင်းစာနာမှုအခြေအနေကို ပိုမိုဆိုးရွားစေပါမည်။
- မြန်မာနိုင်ငံ၏ ဒေသအများအပြားတွင် ဝင်ရောက်ကူညီခွင့်/သွားလာခွင့်များမှာ ဆက်လက်ကန့်သတ်ခံနေရဦးမည်ဖြစ်ပြီး၊ ထိန်းချုပ်မှုမတူညီသည့် ဒေသများတွင် ဗျူရိုကရေစီစနစ်၏ သတ်မှတ်ချက်အမျိုးမျိုးတို့ကြောင့်လည်းကောင်း၊ ပဋိပက္ခများ ပိုမိုပြင်းထန်လာခြင်းကြောင့် လည်းကောင်း အခက်အခဲများ ပိုဆိုးလာနိုင်သည်။
- အထူးသဖြင့် ဝေးလံခေါင်ပါးသော ဒေသများတွင် ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းများ (EO) နှင့် ထိတွေ့ခြင်း၊ လေကြောင်းမှ ဗုံးကြဲခြင်း၊ လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း၊ အတင်းအကျပ်ဝင်ရောက်ရှာဖွေခြင်းနှင့် ဥပဒေမဲ့ဖမ်းဆီးထိန်းသိမ်းခြင်း၊ အဓမ္မလူသစ်စုဆောင်းခြင်းနှင့် အတင်းအကျပ်စေခိုင်းခြင်း၊ ခြိမ်းခြောက်ငွေညှစ်ခြင်း၊ လူကုန်ကူးခြင်း၊ ကျားမအခြေပြုအကြမ်းဖက်မှုနှင့် အခြားလူ့အခွင့်အရေးများကို ချိုးဖောက်ခြင်း စသည်တို့အပါအဝင် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေများ ဆက်လက်ပျံ့နှံ့နေဦးမည်ဖြစ်သည်။ နိုင်ငံမဲ့ ရိုဟင်ဂျာများနှင့် မသန်စွမ်းသူများအပါအဝင် ထိခိုက်လွယ်အုပ်စုများသည် ခြိမ်းခြောက်မှုများကို ပိုမိုရင်ဆိုင်ရပါမည်။ တပ်ဖွဲ့များ၏ ဖိနှိပ်ချုပ်ချယ်မှုနှင့် တိုက်ခိုက်မှုများအပေါ် ကြောက်လန့်မှုများ စိမ့်ဝင်ပျံ့နှံ့နေဦးမည်ဖြစ်ပြီး၊ ယင်းသည် အဆက်မပြတ်နေရပ်စွန့်ခွာရမှု၏ အဓိကအကြောင်းရင်းတစ်ခုဖြစ်နေပါမည်။
- ထိခိုက်မှုအမျိုးမျိုးကြောင့်လည်းကောင်း၊ လက်ရှိနှင့် ယခင်ကာလအကျပ်အတည်းများ၏ စုပေါင်းသက်ရောက်မှုများကြောင့်လည်းကောင်း ပြည်သူများ၏ ရင်ဆိုင်ဖြေရှင်းရေးစွမ်းရည်များ ပိုမိုလျော့နည်းလာပါမည်။ ဆင်းရဲနွမ်းပါးမှု တဟုန်ထိုးမြင့်တက်ခြင်းနှင့် စီးပွားရေးကျဆင်းမှုအခြေအနေများသည် ပြည်သူများ၏ စားနပ်ရိက္ခာအပါအဝင် ရှင်သန်ရပ်တည်ရေးလိုအပ်ချက်များအား ဖြည့်ဆည်းရယူနိုင်စွမ်းကို ဆက်လက်ထိခိုက်နေပါမည်။
- ကမ္ဘာတစ်ဝှမ်းလုံးတွင် ပဋိပက္ခနှင့် အကျပ်အတည်းအသစ်များ ဆက်လက်ပေါ်ထွက်လာနေသည်နှင့်အမျှ မြန်မာနိုင်ငံ၏ ကာလရှည်ကြာပြီဖြစ်သည့် အကျပ်အတည်းအပေါ် နိုင်ငံတကာ၏ အာရုံစိုက်မှုကို ဆက်လက်ရရှိစေရေးနှင့် လုံလောက်သော ရန်ပုံငွေထောက်ပံ့မှုများ ရယူနိုင်ရေးအတွက် ပိုမိုကြိုးပမ်းအားထုတ်ရန် လိုအပ်ပါလိမ့်မည်။

### ပဋိပက္ခနှင့် အကြမ်းဖက်မှုများ

ပဋိပက္ခနှင့်အကြမ်းဖက်မှုများသည် တစ်နိုင်ငံလုံးတွင် ဆက်လက်ပြင်းထန်နေဦးမည်ဟု မျှော်မှန်းထားပြီး၊ ယခုအချိန်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးနီးပါးတို့သည် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ ထိခိုက်ခံနေရသည်။ ဤစီမံချက်ရေးသားသည့်အချိန်တွင် နယ်စပ်ဒေသများစွာ၌ တိုက်ပွဲများအရှိန်မြင့်တက်ခဲ့ပြီး အရပ်သားပြည်သူများအတွက် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စိုးရိမ်မှုများ မြင့်တက်နေသည်။ စီမံချက်ရေးဆွဲရာတွင် ပဋိပက္ခနှင့် အကြမ်းဖက်မှုများသည် ၂၀၂၄

ခုနှစ်တွင် ကျယ်ပြန့်စွာ ဆက်လက်ဖြစ်ပွားနေမည်ဖြစ်ကြောင်းနှင့် ပါဝင်သည့်အဖွဲ့အားလုံးက အစမ္မတပ်သားသစ်စုဆောင်းမှုများ ပိုမိုပြုလုပ်ခြင်း၊ ပြင်းထန်သော တိုက်ပွဲများ ပိုမိုဖြစ်ပွားခြင်း၊ ခရီးသွားလာမှုနှင့် လုံခြုံရေးဆိုင်ရာ ကန့်သတ်ချက်များ ပိုမိုများပြားလာခြင်း၊ အကြိမ်ကြိမ် နေရပ်စွန့်ခွာရမှုများ တိုးလာခြင်း၊ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများကို ပိတ်ဆို့မှု/ဖျက်ဆီးမှုများ တိုးလာခြင်း၊ လေကြောင်းတိုက်ခိုက်မှုများနှင့် မည်သူမည်ဝါမခွဲခြားဘဲ ရမ်းသမ်းပစ်ခတ်မှုများ ပိုမိုများပြားလာခြင်းတို့ ဖြစ်လာနိုင်ကြောင်း ယူဆထားသည်။

ပြင်းထန်သော တိုက်ပွဲများကြောင့် ကျားမအခြေပြုအကြမ်းဖက်မှု နှင့် အခြားကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအန္တရာယ်များ တိုးလာနိုင်ပြီး၊ အထူးသဖြင့် ဝေးလံခေါင်ပါးသော ပဋိပက္ခဒေသများတွင် ထိခိုက်လွယ်မှုများနှင့် လိုအပ်ချက်များ ပိုမိုနက်ရှိုင်းလာဖွယ်ရှိသည်။ မြေမြှုပ်မိုင်းများကို ပိုမိုအသုံးပြုမှုအပါအဝင် အကြမ်းဖက်တိုက်ခိုက်မှုများတိုးလာခြင်းကြောင့် အထူးသဖြင့် ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအပါအဝင် ပြည်သူများတွင် မသန်စွမ်းသူများ ပိုများလာနိုင်သည်။ လူသားချင်းစာနာမှုအကူအညီများကို အချိန်နှင့်တပြေးညီ လုံလောက်စွာ ထောက်ပံ့ပေးနိုင်မှုကိုလည်း ထပ်မံနှောင့်နှေးစေပါလိမ့်မည်။

### နေရပ်စွန့်ခွာရမှုနှင့် နေရပ်ပြန်ရမှုများ

တဟုန်ထိုးမြင့်တက်လာသော ပဋိပက္ခများသည် ရှေ့တန်းနေရာများစွာသို့ တပြိုင်နက်တည်း ပိုမိုကျယ်ပြန့်လာသည်နှင့်အမျှ ထပ်တလဲလဲ/အကြိမ်ကြိမ် နေရပ်စွန့်ခွာရမှုများကို ပိုမိုတွေ့ရှိလာရပြီး၊ နေရပ်စွန့်ခွာရသော ပြည်သူများ၏ လိုအပ်ချက်သဘာဝပေါ်မူတည်၍ အကူအညီပေးခြင်းသည် ၂၀၂၄ ခုနှစ်အတွင်း တုံ့ပြန်ရေးလုပ်ငန်းများ၏ ပုံစံတစ်ခုအဖြစ် ဆက်လက်တည်ရှိနေဦးမည်ဖြစ်သည်။ ပြည်သူများက ကြိမ်ဖန်များစွာ နေရပ်စွန့်ခွာရပါက ယခင်ကပင် နည်းပါးနေပြီဖြစ်သည့် အရင်းအမြစ်များ ပိုမိုလျင်မြန်စွာ ကုန်ခမ်းသွားမည်ဖြစ်ပြီး၊ ရှင်သန်ရပ်တည်ရေးအတွက် ရေရှည်အကျိုးမရှိသောဖြေရှင်းနည်းများ ကို ပို၍ မှီခိုအားထားလာရသည်။ အကြိမ်ကြိမ်ရွှေ့လျားသွားလာနေရသည့် ပြည်သူများသည် ၎င်းတို့၏ လိုအပ်ချက်အမျိုးမျိုးကို ဖြည့်ဆည်းနိုင်အောင် အသေးစိတ်ပြင်ဆင်ထားသော၊ ရွှေ့လျားသွားလာနေရသည့် အခြေအနေနှင့် ပိုမိုကိုက်ညီသော၊ သင့်တော်သည့် တုံ့ပြန်ရေးနည်းလမ်းပုံစံများဖြင့် ပေးအပ်သော၊ ပြောင်းလွယ်ပြင်လွယ်ရှိသော အစုလိုက်အကူအညီများကို လိုအပ်ပါသည်။ အထူးသဖြင့် ငွေသားနှင့် ဘောက်ချာ အကူအညီပုံစံ (CVA) သည် အကြိမ်ကြိမ်နေရပ်စွန့်ခွာရမှုများကို မကြာခဏရင်ဆိုင်နေရသည့် ဒေသများရှိ ရပ်ရွာလူထုက သိသာစွာသဘောကျသည့် ဦးစားပေးပုံစံတစ်ခုဖြစ်နေပါသည်။

ကုလသမဂ္ဂ၏ သတင်းအချက်အလက်များအရ၊ အသေးစိတ်အချက်အလက်များကို ကောက်ယူရရှိနိုင်သည့် ပြည်နယ်/တိုင်းဒေသကြီးအားလုံးတွင် IDP များသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် တပ်မတော် အာဏာထိန်းသိမ်းပြီးချိန်မှစ၍ ပျမ်းမျှအားဖြင့် ရှစ်ကြိမ်ခန့် နေရပ်စွန့်ခွာထွက်ပြေးခဲ့ရပြီးဖြစ်သည်။ အနောက်မြောက်ပိုင်းဒေသတွင် နေရပ်စွန့်ခွာရသည့် ပျမ်းမျှအကြိမ်ရေမှာ မကွေးတိုင်းဒေသကြီးတွင် (၇) ကြိမ်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် (၉) ကြိမ်ရှိပြီး၊ ကရင်ပြည်နယ်တွင်မူ (၁၅) ကြိမ်အထိ ရှိကာ၊ အဆက်မပြတ် ဖြစ်ပွားနေသည့် တိုက်ပွဲများဒဏ်ကို ပိုမိုဆိုးရွားစွာခံစားနေရသည့် အချို့မြို့နယ်များတွင် ထိုအကြိမ်ရေထက်ပင် ပို၍များပါသေးသည်။ ထပ်တလဲလဲ/အကြိမ်ကြိမ်နေရပ်စွန့်ခွာရမှုများကို အများဆုံးကြုံတွေ့နေရသည့် ဒေသ များတွင် ရင်ဆိုင်နေရသည့် လိုအပ်ချက်များနှင့် အန္တရာယ်များသည် အကြိမ်ရေ ပိုမိုနည်းပါးသော်လည်း ကာလပိုမိုကြာမြင့်စွာ နေရပ်စွန့်ခွာနေရသည့် ဒေသများနှင့် ကွဲပြားခြားနားကြပါသည်။ အထူးသဖြင့် ကယားပြည်နယ်တွင် နေရပ်စွန့်ခွာရမှုမြင့်မားပြီး၊ ပြည်သူအများစုတို့သည် ၂၀၂၄ ခုနှစ်အတွင်းတွင် နယ်မြေချင်း ထိစပ်နေသည့် ရှမ်းပြည်နယ်ဖက်သို့ တစ်ကြိမ်ထက်မနည်း နေရပ်စွန့်ခွာရနိုင်သည်ဟု မျှော်မှန်းထားရာ၊ ဤဒေသတွင်းရှိ များပြားလှသော လိုအပ်ချက်များနှင့် ထိခိုက်လွယ်မှုများကို မြင်ယောင်ကြည့်နိုင်ပါသည်။

၂၀၂၄ ခုနှစ်အတွင်းတွင် IDP များ၏ အရေးအတွက် ဆက်လက်မြင့်တက်လာမည်ဟု မျှော်မှန်းထားရာ၊ အထူးသဖြင့် သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ မသန်စွမ်းသူများကဲ့သို့သော ထိခိုက်လွယ် အုပ်စုများသည် လိုအပ်သော အကူအညီဝန်ဆောင်မှုများကို လက်လှမ်းမီမရရှိနိုင်သည့် ခက်ခဲကြမ်းတမ်းသော အခြေအနေများတွင် နေထိုင်ကြရဖွယ်ရှိနေသည်။ ထပ်တလဲလဲ/အကြိမ်ကြိမ် နေရပ်စွန့်ခွာရမှုများကြောင့် အထူးသဖြင့် ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ပညာဆက်မသင်နိုင်သည့် ကလေးသူငယ် အရေအတွက်သည်လည်း မြင့်တက်လာပါလိမ့်မည်။ အကျိုးဆက်အဖြစ် ရေရှည်တွင် ပညာရေးအပေါ် ဂယက်ရိုက်မှုများ ပိုမိုများပြားလာပါလိမ့်မည်။

IDP များ၏ ရွှေ့လျားသွားလာမှုနှင့် စပ်လျဉ်း၍ ကောင်းစွာအသိပေးထားသော နည်းလမ်းများကို IDP တို့၏ သဘောဆန္ဒဖြင့် ရွေးချယ်နိုင်စေရန်အတွက် တိုက်တွန်းလှုံ့ဆော်မှုများကို ဆက်လက်ဆောင်ရွက်နေသော်လည်း၊ နစက က ဖော်ဆောင်နေသည့် “IDP မရှိစေရ” ဟူသော မူဝါဒသည် ထိခိုက်လွယ်ပြည်သူများအား ဘေးကင်း လုံခြုံမှုမရှိသည့် မူရင်းဒေသများသို့ ပြန်သွားစေရန် သို့မဟုတ် အသိအမှတ်ပြုထားခြင်းမရှိသည့် ခိုလှုံရာစခန်းသစ် များသို့ ရွှေ့ပြောင်းစေရန် သို့မဟုတ် ဝန်ဆောင်မှုများနှင့် အကူအညီများကို လုံလောက်စွာမရရှိနိုင်သည့် ဒေသတွင်းရပ်ရွာလူထုအတွင်းသို့ ပေါင်းစည်းသွားစေရန်အတွက် ဖိအားများပေးနေပါသည်။ နေရပ်စွန့်ခွာရမှုပုံစံ များသည်လည်း ပြောင်းလဲနေရာ၊ IDP များသည် အတင်းအကျပ်နေရပ်ပြန်ပို့ခံရမည်ကို စိုးရိမ်သောကြောင့် တရားဝင်ခိုလှုံရာစခန်းများအား ပို၍ရှောင်ကြဉ်လာကြပါသည်။

၂၀၂၄ ခုနှစ်တွင် နေရပ်စွန့်ခွာရမှုအသစ်များ ဆက်လက်မြင့်မားနေမည်ဟု မျှော်မှန်းထားသည်။ ပြည်သူများသည် IDP များရှိနေခြင်းကို မနှစ်သက်သည့် နစက ၏ သဘောထားနှင့် တပ်ဖွဲ့များ၏ပစ်မှတ်ထားခံရနိုင်ခြင်းတို့ကြောင့် မျက်ကွယ်တွင်ရှိနေသည့် အသိအမှတ်မပြုထားသော ခိုလှုံရာနေရာများကို ပိုမိုရှာဖွေလာကြဖွယ်ရှိသည်။ ကောင်းစွာအသိပေးထားပြီး ရေရှည်တည်တံ့သောဖြေရှင်းချက်များဖြင့် မိမိဆန္ဒအလျောက် ဂုဏ်သိက္ခာရှိစွာ နေရပ်ပြန်နိုင်မည့် အခွင့်အလမ်းများမှာ အနည်းငယ်သာ ဆက်ရှိနိုင်ပြီး၊ တည်နေရာပေါ်မူတည်၍ အကန့်အသတ်များရှိကာ၊ အဆက်မပြတ်ဖြစ်နေသော အကြမ်းဖက်မှုများ၊ ပေါက်ကွဲစေတတ်သော လက်နက် ပစ္စည်းများ ပျံ့နှံ့မှု (မြေမြှုပ်မိုင်းနှင့် ERW နှစ်မျိုးလုံး)၊ မူလဒေသများတွင် ပိုင်ဆိုင်မှုများအား ဖျက်ဆီးခံရမှု၊ အခြေခံဝန်ဆောင်မှုများအား မရရှိနိုင်မှု၊ လူ့အခွင့်အရေးကို ကျယ်ပြန့်စွာ ချိုးဖောက်မှုများကြောင့် အဟန့်အတားများဖြစ်နေပါသည်။

အထူးသဖြင့် ရခိုင်ပြည်နယ်မှ ရိုဟင်ဂျာများ၏ နယ်စပ်ဖြတ်ကျော်ရွှေ့လျားသွားလာမှုများနှင့် လှေစီးထွက်ခွာမှု များသည်လည်း ၂၀၂၄ ခုနှစ်အတွင်း ဆက်လက်ရှိနေမည်ဟု မျှော်မှန်းထားရာ၊ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အန္တရာယ်များကို ကြုံတွေ့ရစေပြီး၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးတွင် ထပ်တိုးဖိအားများကို ဖြစ်ပေါ်စေသည်။

အထူးသဖြင့် လူငယ်များသည် ဘေးကင်းလုံခြုံရာရှာဖွေရန် သို့မဟုတ် ပိုမိုကောင်းမွန်သော အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများကို ရှာဖွေရန်အတွက် နိုင်ငံတွင်းမှ ပိုမိုထွက်ခွာနေကြသည်နှင့်အမျှ ပုံမှန်မဟုတ်ဘဲ ဘေးကင်းမှုမရှိသည့် ရွှေ့ပြောင်းနေထိုင်ရေးလမ်းကြောင်းများသည် ပြည်သူများကို လူမှောင်ခိုပို့ခြင်းနှင့် လူကုန်ကူးခြင်းဆိုင်ရာ ကြီးမားသော အန္တရာယ်များဆီသို့ တွန်းပို့နေပါသည်။

## စီးပွားရေးနှင့် လူမှုဆိုင်ရာ ဝန်ဆောင်မှုများ

၂၀၂၄ ခုနှစ်တွင် ငွေကြေးဖောင်းပွမှုနှုန်းမြင့်ခြင်း၊ စီးပွားရေးမတည်ငြိမ်ခြင်းနှင့် အရင်းအမြစ်များရှားပါးခြင်း တို့သည် စီးပွားရေးပတ်ဝန်းကျင်၏ ကာလရှည်ပုံစံများအဖြစ် ဆက်လက်ရှိနေမည်ဟု မျှော်မှန်းထားသည်။ အများပြည်သူဝန်ဆောင်မှုများပြိုလဲနေခြင်းနှင့် ရပ်ရွာလူထု၏ ရင်ဆိုင်ဖြေရှင်းရေးစွမ်းရည်များ ကုန်ခမ်း လာခြင်းတို့ ပေါင်းစပ်လိုက်သောအခါ၊ ရင်ဆိုင်ဖြေရှင်းရေးနည်းလမ်းဆိုးများက ရပ်ရွာလူထု၏ ဘေးကင်း လုံခြုံမှုကို အဆက်မပြတ် ခြိမ်းခြောက်နေမည်ဟု မျှော်မှန်းထားသည်။ ၂၀၂၄ ခုနှစ်အတွင်း ဝင်ငွေ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ အခြေခံကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများအတွက် ပိုမိုယှဉ်ပြိုင်ရဖွယ် ရှိခြင်းကြောင့် အိမ်ရှင်ရပ်ရွာလူထုနှင့် IDP များအကြားတွင်လည်းကောင်း၊ IDP အုပ်စုများအကြားတွင် လည်းကောင်း၊ လူဦးရေအုပ်စုများအတွင်းတွင် လည်းကောင်း တင်းမာမှုများ ပိုဆိုးလာမည့်အန္တရာယ်ရှိနေသည်။

## စားနပ်ရိက္ခာမလုံလောက်မှု

ပဋိပက္ခများ၊ နေရပ်စွန့်ခွာရမှုများ၊ ပေါက်ကွဲစေတတ်သော ပစ္စည်းများနှင့် သဘာဝဘေးအန္တရာယ်များကြောင့် စိုက်ပျိုးရေးထုတ်လုပ်မှု လျော့နည်းလာခြင်းနှင့်အတူ ၂၀၂၄ ခုနှစ်အတွင်း စားနပ်ရိက္ခာဖူလုံနိုင်မှုအလားအလာကို ခြုံငုံကြည့်ပါက အနုတ်သဘောဆောင်နေပါသည်။ စိုက်ပျိုးမြေဧရိယာများအတွင်း မြေမြှုပ်မိုင်းများပျံ့နှံ့နေခြင်းသည် ၂၀၂၄ ခုနှစ်အတွက် အဓိကစိုးရိမ်မှုတစ်ခုအဖြစ် ဆက်လက်ရှိနေမည်ဖြစ်ပြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် တိရစ္ဆာန်မွေးမြူရေးကဲ့သို့သော လုပ်ငန်းများကို ဆိုးရွားစွာ ထိခိုက်ပါလိမ့်မည်။

ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်များနှင့် ပြင်းထန်ရာသီဥတုဖြစ်ရပ်များသည် သီးနှံထွက်ရှိမှုနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် ထပ်တိုးအန္တရာယ်များဖြစ်ကြပြီး၊ အယ်လ်နီညိုနှစ်တစ်နှစ်ဖြစ်သည့် ၂၀၂၄ ခုနှစ်အတွင်း ပုံမှန်ထက်နည်းသည့် မိုးရွာသွန်းမှုကြောင့်လည်း ပိုဆိုးနိုင်ဖွယ်ရှိနေသည်။ စားနပ်ရိက္ခာနှင့် လောင်စာဆီဈေးနှုန်းများ မြင့်တက်လာခြင်းသည် စားနပ်ရိက္ခာမလုံလောက်မှုအတွက် နောက်ထပ် မောင်းနှင်အား တစ်ခုဖြစ်နေပါသည်။ အခြေခံစားသောက်ကုန်ပစ္စည်းများကို ဝယ်ယူရန် မတတ်နိုင်ကြတော့ဘဲ (အထူးသဖြင့် ၂၀၂၃ ခုနှစ် အောက်တိုဘာလနှောင်းပိုင်းတွင် တိုက်ပွဲများအရှိန်မြင့်လာချိန်မှစ၍ နိုင်ငံတွင်းနှင့် နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများစွာတို့ ဖြတ်တောက်ခံထားရသည်)၊ တချိန်တည်းတွင် ဈေးကွက်များ၊ အာဟာရပြည့်ဝသည့်အစားအစာများနှင့် ပိုမိုဝေးကွာသွားပြီး အာဟာရချို့တဲ့မှု ကျယ်ပြန့်စွာ ဖြစ်လာနိုင်သည့် အန္တရာယ်မြင့်မားလာသည်။


## လုပ်ငန်းဆောင်ရွက်မှုစွမ်းရည်

မြန်မာနိုင်ငံရှိ အစုအဖွဲ့များအားလုံး၌ လူသားချင်းစာနာမှုဆိုင်ရာ ပါဝင်ဆောင်ရွက်သူများသည် လုပ်ငန်း ဆောင်ရွက်မှုစွမ်းရည်နှင့် စပ်လျဉ်းသည့် စိန်ခေါ်မှုများစွာကို ဆက်လက်ရင်ဆိုင်နေရပြီး၊ အဓိကအားဖြင့် ဝင်ရောက်ကူညီရေး/သွားလာရေး၊ ထောက်ပံ့ဖြည့်ဆည်းရေး၊ အရင်းအမြစ်များ၊ လုံခြုံရေးတို့နှင့် ဆက်စပ်နေ ပါသည်။ လူသားချင်းစာနာမှုအသိုက်အဝန်းသည် ၂၀၂၄ ခုနှစ်အတွင်း ခက်ခဲသော လုပ်ငန်းဆောင်ရွက်မှု ပတ်ဝန်းကျင်တွင် ဆက်လက်ရှိနေ၍ အကူအညီများပေးအပ်နိုင်ရေးအတွက် ထိရောက်အကျိုးရှိစွာဖြင့် ရေရှည် တည်ရှိစေမည့် နည်းလမ်းများ၊ အရေးကြီးသော စီမံကိန်းများကို ဦးစားပေးသတ်မှတ်ဆောင်ရွက်သည့် နည်းလမ်းများ၊ တိုက်တွန်းလှုံ့ဆော်မှုကို တိုးတက်စေသည့်နည်းလမ်းများနှင့် အထူးသဖြင့် ဒေသခံပါဝင်ဆောင်ရွက်သူများနှင့် မိတ်ဖက်ဖွဲ့စည်းဆောင်ရွက်မှု တိုးချဲ့မည့် နည်းလမ်းများကို ကျင့်သုံးနေကြသည်။

၂၀၂၄ ခုနှစ်အတွင်း တုံ့ပြန်ရေးလုပ်ငန်းအခင်းအကျင်းအတွက် မတူညီသော ဒေသများမှ မိတ်ဖက်အဖွဲ့ အမျိုးမျိုးတို့၏ နည်းလမ်းများကို ဆက်လက်လိုအပ်ပါမည်။ ပဋိပက္ခကြောင့် ထိခိုက်ခံနေရသည့် ဝေးလံသော ဒေသများရှိ လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးလုပ်ငန်းများသည် ဒေသခံတုံ့ပြန်ဆောင်ရွက်သူများအပေါ် များစွာအားထားနေရဦးမည်ဖြစ်သည်။ ၂၀၂၄ ခုနှစ်အတွင်းတွင် နိုင်ငံအဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီး အဆင့်နှစ်မျိုးလုံး၌ စွမ်းဆောင်ရည်ခိုင်မာအားကောင်းစေရေးလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် ဒေသခံတို့၏ ကြိုးပမ်းအားထုတ်မှုများကို ဆက်လက်တိုးချဲ့သွားရမည်ဖြစ်သည်။ ဒေသခံအဖွဲ့အစည်းများစွာတို့သည် အစုအဖွဲ့ ဖြင့်ဆောင်ရွက်သည့်စနစ်တွင် အပြည့်အဝလက်တွဲပါဝင်ခြင်းမရှိသေးချိန်၌ပင် ယှဉ်ကြည့်မှုကို တဖြည်းဖြည်းချင်း တည်ဆောက်နေပြီး၊ ပိုမိုကျယ်ပြန့်သော ပေါင်းစပ်ညှိနှိုင်းရေးပုံစံ၏ အကျိုးကျေးဇူးများကို ခံစားနေရပြီဖြစ်သည်။ ၂၀၂၃ ခုနှစ်အတွင်းတွင် ပိုမိုများပြားသော မိတ်ဖက်အဖွဲ့များသည် အစုအဖွဲ့ ပေါင်းစပ်ညှိနှိုင်းရေး၌ ယခင်ကထက် ပူးပေါင်းပါဝင်လာခဲ့သည် (၂၀၂၁ ခုနှစ်တွင် ၁၆၀ ဖွဲ့ရှိခဲ့ရာမှ ၂၀၂၃ ခုနှစ်တွင် ၂၄၂ ဖွဲ့ရှိလာသည်)။ ညှိနှိုင်းရေးမှူးများက ရေရှည်ဖြန့်ကြက်ရောက်ရှိစေရန် စီစဉ်ထားခြင်း၊ နယ်စပ်ဒေသကို အခြေခံသည့် ပါဝင်ဆောင်ရွက်သူများနှင့် ပိုမိုလက်တွဲဆောင်ရွက်ခြင်း၊ ဘာသာပြန်ဝန်ဆောင်မှုပါဝင်သည့် ပြည်နယ်/တိုင်းဒေသကြီးအဆင့် ပေါင်းစပ်ညှိနှိုင်းရေးဖိုရမ်များကို စတင်ဆောင်ရွက်နေခြင်းတို့ကြောင့် ဤပုံစံသည် ၂၀၂၄ ခုနှစ်တွင်လည်း ဆက်လက်အလုပ်ဖြစ်နေဦးမည်ဟု မျှော်မှန်းထားသည်။

အစုအဖွဲ့များအနေဖြင့် လူသားချင်းစာနာမှုဆိုင်ရာ အခြေခံစည်းမျဉ်းများနှင့်အညီ ပေါင်းစပ်ညှိနှိုင်းထားသော၊ ပွင့်လင်းမြင်သာမှုရှိသော၊

## ၂၀၂၄ ခုနှစ်တွင် လုပ်ငန်းဆောင်ရွက်မှု မိတ်ဖက်အဖွဲ့များ



အချိန်နှင့်တပြေးညီဖြစ်သော၊ ဘက်မလိုက်သော၊ ဘေးကင်းလုံခြုံသော၊ တာဝန်ခံယူမှုရှိသော နည်းလမ်းဖြင့် လုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွား ပါမည်။ ရပ်ရွာလူထုအခြေခံသည့် ဝန်ထမ်းများ၊ စခန်းအခြေစိုက်ဝန်ထမ်းများ၊ နေရပ်စွန့်ခွာစခန်းများရှိ ဦးတည်ပုဂ္ဂိုလ်များ၊ ဘာသာရေးအခြေခံသည့် ကွန်ရက်များနှင့် အခြားသော ရပ်ရွာအသိုက်အဝန်း ကွန်ရက်များစသည့် ဒေသခံညှိနှိုင်းရေးမှူးများပါဝင်သော ကွန်ရက်များကလည်း သွားလာဝင်ရောက်နိုင်မှု အကန့်အသတ်ရှိသည့် ဒေသများတွင် လုပ်ငန်းဆောင်ရွက်မှုစွမ်းရည်ကို ထပ်မံမြှင့်တင်ပေးနေသည်။

ထို့အပြင် အခြေခံအဆောက်အဦ၊ ပစ္စည်းကိရိယာများနှင့် ကြိုတင်စီစဉ်မှုများတွင် အကန့်အသတ်များရှိနေခြင်း ကြောင့် ထောက်ပံ့ဖြည့်ဆည်းရေးပိုင်းတွင် အခက်အခဲများ ဆက်ရှိနေဦးမည်ဖြစ်ပြီး၊ ပြည်နယ်/တိုင်းဒေသကြီး အဆင့်တွင် ပစ္စည်းပြတ်တောက်မှု၊ ကုန်ခမ်းမှုများ မကြာခဏဖြစ်ပေါ် နိုင်သည်။ လူသားချင်းစာနာမှုဆိုင်ရာ အထူးပြုထောက်ပံ့ပစ္စည်းများကို ပြည်ပမှ တင်သွင်းရာတွင် နစက ၏ စီမံခန့်ခွဲရေးဆိုင်ရာအတားအဆီး များရှိနေခြင်းကြောင့် အစုအဖွဲ့များစွာတို့ကို ထိခိုက်နေပါသည်။ ပြည်ပမှတင်သွင်းနိုင်သည့် သို့မဟုတ် ပြည်တွင်းတွင် ဝယ်ယူရရှိနိုင်သည့် ထောက်ပံ့ပစ္စည်းများနှင့်စပ်လျဉ်းသည့် အခက်အခဲများတွင် လမ်းပိတ်ဆို့ထားမှုများ၊ အကူအညီပစ္စည်းများကို သိမ်းယူခြင်း၊ အဓိကအခြေခံအဆောက်အဦများ ပျက်စီးနေခြင်း နှင့် ရေကြီးခြင်းတို့ ပါဝင်ကြသည်။ လျှပ်စစ်ဓါတ်အား မကြာခဏ ပြတ်တောက်ခြင်းသည် အဆက်မပြတ် အအေးပေးစနစ်ဖြင့် ထားရှိရန် လိုအပ်သည့် ဆေးဝါးပစ္စည်းများ၏ သိုလှောင်သက်တမ်းအတွက် ခြိမ်းခြောက်မှုတစ်ခုဖြစ်နေသည်။ လက်ရှိစီးပွားရေးမတည်ငြိမ်မှုကလည်း ဤအခြေအနေကို ပိုဆိုးစေနိုင်ပါသည်။ ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရုတ်တရက်ငွေကြေးဖောင်းပွမှုနှင့် အကျိုးဆက်အဖြစ် ငွေကြေးတန်ဖိုးကျဆင်းခြင်းကြောင့် ကန်ထရိုက်စာချုပ်များကို ဖျက်သိမ်းမည့် အန္တရာယ်များ တိုးလာနိုင်ပါသည်။

## လုံခြုံမှု မရှိခြင်း

တိုက်ပွဲများနှင့်ဆက်စပ်ဖြစ်ပေါ်သည့် လုံခြုံရေးဆိုင်ရာအတားအဆီးများသည် လူသားချင်းစာနာမှုမိတ်ဖက် အဖွဲ့အစည်းများအတွက် ဘေးကင်းလုံခြုံ၍ ထိရောက်စွာ လုပ်ငန်းဆောင်ရွက်နိုင်စွမ်းကို ဆက်လက်ထိခိုက် နေပါမည်။ ဤအခြေအနေသည် လူသားချင်းစာနာမှုဆိုင်ရာ ပါဝင်ဆောင်ရွက်သူများ၊ အရပ်သားများ၊ ကုန်သွယ်ရေးနှင့်လူသားချင်းစာနာမှုဆိုင်ရာ ပစ္စည်းများ၊ သယ်ယူပို့ဆောင်ရေးနှင့်၊ ဆေးရုံဆေးခန်းကဲ့သို့သော အရေးကြီးအခြေခံအဆောက်အဦများအား စစ်ဆေးခြင်း သို့မဟုတ် တိုက်ခိုက်ခြင်းများကြောင့် ပိုဆိုးလာဖွယ်ရှိ နေသည်။ ဒေသခံပါဝင်ဆောင်ရွက်သူများသည် ထိုသို့သော လုံခြုံရေးဆိုင်ရာ ဖြစ်ရပ်များကို အများဆုံး ရင်ဆိုင်ရဖွယ်ရှိနေပြီး၊ နိုင်ငံတကာ လူသားချင်းစာနာမှုအသိုက်အဝန်းအနေဖြင့် အထူးသဖြင့် လူသားချင်းစာနာမှုဆိုင်ရာဌာနေအဖွဲ့၏ ဒေသ အလိုက်ကိုက်ညီအောင်ဆောင်ရွက်ခြင်း မဟာဗျူဟာတွင် ထည့်သွင်းဖော်ပြထားသည့်အတိုင်း ပဋိပက္ခတွင် ပါဝင်သည့်အဖွဲ့များအား တိုက်တွန်းလှုံ့ဆော်မှုကို တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် မိတ်ဖက်အဖွဲ့များ၏ ဝန်ထမ်းများအား ကူညီကာကွယ်ပေးရန် ခိုင်မာစွာဖြင့် ဆက်လက်ကတိပြုထားပါသည်။ ဤ HNRP အတွက် ကုန်ကျစရိတ်တွက်ချက်ရာတွင် ဒေသခံပါဝင်ဆောင်ရွက်သူများက အလှူရှင်များထံသို့တင်ပြသည့် စီမံကိန်း အဆိုပြုလွှာများ၌ တာဝန်ယူမှု (duty of care) ဆိုင်ရာ ကုန်ကျစရိတ်များကို ပံ့ပိုးမှန်ထောက်ပံ့ပေးရန်အတွက် အဆိုပြုလုပ်ငန်းတိုင်း၏ ၅% ကို သီးသန့်သတ်မှတ်ထည့်သွင်းထားသည်။


## အရင်းအမြစ်များ မရှိခြင်း

ရန်ပုံငွေထောက်ပံ့မှုပမာဏသည် လုပ်ငန်းဆောင်ရွက်မှု စွမ်းရည်ကို ဆုံးဖြတ်ပေးသည့် အရေးကြီးသော အချက်တစ်ချက်အဖြစ် ဆက်လက်ရှိနေပြီး၊ လူ့စွမ်းအားရင်းမြစ်များကို လုံလောက်စွာ ရရှိရေး၊ အရေးပေါ် ထောက်ပံ့ပစ္စည်းများကို ဝယ်ယူ၍အသင့်စုပုံထားရေးနှင့် စီစဉ်ထားသော လုပ်ငန်းများကို အကောင်အထည်ဖော် ရေးတို့တွင် မိတ်ဖက်အဖွဲ့များ၏ စွမ်းဆောင်ရည်ကို တိုက်ရိုက်သက်ရောက်နေပါသည်။ မြန်မာနိုင်ငံရှိ လူသားချင်း စာနာမှုတုံ့ပြန်လုပ်ငန်းသည် လတ်တလောနှစ်များအတွင်း ကာလကြာရှည်သော ရန်ပုံငွေ နည်းပါးမှုကြောင့် ထိခိုက်နေရသည်။ ၂၀၂၃ ခုနှစ် HRP သည် ဤ HNRP ထုတ်ပြန်သည့်အချိန်တွင် ရန်ပုံငွေလိုအပ်ချက်၏ ၃၀% ပင်မပြည့်သော ပမာဏကိုသာ လက်ခံရရှိထားသည်။ ကျန်ရှိနေသော ရန်ပုံငွေများကို ၂၀၂၄ ခုနှစ် ပထမသုံးလပတ်သို့ ဆက်လက်သယ်ဆောင်သွားရန် မဖြစ်နိုင်သည့်အတွက် အနာဂတ်မြင်ကွင်းမှာ အလွန်ဆိုးရွားနေပါသည်။ မြန်မာနိုင်ငံတွင် လိုအပ်ချက်ပိုမိုများပြားလာသော်လည်း ကမ္ဘာတဝှမ်းလုံးတွင် အကျပ်အတည်းများပြားနေခြင်းကြောင့် ၂၀၂၄ ခုနှစ်တစ်နှစ်လုံးတွင်လည်း ရန်ပုံငွေရရှိမှုအခက်အခဲကို ဆက်လက်ရင်ဆိုင်ရဖွယ်ရှိနေသည်။ ငွေကြေးဖောင်းပွမှုနှုန်းမြင့်မားခြင်းကြောင့် လုပ်ငန်းဆောင်ရွက်မှု ကုန်ကျစရိတ်များအပေါ် သက်ရောက်မှုရှိပြီး၊ တချိန်တည်းတွင် ဈေးကွက်မတည်ငြိမ်မှုများ၊ ဘဏ်လုပ်ငန်းနှင့် ငွေစီးဆင်းလည်ပတ်မှု ပြတ်တောက်ခြင်းကြောင့် အဖွဲ့အစည်းများက အကူအညီလိုအပ်နေသူများအား ကူညီပေးနိုင်သည့် စွမ်းရည်ကို ဆက်လက်လျော့နည်းစေမည်ဟု မျှော်မှန်းထားသည်။

မိတ်ဖက်အဖွဲ့များသည် ရန်ပုံငွေနည်းပါးစွာ ရရှိနေသည့်ကြားမှပင် ၂၀၂၃ ခုနှစ် တတိယသုံးလပတ်အကုန်တွင် တစ်နှစ်လုံးအတွက် ကူညီရန်လျာထားသူ (၅ သန်း) အနက် တစ်ဝက်ခန့် (၂.၅ သန်း) ကို ဖြန့်ကြက်ကူညီပေးနိုင်ခဲ့သည်။ သို့ရာတွင် ဤအခြေအနေမှာ စီစဉ်ထားသည့် အကူအညီများ၏ အရည်အသွေး၊ နက်ရှိုင်းမှု၊ အကြိမ်ရေတို့ကို ပြည့်မီခြင်းမရှိဘဲ၊ တစ်နိုင်ငံလုံးတွင် အလွန်ကြီးမားသော အကူအညီလစ်ဟာမှုများ ဖြစ်စေခဲ့သည်။ ထို့ကြောင့် ၂၀၂၃ ခုနှစ် HRP ၏ အကျိုးသက်ရောက်မှုကို လျော့နည်းစေခဲ့ပြီး၊ ထိခိုက်လွယ်မှုများကို ပိုမိုမြင့်တက်စေခဲ့သည်။ ဤအခြေအနေကြောင့် လူသားချင်းစာနာမှုပါဝင်ဆောင်ရွက်သူများ အနေဖြင့် အရေးပေါ်အခြေအနေ၊ အသက်ကယ်ဆယ်ရေးနှင့်၊ ပြည်သူများက အကူအညီအပေါ် ကာလရှည်ကြာမှီခိုနေရမှုတို့ကို ဦးစားပေးခဲ့ရသည့်အတွက် ရေရှည်တည်တံ့သော ဖြေရှင်းချက်များကို ဦးစားပေးအဖြစ်မှ ဖယ်ရှားထားခဲ့ရသည်ဟုလည်း ဆိုလိုပါသည်။ ၂၀၂၄ ခုနှစ်တွင် ရန်ပုံငွေထောက်ပံ့မှုကို သိသိသာသာ တိုးမြှင့်ပေးခြင်းမရှိပါက ဤသို့သောပုံစံများနှင့် အကူအညီပေးရန် လစ်ဟာမှုများ ထပ်မံပေါ်ပေါက်လာဦး မည်ဖြစ်သည်။

လိုအပ်ချက်များနှင့် လျော်ညီသော ရန်ပုံငွေထောက်ပံ့ပေးခြင်း၊ ဗျူရိုကရေစီစနစ်အတားအဆီးများနှင့် ဝင်ရောက်ကူညီခွင့်ဆိုင်ရာ အဟန့်အတားများကို ဖယ်ရှားပေးခြင်းတို့အပါအဝင် အထက်ဖော်ပြပါ အချက်များကို သင့်လျော်စွာ ဖြေရှင်းပေးနိုင်မည်ဆိုပါက၊ မိတ်ဖက်အဖွဲ့များအနေဖြင့် ဤ HNRP တွင် သတ်မှတ်ထားသော လက်တွေ့ကျသည့် လျာထားချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဟု လူသားချင်းစာနာမှုဆိုင်ရာဌာနေအဖွဲ့က ဆက်လက်ယုံကြည်ထားသည်။ အစုအဖွဲ့များသည် လွန်ခဲ့သော သုံးနှစ်ကာလအတွင်း စိန်ခေါ်မှုအပြည့်ရှိနေသော

# လူသားချင်းစာနာမှုဆိုင်ရာ သွားလာခွင့်နှင့် အကူအညီလိုအပ်နေသော လူဦးရေ ဖြန့်ကျက်တည်ရှိနေမှု



အခြေအနေများကြားမှပင် တုံ့ပြန်ရေးလုပ်ငန်းများကို အရှိန်မြှင့်တင်နိုင်စွမ်းနှင့် ရုတ်တရက်ပေါ်ပေါက်လာသော သဘာဝဘေးအန္တရာယ်များကို တုံ့ပြန်နိုင်စွမ်းရှိကြောင်း ပြသခဲ့ပြီးဖြစ်သည်။ ၂၀၂၄ ခုနှစ်အတွင်း လူသားချင်းစာနာမှုဆိုင်ရာ ဝင်ရောက်ကူညီခွင့်များ ကျယ်ပြန့်စွာ ရရှိရေးအတွက် တိုက်တွန်းလှုံ့ဆော်မှုများကို အဆင့်အားလုံး၌ ဦးစားပေးအဖြစ်ဆက်လက်ဆောင်ရွက်သွားပါမည်။


## ဝင်ရောက်ကူညီခွင့်

မြန်မာနိုင်ငံတွင် ဝင်ရောက်ကူညီခွင့်များ နှောင့်နှေးရခြင်း၏ အဓိကအကြောင်းရင်းမှာ ခရီးသွားခွင့်ပြုမိန့်များအား ဆိုင်းငံ့ထားခြင်းသို့မဟုတ် ငြင်းပယ်ခြင်း၊ စစ်ဆေးရေးဂိတ်များထားရှိခြင်း၊ လူသားချင်းစာနာမှုလုပ်သားများနှင့် ဆက်စပ်ပိုင်ဆိုင်မှုပစ္စည်းများအားအကြမ်းဖက်ခြင်းစသည်တို့အပါအဝင် နစက/တပ်မတော်က စွဲကိုင်ကျင့်သုံးနေသော လုပ်ထုံးလုပ်နည်းစနစ်ကြောင့် ဖြစ်ပြီး၊ လူသားချင်းစာနာမှုတုံ့ပြန်ရေးလုပ်ငန်း၏ ရှုထောင့် အားလုံးကို ထိခိုက်နေပါသည်။ အထူးသဖြင့် အနောက်မြောက်ပိုင်းဒေသနှင့် အရှေ့တောင်ပိုင်းဒေသတို့ တွင်လည်းကောင်း၊ လတ်တလောတွင် အရှေ့မြောက်ပိုင်းဒေသနှင့် ရခိုင်ပြည်နယ်တို့တွင်လည်းကောင်း ပဋိပက္ခနှင့် အကြမ်းဖက်မှုများ တဟုန်ထိုးမြင့်တက်လာခြင်းသည် အခြားသော အဓိကအကန့်အသတ်များကို ပိုမိုများပြား လာစေသည်။


၂၀၂၃ ခုနှစ် အောက်တိုဘာလနှောင်းပိုင်းမှစ၍ လက်နက်ကိုင်တိုက်ပွဲများအရှိန်မြင့်တက်လာခြင်းကြောင့် အခြေအနေမှာ ပိုမိုဆိုးရွားလာခဲ့သည်။ ၂၀၂၃ ခုနှစ် စတုတ္ထသုံးလပတ်ကာလအတွင်းတွင် တိုက်ပွဲဖြစ်ပွားနေသည့် မြို့နယ်များ၌ အရေးကြီးသော သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများအား ပိတ်ဆို့ထားခြင်းကြောင့် အရပ်သားများ ဘေးလွတ်ရာနေရာများသို့ ရွှေ့လျားသွားလာမှုအပေါ် ပိုမိုကန့်သတ်ပြီး၊ တချိန်တည်းတွင် လူသားချင်းစာနာမှုဆိုင်ရာ ပါဝင်ဆောင်ရွက်သူများ၏ ဝင်ရောက်သွားလာကူညီမှုကိုလည်းကောင်း၊ အရေးကြီး သောအသက်ကယ်ဆယ်ရေးထောက်ပံ့ပစ္စည်းများအား သယ်ယူပို့ဆောင်ရေးကိုလည်းကောင်း အခက်အခဲ ဖြစ်စေခဲ့သည်။ ပြည်တွင်းပြည်ပကုန်သွယ်ရေး ပြတ်တောက်မှုများကြောင့် ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းသည်လည်း ထိခိုက်ခဲ့ရပြီး၊ ဘေးဒဏ်သင့်ပြည်သူများစွာတို့သည် အခြေခံကုန်ပစ္စည်းများ၊ စားနပ်ရိက္ခာနှင့် လောင်စာဆီရှားပါးမှုများကို ကြုံတွေ့ခဲ့ရသည်။

၂၀၂၃ ခုနှစ်၏ ပထမ (၁၀) လအတွင်း ဝင်ရောက်ကူညီရေး/သွားလာရေးနှင့်ဆက်စပ်သည့် ထိခိုက်မှုဖြစ်ရပ်ပေါင်း (၁,၁၅၀) ကျော်ရှိခဲ့ကြောင်း အစီရင်ခံထားသည်။ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအတွင်းတွင် အကူအညီလုပ်သား (၁၃၈) ဦးထက်မနည်းကို MAF နှင့် EAOs/PDFs များက ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သက်ဆိုင်ရာ လူသားချင်းစာနာမှုအဖွဲ့အစည်းများက ဝင်ရောက်ကူညီရေး/သွားလာရေးကို

### အကူအညီလိုအပ်နေသည့် လူဦးရေနှင့် အကူအညီပေးရန် လျာထားသည့်လူဦးရေတို့ကို နှိုင်းယှဉ်ကြည့်ခြင်း




### ရန်ပုံငွေလိုအပ်ချက် (အမေရိကန်ဒေါ်လာ)




| တောင်းခံသည့် နှစ် | အကူအညီ လိုအပ်သည့် လူဦးရေ | ကူညီရန် လျာထားသည့် လူဦးရေ | ရန်ပုံငွေလိုအပ်ချက် (အမေရိကန်ဒေါ်လာ) | ရန်ပုံငွေရရှိမှု (အမေရိကန်ဒေါ်လာ) | ရန်ပုံငွေ ရရှိမှု ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၂၀၁၉ | ၁ သန်း | ၁ သန်း | ၂၁၄ သန်း | ၁၈၁ သန်း | ၈၄% |
| ၂၀၂၀ | ၉၈၆၀၀၀ | ၉၁၅၀၀၀ | ၂၇၅ သန်း | ၁၉၁ သန်း | ၇၀% |
| ၂၀၂၁ | ၃ သန်း | ၃ သန်း | ၃၈၆ သန်း | ၂၅၃ သန်း | ၆၆% |
| ၂၀၂၂ | ၁၄.၄ သန်း | ၆.၂ သန်း | ၈၂၆ သန်း | ၃၅၈ သန်း | ၄၃% |
| ၂၀၂၃ | ၁၇.၆ သန်း | ၅ သန်း | ၈၈၇ သန်း | ၂၅၇ သန်း | ၂၉% |
| ၂၀၂၄ | ၁၈.၆ သန်း | ၅.၃ သန်း | ၉၉၄ သန်း | | |

* ၂၀၂၁ ခုနှစ်အတွက် ကိန်းဂဏန်းများမှာ HRP နှင့် IERP ကိန်းဂဏန်းများကို ပေါင်းထားခြင်းဖြစ်သည်။

စောင့်ကြည့်ခြင်းနှင့် အစီရင်ခံခြင်းမူဘောင်(AMRF) သို့အစီရင်ခံခဲ့ရာ လူသားချင်းစာနာမှုလုပ်သားများက ရင်ဆိုင်နေရသည့် အန္တရာယ်များကို ထင်ရှားစွာဖော်ပြနေပြီး၊ အမှန်တကယ်အရေအတွက်မှာ အစီရင်ခံထားသည်ထက် ပိုမိုများပြားဖွယ်ရှိပါသည်။ ၂၀၂၃ ခုနှစ် ဩဂုတ်လတွင် ပြုလုပ်သည့် ဝင်ရောက်ကူညီသွားလာခွင့်များကို စောင့်ကြည့်စစ်ဆေးရေးလုပ်ငန်း၏ ရလဒ်များအရ လေ့လာဆန်းစစ်ခဲ့သည့် မြို့နယ်ပေါင်း (၂၇၈) မြို့နယ်အနက် ၂၈% တွင် ကြီးမားသော ဝင်ရောက်ကူညီခွင့်/သွားလာခွင့်ဆိုင်ရာ အခက်အခဲများကို ရင်ဆိုင်ခဲ့ရပြီး၊ အထူးသဖြင့် အနောက်မြောက်ပိုင်း ဒေသနှင့် အရှေ့တောင်ပိုင်းဒေသတို့တွင် ဖြစ်ကြောင်း ဖော်ပြခဲ့သည်။ မြို့နယ်များအနက် တစ်ဝက်ခန့်တွင် ဝင်ရောက်ကူညီသွားလာခွင့်ဆိုင်ရာ အခက်အခဲများကို အသင့်အတင့်ရင်ဆိုင်ခဲ့ရပြီး၊ မြို့နယ်များအနက် လေးပုံတစ်ပုံတွင်သာ ဝင်ရောက်ကူညီသွားလာနိုင်ကြောင်း သတ်မှတ်ဖော်ထုတ်ထားသည်။ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့နောက်ပိုင်းဖြစ်ရပ်များကြောင့် ဝင်ရောက်ကူညီသွားလာနိုင်မှုများ ပိုမိုဆိုးရွား လာသည့်အတွက် ယခင်က ဝင်ရောက်ကူညီသွားလာနိုင်သည့် သို့မဟုတ် အခက်အခဲအသင့်အတင့်သာရှိသည့် ဒေသများတွင်ပင် ယခုအခါ တိုက်ပွဲများဖြစ်ပွားနေပြီး တုံ့ပြန်ရေးလုပ်ငန်းများကို ပို၍ပင် အခက်အခဲဖြစ်စေသည်။


၂၀၂၄ ခုနှစ် HNRP သည် ဩဂုတ်လတွင်ပြုလုပ်ခဲ့သည့်လေ့လာဆန်းစစ်မှုအရ "အကြီးမားဆုံး"အခက်အခဲ များရှိသည်ဟု သတ်မှတ်ထားသော ကန့်သတ်မှုအခံရဆုံးဒေသများရှိ လူဦးရေ (၁.၈) သန်းခန့်ကို ကူညီပေးရန် ရည်ရွယ်ထားသည်။ အကူအညီလိုအပ်နေသည့် အခြားလူဦးရေ (၂.၁)သန်းမှာ ဝင်ရောက်ကူညီသွားလာရေးဆိုင်ရာ ကန့်သတ်ချက်များကို အသင့်အတင့်ရင်ဆိုင်နေရသည့် ဒေသများတွင် ရှိကြသည်။ ၂၀၂၃ ခုနှစ် နှောင်းပိုင်းတွင် တိုက်ပွဲများအရှိန်မြင့်လာပြီး ဝင်ရောက်ကူညီသွားလာရေးအခြေအနေများ ယိုယွင်းလာပြီးနောက်၊ ကူညီရန် လျာထားသည့် လူဦးရေအနက် အများစုမှာ "အကြီးမားဆုံး" အခက်အခဲများနှင့် ရင်ဆိုင်ရနိုင်သည့်ဒေသများတွင် နေထိုင်နေကြသည်။ သို့သော် အခြေအနေတည်ငြိမ်မှုမရှိခြင်းကြောင့် အရေအတွက်အတိအကျကို စိစစ်ရန် လိုအပ်ပါမည် (မြေပုံတွင်ကြည့်ပါ)။

၂၀၂၄ ခုနှစ်တွင်၊ ဝေးလံခေါင်ပါးသော ပဋိပက္ခဒဏ်သင့်ဒေသများရှိ အကူအညီလိုအပ်နေသူများသို့ ဝင်ရောက် ကူညီသွားလာခွင့်များ တိုးတက်စေရေးသည် လူသားချင်းစာနာမှုအသိုက်အဝန်းအတွက် အဓိကဦးစားပေး လုပ်ငန်းတစ်ခုဖြစ်ပါမည်။ အစုအဖွဲ့များအနေဖြင့် အထူးသဖြင့် နေရပ်စွန့်ခွာရမှုအလွန်များပြားသည့် ဒေသများ တွင် လုပ်ငန်းဖြန့်ကြက်ရောက်ရှိမှုကို ဘေးကင်းလုံခြုံစွာတိုးချဲ့နိုင်မည့် မဟာဗျူဟာများရေးဆွဲနေပြီး၊ တချိန်တည်းတွင် ပိုမိုပြည့်စုံ၍ ကြိုတင်ခန့်မှန်းနိုင်သော ပုံမှန်ဝင်ရောက်ကူညီခွင့်/သွားလာခွင့်များ ရရှိရေးအတွက်လည်း တိုက်တွန်းလှုံ့ဆော်မှုများ ပြုလုပ်နေသည်။ ဤဝေးလံခေါင်ပါးသော ဒေသများတွင် ကဏ္ဍစုံမှ အကူအညီများကို အရေးတကြီးလိုအပ်နေခြင်းကြောင့် အထိခိုက်လွယ်ဆုံးသူများသို့ အကူအညီအပြည့်အစုံကို ဖြစ်နိုင်သမျှ ဖြန့်ကြက်ပေးအပ်နိုင်ရေးအတွက် ဒေသခံမိတ်ဖက်အဖွဲ့များအား လုပ်ပိုင်ခွင့်ပေးမည့် တီထွင်ဆန်းသစ်၍ လက်တွေ့ကျသော ဖြေရှင်းနည်းများကို လိုအပ်နေပါသည်။


### တုံ့ပြန်ရေးလုပ်ငန်း၏ အလားအလာလမ်းကြောင်း

လူသားချင်းစာနာမှုဆိုင်ရာပါဝင်ဆောင်ရွက်သူများသည် ဒေသခံပါဝင်ဆောင်ရွက်သူများနှင့် မိတ်ဖက်ဖွဲ့စည်းပြီး နောက် ပြောင်းလွယ်ပြင်လွယ်ရှိသော ဝင်ရောက်ကူညီရေးနည်းလမ်းအမျိုးမျိုးတို့ကို သုံး၍ လိုအပ်ချက်များကို ဖော်ထုတ်ဖြေရှင်းပေးနေပြီး၊ ပြည့်စုံသော အသက်ကယ်ဆယ်ရေးလုပ်ငန်းများကို ပုံစံအမျိုးမျိုးဖြင့် ပေးအပ်နိုင်ရန် လုပ်ဆောင်နေကြသည်။ ထို့အပြင် အချို့သောပါဝင်ဆောင်ရွက်သူများက အခြားသူများထက် ပိုမိုလွယ်ကူစွာ ကူညီပေးနိုင်သည့် နယ်ပယ်များရှိသည်ကို အသိအမှတ်ပြုလျက်၊ ဘေးဒဏ်သင့်ပြည်သူများ၏ ဒုက္ခများကို လျှော့ချရန်နှင့် အကူအညီပေးအပ်ရန်အတွက် အလားအလာရှိသော လမ်းကြောင်းအားလုံးကို ကြိုးစားရှာဖွေ နေကြသည်။ နိုင်ငံတွင်းရှိ လူသားချင်းစာနာမှု ပါဝင်ဆောင်ရွက်သူများအနေဖြင့် အန္တရာယ်များသော နယ်မြေ များတွင် လုပ်ကိုင်နေကြသော ဒေသခံမိတ်ဖက်များကို ထောက်ပံ့ပေးခြင်းအားဖြင့် ဘေးဒဏ်သင့်ပြည်သူများထံ ဝင်ရောက်ကူညီနိုင်ရန် လုပ်ဆောင်နေကြပြီး တချိန်တည်းတွင် အဝေးမှ အကူအညီပေးနေသူများနှင့်လည်း အနီးကပ်ပူးတွဲလုပ်ဆောင် နေသည်။ အဖွဲ့အစည်းအားလုံးတို့သည် အကူအညီလိုအပ်နေသည့် ဒေသအားလုံးသို့ မရောက်ရှိနိုင်ပါ၊ သို့ရာတွင် ပေါင်းစပ်ညှိနှိုင်းထားသော အားထုတ်ကြိုးပမ်းမှုများမှတဆင့် မတူညီသော ပါဝင်ဆောင်ရွက်သူများက မတူညီသော ဒေသများတွင် နည်းလမ်းအမျိုးမျိုးဖြင့် ပေးအပ်နေသည့် ပြည့်စုံသောအကူအညီများလည်း ရှိနေပါသည်။ ဝင်ရောက်ကူညီခွင့်ဆိုင်ရာ ကြီးမားသော အခက်အခဲများ၊ ဗျူရိုကရေစီစနစ်၏အတားအဆီးများ၊ တိုက်ခိုက်မှုများနှင့် ရန်ပုံငွေနည်းပါးခြင်းတို့သည် ဤကြိုးပမ်းအားထုတ်မှုများကို ဆက်လက်ထိခိုက်နေဆဲဖြစ်ပြီး၊ ရလဒ်အနေဖြင့် ပဋိပက္ခဒေသများရှိ တုံ့ပြန်ရေးလုပ်ငန်းများသည် ရည်မှန်းထားသည့် အတိုင်းထိရောက်စွာ ကူညီနိုင်မှု သို့မဟုတ် ရေရှည်တည်တံ့မှုတို့ကို မရရှိတော့ပါ။ မြန်မာနိုင်ငံသည် မုန်တိုင်းကြီးတစ်ခု

**လူသားချင်းစာနာမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးဇုန်များနှင့် အချက်အချာနေရာများ**



## မြန်မာနိုင်ငံ လူသားချင်းစာနာမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး ဖွဲ့စည်းမှုပြပုံစံ




ကြောင့် ထိခိုက်မှုနှင့် ပိုဆိုးလာသော လိုအပ်ချက်များရှိနေသည့်ကြားမှ ပင် (အမေရိကန်ဒေါ်လာ ၃၅၈ သန်းရရှိခဲ့သည့်)၂၀၂၂ ခုနှစ်ကထက် (အမေရိကန်ဒေါ်လာ ၂၅၇ သန်း ရရှိခဲ့သည့်) ၂၀၂၃ ခုနှစ်တွင် ရန်ပုံငွေ ပိုမိုနည်းပါးစွာရရှိခဲ့ရာ  အလွန်ကြီးမားသော အကူအညီလစ်ဟာမှုများကို ဖြစ်စေခဲ့သည်။ ပဋိပက္ခတွင်ပါဝင်သည့် အဖွဲ့အားလုံးတို့က လူသားချင်းစာနာမှုအကူအညီများကို နိုင်ငံရေးတွင်အသုံးချခြင်းသည် ဤလုပ်ငန်းကို များစွာပိုမိုခက်ခဲစေပြီး၊ အကူအညီလိုအပ်နေသည့် ပြည်သူများအား ရဲရင့်စွာဖြင့် ကူညီပေးနေသည့် အကူအညီလုပ်သားများ၏ ဘေးကင်းလုံခြုံကို အန္တရာယ်ဖြစ်စေသည်။ မြန်မာနိုင်ငံရှိ လူသားချင်း စာနာမှုလုပ်သားများကို အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာမှုဥပဒေအရ ပေးအပ်ထားသည့် ကာကွယ် စောင့်ရှောက်မှုများနှင့်အညီ ကန့်သတ်မှုနှင့် ထိပါးနှောင့်ယှက်မှုကင်းစွာဖြင့် လုပ်ကိုင်ခွင့်ပြုရမည်ဖြစ်သည်။ လူသားချင်းစာနာမှုအသိုက်အဝန်းအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လုပ်နည်းလုပ်ဟန်များနှင့်အညီ ထိခိုက်လွယ် ပြည်သူများအား အကူအညီပေးရာတွင် ဝင်ရောက်ကူညီသွားလာရေးကို ပံ့ပိုးကူညီရန်လည်းကောင်း၊ ထိခိုက်လွယ် ပြည်သူများအား ကာကွယ်စောင့်ရှောက်ပေးရေးအတွက် တိုက်တွန်းလှုံ့ဆော်ရန်လည်းကောင်း ပဋိပက္ခတွင် ပါဝင်သည့်အဖွဲ့အားလုံးနှင့် ဆက်လက်ဆွေးနွေးနေပါသည်။

### ပေါင်းစပ်ညှိနှိုင်းရေး

မြန်မာနိုင်ငံအနှံ့အပြားတွင် ပဋိပက္ခများပြင်းထန်လာခြင်းနှင့် လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များ ပိုမိုများပြားလာခြင်းကြောင့် (ထောက်ပံ့ဖြည့်ဆည်းရေးအစုအဖွဲ့မှအပ) အစုအဖွဲ့အားလုံးတို့သည် တစ်နိုင်ငံလုံး တွင် ဆက်လက်၍ သက်ဝင်လုပ်ဆောင်နေကြသည်။ တုံ့ပြန်ရေးလုပ်ငန်းစွမ်းဆောင်ရည် တိုးတက်စေရေးအတွက် ဤအစုအဖွဲ့နည်းလမ်းကို လူသားချင်းစာနာမှုဆိုင်ရာ နိုင်ငံအဆင့်အဖွဲ့အစည်း (HCT)၊  အေဂျင်စီများအကြား အမြဲတမ်းကော်မတီ (IASC) စည်းမျဉ်းများနှင့် အရေးပေါ်ကယ်ဆယ်ရေးညှိနှိုင်းရေးမှူး (ERC) တို့၏ သဘောတူညီချက်ဖြင့် ၂၀၂၁ ခုနှစ် ဩဂုတ်လတွင် ပထမဆုံးအကြိမ်အဖြစ် အတည်ပြုဆောင်ရွက်ခဲ့သည်။  အစုအဖွဲ့များကို စတင်ဖွဲ့စည်းဆောင်ရွက်ပြီးနောက်၊ အစုအဖွဲ့များအကြားပေါင်းစပ်ညှိနှိုင်းရေး အဖွဲ့ (ICCG) က နိုင်ငံအဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်များရှိ လက်ရှိနှင့်အသစ်ဖွဲ့စည်းထားသော ပေါင်းစပ်ညှိနှိုင်း ရေးအဖွဲ့များအား ခိုင်မာအားကောင်းစေရန် တာဝန်ယူဆောင်ရွက်ခဲ့သည်။ အစုအဖွဲ့များအားလုံးတို့သည် ပညာရေးအစုအဖွဲ့နှင့် စားနပ်ရိက္ခာဖူလုံရေးအစုအဖွဲ့တို့၏ အကောင်းဆုံးလုပ်နည်းလုပ်ဟန်များအတိုင်း နိုင်ငံ အဆင့်တွင် NGO များအား ပူးတွဲဦးဆောင်သူအဖြစ် ထားရှိခြင်းဖြင့် လုပ်ငန်းများကို ပိုမိုတိုးတက်စေပါလိမ့်မည်။ အစုအဖွဲ့များသည် ပေါင်းစပ်ညှိနှိုင်းရေးစနစ်အား ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းနှင့်ဆက်စပ်သည့် အသုံးစရိတ်များကို ၂၀၂၄ ခုနှစ်အတွက် ကုန်ကျစရိတ်တွက်ချက်ရာတွင် အပြည့်အဝ ထည့်သွင်းတွက်ချက်ထားပြီးဖြစ်သည်။ ယခုအခါတွင် ဤကုန်ကျစရိတ်များအတွက် ထည့်ဝင်ငွေများကို အလှူရှင်များက ဘဏ္ဍာငွေစီစစ်ရေးစနစ် (FTS) တွင် သက်ဆိုင်ရာအစုအဖွဲ့အလိုက် မှတ်တမ်းတင်ထားမည်ဖြစ်သည်။ ဤ HNRP တွင် ပါရှိသည့် ပေါင်းစပ် ညှိနှိုင်းရေးနှင့် ဘုံဝန်ဆောင်မှုများအတွက် ကုန်ကျစရိတ်များသည် ကဏ္ဍများစွာအတွက် ပေးအပ်သည့် ဝန်ဆောင်မှုများနှင့်သာ အထူးသက်ဆိုင်မည်ဖြစ်ပြီး၊ OCHA က ဆောင်ရွက်သည့် ပေါင်းစပ်ညှိနှိုင်းရေး လုပ်ငန်းများ၊ လေ့လာဆန်းစစ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်းလုပ်ငန်းများ၊ လုံခြုံရေးဆိုင်ရာ အကူအညီများ စသည်တို့ပါဝင်ပါမည်။

### မွမ်းမံပြင်ဆင်ထားသည့် ပေါင်းစပ်ညှိနှိုင်းရေးပုံစံ

၂၀၂၂ ခုနှစ်တွင် မြန်မာနိုင်ငံ၏ လက်ရှိလူသားချင်း စာနာမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းမှုပုံစံသည် လျင်မြန်စွာ ဖြစ်ပေါ်တိုးတက်နေသော လုပ်ငန်းဆောင်ရွက်မှု အခြေအနေအောက်တွင် ရည်ရွယ်ချက်နှင့် ကိုက်ညီမှု မရှိတော့ကြောင်း နိုင်ငံအဆင့် လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့ (HCT) က  သုံးသပ်ခဲ့သည်။ ဆက်လက်၍ P2P ပြန်လည်သုံးသပ်ရေးမစ်ရှင်နှင့်လည်းကောင်း၊ သက်ဆိုင်ရာအကျိုးသက်ဆိုင်သူများနှင့်လည်းကောင်း တိုင်ပင် ဆွေးနွေးပြီးနောက်၊ ပိုမိုထိရောက်၍ ဗဟိုချုပ်ကိုင်မှုလျှော့ချထားသော ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ဖြစ်စေရေးအတွက် အကြံပြုချက်များကို HCT က ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် သဘောတူညီခဲ့သည်။ ပေါင်းစပ်ညှိနှိုင်း ရေးပုံစံတစ်ခုလုံးတွင် အဓိကပြောင်းလဲမှုမှာ လူသားချင်းစာနာမှုစနစ်တစ်ခုလုံးရှိ ပါဝင်သည့်နယ်မြေ

အမျိုးမျိုးတို့ အကြားတွင် သတင်းအချက်အလက်များ တသမတ်တည်း စီးဆင်းနိုင်ရေးအတွက် တစ်နိုင်ငံလုံးရှိ ပေါင်းစပ် ညှိနှိုင်းရေးအဖွဲ့များကို (ဇုန်အလိုက်) HCTs နှင့် (ဇုန်အလိုက်) ICCGs တို့ဖြင့် ချိန်ညှိဖွဲ့စည်း ဆောင်ရွက် ရန်ဖြစ်သည်။ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့သစ်များကို တည်နေရာဇုန် (၄) ခုလုံးတွင် တူညီစွာ ဖွဲ့စည်းထားပြီး (မြေပုံတွင်ကြည့်ပါ) ဖွဲ့စည်းပုံ၊ အဖွဲ့ဝင်ဖြစ်မှု၊ ဦးဆောင်မှု၊ အစည်းအဝေးအစီအစဉ်သတ်မှတ်ခြင်းနှင့် အခြား စီစဉ်ဆောင်ရွက်မှုများတွင် တူညီသော နည်းလမ်းဖြင့် ဆောင်ရွက်ပါသည်။ ၂၀၂၃ ခုနှစ်၏ ပထမနှစ်ဝက်တွင် နိုင်ငံအဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်ရှိ လူသားချင်းစာနာမှုဆိုင်ရာ နယ်မြေများအားလုံးက ဤပြောင်းလဲမှုများကို နားလည်သဘောပေါက်စေရန်အတွက် အဖွဲ့များစုစည်းပေါင်းစပ်၍ ရှင်းလင်းဆွေးနွေး ပွဲများစွာတို့ကို ပြုလုပ်ခဲ့သည်။ မွမ်းမံပြင်ဆင်ထားသော ပေါင်းစပ်ညှိနှိုင်းရေးပုံစံကို ၂၀၂၃ ခုနှစ် စက်တင်ဘာလ (၁) ရက်နေ့မှစ၍ အပြည့်အဝလည်ပတ်ဆောင်ရွက်နိုင်ခဲ့ပြီး၊ ယခုအခါတွင် လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးလုပ်ငန်းများအတွက် လုပ်ငန်းဆောင်ရွက်မှုအဆင့်နှင့် မဟာဗျူဟာအဆင့်လမ်းညွှန်ချက်များကို ထောက်ပံ့ပေးရန် အသုံးပြုနေပြီဖြစ်သည်။ ဗဟိုချုပ်ကိုင်မှုလျှော့ချထားသော ဤပေါင်းစပ်ညှိနှိုင်းရေးပုံစံသစ်၏ အဓိကအချက်မှာ ပေါင်းစပ်ညှိနှိုင်းရေးဖိုရမ်အမျိုးမျိုးတို့တွင် ဒေသခံများနှင့် နိုင်ငံအဆင့်ပါဝင်ဆောင်ရွက်သူများ၏ ဦးဆောင်မှုအခန်းကဏ္ဍကို တိုးချဲ့ထည့်သွင်းထားခြင်းဖြစ်သည်။

အလားတူပင်၊ လူသားချင်းစာနာမှုအသိုက်အဝန်းအနေဖြင့် တုံ့ပြန်ရေးလုပ်ငန်းတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေပြီး၊ အထူးသဖြင့် နယ်စပ်ဒေသအခြေပြု ပါဝင်ဆောင်ရွက်သူများအပါအဝင် ပုံစံတကျဖွဲ့စည်းထားသော ပေါင်းစပ်ညှိနှိုင်းရေးစနစ်၏ ပြင်ပတွင်ရှိနေသည့် မိတ်ဖက်အဖွဲ့များနှင့်လည်း လုပ်ငန်းအချက်အလက်များကို စနစ်တကျနှင့် ပုံမှန်ဖလှယ်နိုင်ရန် အရေးကြီးသည်ကို အသိအမှတ်ပြုထားပါသည်။ တုံ့ပြန်ချက်ပေးရေး ကွင်းဆက်ကို ပြည့်စုံစေရန်အတွက်လည်းကောင်း၊ စီမံချက်ရေးဆွဲရေးနှင့် တုံ့ပြန်ရေးလုပ်ငန်းဆုံးဖြတ်ချက် များချမှတ်ရာတွင် ဤအဖွဲ့များ၏ အကူအညီပေးရေးအခန်းကဏ္ဍကို အပြည့်အဝထည့်သွင်းနိုင်ရန်လည်းကောင်း၊ အရေးကြီးသော အကျိုးသက်ဆိုင်သူများနှင့် အစည်းအဝေးများပြုလုပ်ခြင်း၊ အချက်အလက်ဖလှယ်ခြင်းတို့ကို လုပ်ဆောင်နေသည်။

၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံရှိ အထိခိုက်လွယ်ဆုံးပြည်သူများ၏ လိုအပ်ချက်များကို ဖြေရှင်းပေးနိုင်ရေးအတွက် တုံ့ပြန်ရေးလုပ်ငန်းတိုင်းတွင် ပေါင်းစပ်ညှိနှိုင်းရေးပုံစံသစ်အတွင်းရှိ အဖွဲ့ဝင်များ၏ ဖြည့်စွက်တန်ဖိုးများကို အပြည့်အဝမြှင့်တင်ရရှိစေရန် ပိုမိုကြိုးပမ်းဆောင်ရွက်သွားပါမည်။ သို့ရာတွင် ပေါင်းစပ်ညှိနှိုင်းရေးပုံစံသစ်ကို အထောက်အကူပြုပေးမည့် ညှိနှိုင်းရေးမှူးနေရာများအတွက် ရန်ပုံငွေထောက်ပံ့မှုနည်းပါးနေခြင်းသည် အရေးကြီး သော စိုးရိမ်မှုတစ်ခုဖြစ်နေပါသည်။

# ၂.၄။ အားလုံးပါဝင်၍ အရည်အသွေးပြည့်ဝသော စီမံကိန်းများ ဆောင်ရွက်ခြင်း

### ကာကွယ်စောင့်ရှောက်ရေးကို လုပ်ငန်းတိုင်း၌ ထည့်သွင်းပါဝင်စေခြင်း

ဘေးဒဏ်သင့်ပြည်သူများ ရင်ဆိုင်နေရသည့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ခြိမ်းခြောက်မှုများ ပိုမိုပျံ့နှံ့ ကျယ်ပြန့်လာနေသည်နှင့်အမျှ၊ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးလုပ်ငန်း၏ ရှေ့တန်းနှင့် ဗဟိုအချက်အချာနေရာတွင် ထားရှိပြီးဖြစ်ပါသည်။ ဤ HNRP ၏ ပထမဆုံးသော မဟာဗျူဟာရည်ရွယ်ချက်သည် ကာကွယ်စောင့်ရှောက်ရေးကို လုပ်ငန်းလမ်းညွှန်စည်းမျဉ်း တစ်ခုအဖြစ် စွဲမြဲစွာ ဗဟိုပြုလျက်၊ လူ့အခွင့်အရေး၊ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာမှုဥပဒေနှင့် လူသားချင်း စာနာမှုဆိုင်ရာ အခြေခံစည်းမျဉ်းများကို လေးစားမှုရှိစေရန် မြှင့်တင်ဆောင်ရွက်ပြီး၊ ကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေများနှင့် လိုအပ်ချက်များကို သတ်မှတ်ဖော်ထုတ်ရန်၊ ဖြည့်ဆည်းပေး ရန်နှင့် လျှော့ချပေးရန်ရည်ရွယ်ထားသည်။

ကာကွယ်စောင့်ရှောက်ရေးကဏ္ဍမှမဟုတ်သည့် ပါဝင်ဆောင်ရွက်သူများက ဆောင်ရွက်သည့် လူသားချင်းစာနာမှု ဆိုင်ရာလုပ်ငန်းများတွင်ပင် ထိခိုက်လွယ်ပြည်သူများက ရင်ဆိုင်နေရသည့် အခက်အခဲများနှင့်အန္တရာယ်များကို အဓိပ္ပါယ်ရှိစွာဖြင့် ဖော်ထုတ်ဖြေရှင်းပေးရန်နှင့် ၎င်းတို့အား ကူညီ၍ ကာကွယ်စောင့်ရှောက်ပေးရန် လိုအပ်ပါသည်။ အားလုံးပါဝင်မှုမရှိခြင်းနှင့် ခွဲခြားဆက်ဆံခြင်းတို့သည် ထိခိုက်နစ်နာမှုများကို အဆက်မပြတ်ဖြစ်စေပြီး၊ တုံ့ပြန်ရေးလုပ်ငန်းများ၏ သင့်တော်မှုကို လျှော့နည်းစေကာ၊ အချက်အလက်ကောက်ယူရာတွင် မပြည့်စုံမှုများကို ဖြစ်စေနိုင်သည့်အပြင် ဒေသခံတို့၏ စွမ်းရည်များကို အပြည့်အဝအသုံးမချနိုင်ဟုလည်း ဆိုလိုပါသည်။ လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးလုပ်ငန်းများကို ပုံဖော်ဆောင်ရွက်ရာတွင် အမျိုးသမီးများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများနှင့် ထိခိုက်လွယ်အုပ်စုများပါ မဖြစ်မနေပါဝင်စေရန် ဆက်လက်ကြိုးပမ်းအားထုတ်သွားရပါမည်။ တိုက်ရိုက်ချိတ်ဆက်ပါဝင်ရန်မဖြစ်နိုင်ပါက၊ ဘေးဒဏ်ခံရသည့် ပြည်သူများနှင့် ပိုမိုနီးစပ်မှုရှိပြီး ဝေးလံခေါင်ပါးသော ပဋိပက္ခဒဏ်ခံရသည့်ဒေသများတွင် ကြားခံအဖြစ် ဆောင်ရွက်ပေးနိုင်သည့် ဒေသခံတုံ့ပြန်ဆောင်ရွက်သူများမှတဆင့် ဆောင်ရွက်သွားရမည်ဖြစ်သည်။

အကျိုးသက်ဆိုင်သူအားလုံးတို့သည် လူသားချင်းစာနာမှုလုပ်ငန်းတွင် ကျားမရေးရာတန်းတူညီမျှမှု၊ စုံလင်ကွဲပြားမှု နှင့် ကာကွယ်စောင့်ရှောက်ရေးကို လုပ်ငန်းတိုင်း၌ ထည့်သွင်းပါဝင်စေခြင်းကို မြှင့်တင်နိုင်ရေးအတွက် တာဝန်မျှဝေယူရပါမည်။ ဤ HNRP တွင် တစ်ဦးချင်း၊ အုပ်စုလိုက်နှင့် ရပ်ရွာလူထုအလိုက် သီးခြား ထိခိုက်လွယ်မှုများကို စုဆုံဖြစ်ပေါ်စေသည့် ထူးခြားသော ဝိသေသလက္ခဏာများ၊ ပတ်ဝန်းကျင်နှင့် လူမှုရေးရာအချက်များကို စုစည်းနားလည်စေရန်ရည်ရွယ်၍ ကဏ္ဍများအကြား အနီးကပ်ကြည့်ရမည့် အချက်များကိုလည်း အသုံးပြုထားသည်။ ဤနည်းလမ်းသည် မတူညီသော အုပ်စုများနှင့် ပြဿနာရပ်များအတွက် ထိခိုက်လွယ်မှုများ ပေါင်းစပ်၍ ပိုဆိုးနိုင်သည်ကိုလည်းကောင်း၊ ထိခိုက်လွယ်မှုများအား ကွဲပြားခြားနားစွာ သရုပ်ဖော်ပြနိုင်သည်ကိုလည်းကောင်း အသိအမှတ်ပြုထားပါသည်။


ဤလုပ်ငန်းအောင်မြင်စေရေးအတွက် အရေးကြီးသောအချက်မှာ လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးလုပ်ငန်း အားလုံးတွင် ကာကွယ်စောင့်ရှောက်ရေးကို ထည့်သွင်းပါဝင်စေခြင်းအတွက် သင့်တော်

### လက်ခံရရှိသည့်အကူအညီများအပေါ် ကျေနပ်မှု (အိမ်ထောင်စုအလိုက်)

အိမ်ထောင်စု **(၉၂၃၀)** စုကို လေ့လာဆန်းစစ်ခဲ့သည်။

ယင်းတို့အနက် **၁၂ %** က အကူအညီ တစ်မျိုးထက်မနည်းကို လက်ခံရရှိခဲ့သည်ဟု ဖြေကြားခဲ့သည်။

**အကူအညီအပေါ်ကျေနပ်မှု**




**အကူအညီရရှိမှုနှင့်စပ်လျဉ်း၍ တုံ့ပြန်ချက်ပေးနည်းကို သိရှိသော အိမ်ထောင်စုများ၏ ရာခိုင်နှုန်း**

IDP များအနက်
**၆၂%**

နေရပ်ပြန်ရသူ၊ အခြေကျသူနှင့် ဒေသတွင်းပေါင်းစည်းဝင်ဆံ့သွားသူများအနက်
**၃၅%**

နေရပ်စွန့်ခွာရခြင်းမရှိသည့် နိုင်ငံမဲ့သူများအနက်
**၅၂%**

အခြားသော အကျပ်အတည်းဒဏ်သင့် ပြည်သူများအနက်
**၆၉%**

ရင်းမြစ်: MSNA

သော အရင်းအမြစ်များဖြင့် ထောက်ပံ့ပေးရန်ဖြစ်သည်။ ၂၀၂၃ ခုနှစ်ကဲ့သို့ပင်၊ အစုအဖွဲ့များအားလုံးသည် သက်ဆိုင်ရာလုပ်ငန်းများ၏ ကုန်ကျစရိတ်တွက်ချက်ရာ၌ ကာကွယ်စောင့်ရှောက်ရေးကို လုပ်ငန်းတိုင်း၌ ထည့်သွင်းပါဝင်စေခြင်းအတွက် သီးသန့် ၅% ကို ထပ်တိုးပေါင်းထည့်ထားပြီးဖြစ်ပါသည်။ ဤအချက်မှာ ကာကွယ်စောင့်ရှောက်ရေးကို လုပ်ငန်းတိုင်း၌ ထည့်သွင်းပါဝင်စေခြင်းလုပ်ငန်းအား တုံ့ပြန်ရေးလုပ်ငန်းစဉ်တလျှောက်လုံးတွင် စီမံချက် ထည့်သွင်းရေးဆွဲ၍ ရန်ပုံငွေထောက်ပံ့ပေးရမည့် ပုံမှန်လုပ်ငန်းတစ်ခုအဖြစ် မြှင့်တင်ဆောင်ရွက်ရန် ရည်ရွယ်ထား ခြင်းဖြစ်သည်။ ထို့အပြင် ပေါက်ကွဲစေတတ်သောလက်နက်ပစ္စည်းများကြောင့် အရပ်သားပြည်သူများအပေါ် ခြိမ်းခြောက်မှုများ ပိုမိုများပြားလာခြင်းကြောင့်လည်းကောင်း၊ မိုင်းကွင်းမြေပုံဆွဲလေ့လာခြင်းနှင့် မိုင်းရှင်းလင်းရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်စွမ်းမရှိခြင်းကြောင့်လည်းကောင်း တုံ့ပြန်ရေးလုပ်ငန်းအားလုံးတွင် ပေါက်ကွဲစေ တတ်သော လက်နက်ပစ္စည်းအန္တရာယ်အသိပညာပေးခြင်း (EORE) လုပ်ငန်းကို ထည့်သွင်းပါဝင်စေရန် ICCG က သဘောတူညီထားပြီးဖြစ်ပါသည်။ ဤလုပ်ငန်းကို မြန်မာနိုင်ငံ လူသားချင်းစာနာမှုရန်ပုံငွေ (MHF) ၏ ရန်ပုံငွေခွဲဝေချထားမှုများဖြင့် အားဖြည့်ဆောင်ရွက်ထားပါသည်။

## ဘေးဒဏ်သင့်ပြည်သူများအပေါ် တာဝန်ခံယူမှု (AAP)

မြန်မာနိုင်ငံတွင် AAP ကို အကောင်အထည်ဖော်နေသည့် အတိုင်းအတာမှာ လူသားချင်းစာနာမှုအသိုက်အဝန်း တစ်ခုလုံးတွင် ကြီးမားစွာ ကွဲပြားခြားနားကြသည်။ အဖွဲ့အစည်းအချို့တွင် ကောင်းစွာတည်ထောင်ထားသော အဖွဲ့တွင်းတိုင်ကြားချက်နှင့် တုံ့ပြန်ချက်ပေးခြင်းလုပ်ငန်းစဉ်များဖြင့် အထောက်အကူပြုထားပြီး ခိုင်မာ အားကောင်းသည့် AAP မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ ရှိထားပြီးဖြစ်သော်လည်း၊ အချို့အဖွဲ့အစည်းများမှာမူ AAP ကို အဓိပ္ပါယ်ပြည့်ဝစွာ ပေါင်းစည်းထည့်သွင်းနိုင်ရေးအတွက် ဖြည့်စွက်သင်တန်းများ၊ အရင်းအမြစ်များ အပါအဝင် အထောက်အပံ့များစွာကို လိုအပ်နေသေးသည်။ အချို့ဖြစ်ရပ်များတွင် AAP လုပ်ငန်း အစိတ်အပိုင်းများသည် စီမံကိန်းများနှင့်အစီအစဉ်များတွင် ပါရှိသော်လည်း၊ ရှင်းလင်းစွာဖွင့်ဆိုထားခြင်း သို့မဟုတ် ပိုမိုကျယ်ပြန့်စွာ အစီရင်ခံထားခြင်း မရှိကြပါ။ အချို့အဖွဲ့အစည်းများမှာမူ AAP လုပ်ငန်းများအား နားလည်ခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်း၏ အစောပိုင်းအဆင့်များတွင်သာ ရှိနေဆဲဖြစ်သည်။

ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများစွာရှိနေဆဲဖြစ်သော်လည်း၊ ၂၀၂၃ ခုနှစ် MSNA ဆန်းစစ်မှုလုပ်ငန်း၏ တွေ့ရှိချက်များအရ MSNA မပြုလုပ်မီ (၁၂) လအတွင်း အကူအညီတစ်မျိုးမျိုးကို လက်ခံရရှိခဲ့သည့် အိမ်ထောင်စုများအနက် အားလုံးနီးပါးတို့က ယင်းအကူအညီသည် ၎င်းတို့၏ လိုအပ်ချက်များအတွက် သင့်လျော်မှုရှိကြောင်းနှင့် လူဦးရေအုပ်စုအားလုံးတို့က ယင်းအကူအညီများအပေါ် ၉၀% ကျေနပ်မှုရှိကြောင်း (ခြွင်းချက်အဖြစ် အခြားသော အကျပ်အတည်းဒဏ်သင့်ပြည်သူများက ၈၃% ကျေနပ်မှုရှိခဲ့သည်) စိတ်အားတက်ဖွယ် ဖော်ပြနေပါသည်။ သို့ရာတွင် အိမ်ထောင်စုအနည်းငယ်ကသာ တုံ့ပြန်ချက်များပေးနိုင်ကြောင်းနှင့် တုံ့ပြန်ချက်မည်သို့ပေးရမည်ကို သိရှိကြောင်း ဖြေကြားခဲ့ပါသည်။ စစ်တမ်းရလဒ်များအရ နေရပ်စွန့်ခွာ ရခြင်းမရှိသည့် နိုင်ငံမဲ့သူများအနက် ၅၂% က တုံ့ပြန်ချက်မည်သို့ပေးရမည်ကို သိရှိကြပြီး၊ အခြားလူဦးရေအုပ်စု (၃) စုမှာမူ ပျမ်းမျှအားဖြင့် ၄၂% က သိရှိကြောင်း ဖော်ပြခဲ့သည်။ ထို့အပြင် အိမ်ထောင်စုများအနက် ၅% မှ ၁၃% အထိကသာ သတင်းအချက်အလက်များအကြောင်း သို့မဟုတ် လက်ခံရရှိသည့်အကူညီများအကြောင်း သို့မဟုတ် အကူအညီလုပ်သားများ၏ အပြုအမူများအကြောင်းကို လူသားချင်းစာနာမှုအဖွဲ့အစည်းများသို့ အမှန်တကယ် တုံ့ပြန်ချက်များ ပေးအပ်ခဲ့သည်။ ဤအချက်က ဘေးဒဏ်ခံရသည့်ပြည်သူများအနေဖြင့် အကူညီပေးအပ်သူ များသို့ တုံ့ပြန်ချက်များမည်သို့ပေးရမည်ကို နားလည်ရေးနှင့် တုံ့ပြန်ချက်များ ပေးရာတွင် လွယ်ကူသည်ဟု ခံစားရစေရေးအတွက် ယင်းဘေးဒဏ်သင့်ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရန် များစွာလိုအပ်နေသေးကြောင်း ဖော်ပြနေပါသည်။

ပဋိပက္ခများအဆက်မပြတ်ဖြစ်ပွားနေခြင်း၊ ဝင်ရောက်ကူညီသွားလာရေးအကန့်အသတ်ရှိခြင်း၊ အချက်အလက် ကောက်ယူရေး၊ အစီရင်ခံရေး၊ အကောင်အထည်ဖော်ရေးနှင့် အသိပညာထိန်းသိမ်းထားရေးတို့ကို ထိခိုက်စေသည့် ဝန်ထမ်းအလုပ်ထွက်မှုများခြင်းစသည့် အခြေအနေများအကြားတွင် လုပ်ငန်းဆောင်ရွက်မှုပတ်ဝန်းကျင်သည် AAPလုပ်ဆောင်ချက်များကို ဆက်လက်စိန်ခေါ်နေဆဲဖြစ်သည်။ အဖွဲ့အစည်းများနှင့် ပြည်နယ်/တိုင်းဒေသကြီး အဆင့်တွင် ဦးဆောင်လှုပ်ရှားသူချန်ပီယံများအဖြစ် ဆောင်ရွက်ပေးမည့် AAP သီးသန့်ဦးတည်ပုဂ္ဂိုလ်များ မလုံလောက်ခြင်းကလည်း နောက်ထပ်အခက်အခဲတစ်ခုဖြစ်နေပြီး၊ ဘေးဒဏ်ခံရသည့်ပြည်သူများ အပေါ်တာဝန်ခံယူ ခြင်းနှင့် ရပ်ရွာလူထုနှင့် လက်တွဲဆောင်ရွက်ရေး လုပ်ငန်းအဖွဲ့ (AAP/CE) က လိုအပ်သည့် သင်တန်းများ ပို့ချနိုင်ရေး၊ သတင်းအချက်အလက်နှင့် အရင်းအမြစ်များကို လိုအပ်သည့်ပမာဏအထိ မျှဝေနိုင်ရေးတို့ကို နှောင့်နှေးစေပါသည်။ ၂၀၂၃ ခုနှစ်တွင် လူကိုယ်တိုင်တက်ရောက်ရမည့် သင်တန်း (၅) ခုကို သင်တန်းသား စုစုပေါင်း (၁၅၀) ဦးဖြင့် ဖွင့်လှစ်ပို့ချရန် စီစဉ်ခဲ့သော်လည်း၊ သင်တန်းတစ်ခုစီအတွက် တက်ရောက်ရန် လျှောက်ထားသူ (၉၀၀)ကျော်သည်အထိ အလွန်အမင်းများပြားခဲ့ရာ ဤလုပ်ငန်းနယ်ပယ်တွင် အသိပညာ လိုအပ်ချက်မြင့်မားကြောင်း ဖော်ပြနေပါသည်။

၂၀၂၄ ခုနှစ်တွင် AAP/CE လုပ်ငန်းအဖွဲ့သည် ရပ်ရွာလူထုဟစ်သံအစီအစဉ် (CVP) ဖော်ဆောင်ခြင်း အပါအဝင် လုပ်ငန်းစီမံချက်တွင် သတ်မှတ်ထားသည့် လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ရပ်ရွာလူထုဟစ်သံစင်မြင့်အစီအစဉ်သည် ဘေးဒဏ်သင့်ပြည်သူများအား ကူညီပေးနေသည့် အဖွဲ့အစည်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်နှင့်စပ်လျဉ်းသည့် အမြင်များနှင့် မှတ်ချက်များကို မျှဝေနိုင်ရန် လုပ်ပိုင်ခွင့်ပေးခြင်းအားဖြင့် လူသားချင်းစာနာမှုဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ရာတွင် ဘေးဒဏ်သင့်ပြည်သူများကို ဗဟိုပြုရန် ရည်ရွယ်ပါသည်။ ဤအစီအစဉ်သည် ဘေးဒဏ်သင့်ပြည်သူများ၏ လိုအပ်ချက်များနှင့် အခက်အခဲများအတွက် ထိုးထွင်းအမြင်များကို ထောက်ပံ့ပေးခြင်းအားဖြင့် စည်းမျဉ်းများနှင့်ကိုက်ညီပြီး ထိရောက်သော လူသားချင်းစာနာမှုလုပ်ငန်းကို ဆောင်ရွက်နိုင်စွမ်းရှိစေပြီး၊ လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်သူများက ကြိုတင်အသိပေးထားသည့် ဆုံးဖြတ်ချက်ချမှတ်မှုလုပ်ငန်းစဉ်ကို ပံ့ပိုးကူညီရန်၊ အစီအစဉ်များကို လိုက်လျောညီထွေဆောင်ရွက်ရန်၊ မူဝါဒနှင့်လုပ်နည်းလုပ်ဟန်များကို စုပေါင်းတိုးတက်စေရေး ကူညီပေးရန်အတွက် ဒီဇိုင်းရေးဆွဲထားပါသည်။ ဤစီမံကိန်းကို ဆောင်ရွက်ရန် အရေးတကြီးလိုအပ်နေသော်လည်း စွမ်းဆောင်ရည်နှင့်အသိပညာဆိုင်ရာ ကွာဟချက်များရှိနေခြင်းကြောင့် စီမံကိန်းဖော်ဆောင်မှု နှေးကွေးခဲ့ပါသည်။ သို့သော် အဓိကအချက်မှာ ယနေ့အထိ သီးသန့်ရန်ပုံငွေထောက်ပံ့မှုမရှိခြင်းကြောင့်ဖြစ်သည်။

AAP ဆိုင်ရာ အချက်အလက်များနှင့် အရင်းအမြစ်များကို https://themimu.info/sector/accountabilityaffected-people-aap တွင် ကြည့်နိုင်ပါသည်။

**လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်အမြတ်ထုတ်မှုနှင့် အလွဲသုံးစားမှု (PSEA) နှင့် ပဋိပက္ခနှင့် ဆက်စပ်ဖြစ်ပွားသည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု (CRSV)**

လက်နက်ကိုင်များနှင့် အနီးကပ်ရှိနေပြီး အကူအညီ အလွန်လိုအပ်နေသည့် ထိခိုက်လွယ်ပြည်သူ အများအပြားရှိနေသော လက်ရှိအကျပ်အတည်းသည် GBV ၊ SEA နှင့် CRSV တို့အတွက် ထိခိုက်လွယ်မှုများကို မြင့်တက်စေပါသည်။ လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက်သစ်အရေအတွက် လျင်မြန်စွာ မြင့်တက်လာခြင်း၊ အရေးကြီးလိုအပ်ချက်များ များပြားလာခြင်းကြောင့် ဝန်ထမ်းများကို လျင်မြန်စွာ ခန့်အပ်ရခြင်းနှင့် ဝန်ထမ်း အလုပ်ထွက်မှု များပြားခြင်းတို့ကြောင့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် အလွဲသုံးစားပြုမှု နှင့် ထိတွေ့ရင်ဆိုင်ရမှု ပိုများလာပြီး၊ SEA ဆိုင်ရာ အန္တရာယ်ဖြစ်နိုင် ခြေများကို ပိုဆိုးလာစေသည်။

၂၀၂၃ ခုနှစ်၏ ပထမ ကိုးလအတွင်းတွင် လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများအား လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် အလွဲသုံးစားပြုမှုဖြင့် စွပ်စွဲတိုင်ကြားမှု (၇) မှုရှိခဲ့ရာ ၂၀၂၂ ခုနှစ်တွင် (၅) မှုနှင့် ၂၀၂၁ ခုနှစ်တွင် (၁) မှုသာရှိခဲ့သည်။

PSEA ကွန်ရက်၏ ၂၀၂၃ ခုနှစ်လုပ်ငန်းစီမံချက်အရ ဆောင်ရွက်ရမည့် လုပ်ငန်းများအနက် ၈၅% ခန့်ပြီးစီးခဲ့ရာ သင်တန်းများ၊ ခေါင်းဆောင်မှုစကားဝိုင်း၊ အသိအမြင်ဖွင့်ပေးခြင်းနှင့် မိတ်ဖက်များနှင့် လက်တွဲဆောင်ရွက်ခြင်းတို့ ပါဝင်ပါသည်။ ဤလုပ်ငန်းစီမံချက်ကို PSEA ကွန်ရက်နှင့် အခြားသော မိတ်ဖက်အဖွဲ့များက နိုင်ငံအဆင့် တွင်လည်းကောင်း၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် အရှေ့တောင်ပိုင်း ဒေသတို့၌လည်းကောင်း အကောင်အထည်ဖော်နေခြင်းဖြစ်သည်။ ဤလုပ်ငန်းများအား လွှမ်းခြုံဆောင်ရွက်နိုင်မှုမှာ ရန်ပုံငွေမရှိခြင်းကြောင့် အကန့်အသတ်များဖြစ်နေပြီး၊ ၂၀၂၄ ခုနှစ်တွင် လုပ်ငန်းများ ပိုမိုဖြန့်ကြက်ရောက်ရှိရန်နှင့် အချိန်ပြည့်တာဝန်ထမ်းဆောင်မည့် PSEA ညှိနှိုင်းရေးမှူးတစ်ဦးဖြင့် ဝန်ဆောင်မှုများ အဆက်မပြတ်ပေးအပ်နိုင်ရန်အတွက် ထပ်တိုးရန်ပုံငွေများကို လိုအပ်နေပါသည်။ ၂၀၂၄ ခုနှစ်တွင် PSEA ကွန်ရက်သည် သက်ဆိုင်ရာ သတင်းအချက်အလက်များကို စဉ်ဆက်မပြတ်သုံးသပ်ပြီး၊ မြန်မာနိုင်ငံ သတင်းအချက်အလက်စီမံခန့်ခွဲရေးယူနစ် (MIMU) ဝဘ်ဆိုဒ်တွင် ဆက်လက်တင်ပြသွားမည်ဖြစ်သည်။[18]

လုံခြုံရေးအခြေအနေပိုဆိုးလာခြင်းသည် လက်နက်ကိုင်များက အရပ်သားများနှင့် ပိုမိုထိတွေ့ဆက်ဆံလာခြင်း နှင့်ပေါင်းစပ်၍ ပဋိပက္ခတွင် ပါဝင်နေသူများက ကျူးလွန်သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို မြင့်တက်လာစေပါသည်။ ဥပဒေစိုးမိုးမှုအားနည်းခြင်း၊ တရားစီရင်ရေးနှင့် ဥပဒေသက်ရောက်စေရေး လုပ်ငန်းစဉ်များအပေါ် ယုံကြည်မှုမရှိခြင်း၊ CRSV အပါအဝင် GBV ပုံစံအားလုံးမှ ရှင်သန်ကျန်ရစ်သူများကို ကူညီပေးသည့်စနစ်များမရှိခြင်းတို့ကြောင့် GBV နှင့် CRSV ကျူးလွန်သူများအနေဖြင့် အရေးယူခံရမည်ကို ကြောက်လန့်နေစရာမလိုဘဲ ပုံမှန်အတိုင်းနေထိုင်နိုင်ပြီး၊ ရှင်သန်ကျန်ရစ်သူများကမူ ဖယ်ကြဉ်ခံရခြင်း၊ ကြောက်လန့်ခြင်း သို့မဟုတ် ယုံကြည်မှုမရှိခြင်းတို့ကြောင့် အကူအညီတောင်းခံနိုင်ခြင်းမရှိသည့် ပတ်ဝန်းကျင် တစ်ခုကို ရင်ဆိုင်နေရသည်။ စောင့်ကြည့်လေ့လာခြင်း၊ စိစစ်ပိုင်းခြားခြင်းနှင့်အစီရင်ခံခြင်း အစီအစဉ်များ (MARA) လုပ်ငန်းအဖွဲ့သည် CRSV ရှင်သန်ကျန်ရစ်သူများက လိုအပ်သော ဝန်ဆောင်မှုများကို လက်လှမ်းမီရရှိနိုင်စေရေး အတွက်၊ အထူးသဖြင့် GBV တာဝန်ခံလုပ်ငန်းအဖွဲ့ (GBV AoR) နှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး တာဝန်ခံလုပ်ငန်းအဖွဲ့ (CP AoR) တို့အပါအဝင် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပါဝင်ဆောင်ရွက်သူများနှင့် ဆက်လက်၍ အနီးကပ်လုပ်ဆောင်သွားပါမည်။ ဤသို့ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် လွှဲပြောင်းပေးအပ်ရေး အကူအညီများသည် ရှင်သန်ကျန်ရစ်သူများကို ဗဟိုပြုသည့် အစီရင်ခံခြင်းနှင့် အကူအညီပေးခြင်းစနစ်အတွက် အရေးကြီးပါသည်။

**ကျားမရေးရာ၊ အသက်အရွယ်၊ မသန်စွမ်းမှုနှင့် အခြားသော စုံလင်ကွဲပြားမှုများ**

စုံလင်ကွဲပြားမှုဆိုင်ရာ စဉ်းစားချက်များကို လူသားချင်းစာနာမှု အစီအစဉ်စက်ဝန်း (HPC) တစ်လျှောက်လုံးတွင် လည်းကောင်း၊ သီးသန့်အစုအဖွဲ့များ၏ စီမံကိန်းများတွင်လည်းကောင်း ပေါင်းစည်းထည့်သွင်းထားပြီး၊ ကျားမ၊ အသက်နှင့် မသန်စွမ်းမှုအလိုက်ခွဲခြားထားသည့် အချက်အလက်များကို အသုံးပြုခြင်း၊ လူသားချင်းစာနာမှုလုပ်ငန်းတွင် ကျားမရေးရာပါဝင်မှု (GiHA) ၏ ရပ်ရွာတွင်းအဖွဲ့ငယ်ဆွေးနွေးဝိုင်း (CoP) အစီအစဉ်မှ ထောက်ပံ့သည့် ကျားမရေးရာစိစစ်ပိုင်းခြားမှုပြုလုပ်ခြင်းတို့လည်း ပါဝင်ကြသည်။ GiHA CoP အစီအစဉ်သည် အထူးသဖြင့် လိုအပ်ချက်ဆန်းစစ်ရေးလုပ်ငန်းများ၌ ကျားမရေးရာစိစစ်ပိုင်းခြားခြင်းအပါအဝင် နည်းလမ်းများ၊ မဟာဗျူဟာများ နှင့် ကျားမရေးရာကို လုပ်ငန်းတိုင်း၌ ထည့်သွင်းပါဝင်စေရေးအား အထောက်အကူပြုသည့် ချဉ်းကပ်နည်းများ နှင့်စပ်လျဉ်းသည့် သင်တန်းများကို ဆက်လက်ထောက်ပံ့နေသည်။ စီမံကိန်းများတွင် အသက်အရွယ်အလိုက် ကျားမရေးရာ မှတ်သားခြင်း (Gender with Age Marker) အား ဆက်လက်အသုံးပြုနေပြီး၊ ၂၀၂၄ ခုနှစ်အတွင်း အစီအစဉ်များကို လမ်းညွှန်ပေး

၂၀၂၄ ခုနှစ်အတွက် PSEA မဟာဗျူဟာ (၃) ရပ်

(၁) အစီအစဉ်များဆောင်ရွက်ရာတွင် SEA ကာကွယ်စောင့်ရှောက်ပေးခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် လျှော့ချခြင်းလုပ်ငန်းများကို ဦးစားပေးဖြစ်စေရေးအတွက် အကြီးတန်းဦးဆောင်သူများအကြားတွင် SEA ဆိုင်ရာတာဝန်ခံယူမှုမြှင့်တင်နိုင်ရန် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် HCT တို့နှင့် ချိတ်ဆက်ဆောင်ရွက်ရန်။

(၂) ထိခိုက်မှုဖြစ်ရပ်များ၊ တုံ့ပြန်ချက်ပေးခြင်းနှင့် တိုင်ကြားရေးလုပ်ငန်းစဉ်များအတွက် ဝန်ဆောင်မှုပေးခြင်းနှင့် အမှုစီမံခန့်ခွဲရေးတို့နှင့်စပ်လျဉ်း၍ အစုအဖွဲ့များနှင့်လည်းကောင်း၊ နယ်ပယ်အလိုက်အဖွဲ့များနှင့် လည်းကောင်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန်။

(၃) PSEA ကို ဒေသတွင်းတွင် အချိန်မြင့်တင်တုံ့ပြန်နိုင်စေမည့် မူဝါဒများအား ထိရောက်စွာ အကောင်အထည်ဖော် နိုင်ရေးအတွက် ဒေသခံအဖွဲ့အစည်းများ၏ စိတ်ဝင်စားမှုရရှိစေရန် ပြည်နယ်/တိုင်းဒေသကြီးအဆင့် PSEA ကွန်ရက်ညှိနှိုင်းရေးမှူးများ[19] နှင့် ဆက်လက်ချိတ်ဆက်ဆောင်ရွက်ရန်။

ရန်အတွက် အစုအဖွဲ့အလိုက် နောက်ဆုံးရအချက်များဖြင့် မွမ်းမံထားသည့် ကျားမရေးရာအထူးအချက်အလက်သတင်းလွှာများ (tip sheets) ကိုလည်း ရရှိနိုင်ပြီဖြစ်သည်။ အထူးသဖြင့် အမျိုးသမီးများဦးဆောင်သည့် CSOs များအပါအဝင် ဒေသခံလူသားချင်းစာနာမှုဆိုင်ရာ ပါဝင်ဆောင်ရွက်သူများ၏ နည်းပညာကျွမ်းကျင်မှုတိုးတက်စေရေးအတွက် GiHA သင်ရိုးညွှန်းတမ်းများကိုလည်း ရရှိနိုင်ပါသည်။ GiHA CoP အစီအစဉ်သည် ကျားမရေးရာလျှင်မြန်စွာစိစစ်ပိုင်းခြားခြင်း နည်းလမ်းကို အသုံးပြု၍ "မည်သူ့ကိုမျှ ချန်လှပ်ထားခြင်းမရှိစေရေး" စည်းမျဉ်းကို ထောက်ပံ့ပေးနေသည်။ ယင်းနည်းလမ်းကို မြန်မာနိုင်ငံတွင် ကျယ်ပြန့်စွာ အသုံးပြုရန်အတွက် ၂၀၂၄ ခုနှစ်အတွင်း အသင့်ဖြစ်နေမည်ဟု မျှော်မှန်းထားသည်။

မသန်စွမ်းသူများအားလုံးပါဝင်စေခြင်းဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့ (TAG DI) ၏ လမ်းညွှန်ချက်ဖြင့် ၂၀၂၃ ခုနှစ်တွင် မသန်စွမ်းမှုများကို ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်၍ အားလုံးပါဝင်သော အစီအစဉ်ရေးဆွဲခြင်း လုပ်ငန်းကို တိုးတက်စေမည့် အဆင့်များစွာတို့ကို ဆောင်ရွက်ခဲ့ရာ၊ မသန်စွမ်းသူအဖွဲ့အစည်း (OPDs) (၁၀) ဖွဲ့မှ ကိုယ်စားလှယ် (၂၃) ဦးနှင့် တိုင်ပင်ဆွေးနွေးပွဲတစ်ခုလည်း ပါဝင်သည်။ ယင်းဆွေးနွေးပွဲတွင် မသန်စွမ်းသူ စုံလင်စွာပါဝင်ပြီး၊ မြန်မာစကားဖြင့် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကာ၊ လက်ဟန်ပြဘာသာစကားဖြင့် ဘာသာပြန် ပေးသူများလည်း ပါဝင်ခဲ့သည်။ ထို့ကြောင့် ဆွေးနွေးပွဲတက်ရောက်သူများက မိမိတို့၏ အတွေ့အကြုံများကို မျှဝေ၍ လူသားချင်းစာနာမှုနှင့် အရေးပေါ် အခြေအနေများတွင် မသန်စွမ်းသူများ ပါဝင်စေရန်နှင့် ပိုမိုကောင်းမွန်စွာကူညီပေးရန်အတွက် လုပ်ကိုင်နိုင်စွမ်းရှိစေမည့် အချက်များနှင့် အတားအဆီးများကို မီးမောင်းထိုးဖော်ပြနိုင်ခဲ့ကြသည်။

၂၀၂၄ ခုနှစ်တွင် မသန်စွမ်းသူများအားလုံးပါဝင်စေခြင်းဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့သည် အောက်ပါအရေးကြီးနယ်ပယ် (၄) ခုတွင် ICCG နှင့် ပူးပေါင်း၍ လုပ်ငန်းများဆောင်ရွက်ပါမည် -

(၁) တိုင်ပင်ဆွေးနွေးခြင်း - အကူအညီအလိုအပ်ဆုံးသူများသို့ ဖြန့်ကြက်ရောက်ရှိနိုင်ရန်အတွက် ဒေသခံ မသန်စွမ်းသူအဖွဲ့အစည်းများ (OPDs) အား ကူညီထောက်ပံ့၍ လုပ်ပိုင်ခွင့်ပေးပါမည်။ OPDs များက ပိုမိုကျယ်ပြန့်သော လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးလုပ်ငန်းများအတွက် အကြံဉာဏ်များပေးနိုင်ရန် လမ်းကြောင်းတစ်ခုကို ထောက်ပံ့ပေးပါမည်။

(၂) အချက်အလက် - အသိပညာကွာဟချက်များကို ပေါင်းကူးဖြည့်ဆည်းရန်နှင့် မသန်စွမ်းမှု၊ ကျားမ၊ အသက်အရွယ်နှင့် ကျားမရေးရာသီးသန့်အချက်အလက်များကို ထိရောက်စွာခွဲခြားဖော်ပြနိုင်သည့် နည်းလမ်းများကို ဖော်ထုတ်ရန်အတွက် အဓိကကဏ္ဍမှ ပါဝင်သူများ၊ နည်းပညာကျွမ်းကျင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပါမည်။

(၃) တိုက်တွန်းလှုံ့ဆော်ခြင်း - အလှူရှင်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ လူသားချင်းစာနာမှု အဖွဲ့အစည်းများအပါအဝင် အကျိုးသက်ဆိုင်များကို ဦးတည်သည့် တိုက်တွန်းလှုံ့ဆော်ရေးတင်ပြချက် များတွင် ထည့်သွင်းရန်အတွက် အဓိကသတင်းစကားများနှင့် အကြံပြုချက်များကို ထောက်ပံ့ပေးပါမည်။

(၄) အစပျိုးလုပ်ငန်းများ - တုံ့ပြန်ရေးလုပ်ငန်းတိုင်းတွင် မသန်စွမ်းမှုကို ပေါင်းစည်းထည့်သွင်းစေရန်အတွက် မြန်မာနိုင်ငံလူသားချင်းစာနာမှုရန်ပုံငွေ (MHF)၊ ပညာရေး၊ ကျန်းမာရေးနှင့် ကာကွယ်စောင့်ရှောက်ရေး အစုအဖွဲ့များ၊ AAP လုပ်ငန်းအဖွဲ့၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး တာဝန်ခံလုပ်ငန်းအဖွဲ့၊ GBV တာဝန်ခံလုပ်ငန်းအဖွဲ့နှင့် အခြားအဖွဲ့များကို နည်းပညာအထောက်အကူပြုပေးပါမည်။

နယ်ပယ်အလိုက်လုပ်ငန်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ပေါင်းစပ်ညှိနှိုင်းမှုတို့ကို ခိုင်မာအားကောင်း စေခြင်းနှင့် လူသားချင်းစာနာမှု လုပ်ငန်းတွင် ကျားမ၊ အသက်အရွယ်၊ မသန်စွမ်းမှုနှင့်စုံလင်ကွဲပြားမှုဆိုင်ရာ နည်းလမ်းများကို စနစ်တကျအသုံးချခြင်းတို့သည် ထိခိုက်လွယ်သူများနှင့် အပယ်ခံအုပ်စုများအားလုံးက ကာကွယ်စောင့်ရှောက်မှုများအား ခံစားနိုင်စွမ်းရှိစေရေးနှင့် ၎င်းတို့၏ အခွင့်အရေးများအား တန်းတူညီမျှသော နည်းလမ်းဖြင့် ကျင့်သုံးနိုင်စေရေးအတွက် အရေးကြီးပါသည်။

**ဒေသအလိုက်ကိုက်ညီအောင်ဆောင်ရွက်ခြင်း**

ဒေသခံအဖွဲ့အစည်းများက ဒေသတွင်းတွင် တုံ့ပြန်ရေးဖြေရှင်းနည်းများဖွံ့ဖြိုးလာခြင်း၊ ဒေသခံရပ်ရွာလူထုနှင့် ချိတ်ဆက်မှုများတိုးတက်လာခြင်း၊ ဝင်ရောက်ကူညီသွားလာရေးနှင့် ဒေသခံကွန်ရက်များကောင်းမွန်ခြင်း။ ကုန်ကျစရိတ်သက်သာထိရောက်သည့် နည်းလမ်းများနှင့် ရေရှည်တည်တံ့မှုတို့ဖြင့် ထူးခြားစွာ ပါဝင်ကူညီလာခြင်းတို့ကို အသိအမှတ်ပြုထားခြင်းကြောင့်၊ ၂၀၂၄ ခုနှစ်အတွင်း လုပ်ငန်းများအားလုံးတွင် ဒေသခံအဖွဲ့အစည်းများအား လုပ်ပိုင်ခွင့်ပေးခြင်းသည် အဓိကဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် ဆက်လက် တည်ရှိနေမည်ဖြစ်သည်။ HCT ၏ဒေသအလိုက်ကိုက်ညီအောင်ဆောင်ရွက်ခြင်းမဟာဗျူဟာသစ်ဖြင့် လမ်းညွှန်မှု အောက်တွင် လူသားချင်းစာနာမှုအသိုက်အဝန်းသည် ၂၀၂၄ ခုနှစ်တွင် ဒေသခံပါဝင်ဆောင်ရွက်သူများအတွက် အားလုံးပါဝင်၍ အန္တရာယ်များကို ထိရောက်စွာစဉ်းစားထားသော ပေါင်းစပ်ညှိနှိုင်းရေး အစီအစဉ်များ ရရှိနိုင်ရေး၊ အသက်ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်စွမ်းရှိစေမည့် ရန်ပုံငွေပိုမိုထောက်ပံ့ရေးနှင့် ပြောင်းလွယ်ပြင်လွယ်ရှိသော သတ်မှတ်ချက်များဖြစ်စေရန် တိုက်တွန်းလှုံ့ဆော်ပေးရေးအတွက် လုပ်ကိုင်ဆောင်ရွက်ပါမည်။ ၂၀၂၃ ခုနှစ်တွင် အောင်မြင်ခဲ့သောလုပ်ငန်းများ၌ ပြောင်းလွယ်ပြင်လွယ်ပိုရှိသော ရန်ပုံငွေထောက်ပံ့ရေး အစီအစဉ်များကို ဆွေးနွေးညှိနှိုင်းခြင်း၊ ဒေသခံများသို့ ရန်ပုံငွေထောက်ပံ့ရေး လျာထားချက်များသတ်မှတ်ပေးခြင်း၊ ဘာသာပြန်/တိုက်ရိုက်ပြန်ဆိုမှုဝန်ဆောင်မှုများ ထောက်ပံ့ပေးခြင်း၊ နိုင်ငံအဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီး အဆင့်များရှိ အဓိကပေါင်းစပ်ညှိနှိုင်းရေး အဖွဲ့များတွင် ဒေသခံများက အဖွဲ့ဝင်အဖြစ် တိုးချဲ့ပါဝင်ခြင်း၊ HPC ၏ အစိတ်အပိုင်းတစ်ခုအဖြစ် အားလုံးပိုမိုပါဝင်သော တိုင်ပင်ဆွေးနွေးပွဲများ စီစဉ် ပြုလုပ်ခြင်းစသည်တို့ ပါဝင်ကြသည်။

**HCT ၏ ဒေသအလိုက်ကိုက်ညီအောင်ဆောင်ရွက်ခြင်းမဟာဗျူဟာ**



၂၀၂၄ ခုနှစ်တွင်၊ ဒေသခံပါဝင်ဆောင်ရွက်သူများက လူသားချင်းစာနာမှု အသိုက်အဝန်းအတွင်း တန်းတူမျှတသော မိတ်ဖက်များအဖြစ် အဓိပ္ပါယ်ပြည့်ဝစွာ လက်တွဲဆောင်ရွက်နိုင်မည့် အားထုတ်ကြိုးပမ်းမှုများကို HCT ၏ ဒေသအလိုက်ကိုက်ညီအောင်ဆောင်ရွက်ခြင်းမဟာဗျူဟာကို အခြေခံ၍ ဆက်လက်ဆောင်ရွက်သွားပါမည်။ HCT အနေဖြင့် အလှူရှင်များက ပြည်တွင်းရှိ ပါဝင်ဆောင်ရွက်သူများ၏ ကုန်ကျစရိတ်များကို သင့်တင့်မျှတစွာ ပြန်လည်ခွင့်ပြုပေးနိုင်မည့် ပြောင်းလွယ်ပြင်လွယ်ပိုရှိသော ရန်ပုံငွေထောက်ပံ့ရေးဖြစ်စေရန် လည်းကောင်း၊ ကြားခံအဖွဲ့များအဖြစ် ဝန်ဆောင်မှုပေးနိုင်ရန် နည်းပညာ ကျွမ်းကျင်မှုနှင့် စီမံခန့်ခွဲရေးစွမ်းရည်များ လုံလောက်စွာပိုင်ဆိုင်ထားသည့် ပါဝင်ဆောင်ရွက်သူများ၏ အဖွဲ့စုများ အပါအဝင် ဒေသခံနှင့် နိုင်ငံအဆင့် ပါဝင်ဆောင်ရွက်သူများအတွက် တိုက်ရိုက်ရန်ပုံငွေထောက်ပံ့မှု တိုးမြှင့်ပေးရန် လည်းကောင်း တိုက်တွန်းလှုံ့ဆော်ပေးသွားပါမည်။ သွယ်ဝိုက်ကုန်ကျစရိတ်များကို ထောက်ပံ့ပေးရာတွင် "ဒေသခံနှင့် နိုင်ငံအဆင့်မိတ်ဖက်အဖွဲ့များအား ကြီးကြပ်ရေးစရိတ်များထောက်ပံ့ခြင်းဆိုင်ရာ IASC လမ်းညွှန်ချက်"နှင့် ချိန်ညှိဆောင်ရွက်ခြင်းဖြင့် ရန်ပုံငွေများကို တန်းတူမျှတစွာ ထောက်ပံ့ပေးရန် လုပ်ဆောင်ပါမည်။[20]

HCT ၏ ဒေသအလိုက်ကိုက်ညီအောင်ဆောင်ရွက်ခြင်းမဟာဗျူဟာ

- ဒေသခံနှင့် နိုင်ငံအဆင့် ပါဝင်ဆောင်ရွက်သူများ၊ နိုင်ငံတကာ INGOs များ၊ ကြက်ခြေနီ/ လခြမ်းနီလှုပ်ရှားမှု၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ စုပေါင်းအားထုတ်မှုဖြင့် ၂၀၂၃ ခုနှစ်တွင် ရေးဆွဲခဲ့သည်။

- ဒေသခံနှင့် နိုင်ငံအဆင့်ပါဝင်ဆောင်ရွက်သူများအား အရေးပေါ်အခြေအနေတုံ့ပြန်ရေး၊ ကြိုတင် ပြင်ဆင်ရေးနှင့် စီမံချက်ရေးဆွဲရေးတွင် အရေးကြီးသော မောင်းနှင်အားများအဖြစ်လည်းကောင်း၊ ကြိုတင်သတိပေးစနစ်နှင့် သတင်းအချက်အလက်မျှဝေရေးစနစ်များတွင် အဓိက အကျိုးသက်ဆိုင်သူများ အနေဖြင့်လည်းကောင်း အသိအမှတ်ပြုထားသည်။

- ကာလရှည်မဟာဗျူဟာ မိတ်ဖက်ဖွဲ့စည်းဆောင်ရွက်ခြင်းနှင့် အန္တရာယ်ဖြစ်နိုင်ခြေများကို မျှဝေ စီမံခန့်ခွဲခြင်းဖြင့် တန်းတူမျှတသော လက်တွဲ ဆောင်ရွက်မှုကို မြှင့်တင်ပေးသည်။

- ဒေသခံနှင့် နိုင်ငံအဆင့် အဖွဲ့အစည်းများ၊ ယင်းတို့၏ ဆက်စပ်ဒေသပြုအဖွဲ့အစည်းများကို တန်းတူ မျှတစွာ ကိုယ်စားပြုခွင့်ပေး ရန်၊ အရင်းအမြစ်များထောက်ပံ့ပေးရန်၊ နိုင်ငံအဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်နှစ်မျိုးလုံးရှိ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များနှင့် သက်ဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ် ရေးလုပ်ငန်းစဉ်များတွင် ဦးဆောင်မှုနေရာများအပါအဝင် အဓိပ္ပါယ်ပြည့်ဝစွာ ပူးပေါင်းပါဝင်ရေးအတွက် လုပ်ပိုင်ခွင့်ပေးရန် ကတိကဝတ်ပြုသည်။

- မိတ်ဖက်ဖွဲ့စည်းဆောင်ရွက်ခြင်း၏ ရလဒ်အဖြစ် အပြန်အလှန်ဖွံ့ဖြိုးတိုးတက်မှုရှိပြီး အရည်အသွေးရှိ၍ ဒေသနှင့်သင့်လျော်သော လူသားချင်း စာနာမှုတုံ့ပြန်လုပ်ငန်းများကို မြှင့်တင်နိုင်ရန်အတွက် စွမ်းဆောင်ရည်မျှဝေခြင်းသည် မိတ်ဖက်များအကြား နှစ်လမ်းသွားသင်ယူမှုကို ဖြစ်စေ ကြောင်း အသိအမှတ်ပြုသည်။

## ချင်းပြည်နယ်

ချင်းပြည်နယ်တွင် ပညာရေးမိတ်ဖက်အဖွဲ့တစ်ဖွဲ့မှ ထောက်ပံ့ပေးသော သင်ကြားရေးပစ္စည်းသစ်များဖြင့် ကျောင်းဆင်းချိန်အိမ်ပြန်နေ သော ကလေးသူငယ်များ
ဓါတ်ပုံ - မိတ်ဖက်အဖွဲ့တစ်ဖွဲ့



# ၂.၅။ ကုန်ကျစရိတ်တွက်ချက်သည့် နည်းလမ်း

မြန်မာနိုင်ငံအတွက် ၂၀၂၄ ခုနှစ် HNRP တွင် ယခင်နှစ်များကဲ့သို့ပင် ယူနစ် သို့မဟုတ် လုပ်ငန်းကို အခြေခံသည့် ကုန်ကျစရိတ်တွက်ချက် နည်းကို အသုံးပြုထားပါသည်။ အစုအဖွဲ့တိုင်းက မိမိတို့ လုပ်ငန်းတစ်ခု ချင်းစီအတွက် လူတစ်ဦးစီ၏ ကုန်ကျစရိတ်များကို သတ်မှတ်ဆုံးဖြတ်ပြီး နောက်၊ လူသားချင်းစာနာမှုအကူအညီပေးရန် လျာထားသည့် လူဦးရေ နှင့်မြှောက်၍ တွက်ချက်ရန်ဖြစ်သည်။

၂၀၂၃ ခုနှစ် HRP ကဲ့သို့ပင်၊ အစုအဖွဲ့တိုင်းသည် ကာကွယ်စောင့်ရှောက် ရေးကို လုပ်ငန်းတိုင်းတွင် ထည့်သွင်းပါဝင်စေခြင်းအတွက် လုံလောက် သော ရန်ပုံငွေထောက်ပံ့ပေးနိုင်ရန် လုပ်ငန်းကုန်ကျစရိတ်တိုင်းတွင် အပို ဆောင်းပမာဏ ၅% မှ ၇% အထိ ပေါင်းထည့်ထားပါသည်။ သို့သော် ယခုနှစ်တွင်မူ HCT ၏ ဒေသအလိုက်ကိုက်ညီအောင်ဆောင်ရွက်ခြင်း မဟာဗျူဟာအရ ကတိကဝတ်များကို ဖြည့်ဆည်းပေးနိုင်ရန် မြန်မာနိုင်ငံ လူသားချင်းစာနာမှုအသိုက်အဝန်းက ဆောင်ရွက်သည့် လုပ်ငန်းများ အတွက်လည်း နောက်ထပ် ပမာဏတစ်ခုကို ထပ်ထည့်ထားပါသည်။ ၂၀၂၄ ခုနှစ် HNRP ၏ အစုအဖွဲ့လုပ်ငန်းကုန်ကျစရိတ်များတွင် ဒေသခံ မိတ်ဖက်အဖွဲ့များနှင့် အန္တရာယ်ဖြစ်နိုင်ခြေမျှဝေယူခြင်းနှင့် တာဝန်ယူ ခြင်း (duty of care) အတွက် နောက်ထပ် ၅% ကို ပထမဆုံးအကြိမ် အဖြစ် ပေါင်းစည်းထည့်သွင်းထားပါသည်။

မွမ်းမံပြင်ဆင်ထားသော မြန်မာနိုင်ငံ ပေါင်းစပ်ညှိနှိုင်းရေးပုံစံအတွက် အစုအဖွဲ့များ၏ ကုန်ကျစရိတ်တွင် ပြည်နယ်/တိုင်းဒေသကြီးအဆင့် ညှိနှိုင်းရေးမှူးများနှင့် သတင်းအချက်အလက်စီမံခန့်ခွဲရေးဝန်ထမ်း များ ခန့်အပ်ခြင်းကဲ့သို့သော ဒေသတွင်းတည်ရှိမှုတိုးချဲ့ခြင်းအပါအဝင် လုပ်ငန်းလည်ပတ်မှုကုန်ကျစရိတ်များကို တန်းတူမျှတစွာ ကျခံပေး နိုင်ရေးအတွက် နောက်ထပ်အမေရိကန်ဒေါ်လာ (၇) သန်းကို ထပ်မံ ထည့်သွင်းထားသည်။ ပေါင်းစပ်ညှိနှိုင်းရေးအတွက် ဤသို့သော လိုအပ်ချက်များကို အစုအဖွဲ့အလိုက်ကုန်ကျစရိတ်များတွင် ဖော်ပြ ရမည်ဖြစ်ပြီး၊ ပေါင်းစပ်ညှိနှိုင်းရေးနှင့် ဘုံဝန်ဆောင်မှုအပိုင်းတွင် ထည့်သွင်းရမည်မဟုတ်ပါ။

HNRP အတွက် ကုန်ကျစရိတ်တွက်ချက်ရာတွင် ထည့်သွင်းစဉ်းစား သည့် အဓိကအချက်တစ်ချက်မှာ အဆက်မပြတ်ယိုယွင်းလာနေသော မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေဖြစ်ပြီး၊ အထူးသဖြင့် အခြေခံ ကုန်ပစ္စည်းများနှင့် လောင်စာဆီဈေးနှုန်းများ သိသာစွာ မြင့်တက် လာခြင်းနှင့် မြန်မာကျပ်ငွေတန်ဖိုးလျော့ကျခြင်းတို့ဖြစ်ကြသည်။ ငွေကြေးဖောင်းပွမှုသည် ဒေသတွင်းဈေးကွက်များတွင် ကုန်ပစ္စည်း နှင့်ဝန်ဆောင်မှုများ ရရှိနိုင်မှုကိုလည်းကောင်း၊ ဝယ်ယူရေးနှင့် သယ်ယူ ပို့ဆောင်ရေး ကုန်ကျစရိတ်များကိုလည်းကောင်း ထိခိုက်စေပြီး၊ တစ်ချိန် တည်းတွင် ကျပ်ငွေအားနည်းလာခြင်းသည်လည်း နိုင်ငံတကာမှ ပစ္စည်း ဝယ်ယူမှုများအပေါ် ကုန်ကျစရိတ်ဆိုင်ရာ ဖိအားများသက်ရောက်စေ ပါသည်။ ဖြစ်ရပ်နှစ်ခုလုံးတွင် ကြိုတင်မျှော်မှန်းနိုင်မှုမရှိခြင်းကြောင့် အစုအဖွဲ့များအနေဖြင့် တုံ့ပြန်ရေးလုပ်ငန်း၏ ကုန်ကျစရိတ်များကို ဖြည့်ဆည်းရန် လိုအပ်သည့် ဘတ်ဂျက်ပမာဏကို တိကျစွာ ခန့်မှန်းနိုင် စွမ်းမရှိတော့ပါ။ ဤပြဿနာကို ဖြေရှင်းရန်အတွက် အစုအဖွဲ့တိုင်းက လုပ်ငန်းဆောင်ရွက်ရေး၊ ပစ္စည်းဝယ်ယူရေးနှင့် ထောက်ပံ့ဖြည့်ဆည်း ရေးလုပ်ငန်းစဉ်များနှင့် လိုအပ်ချက်များကို အခြေခံ၍ ကုန်ကျစရိတ် တွက်ချက်ရာတွင် ၃၀% အထိ မြင့်မားသော နှုန်းအမျိုးမျိုးရှိသည့် ငွေကြေးဖောင်းပွမှုခန့်မှန်းချက်များကို အသုံးပြုခဲ့ကြသည်။

အစုအဖွဲ့တစ်ခုချင်းစီ၏ ကုန်ကျစရိတ်တွက်ချက်သည့် နည်းလမ်းများ ကို အပိုင်း (၃) ရှိ အစုအဖွဲ့အလိုက် ရေးသားချက်များတွင် ကြည့် နိုင်ပါသည်။

**အကူအညီပေးအပ်သည့် လူတစ်ဦးချင်းအတွက် ပျမ်းမျှကုန်ကျစရိတ် (အမေရိကန်ဒေါ်လာ)**

| အစုအဖွဲ့အမည် | ၂၀၂၂ ခုနှစ် | ၂၀၂၃ ခုနှစ် | ၂၀၂၄ ခုနှစ် |
|---|---|---|---|
| ပညာရေး | ၆၃ | ၆၅ | ၆၉ |
| စားနပ်ရိက္ခာဖူလုံရေး | ၇၀ | ၉၁ | ၁၂၈ |
| ကျန်းမာရေး | ၅၆ | ၄၆ | ၄၈ |
| အာဟာရ | ၆၀ | ၈၁ | ၉၄ |
| ကာကွယ်စောင့်ရှောက်ရေး | ၅၈ | ၅၉ | ၅၄ |
| အမိုးအကာ/အသုံးအဆောင်ပစ္စည်း/စခန်းစီမံခန့်ခွဲရေးနှင့်ပေါင်းစပ်ညှိနှိုင်းရေး | ၈၀ | ၉၂ | ၁၁၁ |
| ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့်တကိုယ်ရေကျန်းမာရေး | ၆၄ | ၆၉ | ၆၃ |
| ခြုံငုံကုန်ကျစရိတ် | ၁၃၃ | ၁၇၀ | ၁၈၆ |

# ၂.၆။ ငွေကြေးအခြေခံသည့် အကူအညီပုံစံများ

ငွေကြေးနှင့်ဘောက်ချာအကူအညီ (CVA) သည် တစ်နိုင်ငံလုံးတွင် သင့်တော်မှုနှင့် လက်တွေ့ကျမှုတို့ အမျိုးမျိုးကွဲပြားနေသော်လည်း မြန်မာနိုင်ငံ၏ လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်လုပ်ငန်းတွင် အချက်အချာ လုပ်ငန်းတစ်ခု ပို၍ ဖြစ်လာနေသည်။ အခက်ခဲဆုံးဒေသများနှင့် လိုအပ်ချက်အများဆုံးရှိနေသည့် ဝေးလံခေါင်ပါးသော ဒေသများအပါအဝင် ဈေးများဖွင့်လှစ်လည်ပတ်နေဆဲဖြစ်သည့် ဒေသများစွာတို့တွင် ငွေကြေးအကူအညီပုံစံသည် ဆက်လက်အောင်မြင်နေဆဲဖြစ်ပြီး၊ CVA သည် ဒေသများစွာတို့တွင် အကူအညီပေးအပ်ရာ၌ အရေးကြီးသော နည်းလမ်းတစ်ခုအဖြစ်ပေါ်ထွက်လာနေသည်။ ၂၀၂၃ ခုနှစ် တတိယသုံးလပတ်အထိကာလအတွင်းတွင် လူသားချင်းစာနာမှုဆိုင်ရာ စားနပ်ရိက္ခာဖူလုံရေးလုပ်ငန်းအားလုံး၏ ၅၃% ခန့်ကို CVA ဖြင့် ပေးအပ်ခဲ့ကြောင်း မှတ်သားဖွယ်တွေ့ရှိရသည်။ အခြားအစုအဖွဲ့များတွင်မူ ငွေကြေးအခြေခံသည့် တုံ့ပြန်လုပ်ငန်းများ တိုးတက်နေသော်လည်း၊ အချိုးအားဖြင့် များစွာ နည်းနေဆဲဖြစ်သည်။

လက်ရှိတွင် IDP များအနက် ၄% သည်သာ အခြေခံလိုအပ်ချက်များကို (မိမိဘာသာ သို့မဟုတ် အကူအညီဖြင့်) အပြည့်အဝဖြည့်ဆည်းနိုင်စွမ်းရှိနေရာ၊[21] ရန်ပုံငွေထောက်ပံ့မှုနည်းပါးခြင်းနှင့် ဝင်ရောက်ကူညီသွားလာရေးတွင် ကြိုတင်မှန်းဆနိုင်မှုမရှိခြင်းကြောင့် လူသားချင်းစာနာမှုအကူအညီများကို နက်ရှိုင်းထိရောက်စွာဖြင့် ပုံမှန် မပေးအပ်နိုင်သေးကြောင်း သရုပ်ဖော်ပြနေပါသည်။ IDP အိမ်ထောင်စုများ၏ လစဉ်ပျမ်းမျှအသုံးစရိတ်သည် ၁၇၀၀၀၀ ကျပ် (အမေရိကန်ဒေါ်လာ ၈၁ ခန့်)သာ ရှိနေပါသည်။ ငွေကြေးဆိုင်ရာလုပ်ငန်းအဖွဲ့ (CWG) သည် အိမ်ထောင်စုများ၏ ကွာဟချက်ကို ပေါင်းကူးဖြည့်ဆည်းပေးရန်နှင့် လိုအပ်ချက်များကို ကူညီထောက်ပံ့ပေးရန် အတွက် ဘက်စုံရည်ရွယ်ချက်သုံးငွေကြေးအကူအညီ (MPCA) အစီအစဉ်ကို ပိုမိုတိုးချဲ့အသုံးပြု၍ ကူညီပေးနေသည်။ ယင်းအစီအစဉ်တွင် ဘေးဒဏ်သင့်ပြည်သူများကိုယ်တိုင် ဂုဏ်သိက္ခာရှိစွာ ရွေးချယ်ခြင်းဖြင့် မိမိတို့အိမ်ထောင်စု၏ သီးသန့်လိုအပ်ချက်များကို ဖော်ထုတ်ဖြေရှင်းနိုင်ရေးအတွက် ဘေးဒဏ်သင့်ပြည်သူများကို လုပ်ပိုင်ခွင့်ပေးထားပြီး၊ ကဏ္ဍအမျိုးမျိုးတွင် ဘေးဒဏ်သင့်ပြည်သူများ၏ စုံလင်သော လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် အထိရောက်ဆုံးနည်းလမ်းတစ်ခုအဖြစ် ကျယ်ကျယ်ပြန့်ပြန့်လက်ခံထားကြသည်။

### ၂၀၂၄ ခုနှစ်အတွက် MPCA မဟာဗျူဟာနှင့် လမ်းညွှန်ချက်

ငွေကြေးဆိုင်ရာ လုပ်ငန်းအဖွဲ့ (CWG) သည် MPCA နည်းလမ်းကို ကဏ္ဍတွင်းဆောင်ရွက်သည့် သို့မဟုတ် စည်းကမ်းသတ်မှတ်ထားခြင်းမရှိဘဲ ငွေကြေးထောက်ပံ့ပေးသည့် ရိုးရှင်းသောနည်းလမ်းမှသည် မတူညီသော အချိန်ကာလများအလိုက် ပေါ်ထွက်လာနေသည့် ပြည်သူများ၏ လိုအပ်ချက်များအတွက် ပိုမိုပြည့်စုံ၍ တုံ့ပြန်မှုရှိသော ဖြေရှင်းနည်းများ ပေးအပ်နိုင်သည့် နည်းလမ်းတစ်ခုအဖြစ်သို့ အသွင်ကူးပြောင်းရန် ရည်ရွယ်ထားသည်။ ဤအပြောင်းအလဲသည် အောက်ပါ အဓိကမဏ္ဍိုင် (၄) ခုကို စွဲမြဲစွာ အခြေခံထားသည် -

(၁) CVA အကူအညီအတွက် အနိမ့်ဆုံးစံချိန်စံညွှန်းများ

(၂) MPCA အစီအစဉ်အတွက် နည်းစနစ်များနှင့် အရင်းအမြစ်များ

(၃) မဟာဗျူဟာမြောက် ပေါင်းစပ်ညှိနှိုင်းမှု

(၄) သက်ရောက်မှုများကို တိုင်းတာခြင်း။

ဘာသာပြန်ဆိုထားပြီးဖြစ်သည့် လမ်းညွှန်ချက်တွင် ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် အစီရင်ခံခြင်း၊ လျာထားချက်သတ်မှတ်ခြင်း၊ လွှဲပြောင်းပေးသည့် တန်ဖိုးများ၊ လွှဲပြောင်းပေးသည့် အကြိမ်ရေနှင့် အချိန်ကာလ၊ စောင့်ကြည့်စစ်ဆေးရေးနှင့် အကဲဖြတ်ရေးမူဘောင်၊ ထွက်ခွာခြင်းနှင့် လွှဲအပ်ပေးရေးမဟာဗျူဟာ တို့အတွက် စုစည်းညီညွတ်သော နည်းလမ်းတစ်ခုကို တည်ထောင်ပေးထားသည်။

MPCA မဟာဗျူဟာနှင့် လမ်းညွှန်ချက်ကို CWG, HCTနှင့် ICCG တို့ထံမှ ၂၀၂၄ ခုနှစ်အစောပိုင်းတွင် သဘောတူခွင့်ပြုချက်ရရှိစေရန် လျာထားဆောင်ရွက်နေသည်။ ၂၀၂၄ ခုနှစ်အတွင်း ဆက်လက် ဆောင်ရွက်မည့်လုပ်ငန်းများတွင် လမ်းညွှန်ချက်၌ ဖော်ပြထားသည့် စံပြုပုံစံအား ပိုမိုအားကောင်းစေရန် မွမ်းမံခြင်း၊ မိတ်ဖက်အဖွဲ့များအား MPCA ဆိုင်ရာ စွမ်းဆောင်ရည်တည်ဆောက်ပေးခြင်းတို့နှင့်အတူ စိတ်ဝင်စားသည့် လူသားချင်းစာနာမှုအဖွဲ့အစည်းများနှင့် အဖွဲ့စုတစ်စုတည်ထောင်ခြင်းတို့ ပါဝင်ပါမည်။

လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက်အဖွဲ့များက ဤစံပြုပုံစံကို ၂၀၂၄ ခုနှစ်တစ်နှစ်လုံး အကောင်အထည်ဖော်လာသည်နှင့်အမျှ သင်ယူရရှိလာမည့်သင်ခန်းစာများကို စာရွက်စာတမ်းပြုစုမည်ဖြစ်ပြီး၊ မဟာဗျူဟာနှင့် လမ်းညွှန်ချက်ကို သင့်လျော်သကဲ့သို့ မွမ်းမံပြင်ဆင်ပါမည်။ ဤအချက်အလက်များသည် CWG လုပ်ငန်းအဖွဲ့အတွက် လက်တွေ့ကျသော လျာထားချက်များ၊ စီမံကိန်းညွှန်းကိန်းများနှင့် ကုန်ကျစရိတ်များကို ပိုမိုတိကျစွာဖြင့် ကြိုတင်ခန့်မှန်းနိုင်စေပြီး ၂၀၂၅ ခုနှစ် HNRP နှင့် အနာဂတ်ကာလ HNRP များအတွက် ဘုံနည်းလမ်းတစ်ခုကို ဖော်ဆောင်နိုင်စွမ်းရှိစေမည်ဖြစ်သည်။

လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အချို့တို့သည် MPCA ကို စတင်အကောင်အထည်ဖော်နေပြီဖြစ်ပြီး၊ ၂၀၂၄ ခုနှစ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများသည် ဤ MPCA ပုံစံကို ပိုမိုပေါင်းစပ်ညှိနှိုင်းထားပြီး ရလဒ်တိုင်းတာနိုင်သော နည်းလမ်းဖြင့် ပုံစံတကျ ဆောင်ရွက်သွားနိုင်ရေးသို့ ဦးတည်ပါလိမ့်မည်။ ထို့ကြောင့် ငွေကြေးဆိုင်ရာလုပ်ငန်းအဖွဲ့ (CWG)သည် မြန်မာနိုင်ငံအတွက် ပေါင်းစည်းညှိညွှတ်၍ အရှိန်မြှင့်တင် ဆောင်ရွက်နိုင်သော MPCA ပုံစံတစ်ခုကို မိတ်ဆက်ကျင့်သုံးရန်နှင့် ၂၀၂၅ ခုနှစ်အတွက် HNRP တွင် ပုံစံတကျအစိတ်အပိုင်းတစ်ခုအဖြစ် နေရာယူပါဝင်နိုင်စေရန် ရည်ရွယ်ထားသည်။ ဤပုံစံ၏ အခြေခံအုတ်မြစ်မှာ မြန်မာနိုင်ငံအခြေအနေနှင့် ကိုက်ညီအောင် အသေးစိတ်ပြင်ဆင်ထားသော MPCA မဟာဗျူဟာနှင့် လမ်းညွှန်ချက်ကို ရေးဆွဲထုတ်ပြန်ရန်ဖြစ်ပြီး၊ လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်သည်။ ဤလုပ်ငန်းစဉ်တွင် အကူအညီလိုအပ်နေသူအရေအတွက်နှင့်လျာထားချက်များ၊ ကုန်ကျစရိတ်တွက်ချက်ရာတွင် ပါဝင်ရမည့် အချက်များနှင့် အဓိကညွှန်းကိန်းများအား သတ်မှတ်ဖော်ထုတ်ခြင်းလုပ်ငန်းလည်း ပါဝင်မည်ဖြစ်ပြီး၊ ထိရောက်စွာအကောင်အထည်ဖော်ရေးအတွက် ပြည့်စုံသော မူဘောင်တစ်ခုကို ထောက်ပံ့ပေးပါလိမ့်မည်။ ရည်မှန်းချက်မှာ တုံ့ပြန်ရေးလုပ်ငန်းအားလုံးတွင် MPCA အစီအစဉ်ကို ကျယ်ပြန့်စွာ အသုံးပြုနိုင်ရေး ကူညီပေးရန်၊ အကူအညီပေးအပ်နေသည့် ပြည်သူများအား လုပ်ပိုင်ခွင့်ပိုမိုပေးအပ်ရန်နှင့် ယင်းပြည်သူများအပေါ် တာဝန်ခံယူမှုရှိစေရန် ဖြစ်သည်။

မွန်ပြည်နယ်
၂၀၂၃ ခုနှစ်တွင် မွန်ပြည်နယ်ရှိ ရေဘေးသင့်ပြည်သူများအား စားနပ်ရိက္ခာများ ဝေငှပေးနေပုံ
ဓါတ်ပုံ - မိတ်ဖက်အဖွဲ့တစ်ဖွဲ့



# ၂.၇။ စောင့်ကြည့်လေ့လာခြင်းနည်းလမ်း

၂၀၂၄ ခုနှစ်အတွင်း လူသားချင်းစာနာမှုတုံ့ပြန်လုပ်ငန်းတစ်ခုလုံးအား ခြုံငုံစောင့်ကြည့်လေ့လာခြင်း လုပ်ငန်းသည် အစုအဖွဲ့များက သတ်မှတ်၍ HCT က သဘောတူညီထားပြီးဖြစ်သည့် ဤ HNRP ၏ တစ်နိုင်ငံလုံးအတွက် လျာထားချက်များ၊ ရည်ရွယ်ချက်များနှင့် ညွှန်းကိန်းများကို အခြေခံပါမည်။ ICCG သည် အစုအဖွဲ့အလိုက် တုံ့ပြန်ရေးလုပ်ငန်းစီမံချက်များအား အကောင်အထည်ဖော်မှု၊ တပြိုင်တည်းဖြစ်နေသော ပြဿနာများနှင့် ရင်ဆိုင်နေရသော အခက်အခဲများအား စိစစ်ပိုင်းခြားမှုတို့အပေါ် ပုံမှန်အစီရင်ခံခြင်းအပါအဝင် စောင့်ကြည့်လေ့လာရေးလုပ်ငန်းများ ပြီးစီးစေရေးအတွက် အဓိကတာဝန်ယူဆောင်ရွက်ပါသည်။ ၂၀၂၄ ခုနှစ် HNRP အတွက် အစီရင်ခံရာတွင် ၂၀၂၂ ခုနှစ်ကတည်းက စတင်ခဲ့ပြီး၊ အလှူရှင်များနှင့်အစုအဖွဲ့များထံမှ အပြုသဘောဆောင်သော တုံ့ပြန်ချက်များရရှိထားသည့် သုံးလတစ်ကြိမ်အစီရင်ခံသည့်စနစ်ကို ဆက်လက် ကျင့်သုံးပါမည်။ သုံးလပတ်တိုင်းတွင် ကြားကာလလုပ်ငန်းတိုးတက်မှုများကို ကျစ်လစ်သောဒက်ရှ်ဘုတ်တစ်ခုဖြင့် ပြုစုထုတ်ပြန်ပေးမည်ဖြစ်သည်။ ထို့အပြင် အစုအဖွဲ့များအနေဖြင့် သက်ဆိုင်ရာမိတ်ဖက်အဖွဲ့များနှင့် တစ်နှစ်ပတ်လုံးဆောင်ရွက်သည့်လုပ်ငန်းများကို အစီရင်ခံစာအမျိုးမျိုး ရေးသားခြင်း သို့မဟုတ် ဆက်လက် အစီရင်ခံခြင်းများ ပြုလုပ်မည်ဖြစ်ပြီး၊ အချို့သောအစုအဖွဲ့များမှာ သုံးလတစ်ကြိမ်အစီရင်ခံမည့်အစား လစဉ် အစီရင်ခံရန် ပြင်ဆင်နေကြသည်။ ၂၀၂၄ ခုနှစ်တွင် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများ သို့မဟုတ် လုပ်ငန်းဆောင်ရွက်မှု မိတ်ဖက်အဖွဲ့များ၏ အစီရင်ခံစာဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများကို လျော့ကျစေ၍ လုပ်ငန်းစဉ်တလျှောက်လုံးတွင် အစီရင်ခံမှု တိုးမြင့်စေရေးကို အားပေးပြီး၊ ရိုးရှင်း၍ အချက်အလက် လုံခြုံမှုရှိပြီး အပြည့်အဝချိန်ညှိထားသော အစီရင်ခံစာများဖြစ်စေရေးအတွက် အွန်လိုင်းမှအစီရင်ခံနိုင်သည့် ActivityInfo နည်းလမ်းကို ကျင့်သုံးပါမည်။ ဖြန့်ကြက်ရောက်ရှိသည့်အရေအတွက်ကိုသာမက IDP အရေအတွက်ကြိုတင်ခန့်မှန်းမှုများကိုပါ တစ်နှစ်ပတ်လုံး စောင့်ကြည့်စစ်ဆေးမည်ဖြစ်ရာ၊ စီမံချက်ရေးဆွဲစဉ်က ယူဆထားသည့် ကိန်းဂဏန်းများနှင့် များစွာ ကွာဟနေပါက HNRP ကို ပြင်ဆင်မှုများ ပြုလုပ်ဖွယ်ရှိပါသည်။

OCHA အဖွဲ့သည် အစုအဖွဲ့များထံမှ ရရှိသည့် အချက်အလက်များကို အသုံးပြု၍ လစဉ်လူသားချင်းစာနာမှုဆိုင်ရာ လက်ရှိအခြေအနေများကို ဆက်လက်ပြုစုထုတ်ပြန်မည်ဖြစ်ပြီး၊ တစ်နိုင်ငံလုံးအတွက် လိုအပ်ချက်များ၊ တုံ့ပြန်ရေးလုပ်ငန်းများ၊ အကူအညီပေးရန် လစ်ဟာမှုများနှင့် အခက်အခဲများကို ထင်ရှားအောင်ဖော်ပြပါမည်။ လူသားချင်းစာနာမှုအခြေအနေနှင့် လိုအပ်ချက်များတွင် ရုတ်တရက်ပြောင်းလဲမှုများဖြစ်ပေါ်ပါက အရေးပေါ် အချက်အလက်စာစောင်များကို လိုအပ်သကဲ့သို့ အသုံးပြုပါမည်။ သတင်းအချက်အလက်အမျိုးမျိုးကို ပရိသတ်ထံ ပိုမိုကျယ်ပြန့်စွာ ဖြန့်ဝေပေးနိုင်ရေးအတွက် ReliefWeb နှင့် MIMU ဝဘ်ဆိုဒ်များအပါအဝင် အများပြည်သူအတွက် ဝဘ်ဆိုဒ်များကိုလည်း အသုံးပြုသွားပါမည်။

၂၀၂၄ ခုနှစ် HNRP စောင့်ကြည့်လေ့လာရေးမူဘောင်သည် ပဋိပက္ခနှင့် သဘာဝဘေးအန္တရာယ်တို့ကြောင့် တိုက်ရိုက်ထိခိုက်ခံရသူများသို့ အစုအဖွဲ့များက ပေးအပ်သည့် တုံ့ပြန်ရေးလုပ်ငန်းများကိုလည်းကောင်း၊ တစ်နိုင်ငံလုံးတွင် အခြေအနေယိုယွင်းလာခြင်းကြောင့် လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များရှိနေသည့် အခြားသော အကျပ်အတည်းဒဏ်သင့်ပြည်သူများကို အကျိုးရှိစေသည့် လုပ်ငန်းများကိုလည်းကောင်း စိစစ်၍ စောင့်ကြည့်စစ်ဆေးရန် ဒီဇိုင်းရေးဆွဲထားပါသည်။ အစုအဖွဲ့၏ လုပ်ငန်းများကို ရှင်းလင်းတိကျစွာ ထည့်သွင်းနိုင်သည့် ပိုမိုရိုးရှင်းသော အစီရင်ခံခြင်းလုပ်ငန်းစဉ်ကို ပံ့ပိုးကူညီပေးရန်အတွက် ၂၀၂၃ ခုနှစ် HRP မဟာဗျူဟာရည်ရွယ်ချက်များကို ၂၀၂၄ ခုနှစ်တွင်လည်း ဆက်လက်ထားရှိသည်။ ထို့အပြင် ပဋိပက္ခကြောင့် ပိုမိုမြင့်တက်လာသော ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စိုးရိမ်မှုများအတွက် ထိခိုက်မှုဖြစ်ရပ်များနှင့် တုံ့ပြန်ရေးလုပ်ငန်းများကို စောင့်ကြည့်စစ်ဆေးသည့် ညွှန်းကိန်းများလည်း ရှိပါသေးသည်။ ယင်းညွှန်းကိန်း များတွင် IHL နှင့် IHRL ကို မြှင့်တင်ပေးခြင်းလုပ်ငန်းများလည်း ပါဝင်သည်။ ICCG သည် လတ်တလောစတင်ဆောင်ရွက်နေသည့် လူသားချင်းစာနာမှုအခြေအနေ စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းနှင့်အပြိုင် တတိယ အကြိမ် နှစ်ပတ်လည် MSNA လေ့လာဆန်းစစ်မှုကို ၂၀၂၄ ခုနှစ်တွင် ပြုလုပ်ရန် စီစဉ်ထားရာ၊ အစုအဖွဲ့များ အနေဖြင့် မိမိတို့လုပ်ငန်းများ၏ အလားအလာလမ်းကြောင်းနှင့် သက်ရောက်မှုတို့ကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အချိန်နှင့်တပြေးညီ စောင့်ကြည့်နိုင်တော့မည်ဖြစ်သည်။

၂၀၂၄ ခုနှစ် HNRP ၏ စောင့်ကြည့်လေ့လာရေးမူဘောင်ကို bit.ly/MMR2024HNRPlogframe တွင် ရရှိနိုင်ပါသည်။

## လူသားချင်းစာနာမှုအစီအစဉ်စက်ဝန်း၏ အချိန်ဇယား

| | ဇန် | ဖေ | မတ် | ဧပြီ | မေ | ဇွန် | ဇူ | ဩ | စက် | အောက် | နို | ဒီ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| လူသားချင်းစာနာမှု လိုအပ်ချက်များနှင့် တုံ့ပြန်ရေးစီမံချက် | | | | | | | | | | | | ● |
| စောင့်ကြည့်လေ့လာရေးစီမံချက် | | | | | | | | | | | | ● |
| ဒက်ရှ်ဘုတ်ဖြင့် တင်ပြခြင်း | | ● | | | ● | | | ● | | | ● | |
| လူသားချင်းစာနာမှုလုပ်ငန်း | | ● | | | ● | | | ● | | | ● | |
| လူသားချင်းစာနာမှုဆိုင်ရာလက်ရှိအခြေအနေ | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● |

# အပိုင်း ၃
# အစုအဖွဲ့အလိုက် လိုအပ်ချက်များနှင့် တုံ့ပြန်ရေးလုပ်ငန်းများ


**ရခိုင်ပြည်နယ်**
ရခိုင်ပြည်နယ်ရှိ စခန်းတစ်ခုရှိ နေရပ်စွန့်ခွာရသူများအား တွေ့ရစဉ်
ဓာတ်ပုံ - Plan International




# ၃.၁။ပညာရေးအစုအဖွဲ့

| အကူအညီ လိုအပ်နေသည့် လူဦးရေ | ကူညီပေးရန် လျာထားသည့် လူဦးရေ | ရန်ပုံငွေ လိုအပ်ချက် (အမေရိကန်ဒေါ်လာ) | အမျိုးသမီးနှင့် မိန်းကလေးများ | ကလေးသူငယ်များ (၀ -၁၈ နှစ်) | မသန်စွမ်းသူများ |
|---|---|---|---|---|---|
| ၄.၅ သန်း | ၁.၄ သန်း | ၉၄ သန်း | ၇၂၃၀၀၀ | ၁.၃ သန်း | ၁၆၄၀၀၀ |

**၂၀၂၄ ခုနှစ်တွင် ကဏ္ဍတွင်းလိုအပ်ချက်များ၏ ပြင်းထန်မှုပြမြေပုံ (မြို့နယ်အလိုက်)**




**၂၀၂၄ ခုနှစ်တွင် ကဏ္ဍတွင်း အကူအညီလိုအပ်နေသည့် လူဦးရေနှင့် ကူညီပေးရန်လျာထားသည့်လူဦးရေ (ပြည်နယ်/တိုင်းဒေသကြီးအလိုက်)**




### အစုအဖွဲ့ရည်ရွယ်ချက် - ၁ (CO1)

အကျပ်အတည်းကြောင့် အကူအညီလိုအပ်သည့် ကလေးသူငယ်များ၊ လူငယ်များနှင့် လူသားချင်း စာနာမှု အကူအညီလိုအပ်နေသည့် အခြားထိခိုက်လွယ်ကလေးသူငယ်များ၊ လူငယ်များသည် ၎င်းတို့ကောင်းမွန်စွာ နေထိုင်နိုင်ရေးကို မြှင့်တင်ပေးမည့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အခြေခံစည်းမျဉ်းများဖြင့် ပေါင်းစပ်ထည့်သွင်းထားသည့် ဘေးကင်းလုံခြုံသော၊ အားလုံးပါဝင်သော၊ အရည်အသွေးပြည့်ဝသော သင်ယူရေးအခွင့်အလမ်းများကို စဉ်ဆက်မပြတ်လက်လှမ်းမီရရှိစေရန်။

### အစုအဖွဲ့ရည်ရွယ်ချက် - ၂ (CO2)

အကျပ်အတည်းဒဏ်ကြောင့်အကူအညီလိုအပ်သည့် ကလေးသူငယ်များ၊ လူငယ်များနှင့် လူသားချင်းစာနာမှု အကူအညီလိုအပ်နေသည့် အခြားထိခိုက်လွယ်ကလေးသူငယ်များ၊ လူငယ်များသည် ၎င်းတို့၏ စိတ်ကျန်းမာရေး နှင့်စိတ္တလူမှုဆိုင်ရာ လိုအပ်ချက်များကို အလေးထားလျက် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး နည်းလမ်း များ ပါဝင်သည့် အရည်အသွေးပြည့်ဝသော သင်ယူရေးနည်းလမ်းများနှင့် ပေါင်းစပ်ထားသည့် ဘက်စုံပညာရေးကို ရရှိစေရန်။

### အစုအဖွဲ့ရည်ရွယ်ချက် - ၃ (CO3)

ရပ်ရွာလူထုနှင့် ဒေသခံ/နိုင်ငံအဆင့်ပညာရေးမိတ်ဖက်အဖွဲ့များသည် သတ်မှတ်ဖော်ထုတ်ထားသည့် လိုအပ်ချက်များကို စောင့်ကြည့်၍ တုံ့ပြန်ဆောင်ရွက်နိုင်ပြီး၊ ထိခိုက်မှုများ၊ အကျပ်အတည်းများကြောင့် ဖြစ်ပေါ်သည့် သက်ရောက်မှုများကို လျှော့ချပေးနိုင်သော၊ ပိုမိုဘေးကင်းလုံခြုံသော၊ ပေါင်းစပ်ညှိနှိုင်းထားသော ပညာရေးကို ကူညီထောက်ပံ့ပေးနိုင်သည်အထိ ခိုင်မာအားကောင်းစေရန်။

### အစုအဖွဲ့ရည်ရွယ်ချက် - ၄ (CO4)

ပညာရေးအစုအဖွဲ့၏ ပေါင်းစပ်ညှိနှိုင်းရေးနှင့် သတင်းအချက်အလက် စီမံခန့်ခွဲရေးကို အဆင့်အားလုံးတွင် ပိုမိုအားကောင်းလာစေရန်။

## လိုအပ်ချက်များကို အကျဉ်းချုပ်ဖော်ပြချက်

မြန်မာတစ်နိုင်ငံလုံးတွင် မသန်စွမ်းသူများအပါအဝင် ယောကျ်ားလေးများ၊ မိန်းကလေးများနှင့်ဆယ်ကျော်သက် ရွယ်များသည် ကလေးဘဝ အစောပိုင်းပညာရေးမှသည် အခြေခံပညာရေးအထိ ပညာရေးစနစ်ကို လက်လှမ်းမီ ရယူနိုင်ရန် အခက်အခဲများရှိနေသည်။ လေ့လာမှုပြုလုပ်ခဲ့သည့် မြို့နယ်များတွင် ကျောင်းများပိတ်ထားရခြင်း သို့မဟုတ် ကလေးသူငယ်များက ကျောင်းသို့ မသွားတော့ခြင်း သို့မဟုတ် နှစ်မျိုးလုံးအတွက် အများဆုံးဖြစ်ပွားသော အကြောင်းရင်း (၄) ချက်မှာ လုံခြုံရေးအတွက် စိုးရိမ်ခြင်း (၅၅%)၊ အာဏာပိုင်များက ကျောင်းပိတ်ထားရန် ညွှန်ကြားခြင်း (၄၅%)၊ တိုက်ပွဲများနှင့် ကြုံတွေ့နိုင်ခြင်း (၃၆%)၊ ဆရာ/ဆရာမ မလုံလောက်ခြင်း (၃၆%)တို့ဖြစ်ကြပြီး၊ အားလုံးသည် လက်နက်ကိုင်ပဋိပက္ခများနှင့်လည်းကောင်း၊ တပ်မတော်မှအာဏာ ထိန်းသိမ်း ခြင်းနှင့်လည်းကောင်း ဆက်စပ်နေပါသည်။

ကျောင်းအပ်နှံမှုမှာ ယေဘုယျအားဖြင့် အထက်တန်းအဆင့်သို့ ရောက်လာသည်နှင့်အမျှ (အသက် ၁၅ နှစ်မှစ၍) လျော့နည်းလာပြီး၊ အထူးသဖြင့် မိန်းကလေးများတွင် ပိုသိသာသည်။ ဤလျော့နည်းမှုသည် နေရပ်စွန့်ခွာရခြင်း မရှိသည့် နိုင်ငံမဲ့သူများတွင် အထင်ရှားဆုံးဖြစ်ပြီး၊ အခြားလူဦးရေအုပ်စုများမှ သက်တူရွယ်တူများနှင့်နှိုင်းယှဉ်ပါက (၄)ဆအထိ ပိုမိုလျော့နည်းနေသည်။ အနောက်မြောက်ပိုင်းဒေသနှင့် အရှေ့တောင်ပိုင်းဒေသတို့တွင် ကျောင်းအပ်နှံမှုအနိမ့်ဆုံးဖြစ်ကြောင်း (ကျောင်းတွင်းပညာရေးတွင် ကျောင်းနေအရွယ်ကလေးသူငယ်များ အနက် ၁၉% မှ ၃၉% အထိသာ အပ်နှံသည်) အစီရင်ခံထားသည်။

ပညာသင်ကြားရေး (ကျောင်းတွင်းနှင့် အစားထိုးပညာရေး) ကို လက်လှမ်းမီသည့် နေရာများတွင်ပင်၊ သင်ကြားရေးဝန်ထမ်း မလုံလောက်ခြင်းနှင့် အရည်အသွေးမပြည့်ဝခြင်း၊ အထောက်အကူမဖြစ်သည့် သင်ယူရေးပတ်ဝန်းကျင်တို့ကြောင့် ပညာသင်ကြားရေးအရည်အသွေးကို ထိခိုက်စေသည်။ စာသင်ကျောင်းများရှိ ရေနှင့်သန့်ရှင်းရေးအခြေအနေမှာလည်း စိုးရိမ်မှုကြီးတစ်ခုဖြစ်နေပြီး၊ ကျောင်းများအနက် ၆၆% က ကလေးသူငယ်များနှင့်အရွယ်ရောက်သူများအတွက် ခွဲခြားထားသော သန့်စင်ခန်းများမရှိကြောင်း၊ ၄၅% က ကျားမအလိုက်ခွဲခြားထားသော သန့်စင်ခန်းများ မရှိကြောင်း၊ ၂၇% က သန့်စင်ခန်းများကို အတွင်းမှသော့ခတ်၍မရကြောင်းဖြေကြားခဲ့ပြီး၊ ၁၆% ကသာ သွားလာရေးအခက်အခဲရှိသူ သို့မဟုတ် အမြင်အာရုံချို့တဲ့သူများ အသုံးပြုနိုင်သည့် သန့်စင်ခန်းတစ်ခုထက်မနည်းရှိကြောင်း ဖြေကြားထားသည်။ ထိုအခြေအနေမျိုးတွင် သန့်စင်ခန်းများအား ဘေးကင်းလုံခြုံ၍ သိက္ခာရှိစွာ အသုံးပြုနိုင်ရန် မသေချာတော့ဘဲ၊ အထူးသဖြင့် မိန်းကလေးများ၏ ပညာသင်ယူရေးအတွက် ကြီးမားသော အတားအဆီးတစ်ခုဖြစ်နေသည်။

မြန်မာတစ်နိုင်ငံလုံးတွင် လူဦးရေ ၄.၅ သန်းခန့် (၎င်းတို့အနက် ၉၈% မှာ ကလေးသူငယ်များဖြစ်ကြသည်) သည် အရေးပေါ်ကာလပညာရေး အကူအညီများကို လိုအပ်နေကြရာ၊ အဓိကအားဖြင့် အနောက်မြောက်ပိုင်းဒေသ (ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့်စစ်ကိုင်းတိုင်းဒေသကြီး)တွင် အလိုအပ်ဆုံးနှင့် အရှေ့တောင်ပိုင်းဒေသ တွင် ဒုတိယအလိုအပ်ဆုံးဖြစ်နေသည်။ ဤဒေသနှစ်ခုတွင် ကာလကြာမြင့်ပြီဖြစ်ပြီး တကျော့ပြန်ဖြစ်လာသည့် ပဋိပက္ခများကြောင့်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်များကြောင့်လည်းကောင်း ကလေးသူငယ်များ၏ ထိခိုက်လွယ်မှုပိုများလာသည့်အတွက် တစ်နိုင်ငံလုံးတွင် ပညာရေးအကူအညီ လိုအပ်နေသည့် လူဦးရေစုစုပေါင်း၏ ၇၀% ကျော်ရှိနေခြင်းဖြစ်သည်။

အကျပ်အတည်းကြောင့် ထိခိုက်ခံရသည့် ကျောင်းနေအရွယ်ကလေးသူငယ်များအနက်၊ မသန်စွမ်းသူ ကလေးသူငယ်များ၊ မိန်းကလေးများ၊ တိုင်းရင်းသားနှင့် တိုင်းရင်းဘာသာစကားအသုံးပြုသည့် အုပ်စုများ၊ ကျေးလက် သို့မဟုတ် ဝေးလံသော နေရာများ၌ နေထိုင်သော ကလေးသူငယ်များ၊ ဝင်ငွေနည်းမိသားစုများမှ ကလေးသူငယ်များနှင့် အခြားထိခိုက်လွယ်အုပ်စုများမှာ အဆိုးရွားဆုံးထိခိုက်ခံကြရသည်။ မသန်စွမ်းသူ ကလေးသူငယ်များသည် စာသင်ကျောင်းများတွင် အခြေခံအဆောက်အဦများ ပျက်စီးသွားခြင်း (ယာယီ သင်ကြားရေးနေရာများတွင်လည်း သွားလာရေးအတွက် အထူးစီစဉ်ထားမှုများ မရှိသလောက်နည်းပါးသည်)နှင့် အဆက်မပြတ်ဖယ်ကြဉ်ခံရမှုများကြောင့် ပညာရေးကို လက်လှမ်းမမီကြတော့ပေ။ ထို့အပြင်၊ အထူးသဖြင့် ကျောင်းပြင်ပ ပညာရေးစနစ်များတွင် အားလုံးပါဝင်သော သင်ယူမှုကို ကူညီထောက်ပံ့ပေးနိုင်သည့် ဆရာ/ဆရာမများ လုံလောက်စွာ မရှိကြပါ။

## တုံ့ပြန်ရေးလုပ်ငန်းမဟာဗျူဟာ

ပညာရေးအစုအဖွဲ့အနေဖြင့် တုံ့ပြန်ရေးလုပ်ငန်း၏ မောင်းနှင်အားအဖြစ် ခိုင်မာအားကောင်းသော ဒေသမူပြု ခြင်းလုပ်ငန်းကို ဦးစားပေးပြီး၊ လက်လှမ်းမီမှု၊ ဒေသတွင်းအသိပညာနှင့် ဒေသခံမိတ်ဖက်များ၏ အလားအလာတို့ကို အရှိန်မြှင့်တင်ဆောင်ရွက်ပါမည်။ လက်တွေ့မြေပြင်ရှိ တုံ့ပြန်ရေးလုပ်ငန်းများကို ဦးဆောင်ရန်အတွက် ဒေသခံမိတ်ဖက်အဖွဲ့များနှင့် CSOs များကို လုပ်ပိုင်ခွင့်ပေးခြင်း၊ ယင်းအဖွဲ့များ၏ နည်းပညာနှင့် လုပ်ငန်းဆောင်ရွက်မှုစွမ်းဆောင်ရည်အတွက် ကူညီပေးခြင်း၊ ရန်ပုံငွေအပါအဝင် အရင်းအမြစ်များရရှိနိုင်ရန် ပံ့ပိုးကူညီပေးခြင်းတို့ဖြင့် ဆောင်ရွက်ပါမည်။

၂၀၂၃ ခုနှစ်တွင် ရရှိထားသည့် တိုးတက်မှုများကို အခြေခံလျက်၊ လမ်းညွှန်ချက်များ၊ စာရွက်စာတမ်းများ၊ အစည်းအဝေးများအပါအဝင် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အရင်းအမြစ်များနှင့် လမ်းကြောင်းများကို မြန်မာဘာသာဖြင့် ရရှိနိုင်အောင် ဆက်လက်လုပ်ဆောင်ပါမည်။ ပညာရေးအစုအဖွဲ့အနေဖြင့် ဒေသခံ မိတ်ဖက်အဖွဲ့များအတွက် MHF ရန်ပုံငွေများကို ပညာရေးသီးသန့်လုပ်ငန်းများအတွက် စဉ်ဆက်မပြတ်ရရှိနိုင်ရန် အတွက်လည်း MHF နှင့် ဆက်လက်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။ ၂၀၂၃ ခုနှစ်တွင် MHF ရန်ပုံငွေ ခွဲဝေချထားမှုများအနက် ၃၀% မှ ၃၈% အတွင်း ရရှိခဲ့သည်။

အကူအညီပုံစံများမှာ ပစ္စည်းနှင့်ငွေကြေးနှစ်မျိုးလုံး ဖြစ်ပြီး၊ တစ်နိုင်ငံလုံးရှိ လုပ်ငန်းဆောင်ရွက်မှုနှင့် ဈေးကွက်အခြေအနေကို အခြေခံပါမည်။ ပညာသင်ကြားရေးဌာနများ အမြဲဖွင့်လှစ်၍ လုပ်ငန်းလည်ပတ်နိုင်ရန် အတွက် ငွေကြေးအကူအညီ အများစုကို ပညာသင်ကြားပေးသူများအား ပံ့ပိုးပေးရန်အသုံးပြုပါမည်။ ကာကွယ်စောင့်ရှောက်ရေးကဲ့သို့သော အစုအဖွဲ့များ၊ တာဝန်ခံလုပ်ငန်းအဖွဲ့များ (AoRs) နှင့် ပူးပေါင်း၍ ပညာသင်ကြားပေးသူများအတွက် ထိရောက်သော လွှဲအပ်ရေးလုပ်ငန်းစဉ်များ၊ ပေါက်ကွဲစေတတ် သော လက်နက်ပစ္စည်းများအန္တရာယ်အသိပညာပေးခြင်း (EORE)၊ GBV/PSEA စသည့် ခေါင်းစဉ်များဖြင့် သင်တန်းများပို့ချခြင်းအပါအဝင် ကလေးသူငယ်များ၏ ဘေးကင်းလုံခြုံရေးကို ဦးစားပေးအဖြစ် ဆက်လက်ထားရှိဆောင်ရွက်ပါမည်။

## လျာထားချက်နှင့် ဦးစားပေးသတ်မှတ်ခြင်း

ပညာရေးအစုအဖွဲ့သည် လူဦးရေ (၁.၄) သန်းခန့်ကို အကူအညီပေးရန် လျာထားရာ၊ အရေးပေါ်ကာလပညာရေး (EiE) ဆိုင်ရာ အကူအညီလိုအပ်နေသူစုစုပေါင်း၏ ၃၀% ဖြစ်သည်။ အကူအညီပေးရန်လျာထားသူများအနက် ၉၈% သည် ကလေးသူငယ်များဖြစ်ပြီး၊ ၂% မှာ ပညာသင်ကြားပေးသူများ၊ ကျောင်းအုပ်ချုပ်သူများကဲ့သို့သော ပညာရေးနှင့် သက်ဆိုင်သည့် လုပ်ငန်းဆောင်ရွက်နေသော အရွယ်ရောက်သူများ ဖြစ်ကြသည်။

၎င်းလျာထားချက်သည် အဓိကအားဖြင့် လူဦးရေအုပ်စုများ၏ ထိခိုက်လွယ်မှု၊ နေရာများသို့ ဝင်ရောက်ကူညီ သွားလာနိုင်မှုနှင့် လုပ်ငန်းဆောင်ရွက်နိုင်မှုစွမ်းရည်တို့ကို အခြေခံထားသည်။ အထိခိုက်လွယ်ဆုံးသော လူဦးရေအုပ်စု (၃) စု (IDP များ၊ နေရပ်ပြန်ရသူ IDP များနှင့် နေရပ်စွန့်ခွာရခြင်းမရှိသည့် နိုင်ငံမဲ့ သူများ)အတွင်းရှိ အကူအညီလိုအပ်နေသူအားလုံး (၁၀၀%) ကို လျာထားရာ၊ ပညာရေးအစုအဖွဲ့မှ စုစုပေါင်းလျာထားချက်၏ ၅၁% ဖြစ်သည်။ အခြားသောအကျပ်အတည်းဒဏ်သင့်ပြည်သူများ (အများစုမှာ အိမ်ရှင်ရပ်ရွာလူထုဖြစ်သည်) ကိုမူ နေရပ်စွန့်ခွာရမှု အခြေအနေပေါ်မူတည်၍ အချိုးအစားအမျိုးမျိုးဖြင့် လျာထားချက်သတ်မှတ်သည်။ သို့ရာတွင် အချို့သော မြို့ပြဒေသများ (ဥပမာ - ဧရာဝတီ၊ မန္တလေး၊ ပဲခူးအနောက်ပိုင်း၊ နေပြည်တော်၊ ရှမ်းအရှေ့နှင့် ရန်ကုန်) နှင့် အထိခိုက်လွယ်ဆုံးလူဦးရေအုပ်စုမရှိသည့် မြို့နယ်များသည် ၂၀၂၄ ခုနှစ်အတွက် လူသားချင်းစာနာမှုဆိုင်ရာ ပညာရေးတုံ့ပြန်လုပ်ငန်းတွင် မပါဝင်ကြပါ။

## အရည်အသွေးပြည့်ဝ၍ အားလုံးပါဝင်သော စီမံကိန်းများကို မြှင့်တင်ဆောင်ရွက်ခြင်း

ပညာရေးအစုအဖွဲ့၏ တုံ့ပြန်ရေးလုပ်ငန်းမဟာဗျူဟာကို ကလေးသူငယ်များနှင့် တိုင်ပင်ဆွေးနွေးမှုများလည်း ပါဝင်သည့် ၂၀၂၂ ခုနှစ် ပညာရေးဆိုင်ရာလိုအပ်ချက်များအား ပူးပေါင်းဆန်းစစ်ခြင်း (JENA) မှရလဒ်များဖြင့် အသိပေးပုံဖော်ထားပြီး၊ ဦးစားပေးလုပ်ငန်းများကိုမူ ပညာရေးအစုအဖွဲ့၏ မဟာဗျူဟာအကြံပေးအဖွဲ့ (SAG) ၏ အဖွဲ့ဝင်များနှင့် တိုင်ပင်ဆွေးနွေး၍ သတ်မှတ်ဖော်ထုတ်ထားခြင်းဖြစ်သည်။ ပညာရေးအစုအဖွဲ့သည် အားလုံးပါဝင်မှုသေချာစေရေးအတွက် စာရွက်စာတမ်းများ၊ အစည်းအဝေးများကို မြန်မာဘာသာဖြင့်လည်း  အဆက်မပြတ်ပြင်ဆင်ဆောင်ရွက်နေသည့်အပြင်၊ တုံ့ပြန်ရေးလုပ်ငန်းသည် ပြည်သူကို ဗဟိုပြုပြီး၊ လက်တွေ့မြေပြင်တွင် တွေ့မြင်ရသော အမှန်တကယ်လိုအပ်ချက်များကို တုံ့ပြန်နိုင်စေရေးအတွက် ဒေသခံမိတ်ဖက်အဖွဲ့များနှင့် ပုံမှန်တိုင်ပင်ဆွေးနွေးပါသည်။

ပညာသင်ကြားရေးနေရာများနှင့် ပညာရေးအစုအဖွဲ့၏ အစီအစဉ်များမှတဆင့် ကလေးသူငယ်များအတွက် ကာကွယ်စောင့်ရှောက်ရေးကို ဦးတည်သည့် အသက်ကယ်ဆယ်ရေးသတင်းစကားများကို ဖြန့်ဝေနေသည့်အပြင်၊  ပညာသင်ကြားပေးသူများ/ဆရာ၊ဆရာမများအတွက် ပို့ချသည့်သင်တန်းများတွင် ကာကွယ်စောင့်ရှောက်ရေး အစုအဖွဲ့နှင့် ယင်း၏ တာဝန်ခံလုပ်ငန်းအဖွဲ့ (AoRs) များနှင့် ပူးပေါင်း၍ GBV, EORE နှင့် PSEA အန္တရာယ်များ လျှော့ချရေးကို ဦးစားပေးခေါင်းစဉ်အဖြစ်ထားရှိသည်။  မိန်းကလေးများ ကျောင်းဆက်တက်ရေးကို ကူညီရန်နှင့် တိုက်တွန်းအားပေးရန်အတွက်၊ ဓမ္မတာကျန်းမာရေးနှင့် ကျန်းမာရေးစီမံခန့်ခွဲမှုဆိုင်ရာ ဆွေးနွေးပွဲများပြုလုပ်ခြင်း ကဲ့သို့သော ကျားမရေးရာကို အထူးပြုသည့် လုပ်ငန်းများနှင့် ဆယ်ကျော်သက်ရွယ်မိန်းကလေးများအတွက် ပစ္စည်းများထောက်ပံ့ပေးခြင်းလုပ်ငန်းများသည် ပညာရေးအစုအဖွဲ့တုံ့ပြန်ရေးလုပ်ငန်း၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အသိအမြင်နိုးကြားစေရေး အတွက်လည်းကောင်း၊  ပဋိပက္ခနှင့် နေရပ်စွန့်ခွာရမှုများကြောင့် စိတ်ဒုက္ခခံစားနေရသည့် ကလေးသူငယ်များအား MHPSS အကူအညီထောက်ပံ့ပေးရေး/အကူအညီရနိုင်သည့်နေရာသို့ လွှဲအပ်ပေးရေးအတွက်လည်းကောင်း စွမ်းဆောင်ရည်တည်ဆောက်ရာတွင် အသိပညာသင်ကြားပေးသူများ/ဆရာ၊ဆရာမများကို အထူးဦးတည်၍ လျာထားပါမည်။ ကလေးသူငယ်များနှင့် သင့်လျော်သည့် တုံ့ပြန်ချက်ပေးရေးလမ်းကြောင်းများနှင့် လုပ်ငန်းစဉ်များကိုလည်း ဖြစ်နိုင်သမျှ ပေါင်းစည်းထည့်သွင်း၍ ဆောင်ရွက်သွားပါမည်။

ပညာရေးအစုအဖွဲ့သည် ပညာရေးအခြေခံအဆောက်အဦများဆောက်လုပ်ရာတွင် ကျားမနှင့် အသက် အလိုက်ခွဲခြားထားပြီး၊ မသန်စွမ်းသူများကလည်း အသုံးပြုနိုင်သည့် ရေနှင့်သန့်ရှင်းရေးနေရာများထည့်သွင်းရေးအပါအဝင် အရည်အသွေးစံချိန်စံညွှန်းများကို ဖော်ထုတ်သတ်မှတ်ခြင်းအားဖြင့် အားလုံးပါဝင်သော အခြေခံအဆောက်အဦ ဒီဇိုင်းများအား အသုံးပြုရန်လည်း တိုက်တွန်းအားပေးပါမည်။ ယင်းဒီဇိုင်းများသည် ဥပမာအားဖြင့် မုန်တိုင်းနှင့် ရေကြီးမှုဖြစ်နိုင်သည့်ဒေသများတွင် အောက်ခြေအခင်းများကို အင်္ဂတေခင်းခြင်း၊ အပူချိန်မြင့်မားမှုကို ထိန်းညှိရန် ဝါးဖြင့် နံရံကာခြင်းစသည်ဖြင့် အခြေအနေနှင့်ကိုက်ညီရမည်ဖြစ်ပြီး၊ ရာသီဥတုကိုလည်း တုံ့ပြန်နိုင်ရပါမည်။


## တုံ့ပြန်ရေးလုပ်ငန်း၏ ကုန်ကျစရိတ်

ပညာရေးအစုအဖွဲ့၏ တုံ့ပြန်ရေးလုပ်ငန်းအတွက် ကုန်ကျစရိတ်တွက်ချက်မှုကို လတ်တလောတွင်မှ ရေးဆွဲ ထုတ်ပြန်ထားသည့် အရည်အသွေးစံချိန်စံညွှန်းဆိုင်ရာမူဘောင်ဖြင့် လမ်းညွှန်ထားပြီး၊ လုပ်ငန်း ကုန်ကျစရိတ် တိုင်းတွင် ငွေကြေးဖောင်းပွမှုအတွက် ၃% ကိုလည်းကောင်း၊ ကာကွယ်စောင့်ရှောက်ရေးကို လုပ်ငန်းတိုင်း၌ ထည့်သွင်းပါဝင်စေခြင်းအတွက် ၅% ကိုလည်းကောင်း၊ တာဝန်ယူမှု (duty of care) အတွက် ၅% ကိုလည်းကောင်း ထည့်သွင်းတွက်ချက်ထားပါသည်။


# ၃.၂။ စားနပ်ရိက္ခာဖူလုံရေးအစုအဖွဲ့

| အကူအညီ လိုအပ် နေသည့် လူဦးရေ | ကူညီပေးရန် လျာထားသည့် လူဦးရေ | ရန်ပုံငွေ လိုအပ်ချက် (အမေရိကန်ဒေါ်လာ) | အမျိုးသမီးနှင့် မိန်းကလေးများ | ကလေးသူငယ်များ (၀ -၁၈ နှစ်) | မသန်စွမ်းသူများ |
|---|---|---|---|---|---|
| ၁၂.၉ သန်း | ၂.၃ သန်း | ၂၈၉သန်း | ၁.၂ သန်း | ၇၉၁၀၀၀ | ၃၆၁၀၀၀ |

## ၂၀၂၄ ခုနှစ်တွင် ကဏ္ဍတွင်းလိုအပ်ချက်များ၏ ပြင်းထန်မှုပြမြေပုံ (မြို့နယ်အလိုက်)




## ၂၀၂၄ ခုနှစ်တွင် ကဏ္ဍတွင်း အကူအညီလိုအပ်နေသည့် လူဦးရေနှင့် ကူညီပေးရန်လျာထားသည့်လူဦးရေ (ပြည်နယ်/တိုင်းဒေသကြီးအလိုက်)




**အစုအဖွဲ့ရည်ရွယ်ချက် - ၁ (CO1)**

IDP များ၊ နေရပ်ပြန်ရသူ IDP များနှင့် နိုင်ငံမဲ့သူများသို့ အရေးပေါ်ကာလ အသက်ကယ်ဆယ်ရေးဆိုင်ရာ စားနပ်ရိက္ခာအကူအညီများ ထောက်ပံ့ပေးရန်။

**အစုအဖွဲ့ရည်ရွယ်ချက် - ၂ (CO2)**

အိမ်ရှင်ရပ်ရွာလူထုသို့ အရေးပေါ်ကာလ အသက်ကယ်ဆယ်ရေးဆိုင်ရာ စားနပ်ရိက္ခာအကူအညီများ ထောက်ပံ့ ပေးရန်။

**အစုအဖွဲ့ရည်ရွယ်ချက် - ၃ (CO3)**

IDP များ၊ နေရပ်ပြန်ရသူ IDP များ၊ နိုင်ငံမဲ့သူများနှင့် အိမ်ရှင်ရပ်ရွာလူထုတို့အား အရေးပေါ်ကာလ အသက်ကယ်ဆယ်ရေးဆိုင်ရာ စိုက်ပျိုးရေးနှင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းအကူအညီများ ထောက်ပံ့ပေးရန်။

**အစုအဖွဲ့ရည်ရွယ်ချက် - ၄ (CO4)**

စားနပ်ရိက္ခာဖူလုံရေးအစုအဖွဲ့၏ ပေါင်းစပ်ညှိနှိုင်းရေးနှင့် သတင်းအချက်အလက်စီမံခန့်ခွဲရေးကို အဆင့်အားလုံးတွင် ပိုမိုအားကောင်းလာစေရန်။

## လိုအပ်ချက်များကို အကျဉ်းချုပ်ဖော်ပြချက်

မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုတဟုန်ထိုးမြင့်တက်လာခြင်း၊ စားနပ်ရိက္ခာ လက်လှမ်းမီမှု/ဝယ်ယူနိုင်မှု/ ရရှိနိုင်မှုပြဿနာများရှိခြင်း၊ အထူးသဖြင့် စိုက်ပျိုးရေးထုတ်လုပ်မှုအပါအဝင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြတ်တောက်ခြင်းတို့ကြောင့် လူဦးရေ (၁၂.၉) သန်းခန့်သည် လူသားချင်းစာနာမှုဆိုင်ရာ စားနပ်ရိက္ခာအကူအညီများကို အရေးတကြီးလိုအပ်နေကြသည်။ အထူးသဖြင့် ကယားပြည်နယ်၊ မကွေးတိုင်းဒေသကြီး မြောက်ပိုင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ IDP များ၏ အခြေအနေမှာ အထူးစိုးရိမ်ဖွယ်ဖြစ်နေသည်။ ရခိုင်ပြည်နယ်ရှိ IDP များနှင့် နိုင်ငံမဲ့သူများသည်လည်း လူသားချင်းစာနာမှုအကူအညီများကို လုံးဝနီးပါး မှီခိုနေရခြင်းကြောင့် အကူအညီပေးရန် ဦးစားပေးရမည့်သူများအဖြစ် ဆက်လက်ရှိနေပါသည်။

၂၀၂၃ ခုနှစ်တွင် တိုက်ပွဲများအရှိန်မြင့်လာခြင်း၊ မိုခါမုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးရေလျှံခြင်းနှင့် သီးနှံဖျက်ပိုးများ ကျရောက်ခြင်းတို့ကြောင့် အထူးသဖြင့် တပိုင်တနိုင်တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးထုတ်လုပ်မှု သိသာစွာ လျော့နည်းလာနိုင်သည့်အတွက် ပိုမိုများပြားသောပြည်သူများသည် အရေးပေါ်အခြေအနေရင်ဆိုင် ဖြေရှင်းရေးနည်းလမ်းများကို မဖြစ်မနေရွေးချယ်လာရမည်ဟု မျှော်မှန်းထားသည်။ တစ်နိုင်ငံလုံးလူဦးရေ၏ ၇၀% ခန့်မှာ စိုက်ပျိုးရေးကို မှီခိုအားထားနေရသည့်အနေအထားတွင်၊ စိုက်ပျိုးရေးသွင်းအားစုဈေးကွက်များ ရုတ်တရက် ပြိုလဲခြင်းကြောင့် တောင်သူလယ်သမားများစွာတို့က စိုက်ပျိုးရေးသွင်းအားစုများကို လက်လှမ်းမမီနိုင်တော့ပါ။

၂၀၂၃ ခုနှစ် ဇူလိုင်လမှ ဩဂုတ်လအထိ ပြုလုပ်ခဲ့သည့် လေ့လာဆန်းစစ်မှုအရ၊ ပဋိပက္ခ သို့မဟုတ် အကြမ်းဖက်မှု များကြောင့် ထိခိုက်ခံနေရသည့် ဒေသများတွင် တောင်သူလယ်သမားများအနက် လေးပုံတစ်ပုံခန့်သည် ဓါတ်မြေဩဇာ ဝယ်ယူရရှိရန် အခက်အခဲရှိနေပြီး၊ အထူးသဖြင့် တပိုင်တနိုင်တောင်သူလယ်သမားများ၏ သီးနှံစိုက်ဧရိယာ လျော့နည်းသွားစေခဲ့ကြောင်း ဖော်ပြနေသည်။ ၂၀၂၁ ခုနှစ်တွင် တစ်နိုင်ငံလုံး အရေးပေါ် အခြေအနေကြေငြာခဲ့ချိန်မှစ၍ အဆက်မပြတ်ယိုယွင်းလာနေသော ကျေးလက်ဒေသအခြေအနေများကြောင့် အိမ်ထောင်စုများ၏ အရင်းအမြစ်များနှင့် ထုတ်လုပ်ရေးအတွက် ပိုင်ဆိုင်မှုပစ္စည်းများ သိသာစွာ လျော့နည်းလာ ခဲ့ပြီး၊ စုပုံလာသော အကြွေးများနှင့် ရင်ဆိုင်နေရသည်။

## တုံ့ပြန်ရေးလုပ်ငန်းမဟာဗျူဟာ

စားနပ်ရိက္ခာဖူလုံရေးအစုအဖွဲ့သည် ၂၀၂၄ ခုနှစ်တွင် ပဋိပက္ခဒဏ်သင့်နေသည့် ထိခိုက်လွယ်အိမ်ထောင်စုများက စားနပ်ရိက္ခာကို ရုပ်ပိုင်းဆိုင်ရာနှင့်ငွေရေးကြေးရေးအရ လက်လှမ်းမီရရှိမှုတိုးတက်စေရန်နှင့် တချိန်တည်းတွင် စားနပ်ရိက္ခာမျိုးစုံကို တစ်နှစ်ပတ်လုံး ထုတ်လုပ်၍အသုံးချနိုင်စွမ်းရှိစေမည့် စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရန် ရည်ရွယ်ထားသည်။ ဤရည်ရွယ်ချက်အတွက် ဈေးကွက်လည်ပတ်နိုင်မှု၊ အကျိုးခံစားရမည့်သူများ၏ ကြိုက်နှစ်သက်မှုနှင့် ပေးအပ်ရန်ဖြစ်နိုင်ခြေရှိမှုတို့ပေါ်မူတည်၍ သွင်းအားစုပစ္စည်းများဖြန့်ဝေခြင်းနှင့် ငွေကြေးအကူအညီတို့ကို ပေါင်းစပ်၍ လုပ်ဆောင်ပါမည်။ အန္တရာယ်ဖြစ်နိုင်ခြေများကို လျှော့ချရေးအတွက် ဝေးလံခေါင်ပါးသောဒေသများတွင် ငွေကြေးအကူအညီပုံစံကို အသုံးပြုရန်အကြံပြုလိုပြီး၊ ယင်းငွေကြေးအကူအညီလုပ်ငန်းတွင် လုပ်ငန်းကုန်ကျစရိတ်နှင့် ဘေးကင်းလုံခြုံရေး အန္တရာယ်များ လျှော့ချနိုင်ရေးအတွက် လည်းကောင်း၊ စုစည်းပေါင်းစပ်ထားသော လုပ်ငန်းတစ်ခုအဖြစ် ဖန်တီးဆောင်ရွက်နိုင်ရေးအတွက် လည်းကောင်း၊ အခြားသော အစုအဖွဲ့များကလည်း မိမိတို့၏ အကူအညီများကို စားနပ်ရိက္ခာဖူလုံရေးအစုအဖွဲ့၏ ငွေကြေးအကူအညီလုပ်ငန်းနှင့် ဖြစ်နိုင်သမျှ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန်လည်း အကြံပြုပါသည်။

မြေပြင်အချက်အလက်များအား စိစစ်ပိုင်းခြားခြင်းလုပ်ငန်းကို အထောက်အကူပြုရန်အတွက် လူသားချင်း စာနာမှုဆိုင်ရာ ဝင်ရောက်ကူညီရေးလုပ်ငန်းအဖွဲ့ (HAWG) နှင့်လည်းကောင်း၊ မိတ်ဖက်များ၏ ဝင်ရောက် ကူညီခွင့်များကို ဆက်လက်ထိန်းသိမ်းပေးနိုင်မည့် အခြားသော အကျိုးသက်ဆိုင်သူများနှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်ပေါင်းစပ်ညှိနှိုင်းရေးကို ခိုင်မာ အားကောင်းအောင်လုပ်ဆောင်ပါမည်။ စားနပ်ရိက္ခာဖူလုံရေးအစုအဖွဲ့၏ ဖွဲ့စည်းပုံတွင် ပြည်နယ်/တိုင်းဒေသကြီး အဆင့် (ပူးတွဲ)ညှိနှိုင်းရေးမှူးများကို ထပ်မံထည့်သွင်းမည်ဖြစ်ပြီး၊ ဒေသအလိုက်ကိုက်ညီအောင်ဆောင်ရွက်ရေး လုပ်ငန်းစဉ်၏ အစိတ်အပိုင်းအဖြစ် ပြည်တွင်းအဖွဲ့အစည်းများမှ လူများကို ဦးစားပေးပါမည်။ အာဟာရဆိုင်ရာ အစုအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်၍ ထိရောက်မှုအပြည့်ရှိသည့် စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရအကူအညီစီမံကိန်းများကို ဟန်ချက်ညီစွာ ဆောင်ရွက်နိုင်ရန် ကူညီပေးပါမည်။ ထို့အပြင် မိတ်ဆက်ရှင်းလင်းပွဲများနှင့် သင်တန်းများပြုလုပ်ခြင်း၊ စားနပ်ရိက္ခာဖူလုံရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အထူးအချက်အလက်သတင်းလွှာ (Tip-Sheet) များဖြန့်ဝေခြင်းအားဖြင့် ကာကွယ်စောင့်ရှောက်ရေးကို လုပ်ငန်းတိုင်း၌ထည့်သွင်းပါဝင်စေရေးလုပ်ငန်းများကို ပိုမိုတိုးတက်အောင်လုပ်ဆောင်ပါမည်။

## လျာထားချက်နှင့် ဦးစားပေးသတ်မှတ်ခြင်း

လူဦးရေ (၂.၃) သန်းခန့်သို့ စားနပ်ရိက္ခာအကူအညီ သို့မဟုတ် အရေးပေါ်ကာလစိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအကူအညီ သို့မဟုတ် နှစ်မျိုးလုံးထောက်ပံ့ပေးရန် လျာထားပြီး၊ ယင်းလူဦးရေအနက် (၂၉၀၀၀၀) ခန့်မှာ အကူအညီနှစ်မျိုးလုံးကို လက်ခံရရှိမည်ဖြစ်သည်။ IDP များ၊ နေရပ်ပြန်ရသူ IDP များနှင့် နိုင်ငံမဲ့သူများသည် ဤအကူအညီအတွက် ဦးစားပေးလျာထားသူများဖြစ်ကြပြီး၊ နေရပ်စွန့်ခွာရခြင်းမရှိသူများထက် စားနပ်ရိက္ခာလိုအပ်မှုနှစ်ဆခန့်ရှိနေသည့် IDP များအနက် အကူအညီ ရရှိမည့်သူ အရေအတွက်မှာလည်း အချိုးကျဖြင့် နှစ်ဆများပြားမည်ဖြစ်သည်။ အလွန်အမင်းထိခိုက်လွယ်သည့် နေရပ်စွန့်ခွာရခြင်းမရှိသူ အရေအတွက်အနည်းငယ်ကိုလည်း ထည့်သွင်းထားပါသည်။

စားနပ်ရိက္ခာဖူလုံရေးအစုအဖွဲ့သည် အကူအညီပေးရာတွင် ရွှေ့လျားသွားလာနေရသည့် IDP များမှအပ လူဦးရေအုပ်စုအားလုံးတို့အား အနည်းဆုံးသုံးလစာအတွက် အကူအညီပေးမည့်နည်းလမ်းကို ဆက်လက် ကျင့်သုံးပါမည်။ ပဋိပက္ခ သို့မဟုတ် နေရပ်စွန့်ခွာရမှု သို့မဟုတ် နှစ်မျိုးလုံးကြောင့် ထိခိုက်ခံရသည့် ဒေသများကို ဦးစားပေးပါမည်။ အကူအညီများကို ပိုမိုထိရောက်စေရေးနှင့် အရေးပေါ်ကာလရင်ဆိုင်ဖြေရှင်းနည်းလမ်းများ အသုံးပြုရမှုကို လျှော့နည်းစေရေးအတွက် IDP များ၊ နေရပ်ပြန်ရသူ IDP များနှင့် နိုင်ငံမဲ့သူများအား အရေးပေါ်ကာလ စိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအကူအညီများအား လက်လှမ်းမီရရှိစေရန် ကြိုးပမ်းဆောင်ရွက်ပါမည်။

## အရည်အသွေးပြည့်ဝ၍ အားလုံးပါဝင်သော စီမံကိန်းများကို မြှင့်တင်ဆောင်ရွက်ခြင်း

စားနပ်ရိက္ခာဖူလုံရေးအစုအဖွဲ့သည် အကူအညီပေးအပ်ရာတွင် ပြည်သူကိုဗဟိုပြုသည့် နည်းလမ်းဖြစ်စေရေး အတွက်၊ မိတ်ဖက်အဖွဲ့များက PSEA, ကျား၊မ၊ အသက်၊ မသန်စွမ်းမှုနှင့် အခြားသော ထိခိုက်လွယ်အုပ်စုများ၏ အချက်အလက်များကို ထည့်သွင်း၍ အစီရင်ခံသည့်စနစ်များနှင့်အတူ တုံ့ပြန်ချက်ပေးရေးလုပ်ငန်းစဉ် တစ်ခုပါဝင်သည့် AAP လုပ်ငန်းများကို ပေါင်းစည်းထည့်သွင်းဆောင်ရွက်ရန်၊ အားပေးမြှင့်တင်ပါမည်။ အစီရင်ခံစာများတွင် အားလုံးပါဝင်မှုလုပ်ငန်းများကို စောင့်ကြည့်စစ်ဆေးသွားမည်ဖြစ်ပြီး၊ လုပ်ငန်းတိုးတက်မှုကို အစုအဖွဲ့၏ ပေါင်းစပ်ညှိနှိုင်းရေးအစည်းအဝေးများတွင် မိတ်ဖက်များနှင့်ပုံမှန် ဆွေးနွေးခြင်းဖြင့်လည်းကောင်း၊ ကာကွယ်စောင့်ရှောက်ရေးအစုအဖွဲ့၊ AAP/CE လုပ်ငန်းအဖွဲ့တို့နှင့် ပူးပေါင်း၍လည်းကောင်း ပြန်လည်သုံးသပ်ပါ မည်။ စားနပ်ရိက္ခာဖူလုံရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အထူးအချက်အလက်သတင်းလွှာ (Tip-Sheet) ကိုလည်း သက်ဆိုင်သည့်အစုအဖွဲ့နှင့် ပူးတွဲပြုစုထားရှိပြီး၊ နောက်ပိုင်းတွင်ဆက်လက်မြှင့်တင် ဆောင်ရွက် သွားပါမည်။

ပတ်ဝန်းကျင်နှင့် ကိုက်ညီသော စီမံကိန်းများဖြစ်စေရေးအတွက် စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများ ခေါင်းစဉ်ဖြင့် သင်တန်းများကို ပြုလုပ်မည်ဖြစ်ပြီး၊ မိတ်ဖက်အဖွဲ့များအားလည်း အော်ဂဲနစ်မြေဩဇာ၊ ရွက်ဆွေးမြေဩဇာ၊ ဘက်စုံပိုးမွှားစီမံခန့်ခွဲရေးစနစ်များ၊ မြေဆီလွှာထိန်းသိမ်းရေးအလေ့အကျင့်များ အသုံးပြုရေး တို့ကို မြှင့်တင်ဆောင်ရွက်ရန် အားပေးပါမည်။ အယ်လ်နီညိုနှစ်တစ်နှစ်ဖြစ်သည့် ယခုနှစ်အတွင်း ရေထိန်းသိမ်း နိုင်ရေးအတွက် ဒေသတွင်းမျိုးစေ့များနှင့် မိုးခေါင်ရေရှားဒဏ်ခံသီးနှံများကို အသုံးပြုရန်လည်း တိုက်တွန်းနှိုးဆော် သွားပါမည်။

## တုံ့ပြန်ရေးလုပ်ငန်း၏ ကုန်ကျစရိတ်

စားနပ်ရိက္ခာဖူလုံရေးအစုအဖွဲ့၏ ဘဏ္ဍာရေးလိုအပ်ချက်များကို တွက်ချက်ရာတွင် မိတ်ဖက်အဖွဲ့များက အဆိုပြုသည့် အဓိကလုပ်ငန်းများကို အခြေခံပြီး၊ ကာကွယ်စောင့်ရှောက်ရေးကို လုပ်ငန်းတိုင်းတွင် ထည့်သွင်း ပါဝင်စေခြင်းနှင့် ဒေသခံမိတ်ဖက်အဖွဲ့များအား တာဝန်ယူမှု (duty of care) အတွက် တူညီသောပမာဏဖြင့် သုံးစွဲရန် စုစုပေါင်း ကုန်ကျစရိတ်၏ ၁၀% ကို ထည့်ပေါင်းပါသည်။

စားနပ်ရိက္ခာအကူအညီအတွက် ကုန်ကျစရိတ်များတွင် တစ်နှစ်ပတ်လုံးအတွက် စားနပ်ရိက္ခာခွဲတမ်း အကူအညီ ရရှိကြသည့် IDP များနှင့် နိုင်ငံမဲ့သူများ၏ ပုံမှန်အရေအတွက်၊ (၆)လစာအတွက်  စားနပ်ရိက္ခာခွဲတမ်းဖြင့် ကူညီပေးရန် ခန့်မှန်းတွက်ချက်ထားသည့် IDP အသစ်များ၏ များပြားသော အရေအတွက်၊ (၃)လစာအတွက် စားနပ်ရိက္ခာ အကူအညီပေးရန် မျှော်မှန်းထားသည့် IDP အနည်းစု၊ နေရပ်ပြန်ရသူ IDP နှင့်အိမ်ရှင်ရပ်ရွာလူထု၏ နည်းပါးသောအရေအတွက်တို့ကို ပေါင်းစပ်ထည့်သွင်းထားသည်။ အရေးပေါ်ကာလ စိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအကူအညီများ၏ ကုန်ကျစရိတ်တွင် စားနပ်ရိက္ခာထုတ်လုပ်မှု တိုးတက်စေရေး အတွက် ထောက်ပံ့မည့် သွင်းအားစုပစ္စည်းများနှင့် စည်းကမ်းသတ်မှတ်ထားခြင်းမရှိဘဲ တစ်ကြိမ်

**ကချင်ပြည်နယ်**
ကချင်ပြည်နယ်ရှိ IDP စခန်းတစ်ခုတွင် မသန်စွမ်းသူအမျိုးသမီးတစ်ဦးက သူမ၏ မိခင်ကြီးအား ထမင်းကျွေးနေပုံ
ဓါတ်ပုံ - WFP/နိုင်လင်းရွှေ




တည်းအပြီး ထောက်ပံ့မည့် ငွေကြေးအကူအညီများ (ပိုင်ဆိုင်မှုကာကွယ်ပေးခြင်း)  ပါဝင်သည်။

(၁) လတ်တလောတွင်မှ တွက်ချက်ခန့်မှန်းထားချက်များအရ မြန်မာနိုင်ငံ၏ အထွေထွေငွေကြေးဖောင်းပွမှုနှုန်း သည် ၁၅% မှ ၂၀% ကြားတွင်ရှိနေခြင်း (၂) ပျမ်းမျှအားဖြင့် ၂၀၂၂ ခုနှစ်မှ ၂၀၂၃ ခုနှစ် အထိကာလအတွင်း စိုက်ပျိုးရေးသွင်းအားစုများ၏ ကုန်ကျစရိတ်မှာ ၄၆% မြင့်တက်လာခြင်းနှင့် (၃) အခြေခံစားသောက် ကုန်ပစ္စည်းအတွက် ကုန်ကျစရိတ်များမှာ (၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် လေ့လာချက်အရ) နှစ်စဉ် ၅၇% တိုးနေခြင်းတို့ကို ထည့်သွင်းစဉ်းစားပြီးနောက် ငွေကြေးဖောင်းပွမှုနှုန်းကို ၃၀% ရှိမည်ဟု မျှော်မှန်းထားပါသည်။ ဈေးကွက်ပြိုလဲမှုကို ကာကွယ်ပေးရန်နှင့် ဒေသတွင်းစီးပွားရေးကို ကူညီနိုင်ရန်အတွက် စားနပ်ရိက္ခာဖူလုံရေး ပစ္စည်းများ (စားနပ်ရိက္ခာနှင့် ဆက်စပ်အသုံးအဆောင်ပစ္စည်းများ) အနက် ၅၉% ကို ပြည်တွင်းတွင် ဝယ်ယူသွား မည်ဖြစ်သည်။


# ၃.၃။ ကျန်းမာရေးအစုအဖွဲ့

| အကူအညီ လိုအပ်နေသည့် လူဦးရေ | ကူညီပေးရန် လျာထားသည့် လူဦးရေ | ရန်ပုံငွေ လိုအပ်ချက် (အမေရိကန်ဒေါ်လာ) | အမျိုးသမီးနှင့် မိန်းကလေးများ | ကလေးသူငယ်များ (၀ -၁၈ နှစ်) | မသန်စွမ်းသူများ |
|---|---|---|---|---|---|
| ၁၂.၁ သန်း | ၂.၇ သန်း | ၁၃၀ သန်း | ၁.၄သန်း | ၉၀၉၀၀၀ | ၃၇၂၀၀၀ |

### ၂၀၂၄ ခုနှစ်တွင် ကဏ္ဍတွင်းလိုအပ်ချက်များ၏ ပြင်းထန်မှုပြမြေပုံ (မြို့နယ်အလိုက်)




### ၂၀၂၄ ခုနှစ်တွင် ကဏ္ဍတွင်း အကူအညီလိုအပ်နေသည့် လူဦးရေ နှင့် ကူညီပေးရန်လျာထားသည့်လူဦးရေ (ပြည်နယ်/တိုင်းဒေသကြီးအလိုက်)




**အစုအဖွဲ့ရည်ရွယ်ချက် - ၁ (CO1)**

ကူးစက်ရောဂါဖြစ်ပွားမှုနှင့် အခြားသော ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေများကို အချိန်နှင့်တပြေးညီ ထိရောက်စွာ ရှာဖွေဖော်ထုတ်၍ပေါင်းစပ်ညှိနှိုင်းထားသောတုံ့ပြန်ရေးလုပ်ငန်းများဖြင့် ဖြေရှင်းပေးရန်။

**အစုအဖွဲ့ရည်ရွယ်ချက် - ၂ (CO2)**

နေရပ်စွန့်ခွာရသူများ၊ နေရပ်ပြန်ရသူများ၊ နိုင်ငံမဲ့သူများနှင့် အခြားသော အကျပ်အတည်းဒဏ်သင့်ပြည်သူ (၂.၇) သန်းတို့က အရည်အသွေးရှိပြီး အားလုံးပါဝင်သော အသက်ကယ်ဆယ်ရေးဆိုင်ရာ ဦးစားပေး ကျန်းမာရေး ဝန်ဆောင်မှုများကို ပိုမိုလက်လှမ်းမီရရှိစေရန်။

**အစုအဖွဲ့ရည်ရွယ်ချက် - ၃ (CO3)**

အရည်အသွေးရှိပြီး ပြည်သူကို ဗဟိုပြုသည့် ကျန်းမာရေးစောင့်ရှောက်မှု၊ ပိုမိုကောင်းမွန်စွာ အစီရင်ခံခြင်း၊ ပြည်သူများကို တာဝန်ခံယူခြင်း အလေ့အထများကို ပြုစုပျိုးထောင်ပေးရေးအတွက် လမ်းညွှန်ချက်များ၊ နည်းလမ်းများ၊ သင်တန်းများ၊ ကြီးကြပ်မှုများ၊ ဒေသအလိုက်ကိုက်ညီအောင်ဆောင်ရွက်သော ပေါင်းစပ်ညှိနှိုင်းမှု များကို ထောက်ပံ့ပေးခြင်းအားဖြင့် ကျန်းမာရေးလုပ်ငန်းမိတ်ဖက်အဖွဲ့များ၏ စွမ်းဆောင်ရည်ကို ခိုင်မာ အားကောင်းစေရန်။

**အစုအဖွဲ့ရည်ရွယ်ချက် - ၄ (CO4)**

ကျန်းမာရေးအစုအဖွဲ့၏ ပေါင်းစပ်ညှိနှိုင်းရေးနှင့် သတင်းအချက်အလက် စီမံခန့်ခွဲရေးကို အဆင့်အားလုံးတွင် ပိုမိုအားကောင်းလာစေရန်။

## လိုအပ်ချက်များကို အကျဉ်းချုပ်ဖော်ပြချက်

၂၀၂၄ ခုနှစ်တွင် လူဦးရေ (၁၂) သန်းခန့်သည် လူသားချင်းစာနာမှုဆိုင်ရာ ကျန်းမာရေးအကူအညီများကို လိုအပ်မည်ဟု ကျန်းမာရေးအစုအဖွဲ့က ခန့်မှန်းထားသည်။ နေပြည်တော်နှင့် ရန်ကုန်ကဲ့သို့သော မြို့ပြကြီးများတွင် အစိုးရ၏ ကျန်းမာရေးဝန်ဆောင်မှုများကို တစိတ်တပိုင်းပြန်လည်စတင်နေပြီဖြစ်သော်လည်း၊ မရှိမဖြစ်လိုအပ်သော ဆေးဝါးနှင့်ဆေးပစ္စည်းများအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုကို လက်လှမ်းမီရရှိမှုမှာ နည်းပါး၍ ပြတ်တောက်မှုများ ဖြစ်နေပြီး ညီမျှမှုလည်း မရှိသဖြင့် ရေရှည်တွင် တန်းတူမညီမျှမှုများကို ပိုဆိုးစေပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို နိုင်ငံရေးအရ နက်ရှိုင်းစွာအသုံးချခံနေရဆဲဖြစ်ပြီး၊ ဝန်ထမ်းများ လုပ်ငန်းခွင်သို့ ပြန်လာမှုကို ထိခိုက်နေသဖြင့် အထူးသဖြင့် မိန်းကလေးများ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများနှင့် အခြားသောထိခိုက်လွယ်အုပ်စုများအတွက် ကျန်းမာရေးစောင့်ရှောက်မှု ရယူရန် ခက်ခဲနေသည်။

ဤအချက်ကြောင့် လူသားချင်းစာနာမှုဆိုင်ရာ ကျန်းမာရေးအကူအညီ လိုအပ်မှု ပိုမိုများပြားလာပြီး၊ ဝေးလံခေါင်ပါးပြီး ပဋိပက္ခကြောင့် ထိခိုက်ခံရသည့်ဒေသများတွင် ပုဂ္ဂလိက ဆေးရုံးဆေးခန်းများ၊ ဒေသခံ CBOs နှင့် CSOs အဖွဲ့များကို များစွာ မှီခိုအားထားလာရသည်။ ၂၀၂၄ ခုနှစ်တွင် ပြည်နယ်/တိုင်းဒေသကြီးအလိုက် လူဦးရေစုစုပေါင်းတွင် ကျန်းမာရေးအကူအညီလိုအပ်နေသူများကို ကရင်ပြည်နယ် (၄၆%)၊ ကယားပြည်နယ် (၄၁%)နှင့် ကချင်ပြည်နယ် (၃၇%)တို့တွင် အများဆုံး တွေ့ရှိရသည်။[22]

တစ်နိုင်ငံလုံးရှိ လူသားချင်းစာနာမှုဆိုင်ရာ ကျန်းမာရေးအကူအညီလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အတွက် ဆေးကုသရေးအဖွဲ့ (၃၇၂) ဖွဲ့ လိုအပ်မည်ဟု ခန့်မှန်းထားရာ၊ လက်ရှိအချိန်တွင် (၂၀၂) ဖွဲ့ ထပ်မံလိုအပ်နေဆဲဖြစ်သည်။[23] စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ဦးစားပေးအသက်ကယ်ဆယ်ရေးဆိုင်ရာ ကျန်းမာရေးဝန်ဆောင်မှုများကို ထောက်ပံ့ပေးမည့် ဆေးကုသရေး အဖွဲ့များကို အများဆုံးလိုအပ်နေသည်။ လက်နက်ကိုင်တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေခြင်းနှင့် အရှိန်မြင့်တက် လာခြင်း၊ ရန်ပုံငွေရရှိမှု နည်းပါးခြင်း၊ ဥပဒေ၊ အုပ်ချုပ်ရေးနှင့် လုံခြုံရေးဆိုင်ရာ အတားအဆီးများ ရှိနေခြင်းတို့ကြောင့် ထိခိုက်လွယ်မှုပိုမိုများပြားလာနေသော ပြည်သူများသို့ ကျန်းမာရေးအကူအညီများ လုံလောက်ထိရောက်စွာပေးအပ်နိုင်ရေးကို ထိခိုက်နေပါသည်။

## တုံ့ပြန်ရေးလုပ်ငန်းမဟာဗျူဟာ

လူသားချင်းစာနာမှုအခင်းအကျင်းအောက်ရှိ ကျန်းမာရေးအစုအဖွဲ့သည် တစ်နိုင်ငံလုံးတွင် နေရပ်စွန့်ခွာရသူများ၊ နေရပ်ပြန်ရသူများ၊ နိုင်ငံမဲ့သူများနှင့် အခြားသော အကျပ်အတည်းဒဏ်သင့်ပြည်သူများသို့ ဦးစားပေး အသက်ကယ်ဆယ်ရေးဆိုင်ရာ စောင့်ရှောက်မှုများပေးအပ်ရာတွင် ချိတ်ဆက်ပါဝင်နေပြီး၊ တချိန်တည်းတွင် အများပြည်သူကဏ္ဍတွင် ထိရောက်၍ ဘေးကင်းလုံခြုံပြီး ပြည်သူကို ဗဟိုပြုသော ကျန်းမာရေးစောင့်ရှောက်မှု ဖြစ်စေရေးအတွက် တိုက်တွန်းလှုံ့ဆော်မှုများကို ဆက်လက်ပြုလုပ်နေသည်။

ပေါင်းစပ်ညှိနှိုင်းရေးစွမ်းရည် တိုးတက်စေရန်လည်း ဆက်လက်ဆောင်ရွက်သွားပါမည်။ ၂၀၂၂ ခုနှစ်မှစ၍ အနောက်မြောက်ပိုင်းနှင့် အရှေ့တောင်ပိုင်းဒေသတို့တွင် ဝန်ထမ်းများ တိုးချဲ့ခန့်ထားပြီးဖြစ်ရာ လက်တွေ့မြေပြင်တွင် ဒေသခံမိတ်ဖက်အဖွဲ့များက အဓိပ္ပါယ်ပိုရှိစွာဖြင့် လက်တွဲဆောင်ရွက်လာပြီး၊ ပိုမိုပူးပေါင်းပါဝင်လာ မည်ဖြစ်သည်။ လက်ရှိအချိန်တွင် မြန်မာနိုင်ငံလူသားချင်းစာနာမှုတုံ့ပြန်ရေးလုပ်ငန်း၌ ဒေသအလိုက် ပိုမိုကိုက်ညီအောင်ဆောင်ရွက်မည့်ပုံစံသို့ ကူးပြောင်းနေပြီဖြစ်ရာ ဤလုပ်ငန်းမှာ အရေးကြီးသော အဆင့်တစ်ဆင့် ပင်ဖြစ်ပါသည်။

ဆေးကုသရေးအဖွဲ့များသည် မတူညီသည့် အခြေအနေအမျိုးမျိုးတွင် ရပ်ရွာလူထုအခြေခံသည့် ဆေးရုံ ဆေးခန်းများ၊ ပြင်ပလူနာကုဆေးခန်းများ၊ ပုဂ္ဂလိကဆေးရုံဆေးခန်းများအပါအဝင် ရွေ့လျားဆေးခန်းများ၊ အထိုင်ဆေးခန်းများဖြင့်လည်းကောင်း၊ အွန်လိုင်းမှတဆင့်ကုသပေးခြင်းနည်းလမ်းဖြင့်လည်းကောင်း ဝန်ဆောင်မှု များကို တိုက်ရိုက်ထောက်ပံ့ပေးခြင်းအားဖြင့် ဦးစားပေးအသက်ကယ်ဆယ်ရေးဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု များကို ဆက်လက်ပေးအပ်သွားမည်ဖြစ်သည်။ NGOs အဖွဲ့များနှင့်လည်းကောင်း၊ ပုဂ္ဂလိကကဏ္ဍနှင့် လည်းကောင်း ဝန်ဆောင်မှုဝယ်ယူ/ရယူရေးသဘောတူညီချက်များ ရယူခြင်းဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားပါမည်။ တိုက်ပွဲများ အရှိန်မြင့်တက်နေသည့်လက်ရှိအချိန်တွင် မြို့ပြဒေသများ၌ စိတ်ဒဏ်ရာကုသရေးဌာနများတည်ထောင်ရန် အရေးတကြီးလိုအပ်လာနေ သည်။

ကျန်းမာရေးအစုအဖွဲ့သည် ဆက်စပ်ကုသမှုများချောမွေ့စေရေးအတွက် အထူးပြုဝန်ဆောင်မှုများထံသို့ လူနာလွှဲပြောင်းပေးရေးလုပ်ငန်းများကိုလည်း ငွေရေးကြေးရေးအရ ပံ့ပိုးကူညီပေးရန် ဆက်လက်ကတိကဝတ်ပြုထားပြီး၊ ဒေသခံ CBOs များ၊ CSOs များနှင့် EHOs အဖွဲ့များအပါအဝင် လုပ်ငန်းမိတ်ဖက်အဖွဲ့ များအားလုံးသို့ ဆေးဝါးများ၊ ဆေးပစ္စည်းများနှင့် ကိရိယာများကို ဆက်လက်လှူဒါန်းပေးသွားမည်ဖြစ်သည်။

ရပ်ရွာလူထုအတွင်းတွင် ကျန်းမာရေးအန္တရာယ်ဖြစ်နိုင်ခြေများကို ကိုယ်တိုင်စီမံခန့်ခွဲနိုင်စွမ်းရှိစေရေးအတွက် ပညာပေးလုပ်ငန်းများကိုလည်း ဦးစားပေးအဖြစ်ထပ်မံသတ်မှတ်ထားပြီး၊ သွားလာဆက်သွယ်ရေး ပြတ်တောက် နေသည့် ဝေးလံခေါင်ပါးသော ဒေသများနှင့် ပဋိပက္ခဒဏ်သင့်ဒေသများတွင်  ရောဂါလက္ခဏာရှာဖွေ ဖော်ထုတ်ခြင်း၊ စောင့်ကြည့်ခြင်းနှင့် နေထိုင်မှုပုံစံပြောင်းလဲခြင်းအပါအဝင် ပညာပေးလုပ်ငန်းများကို ပိုမို ဆောင်ရွက်သွားပါမည်။ ထို့အပြင် ကျန်းမာရေးအစုအဖွဲ့သည် ကျန်းမာရေးစောင့်ရှောက်မှုဌာနများ၊ ကျန်းမာရေးလုပ်သားများ၊ လူနာများနှင့် ကျန်းမာရေးဆိုင်ရာ သယ်ယူပို့ဆောင်မှုများအပေါ် တိုက်ခိုက်မှုအားလုံး ရပ်တန့်စေရေးအတွက် သက်ဆိုင်ရာအဖွဲ့အားလုံးသို့ တိုက်တွန်းလှုံ့ဆော်မှုများ ဆက်လက်ပြုလုပ်သွားပါမည်။

## လျာထားချက်နှင့် ဦးစားပေးသတ်မှတ်ခြင်း

ကျန်းမာရေးအစုအဖွဲ့သည် လူသားချင်းစာနာမှုဆိုင်ရာ ကျန်းမာရေးအကူအညီလိုအပ်နေသည့် လူဦးရေ (၁၂) သန်းအနက် ၂၃% ကို အကူအညီပေးရန်လျာထားပြီး၊ ယင်းလျာထားချက်တွင် ထူးခြားသော လူဦးရေအုပ်စုအားလုံး လွှမ်းခြုံပါဝင်သည်။ လျာထားချက်သတ်မှတ်ရာတွင် စံသတ်မှတ်ချက်နှစ်ခုကို အခြေခံထားရာ၊ ပထမတစ်ခုမှာ MSNA တွင် သတ်မှတ်ဖော်ထုတ်ထားသည့် မဖြည့်ဆည်းပေးနိုင်သေးသော ကျန်းမာရေးလိုအပ်ချက်များနှင့် အတားအဆီးများဖြစ်ပြီး၊ ဒုတိယတစ်ခုမှာ ပုဂ္ဂလိကကဏ္ဍမှ ဝန်ဆောင်မှုများကို လက်လှမ်းမီရရှိနိုင်စွမ်းအနည်းဆုံးဖြစ်သည့် ဝေးလံခေါင်ပါးသောဒေသများနှင့် ပဋိပက္ခဒဏ်သင့်ဒေသများကို ဦးစားပေးခြင်းဖြစ်သည်။ အချို့သော မြို့ပြ

ဒေသများတွင် အစိုးရကျန်းမာရေးဝန်ဆောင်မှုများကို အတော်အသင့် ပြန်လည်စတင်နေပြီဖြစ်ကြောင်း တွေ့ရှိချက်များကို အခြေခံလျက်၊ ဤလျာထားချက်တွင် နေပြည်တော်နှင့် ရန်ကုန်မှ အကူအညီလိုအပ်နေသူများကို ထည့်သွင်းထားခြင်း မရှိပါ။

### အရည်အသွေးပြည့်ဝ၍ အားလုံးပါဝင်သော စီမံကိန်းများကို မြှင့်တင်ဆောင်ရွက်ခြင်း

AAP နှင့် ပြည်သူဗဟိုပြုတုံ့ပြန်ရေးလုပ်ငန်း၊ အသက်အရွယ်/ မသန်စွမ်းမှု/ အခြားစုံလင်ကွဲပြားမှုများအလိုက် ပြည်သူများကို လုပ်ပိုင်ခွင့်ပေးခြင်း၊ PSEA နှင့် ကျားမရေးရာထိရှလွယ်မှုစသည်တို့အားလုံးကို တိုးတက်စေခြင်း သည် ကျန်းမာရေးအစုအဖွဲ့အတွက် ၂၀၂၄ ခုနှစ်အတွင်းဆောင်ရွက်မည့် အဓိကဦးတည်လုပ်ငန်းများ ဖြစ်ကြပါသည်။ ၂၀၂၄ ခုနှစ်တွင် ကျန်းမာရေးအစုအဖွဲ့သည် ပူးပေါင်းပါဝင်သော နည်းလမ်းတစ်ခုကို အသုံးပြုလျက်၊ ကျန်းမာရေးမိတ်ဖက်အဖွဲ့များ၏ အကောင်းဆုံးအလေ့အကျင့်များကို စာရွက်စာတမ်းပြုစုခြင်း၊ IASC နှင့် ကမ္ဘာလုံးဆိုင်ရာကျန်းမာရေးအစုအဖွဲ့တို့၏ ကမ္ဘာလုံးဆိုင်ရာ လမ်းညွှန်ချက်များကို မြန်မာနိုင်ငံ၏ အခြေအနေနှင့်ကိုက်ညီအောင် လိုက်လျောညီထွေပြင်ဆင်ခြင်းအားဖြင့် AAP ဆိုင်ရာ လမ်းညွှန်ချက်များနှင့် နည်းလမ်းစုတို့ကို ဖော်ထုတ်ပြုစုပါမည်။

ကျန်းမာရေးအစုအဖွဲ့အနေဖြင့် ကျန်းမာရေးမိတ်ဖက်အဖွဲ့များအတွက် PSEA ဆိုင်ရာ စည်းမျဉ်းများ၊ မူဝါဒများနှင့် စံချိန်စံညွှန်းများနှင့် စပ်လျဉ်းသည့် သင်တန်းများကို နှစ်စဉ် စီစဉ်ပြုလုပ်သွားမည်ဖြစ်ပြီး၊ ကျန်းမာရေးဆိုင်ရာ လုပ်ငန်းအားလုံးတွင် အဆိုပါ စည်းမျဉ်းများ၊ မူဝါဒများနှင့် စံချိန်စံညွှန်းများကို စွဲမြဲလိုက်နာစေရန် တာဝန်ရှိသည့် အဖွဲ့အစည်းတိုင်းတွင် PSEA ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးကို ခန့်အပ်တာဝန်ပေးအပ်ရန်လည်း လေးနက်စွာတိုက်တွန်းအားပေးသွားပါမည်။ အားလုံးအတွက် ဘေးကင်း၍ ကာကွယ်စောင့်ရှောက် ပေးနိုင်စွမ်းရှိသော ပတ်ဝန်းကျင်တစ်ခု ဖန်တီး၍ ဆက်လက်ထိန်းသိမ်းထားနိုင်ရေးအတွက် လိင်၊ အသက်အရွယ် နှင့်မသန်စွမ်းမှုအလိုက် ခွဲခြားထားသည့် အချက်အလက်များနှင့် ကျားမရေးရာရှုထောင့်မှ စိစစ်ပိုင်းခြားချက်များကို အသုံးပြုလျက် စုံလင်ကွဲပြားမှုဆိုင်ရာ စဉ်းစားချက်များကို ကျန်းမာရေးဆိုင်ရာစီမံကိန်းများ ရေးဆွဲဆောင်ရွက်ရာ တွင် ပေါင်းစည်းထည့်သွင်းသွားပါမည်။

ကျန်းမာရေးအစုအဖွဲ့အနေဖြင့် တုံ့ပြန်ရေးလုပ်ငန်းတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှု ဆိုင်ရာ စဉ်းစားချက်များကို ပေါင်းစည်းထည့်သွင်းခြင်း၏ အရေးကြီးပုံကို အသိအမှတ်ပြုလျက်၊ အစုအဖွဲ့၏ ရည်ရွယ်ချက်များ၊ လုပ်ငန်းများနှင့် ညွှန်းကိန်းများကို အစိမ်းရောင်ဖွံ့ဖြိုးရေးနှင့်ရေရှည်တည်တံ့စေရေး စည်းမျဉ်းများနှင့် အကောင်းဆုံး ချိန်ညှိဆောင်ရွက်နိုင်မည့်နည်းလမ်းများကိုလည်း စူးစမ်းရှာဖွေဆောင်ရွက် သွားပါမည်။


### တုံ့ပြန်ရေးလုပ်ငန်း၏ ကုန်ကျစရိတ်

ကျန်းမာရေးအစုအဖွဲ့၏ တုံ့ပြန်ရေးလုပ်ငန်းများအတွက် ကုန်ကျစရိတ်ကို တွက်ချက်ရာတွင် လုပ်ငန်းကို အခြေခံသည့် နည်းလမ်းကို အသုံးပြုထားပြီး၊ ကျန်းမာရေးစီမံကိန်းများနှင့် မိတ်ဖက်အဖွဲ့များ၏ မြေပြင်အတွေ့အကြုံများကို အထောက်အထားအခြေခံ၍ နှိုင်းယှဉ်လေ့လာထားသော စိစစ်ပိုင်းခြားမှုများလည်း ပါဝင်ခဲ့သည်။ ခန့်မှန်းထားသော ငွေကြေးဖောင်းပွမှုနှုန်းမှာ ၄% မှ ၈% အထိဖြစ်ပြီး၊ တစ်ယူနစ်ချင်းအတွက် ပျမ်းမျှကုန်ကျစရိတ်အားလုံးတွင် ကာကွယ်စောင့်ရှောက်ရေးကို လုပ်ငန်းတိုင်း၌ ထည့်သွင်းပါဝင်စေခြင်းအတွက် ၅% ကိုလည်းကောင်း၊ မိတ်ဖက်အဖွဲ့များအား တာဝန်ယူမှု (duty of care) အတွက် ၅% ကိုလည်းကောင်း ထပ်မံပေါင်းထည့်ထားပါသည်။


# ၃.၄။ အာဟာရဆိုင်ရာအစုအဖွဲ့

| အကူအညီ လိုအပ်နေသည့် လူဦးရေ | ကူညီပေးရန် လျာထားသည့် လူဦးရေ | ရန်ပုံငွေ လိုအပ်ချက် (အမေရိကန်ဒေါ်လာ) | အမျိုးသမီးနှင့် မိန်းကလေးများ | ကလေးသူငယ်များ (၀ -၁၈ နှစ်) | မသန်စွမ်းသူများ |
| --- | --- | --- | --- | --- | --- |
| ၂.၂ သန်း | ၀.၆ သန်း | ၅၈ သန်း | ၃၇၈၀၀၀ | ၄၇၄၀၀၀ | ၇၉၀၀၀ |

**၂၀၂၄ ခုနှစ်တွင် ကဏ္ဍတွင်းလိုအပ်ချက်များ၏ ပြင်းထန်မှုပြမြေပုံ (မြို့နယ်အလိုက်)**




**၂၀၂၄ ခုနှစ်တွင် ကဏ္ဍတွင်း အကူအညီလိုအပ်နေသည့် လူဦးရေနှင့် ကူညီပေးရန်လျာထားသည့်လူဦးရေ (ပြည်နယ်/တိုင်းဒေသကြီးအလိုက်)**




### အစုအဖွဲ့ရည်ရွယ်ချက် - ၁ (CO1)

ပြင်းထန်အာဟာရချို့တဲ့မှုရှိနေသည့် ထိခိုက်လွယ်ကလေးသူငယ် (၇၁၀၀၀) ခန့်နှင့် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင် (၃၄၀၀၀) တို့အား တန်းတူမျှတ၍ အားလုံးပါဝင်သော အသက်ကယ်ဆယ်ရေးကုသမှုများနှင့် စီမံခန့်ခွဲရေးဝန်ဆောင်မှုများသို့ လက်လှမ်းမီရရှိစေရေး ကူညီပေးရန်။

### အစုအဖွဲ့ရည်ရွယ်ချက် - ၂ (CO2)

အာဟာရအားဖြည့်ဆေးများတိုက်ကျွေးခြင်း၊ ဖြည့်စွက်စာအစုံတိုက်ကျွေးခြင်းအစီအစဉ်နှင့် နို့စို့ကလေးနှင့် ကလေးငယ်များအား နို့နှင့်အစားအစာတိုက်ကျွေးခြင်း (IYCF) လုပ်ငန်းများမှတဆင့် အသက် (၅) နှစ်အောက်ကလေးသူငယ် (၁.၉) သန်းနှင့် ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင် (၁၀၂၀၀၀)ဦး တို့ကို ရောဂါကြိုတင်ကာကွယ်ရေး အာဟာရများထောက်ပံ့ပေးရန်။

### အစုအဖွဲ့ရည်ရွယ်ချက် - ၃ (CO3)

အသက်ကယ်ဆယ်ရေးနှင့် ရောဂါကြိုတင်ကာကွယ်ရေးဆိုင်ရာ အာဟာရတိုက်ကျွေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်နှင့် တချိန်တည်းတွင် အကူအညီပေးရန်လျာထားသူများ၏ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အန္တရာယ်များကို စောင့်ကြည့်စစ်ဆေး၍ ဖြေရှင်းပေးရန်၊ ကာကွယ်စောင့်ရှောက်ရေးကို ဗဟိုပြုဆောင်ရွက်မှုအား စွဲမြဲလိုက်နာ၍ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုစည်းမျဉ်းများအား လေးစားမှုကို မြှင့်တင်ပေးရန်။

### အစုအဖွဲ့ရည်ရွယ်ချက် - ၄ (CO4)

အာဟာရအစုအဖွဲ့၏ ပေါင်းစပ်ညှိနှိုင်းရေးနှင့် သတင်းအချက်အလက်စီမံခန့်ခွဲရေးကို အဆင့်အားလုံးတွင် ပိုမိုအားကောင်းလာစေရန်။

## လိုအပ်ချက်များကို အကျဉ်းချုပ်ဖော်ပြချက်

၂၀၂၄ ခုနှစ်တွင်၊ အသက် (၅) နှစ်အောက် ကလေးသူငယ် (၁.၃) သန်းနှင့် ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင် (၉၆၀၀၀၀) ဦးတို့ပါဝင်သည့် လူဦးရေ (၂.၂) သန်းသည် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများကို လိုအပ်နေရာ၊ ကာလရှည်ကြာပြီး ဆိုးရွားနေသည့် အကျပ်အတည်းကြောင့် အကူအညီလိုအပ်သူအရေအတွက် မြင့်တက်နေပါသည်။ အကူအညီလိုအပ်နေသူများအနက် အသက် (၅) နှစ်အောက်ကလေးသူငယ် (၇၁၀၀၀) ဦးသည် ပြင်းထန်အာဟာရချို့တဲ့မှု (SAM) အတွက်လည်းကောင်း၊ ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင် (၃၃၀၀၀) ဦးသည် အသင့်အတင့်အာဟာရချို့တဲ့မှု (MAM) အတွက်လည်းကောင်း အသက်ကယ်ဆယ်ရေးကုသမှုများ လိုအပ်ပြီး၊ ကလေးသူငယ် (၃၅၇၀၀၀) ဦးကို ဖြည့်စွက်အစားအစာတိုက်ကျွေးရန် လိုအပ်နေသည်။ ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင် (၃၀၃၀၀၀) ဦးသည် အာဟာရအားဖြည့်ဆေးတိုက်ကျွေးခြင်း၊ နို့စို့ကလေးနှင့် ကလေးငယ်များအား နို့နှင့်အစားအစာတိုက်ကျွေးခြင်း (IYCF) ဆိုင်ရာ ကြည့်ရှုဆွေးနွေးပေးခြင်းနှင့် ဖြည့်စွက်စာအစုံတိုက်ကျွေးခြင်းတို့ကို လိုအပ်နေသည်။ ကလေးသူငယ် (၁.၉)သန်းခန့်သည် အားဖြည့် ဆေးတိုက်ကျွေးရန်၊ ဖြည့်စွက်အစားအစာအစုံလိုက်တိုက်ကျွေးရန်တို့အပြင် ရောဂါရှာဖွေစစ်ဆေးပေးရန်နှင့် ဝန်ဆောင်မှုအတွက် လွှဲအပ်ပေးရန် လိုအပ်နေကြသည်။

လိုအပ်ချက် အများဆုံးမှာ IDP အများစုရှိနေသည့် အနောက်မြောက်ပိုင်းဒေသ (ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့်စစ်ကိုင်းတိုင်းဒေသကြီး) ဖြစ်ပြီး၊ ဒုတိယအများဆုံးမှာ ရခိုင်ပြည်နယ် (၁၁%)နှင့် ဆက်လက်၍ အရှေ့တောင်ပိုင်းဒေသ၊ အရှေ့မြောက်ပိုင်းဒေသနှင့် အလယ်ပိုင်းဇုန်များတွင်ဖြစ်သည်။

### တုံ့ပြန်ရေးလုပ်ငန်းမဟာဗျူဟာ

ပြည်သူ့ကျန်းမာရေးလုပ်ငန်းနှင့် ရပ်ရွာလူထုအခြေပြု အကူအညီပေးအပ်ရေးလုပ်ငန်းစဉ်များကို တုံ့ပြန်ရေး စံပြုပုံစံများအဖြစ် တပြိုင်နက်တည်း ဆောင်ရွက်သွားပါမည်။ ဥပမာအားဖြင့် ရောဂါရှုပ်ထွေးမှုရှိနေသည့် SAM  ကုသရေးကို ဆေးရုံဆေးခန်းများတွင် အခြေပြု၍ လုပ်ဆောင်မည်ဖြစ်ပြီး၊ တချိန်တည်းတွင် အာဟာရချို့တဲ့မှု သတ်မှတ်ဖော်ထုတ်ရန် လက်မောင်းလုံးပတ်တိုင်းတာခြင်း (MUAC)၊ ရောဂါရှုပ်ထွေးမှုမရှိသည့် SAM များကို လွှဲပြောင်းပေးခြင်းနှင့် MAM စီမံခန့်ခွဲခြင်းတို့အတွက် ရပ်ရွာလူထုအခြေပြုသည့် လုပ်ငန်းစဉ်များကို အသုံးပြုပါမည်။

အာဟာရအစုအဖွဲ့သည် ဝေးလံခေါင်ပါးသောဒေသများရှိ ပြည်သူများ ထံသို့ ပိုမိုဖြန့်ကြက်ရောက်ရှိနိုင်ရေး အတွက်လည်းကောင်း၊ ငွေကြေးအကူအညီပေးသည့် ပုံစံများဖြင့် အခြားသော ကျန်းမာရေးဝန်ဆောင်မှုများကို လက်လှမ်းမီရရှိစေရေးအတွက်လည်းကောင်း ငွေကြေးနှင့် ဘောက်ချာအကူအညီ (CVA) အစီအစဉ်ကိုလည်း ဆောင်ရွက်ထားပြီး၊ SAM ကုသရေးရလဒ်များ တိုးတက်စေရေးနှင့် MAM စီမံခန့်ခွဲရေးကဲ့သို့သော ကြိုတင်ကာကွယ်ရေးနည်းလမ်းများတွင် အသုံးပြုနေပါသည်။ ငွေကြေးအကူအညီကို ထိရောက်စွာ အသုံးပြုမှုနှင့် ငွေကြေးအကူအညီလုပ်ငန်း၏ သက်ရောက်မှုများကို  အမြင့်ဆုံးဖြစ်စေရေးအတွက် အပြန်အလှန်အားဖြည့်ပေး သည့် လူမှုဆိုင်ရာအပြုအမူပြောင်းလဲရေး

**ရှမ်းပြည်နယ်**
ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ကလေးငယ်တစ်ဦးအား လက်မောင်းလုံးပတ်တိုင်းတာနေပုံ
ဓါတ်ပုံ - မိတ်ဖက်အဖွဲ့တစ်ဖွဲ့



လုပ်ငန်းများကို အကောင်အထည်ဖော်သင့်ပါသည်။ မိခင်နို့တိုက်ကျွေးခြင်းအတွက် ဘေးကင်းလုံခြုံသောနေရာများတည်ထောင်ခြင်းနှင့် ပြုစုစောင့်ရှောက်သူများ အတွက် IYCF သတင်းစကားများဖြန့်ဝေခြင်းလုပ်ငန်းများကို အခြားသောစီမံကိန်းများ (ဥပမာ - လုပ်ငန်းများကို တစ်နေရာတည်းတွင် ပူးတွဲလုပ်ဆောင်ခြင်းအစီအစဉ်ဖြင့် EORE ဆောင်ရွက်ခြင်း၊ ကဏ္ဍများအကြား ပူးပေါင်းဆောင်ရွက်မှုခိုင်မာအားကောင်းစေခြင်း) နှင့် ပေါင်းစည်းထည့်သွင်းဆောင်ရွက်ပါမည်။

## လျာထားချက်နှင့် ဦးစားပေးသတ်မှတ်ခြင်း

ဦးစားပေးသတ်မှတ်ရာတွင် အကူအညီလိုအပ်နေသည့် IDP များ၊ နေရပ်ပြန်ရသူ IDP များနှင့် နေရပ်စွန့်ခွာရခြင်းမရှိသည့် နိုင်ငံမဲ့သူများအနက် ၈၀% ကို လွှမ်းခြုံကူညီနိုင်မှုအပေါ် အခြေခံထားပြီး၊ SAM နှင့် MAM ကြောင့် ထိခိုက်ခံစားနေရသည့် ကလေးသူငယ်များကို ပထမဆုံး ဦးစားပေးအဖြစ်သတ်မှတ်ထားသည်။ လူသားချင်းစာနာမှုအကူအညီလိုအပ်နေသည့် အခြားသောအကျပ်အတည်းဒဏ်ခံရသည့်ပြည်သူများ၏ လွှမ်းခြုံပါဝင်မှုသည် ၅% မှ ၂၀% အထိရှိပါသည်။ ရခိုင်ပြည်နယ်နှင့်အနောက်မြောက်ပိုင်းဒေသတို့တွင် အာဟာရဆိုင်ရာအကူအညီလိုအပ်နေသူစုစုပေါင်း၏ ၄၀% နီးပါးရှိနေပြီး၊ အာဟာရအစုအဖွဲ့၏ တစ်နိုင်ငံလုံး လွှမ်းခြုံသည့် တုံ့ပြန်ရေးလုပ်ငန်းတွင် ဦးစားပေးဒေသများဖြစ်ကြသည်။

ဦးစားပေးလုပ်ငန်းများတွင် SAM အတွက် အသက်ကယ်ဆယ်ရေးကုသမှုများ၊ MAM စီမံခန့်ခွဲရေး၊ ကိုယ်ဝန်ဆောင် နှင့် နို့တိုက်မိခင်များအတွက် သံဓါတ်အားဆေး (folate) အပါအဝင် အားဖြည့်ဆေးများတိုက်ကျွေးခြင်း၊ ကလေးသူငယ်များအတွက် Vitamin A အားဖြည့်တိုက်ကျွေးခြင်းစသည့် လုပ်ငန်းများ ပါဝင်ကြသည်။ အကူအညီ လက်ခံရရှိမည့်သူများကို ရွေးချယ်ရာတွင် စားနပ်ရိက္ခာဖူလုံမှုနှင့် အာဟာရဆိုင်ရာ စိစစ်ပိုင်းခြားခြင်းလုပ်ငန်းမှ ပြင်းထန်မှုအဆင့်အတန်းသတ်မှတ်ခြင်းကို အခြေခံထားပါသည်။

## အရည်အသွေးပြည့်ဝ၍ အားလုံးပါဝင်သော စီမံကိန်းများကို မြှင့်တင်ဆောင်ရွက်ခြင်း

အာဟာရအစုအဖွဲ့၏ မိတ်ဖက်များအားလုံးတို့သည် စီမံကိန်းများရေးဆွဲဆောင်ရွက်ရာတွင် AAP ကို ပေါင်းစည်းထည့်သွင်းထားပြီးဖြစ်သည်။ အာဟာရအစုအဖွဲ့သည် သက်ဆိုင်ရာ လုပ်ငန်းများ၏ တိုးတက်မှုနှင့် စပ်လျဉ်းသည့် လက်ရှိအခြေအနေများကို အပြန်အလှန်ဖလှယ်နိုင်ရန် အတွက် AAP/CE လုပ်ငန်းအဖွဲ့၏ အစည်းအဝေးများသို့ ပုံမှန် ပါဝင်တက်ရောက်မည့် တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးကိုလည်း ခန့်အပ်ထားပါသည်။

အစုအဖွဲ့၏ အဖွဲ့ဝင်များအား PSEA, ကျားမရေးရာ၊ အသက်၊ မသန်စွမ်းမှုနှင့် စုံလင်ကွဲပြားမှုတို့နှင့်စပ်လျဉ်း၍ ပဋိပက္ခကို ထိရှလွယ်စွာစဉ်းစား၍ လုပ်ပိုင်ခွင့်ပေးခြင်းကို ဦးတည်သည့် နည်းလမ်းများအား မိတ်ဖက်ရှင်းလင်းပွဲများ ပြုလုပ်ပေးခဲ့ပြီးဖြစ်သည်။ အာဟာရအစုအဖွဲ့သည် ရခိုင်ပြည်နယ်တွင် အထူးလိုအပ်ချက်များနှင့် မသန်စွမ်းမှုများရှိနေသည့် ကလေးသူငယ်များအား သတ်မှတ်ဖော်ထုတ်ပေးသည့် အသက်အလိုက် ဖွံ့ဖြိုးကြီးထွားမှုဆန်းစစ်ခြင်းနည်းလမ်းတစ်ခုကို မသန်စွမ်းသူကူညီရေးအစီအစဉ်ရေးဆွဲရာတွင် ပေါင်းစပ်ထည့်သွင်းထားသည်။ စေတနာ့ဝန်ထမ်းများကိုလည်း PSEA ဆိုင်ရာ သင်တန်းများ ပို့ချပေးထားပြီး၊ တုံ့ပြန်ချက်ပေးရေးလုပ်ငန်းစဉ်အကြောင်း ပိုစတာများ၊ အရေးပေါ်ခေါ်ဆိုနိုင်သည့် ဖုန်းနံပါတ်နှင့် လူကိုယ်တိုင် အစီရင်ခံတိုင်ကြားရန်နှင့် တုံ့ပြန်ချက်ပေးရန်အတွက် ကူညီရေးကောင်တာတစ်ခုတို့ကိုလည်းကောင်း၊ ဝန်ထမ်းများအတွက် ကျင့်ဝတ်များကိုလည်းကောင်း အသင့်ပြင်ဆင်ထားရှိပြီးဖြစ်သည်။ တုံ့ပြန်ချက်များကို စုစည်းထားသည့် ဒက်ရှ်ဘုတ်တစ်ခုကို အဖွဲ့ဝင်များသိရှိရန်နှင့် အရေးယူဆောင်ရွက်နိုင်ရန် လစဉ် မျှဝေပေးနေပြီး၊ တစ်နိုင်ငံလုံးအတွက် AAP လုပ်ငန်းစဉ်ကို တည်ထောင်ပြီးသည်နှင့်တပြိုင်နက် ယင်းလုပ်ငန်းစဉ်နှင့် ချိတ်ဆက်သွားမည်ဖြစ်သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စဉ်းစားချက်များကိုလည်း အခြားသော အစုအဖွဲ့များနှင့်ပူးပေါင်းဆောင်ရွက်သည့် တုံ့ပြန်ရေးလုပ်ငန်းတွင် အဓိကလုပ်ငန်းအဖြစ် ထည့်သွင်းထားသည်။ ပလပ်စတစ်အိတ်အခွံများကို အကြိမ်ကြိမ်ပြန်သုံးနိုင်သော ဈေးဝယ်အိတ်များအဖြစ် အသွင်ပြောင်းလဲအသုံးပြုရန် သင်တန်းများ ပို့ချပေးနေပြီး၊ ပတ်ဝန်းကျင်ညစ်ညမ်းစေသည့် ပစ္စည်းများအား စွန့်ပစ်ခြင်းကို ရှောင်ရှားနိုင်ရန် အတွက် သင့်လျော်သော အမှိုက်မီးရှို့ခြင်းအလေ့အထများကိုလည်း အကောင်အထည်ဖော်နေသည်။


## တုံ့ပြန်ရေးလုပ်ငန်း၏ ကုန်ကျစရိတ်

အာဟာရအစုအဖွဲ့၏ ရန်ပုံငွေလိုအပ်ချက်တွင် ခန့်မှန်းထားသော ငွေကြေးဖောင်းပွမှုကို ကာမိစေရန် အမေရိကန်ဒေါ်လာ (၉၀၀၀၀၀)ခန့်ကိုလည်းကောင်း၊ ကာကွယ်စောင့်ရှောက်ရေးကို လုပ်ငန်းတိုင်း၌ထည့်သွင်းပါဝင်စေခြင်းနှင့် တာဝန်ယူမှု (duty of care) လုပ်ငန်းနှစ်ခုအတွက် အမေရိကန်ဒေါ်လာ (၃) သန်းစီကိုလည်းကောင်း (လုပ်ငန်းတစ်ခုချင်းအတွက် ကုန်ကျစရိတ်၏ ၅%ဖြင့်)၊ ပေါင်းစပ်ညှိနှိုင်းရေး ကုန်ကျစရိတ်များအတွက်  အမေရိကန်ဒေါ်လာ (၁) သန်းကိုလည်းကောင်း ထည့်သွင်းထားသည်။ လုပ်ငန်း တစ်ခုချင်းအတွက် စုစုပေါင်းကုန်ကျစရိတ်ကို တွက်ချက်ရာတွင် ကူညီပေးရန်လျာထားသည့် လူတစ်ဦးချင်း အတွက် စံချိန်စံညွှန်းယူနစ်အလိုက် ကုန်ကျစရိတ်များကိုအခြေခံထားပါသည်။ အာဟာရအစုအဖွဲ့၏ ထောက်ပံ့ ပစ္စည်းအများစုကို နိုင်ငံခြားမှ တင်သွင်းနေပြီး၊ ပြည်တွင်းငွေကြေးဖောင်းပွမှုဖိအားများနှင့်သီးခြားစီ ဖြစ်နေခြင်းကြောင့်၊ ငွေကြေးဖောင်းပွမှုအတွက် ကုန်ကျစရိတ်များမှာ ပြည်တွင်းတွင် ဆောင်ရွက်သည့် လုပ်ငန်းများ၏ ကုန်ကျစရိတ်ပြောင်းလဲမှုများနှင့်သာ သက်ဆိုင်ပါမည်။


# ၃.၅။ကာကွယ်စောင့်ရှောက်ရေးအစုအဖွဲ့

| အကူအညီ လိုအပ် နေသည့် လူဦးရေ | ကူညီပေးရန် လျာထားသည့် လူဦးရေ | ရန်ပုံငွေ လိုအပ်ချက် (အမေရိကန်ဒေါ်လာ) | အမျိုးသမီးနှင့် မိန်းကလေးများ | ကလေးသူငယ်များ (၀ -၁၈ နှစ်) | မသန်စွမ်းသူများ |
|---|---|---|---|---|---|
| ၁၂.၂ သန်း | ၃.၀ သန်း | ၁၆၁ သန်း | ၁.၆ သန်း | ၁ သန်း | ၃၈၂၀၀၀ |

## ၂၀၂၄ ခုနှစ်တွင် ကဏ္ဍတွင်းလိုအပ်ချက်များ၏ ပြင်းထန်မှုပြမြေပုံ (မြို့နယ်အလိုက်)




## ၂၀၂၄ ခုနှစ်တွင် ကဏ္ဍတွင်း အကူအညီလိုအပ်နေသည့် လူဦးရေနှင့် ကူညီပေးရန်လျာထားသည့်လူဦးရေ (ပြည်နယ်/တိုင်းဒေသကြီးအလိုက်)




**အစုအဖွဲ့ရည်ရွယ်ချက် - ၁ (CO1)**

လူဦးရေ (၃) သန်းနီးပါးအတွက် ထိခိုက်နစ်နာမှုနှင့်အန္တရာယ်များ လျှော့ချပေးခြင်း၊ အရည်အသွေးပြည့်ဝ၍ အားလုံးပါဝင်သော ကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှုများစသည့် (ကလေးသူငယ်ကာကွယ်စောင့်ရှောက် ရေး၊ ကျားမအခြေပြုအကြမ်းဖက်မှု၊ မိုင်းရှင်းလင်းရေးလုပ်ငန်းတို့အပါအဝင်) ကာကွယ်စောင့်ရှောက်ရေး အကူအညီများကို ထောက်ပံ့ပေးရန်။

**အစုအဖွဲ့ရည်ရွယ်ချက် - ၂ (CO2)**

လက်နက်ကိုင်ပဋိပက္ခများကြောင့် အရပ်သားပြည်သူများအပေါ် ထိခိုက်မှုများကို လျှော့ချနိုင်ရေးအတွက် တာဝန်ရှိသူများ၊ တုံ့ပြန်ရေးလုပ်ငန်းဆောင်ရွက်နေသူများနှင့် ဆွေးနွေးခြင်း၊ သင်တန်းများပြုလုပ်ခြင်းဖြင့် လူ့အခွင့်အရေး၊ လူသားချင်းစာနာမှုအခြေခံမှုများနှင့် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာမှုဥပဒေ(IHL) တို့ကို လေးစားလိုက်နာမှုအား ကူညီမြှင့်တင်ပေးရန်။

**အစုအဖွဲ့ရည်ရွယ်ချက် - ၃ (CO3)**

ကာကွယ်စောင့်ရှောက်ရေးအစုအဖွဲ့၏ ပေါင်းစပ်ညှိနှိုင်းရေးနှင့် သတင်းအချက်အလက်စီမံခန့်ခွဲရေးကို ကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ တာဝန်ခံလုပ်ငန်းအဖွဲ့ (AoRs) များအားလုံးအပါအဝင် အဆင့်အားလုံးတွင် ပိုမို အားကောင်းလာစေရန်။

## လိုအပ်ချက်များကို အကျဉ်းချုပ်ဖော်ပြချက်

တိုက်ပွဲများဖြစ်ပွားနေခြင်း၊ လုံခြုံရေးဆိုင်ရာအန္တရာယ်များရှိခြင်း၊ စစ်ဆေးရေးဂိတ်များ တိုးလာခြင်း၊ အခြေခံ အဆောက်အဦများ ပျက်စီးခြင်း၊ လမ်းများပိတ်ဆို့ခြင်းနှင့် ပဋိပက္ခတွင် ပါဝင်နေသူများက ခရီးသွားလာမှု ယာယီတားမြစ်ခြင်းစသည်တို့ကြောင့် လွတ်လပ်စွာ ရွှေ့လျားသွားလာမှု၊ ဝန်ဆောင်မှုများကို လက်လှမ်းမီရရှိနိုင်မှု၊ လူသားချင်းစာနာမှုအကူအညီများပေးအပ်မှုတို့ကို အကန့်အသတ်ဖြစ်စေပြီး၊ ထိခိုက်လွယ်ပြည်သူများအတွက် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အန္တရာယ်များကို ပိုမိုရင်ဆိုင်ရစေသည်။ လူမှုစီးပွားရေးအခြေအနေများ ယိုယွင်းလာခြင်းသည် ယခင်ကပင် ဆိုးရွားနေပြီဖြစ်သည့် ကာကွယ်စောင့်ရှောက်ရေးပတ်ဝန်းကျင်ကို ပိုဆိုးစေပြီး၊ ငွေချေးရခြင်း/အကြွေးယူရခြင်း၊ ရာဇဝတ်မှုကျူးလွန်ခြင်း၊ လူကုန်ကူးခြင်း၊ မူးယစ်ဆေးသုံးခြင်း၊ ကလေးများကို လုပ်သားအဖြစ်စေခိုင်းခြင်း၊ ဘေးမကင်းသော ရွှေ့ပြောင်းနေထိုင်မှုများပြုလုပ်ခြင်းတို့အပါအဝင် ရေရှည်အကျိုးမရှိသောဖြေရှင်းနည်းများနှင့် အလေ့အထဆိုးများကို စတင်ကျင့်သုံးလာရပြီး၊ ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်း (EO) အန္တရာယ်များလည်း တိုးလာသည်။

ကာကွယ်စောင့်ရှောက်ရေးပတ်ဝန်းကျင် ဆက်လက်ယိုယွင်းလာသည်နှင့်အမျှ ပုံမှန်မဟုတ်သော ရွှေ့ပြောင်း သွားလာမှုများ၊ အဓမ္မခိုင်းစေမှုများနှင့် အတင်းအကျပ်လူသစ်စုဆောင်းမှုများ၊ ခြိမ်းခြောက်ငွေညှစ်မှုများ၊ ဥပဒေမဲ့ ဖမ်းဆီး/ထိန်းသိမ်းမှုများနှင့် လူကုန်ကူးမှုများလည်း သိသာစွာတိုးလာသည်။ အကြမ်းဖက်မှုများ၊ ဒေသအလိုက် ရပ်ရွာလူထု အချင်းချင်းတင်းမာမှုများ၊ ပျံ့နှံ့စိမ့်ဝင်နေသော ကြောက်လန့်မှုများနှင့် အခြေကျနေပြီဖြစ်သည့် စနစ်တကျခွဲခြားဆက်ဆံမှုများသည် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အကျပ်အတည်းနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ၏ အဓိကမောင်းနှင်အားများဖြစ်ကြသည်။ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ထိခိုက်မှုဖြစ်ရပ် များအား စောင့်ကြည့်စစ်ဆေးရေးစနစ် (PIMS) ၏ အချက်အလက်များအရ ယခုအချိန်တွင် အများဆုံးတွေ့ရှိရ သည့် လူ့အခွင့်အရေးချိုးဖောက်မှုမှာ ခြိမ်းခြောက်ငွေညှစ်ခြင်းဖြစ်ပြီး၊ ယင်း၏ နောက်တွင် အဓမ္မခိုင်းစေခြင်း/ ကျွန်ပြုခြင်း၊ အတင်းအကျပ်နေရပ်စွန့်ခွာခိုင်းခြင်း၊ အရပ်သားများကို ရမ်းသမ်းတိုက်ခိုက်ခြင်းတို့ ရှိနေကြသည်။

ခြိမ်းခြောက်ငွေညှစ်ခြင်းသည် ရခိုင်ပြည်နယ်တွင် ကျယ်ပြန့်စွာဖြစ်ပေါ်နေသော ကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ စိုးရိမ်မှုတစ်ခုဖြစ်ပြီး၊ လက်ရှိပဋိပက္ခများကြောင့် ပို၍ဆိုးလာနေသည်။ ကာကွယ်စောင့်ရှောက်ရေးနှင့် အခြားသော ဝန်ဆောင်မှုများအား ဝင်ရောက်ကူညီသွားလာခွင့် ကန့်သတ်မှုများသည် ၂၀၂၃ ခုနှစ်တွင် ဆက်လက်ဖြစ်ပေါ်ခဲ့ပြီး၊ ၂၀၂၄ ခုနှစ်အတွင်း တုံ့ပြန်ရေးလုပ်ငန်းပတ်ဝန်းကျင်တွင်လည်း ကြာရှည်တည်ရှိနေမည့် စိုးရိမ်မှုတစ်ခုဖြစ်မည်ဟု မျှော်မှန်းထားသည်။ ရွှေ့လျားသွားလာမှုကန့်သတ်ချက်များမှာ ဒေသအားလုံးတွင် ရှိနေသည့် စိုးရိမ်မှုတစ်ခုဖြစ်ပြီး၊ အထူးသဖြင့် ရခိုင်ပြည်နယ်ရှိ IDP များ (၃၅%) နှင့် နေရပ်စွန့်ခွာရခြင်းမရှိသည့် နိုင်ငံမဲ့သူများ (၂၉%)[24] အတွက် အထင်ရှားဆုံးဖြစ်သည်။ တိုက်ပွဲများ ပြင်းထန်လာခြင်းကြောင့် အထူးသဖြင့် အမျိုးသမီးနှင့် ကလေးသူငယ်များအတွက် ဘေးကင်းလုံခြုံမှုမရှိသည်မှာ ကြာမြင့်ပြီဖြစ်ပြီး၊ ခိုလှုံရာစခန်း များတွင်လည်းကောင်း၊ ရပ်ရွာလူထုအတွင်းတွင်လည်းကောင်း၊ ဝန်ဆောင်မှုများကို ရယူရာတွင်လည်းကောင်း အန္တရာယ်ဖြစ်နိုင်ခြေများကို ရင်ဆိုင်နေရသည်။ ၂၀၂၄ ခုနှစ်အတွင်းတွင် ဒုက္ခသည်စခန်းများအား ပိတ်သိမ်းခြင်းနှင့် ဘေးမကင်းသေးသော မူရင်းဒေသများသို့ အချိန်မတိုင်မီ နေရပ်ပြန်ရခြင်းများ ရှိနေဦးမည်ဟု မျှော်မှန်းထားရာ၊ IDP များ၏ ဘေးကင်းလုံခြုံရေးနှင့် အခြေခံဝန်ဆောင်မှုများအား ရယူမှုကို ဆိုးကျိုးများ သက်ရောက်စေမည်ဖြစ်သည်။

တရားဝင်သက်သေခံစာရွက်စာတမ်းများ (ID) မရှိခြင်းကြောင့် ဝန်ဆောင်မှုများအား ရယူမှုကို ဆက်လက် နှောင့်နှေးစေသည်။ နေရပ်စွန့်ခွာရခြင်းမရှိသည့် နိုင်ငံမဲ့အိမ်ထောင်စုများအနက် လေးပုံသုံးပုံတို့က အကျုံးဝင်သော သက်သေခံစာရွက်စာတမ်းများမရှိကြောင်း အစီရင်ခံထားသည်။ ID မရှိရခြင်းအတွက် ဖြေကြားမှုအများဆုံးသော အကြောင်းပြချက်မှာ ID ပြုလုပ်ရန် လျှောက်ထားမှုများကို ငြင်းပယ်ခြင်းကြောင့် ဖြစ်သည်။ မြန်မာနိုင်ငံတွင် ID ကတ်ပြားများမရှိပါက၊ လွတ်လပ်စွာရွှေ့လျားသွားလာခြင်း၊ ဝန်ဆောင်မှုများ ရယူခြင်း၊ အိမ်၊မြေယာနှင့်ပိုင်ဆိုင်မှု (HLP) ပစ္စည်းများကို ကာကွယ်ခြင်းစသည့် အခြေခံလူ့အခွင့်အရေးများစွာတို့ကို မရရှိနိုင်တော့ပါ။

## တုံ့ပြန်ရေးလုပ်ငန်းမဟာဗျူဟာ

ကာကွယ်စောင့်ရှောက်ရေးအစုအဖွဲ့၏ တုံ့ပြန်ရေးလုပ်ငန်းသည် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အထူးလိုအပ်ချက်များ/အန္တရာယ်များ ရှိနေသည့် ပြည်သူများသို့ ငွေကြေးအခြေခံသည့် အကူအညီလုပ်ငန်းများအပါအဝင် အထူးပြင်ဆင်ထားသော အကူအညီများကို လျာထားပေးအပ်ရန် ဦးတည်ထားသည်။ ရွှေ့လျားသွားလာမှုနှင့် ဝင်ရောက်ကူညီမှုဆိုင်ရာ အခက်အခဲများရှိနေသည့်ဒေသများတွင် အဝေးမှဝန်ဆောင်မှုပေးခြင်းလုပ်ငန်းကိုလည်း တိုးချဲ့ဆောင်ရွက်မည်ဖြစ်ပြီး၊ ဝန်ဆောင်မှုပေးအပ်ရေးအတွက် အစားထိုးနည်းလမ်းများကို ဆောင်ရွက်ပါမည်။ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေများကို တားဆီးကာကွယ်၍ တုံ့ပြန်နိုင်ရေးအတွက် ရပ်ရွာလူထုအခြေပြုသည့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းအဖွဲ့ များနှင့် ရပ်ရွာလူထုက ဦးဆောင်သည့် အစပျိုးလုပ်ငန်းများသည် ကာကွယ်စောင့်ရှောက်ရေးအစုအဖွဲ့၏ မဟာဗျူဟာတွင် အဓိကကျပြီး၊ ၂၀၂၄ ခုနှစ်တွင် ယင်းတို့ကို EORE နှင့် အတူ အရှိန်မြှင့်တင်ဆောင်ရွက်ပါမည်။

ဒေသအလိုက်ကိုက်ညီအောင်ဆောင်ရွက်ခြင်းသည် ကာကွယ်စောင့်ရှောက်ရေးအစုအဖွဲ့ မဟာဗျူဟာ၏ အဓိကအစိတ်အပိုင်းတစ်ခုဖြစ်သည်။ ၂၀၂၄ ခုနှစ်တွင် HCT ၏ ဒေသအလိုက်ကိုက်ညီအောင်ဆောင်ရွက်ခြင်း မဟာဗျူဟာနှင့်အညီ ဒေသခံမိတ်ဖက်အဖွဲ့များ၏ စွမ်းဆောင်ရည်ကို သတ်မှတ်ဖော်ထုတ်၍ ခိုင်မာအားကောင်း အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ ကာကွယ်စောင့်ရှောက်ရေးကို လုပ်ငန်းတိုင်း၌ထည့်သွင်းပါဝင်စေ ခြင်းနှင့် အခြားအစုအဖွဲ့များနှင့် ပေါင်းစပ်ဆောင်ရွက်ခြင်းတို့ကိုလည်း ဆက်လက်ကူညီသွားပါမည်။ ပဋိပက္ခနှင့်အကြမ်းဖက်မှုများကြောင့် အထူးသဖြင့် ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများကို လျှော့ချနိုင်ရန်အတွက် ကာကွယ်စောင့်ရှောက်ရေးမဟာဗျူဟာများအတွင်းတွင် MHPSS လုပ်ငန်း များကို ပေါင်းစည်းထည့်သွင်းသွားပါမည်။ ကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှုများကို အခြားကဏ္ဍများက လည်း ဖြစ်နိုင်သမျှ ထောက်ပံ့ပေးနိုင်ရန် မြှင့်တင်ဆောင်ရွက်ပါမည်။ ကာကွယ်စောင့်ရှောက်ရေးအစုအဖွဲ့ အတွင်းရှိ AoR များကလည်း ဘေးဒဏ်သင့်ပြည်သူများက မရှိမဖြစ်သော ကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှုများ ရရှိစေရေးအတွက် စုစည်းဆောင်ရွက်သောနည်းလမ်းဖြင့် အပြန်အလှန်အားဖြည့်၍ ကူညီပေးထားပါသည်။

## လျာထားချက်နှင့်ဦးစားပေးသတ်မှတ်ခြင်း

ကာကွယ်စောင့်ရှောက်ရေးအစုအဖွဲ့သည် ၂၀၂၄ ခုနှစ်တွင် လူဦးရေ (၂.၄) သန်းကို ဖြန့်ကြက်ကူညီရန် စီစဉ်ထားသည်။ ဦးစားပေးသတ်မှတ်သည့်နည်းလမ်းမှာ ကဏ္ဍတွင်း လေ့လာဆန်းစစ်မှုများ၊ ကွင်းဆင်းအစီရင်ခံစာ များတွင် ခိုင်မာစွာဖော်ပြထားသည့် အချက်အလက်များကို ဒေသခံမိတ်ဖက်အဖွဲ့များနှင့်ပူးပေါင်း၍ ပြန်လည်သုံးသပ်မှုများအပေါ် အခြေခံထားသည်။ အဓိကဦးစားပေးအချက်မှာ လူသားချင်းစာနာမှု အကူအညီ လိုအပ်နေသည့် IDP များ၊ နေရပ်စွန့်ခွာရခြင်းမရှိသည့် နိုင်ငံမဲ့သူများ၊ နေရပ်ပြန်ရသူ IDP များ၊ ဒေသတွင်း ပေါင်းစည်းဝင်ဆံ့သွားသူများနှင့် အခြေကျသွားသူများ၊ အခြားသော အကျပ်အတည်းဒဏ်သင့် ပြည်သူများက သူတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် အသေးစိတ်ပြင်ဆင်ထားသော အရေးပေါ်ကာလ အသက် ကယ်ဆယ်ရေးဆိုင်ရာ မရှိမဖြစ်လိုအပ်သည့် ကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုများကို အားလုံးပါဝင်၍ တန်းတူမျှတစွာဖြင့် အတားအဆီးကင်းစွာ လက်လှမ်းမီရရှိနိုင်စေရန်ဖြစ်သည်။

လက်နက်ကိုင်ပဋိပက္ခများ၊ ဖိနှိပ်ချုပ်ချယ်မှုများနှင့် အကြမ်းဖက်မှုများကြောင့် ကာကွယ်စောင့်ရှောက်ရေး ပတ်ဝန်းကျင် ဆက်လက်ယိုယွင်းနေသည့် ဒေသများ၊ IDP အရေအတွက်အများဆုံး ရှိနေသည့်မြို့နယ်များနှင့် နေရပ်စွန့်ခွာရခြင်းမရှိသည့် နိုင်ငံမဲ့သူများရှိနေသည့် မြို့နယ်များကို ဦးစားပေးအဖြစ်သတ်မှတ်ထားသည်။ ပြင်းထန်မှုရှုထောင့်မှကြည့်ပါက၊ အကြိမ်ကြိမ်နေရပ်စွန့်ခွာရမှုများအပါအဝင် ဆိုးရွားသော နေရပ်စွန့်ခွာရမှုများကို ရင်ဆိုင်နေရသည့်ဒေသများနှင့် ကာကွယ်စောင့်ရှောက်ရေး အန္တရာယ်များ ပိုဆိုးလာနေသည့်ဒေသများကို ဦးစားပေးပါသည်။

## အရည်အသွေးပြည့်ဝ၍ အားလုံးပါဝင်သော စီမံကိန်းများကို မြှင့်တင်ဆောင်ရွက်ခြင်း

ဝန်ဆောင်မှုပေးအပ်ရန်နှင့် အခြေခံလူမှုဝန်ဆောင်မှုများအား လက်လှမ်းမီရရှိစေရန်အတွက် စုစည်းထားသော၊ ပေါင်းစပ်ညှိနှိုင်းထားသော၊ ပူးပေါင်းဆောင်ရွက်သော နည်းလမ်းကိုအသုံးပြုပြီး၊ အားလုံးပါဝင်သော ဘက်စုံစိစစ်ပိုင်းခြားမှုတစ်ခုဖြင့် အသိပေးပုံဖော်ထားသည့် တုံ့ပြန်ရေးလုပ်ငန်းတစ်ခုဖြစ်စေရေးအတွက် နယ်ပယ်အလိုက်လုပ်ငန်းအဖွဲ့များနှင့် မိတ်ဖက်ဖွဲ့စည်း၍ ဆက်လက်ဆောင်ရွက်သွားပါမည်။

၂၀၂၄ ခုနှစ်အတွင်း ကာကွယ်စောင့်ရှောက်ရေးအစုအဖွဲ့၏ ပေါင်းစပ်ညှိနှိုင်းရေးတွင် AAP ကို ပေါင်းစည်းထည့်သွင်းမည်ဖြစ်ရာ၊ တုံ့ပြန်ချက်ပေးရေးလုပ်ငန်းကွင်းဆက်တစ်ခုလုံးကို ပြီးပြည့်စုံအောင်  ဆောင်ရွက်ခြင်းအပါအဝင် တုံ့ပြန်ချက်ပေးရေးလုပ်ငန်းစဉ်တစ်ခုလုံးကို တိုးတက်အောင်လုပ်ဆောင်ပါမည်။ ကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှုများကို သဘောတရားပြည့်ဝစွာ ပေးအပ်နိုင်ရေးကို ကူညီပံ့ပိုးရန်အတွက် ဒေသအလိုက်ကိုက်ညီအောင်ဆောင်ရွက်ခြင်းမဟာဗျူဟာပါ သီးသန့်လုပ်ငန်းများကိုလည်း ဆောင်ရွက်ပါမည်။ ကာကွယ်စောင့်ရှောက်ရေးကို ဗဟိုပြုစေရေးအတွက် AAP  ဆိုင်ရာ တိုက်တွန်းလှုံ့ဆော်မှုများပါဝင်ပြီး၊ ပြည်သူကို ပိုမိုဗဟိုပြုသည့် တုံ့ပြန်ရေးလုပ်ငန်းများဖြစ်လာစေရန် ဦးတည်ပါမည်။ ကလေးသူငယ်များအပါအဝင် ပြည်သူတိုင်းက PSEA လုပ်ငန်းစဉ်များကို ဘေးကင်းလုံခြုံစွာ ရယူနိုင်စေရေးအတွက်လည်းကောင်း၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားပြုခံရခြင်းမှ  ရှင်သန်ကျန်ရစ်သူများအတွက် လိုအပ်သော အကူအညီဝန်ဆောင်မှုများ ရရှိနိုင်စေရေးအတွက်လည်းကောင်း၊ PSEA ကွန်ရက်နှင့် စဉ်ဆက်မပြတ်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားပါမည်။

တုံ့ပြန်ရေးလုပ်ငန်းအားလုံးတွင် ကာကွယ်စောင့်ရှောက်ရေးနှင့်ကျားမရေးရာတို့ကို လုပ်ငန်းတိုင်း၌ထည့်သွင်း ပါဝင်စေ၍ ပေါင်းစည်းထည့်သွင်းခြင်းအားဖြင့် အသက်၊ ကျားမ၊ မသန်စွမ်းမှုနှင့် စုံလင်ကွဲပြားမှုအမျိုးမျိုးရှိနေသည့် ပြည်သူများအားလုံး ပါဝင်စေရန် ဆက်လက်ဆောင်ရွက်ပါမည်။ တုံ့ပြန်ရေးလုပ်ငန်းများတွင် ကျားမရေးရာ စိစစ်ပိုင်းခြားမှုလုပ်ငန်းများကို ပါဝင်ကူညီ၍ ဖြစ်နိုင်သမျှ အသုံးပြုသွားပါမည်။ ဥပမာအားဖြင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး တာဝန်ခံလုပ်ငန်းအဖွဲ့ (CP AoR) သည် ကျားမရေးရာလမ်းညွှန်ကော်မတီတစ်ရပ်ကို သီးသန့်တည်ထောင်ထားရှိပြီး၊ ကာကွယ်စောင့်ရှောက်ရေးအစုအဖွဲ့သည် GiHA CoP နှင့် မသန်စွမ်းသူ အားလုံးပါဝင်စေရေး နည်းပညာအကြံပေးအဖွဲ့ (TAG on DI) ၏ အဖွဲ့ဝင်ဖြစ်သည်။ ကာကွယ်စောင့်ရှောက်ရေး အစုအဖွဲ့သည် ကာကွယ်စောင့်ရှောက်ရေးအန္တရာယ်များကို ဆတိုးရင်ဆိုင်နေရသည့် မသန်စွမ်းသူများနှင့် လိင်ဖြစ်တည်မှု/လိင်သတ်မှတ်ချက်/ကျားမဖော်ပြချက်/လိင်ဝိသေသလက္ခဏာ အမျိုးမျိုးရှိနေသူများကို ကူညီရန်အတွက် ကျားမရေးရာနှင့် မသန်စွမ်းသူအားလုံးပါဝင်စေရေး လုပ်ငန်းအဖွဲ့များနှင့် ပူးတွဲလုပ်ဆောင် သွားပါမည်။

ကာကွယ်စောင့်ရှောက်ရေးအစုအဖွဲ့သည် ရာသီဥတုပြောင်းလဲမှုနှင့် ပိုများလာသော သဘာဝဘေးအန္တရာယ် များကြောင့် ထိခိုက်မှုများကို ဖြေရှင်းရန်အတွက် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်မှုများအတွက် ကြိုတင် ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့် နည်းလမ်းများကို ရေးသားပြုစုထားသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးသည် ပစ္စည်းကို အခြေခံ၍ ကူညီသည့် စီမံကိန်းများအတွက် အရေးကြီး အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ပတ်ဝန်းကျင်နှင့်ကိုက်ညီသည့် ပစ္စည်းများကို ဖြစ်နိုင်သမျှ အသုံးပြုစေပါမည်။ စာရွက်အသုံးပြုမှုနှင့် အမှိုက်ထွက်ရှိမှုအနည်းဆုံးဖြစ်စေရေးအတွက် သတင်းအချက်အလက်၊ ပညာပေးနှင့် ဆက်သွယ်ပြန်ကြားရေးစာတမ်းစာစောင်များကို ဒီဂျစ်တယ်စနစ်ဖြင့် ပိုမိုထုတ်ဝေနေသည်။

## တုံ့ပြန်ရေးလုပ်ငန်း၏ ကုန်ကျစရိတ်

ကာကွယ်စောင့်ရှောက်ရေးအစုအဖွဲ့သည် စီစဉ်ထားသော လုပ်ငန်းတစ်ခုချင်းစီကို ဆောင်ရွက်ရန် လိုအပ်မည့် လူ့စွမ်းအားရင်းမြစ်များအပါအဝင် တစ်ယူနစ်ကုန်ကျစရိတ်များကို သတ်မှတ်နိုင်ရန်အတွက် ကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ အဓိကမိတ်ဖက်အဖွဲ့များနှင့် တိုင်ပင်ဆွေးနွေးခဲ့သည်။ လူ့စွမ်းအားရင်းမြစ်သည် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၏ အဓိကအစိတ်အပိုင်းဖြစ်သည့်အတွက် လုပ်ငန်းနှင့်ဝန်ဆောင်မှု အမျိုးမျိုးတို့ကို ပေးအပ်ဆောင်ရွက်နိုင်ရန် အရည်အချင်းနှင့်အတွေ့အကြုံရှိပြီး သီးသန့်သတ်မှတ်ထားသည့် ဝန်ထမ်းများကို လိုအပ်ပါသည်။ ရှေ့တန်းလုပ်ငန်းများကို ဆောင်ရွက်ကြသည့် ဒေသခံပါဝင်ဆောင်ရွက်သူများကို ကူညီပေးရန်အတွက် လုပ်ငန်းတစ်ခုချင်းစီတွင် တာဝန်ယူမှု (duty of care) ကုန်ကျစရိတ်အဖြစ် ၅% ကို ထပ်ပေါင်းထည့်ထားပါသည်။

# ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး တာဝန်ခံလုပ်ငန်းအဖွဲ့ ( CP AoR)

### လိုအပ်ချက်များ

မြန်မာနိုင်ငံတွင် လက်ရှိ အကျပ်အတည်းနှင့် အဆက်မပြတ်ဖြစ်ပွားနေသော တိုက်ပွဲများကြောင့် ကလေးသူငယ် များကို အလွန်အမင်း ထိခိုက်နေသည်။ ဤအချက်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခများဆိုင်ရာ ၂၀၂၃ ခုနှစ် အစီရင်ခံစာတွင် အလေးအနက်ဖော်ပြထားပြီး၊ မြန်မာနိုင်ငံရှိ ကလေးသူငယ်များကို ကာကွယ်စောင့်ရှောက်ပေးမည့် လုပ်ငန်းများအား တိုးမြှင့်ဆောင်ရွက်ရန်လည်း တောင်းဆို ထားသည်။ အရွယ်ရောက်ပြီးသူများ၊ လူငယ်များနှင့် ကလေးသူငယ်များပါဝင်သည့် လူဦးရေ (၈) သန်းခန့်သည် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး အကူအညီများကို လိုအပ်နေကြသည်။ ၂၀၂၃ ခုနှစ်၏ ပထမ(၆) လကာလအတွင်းတွင် ကလေးသူငယ်များအပေါ် ကျူးလွန်သည့် အမှုကြီးများ အရေအတွက်သည် နှစ်စဉ် ၆% တိုးလာနေပြီး၊ အသတ်ခံရခြင်း၊ ကိုယ်လက်အင်္ဂါဆုံးရှုံးခြင်းနှင့် ပြန်ပေးဆွဲခံရမှုများမှာလည်း မြင့်မားနေသည်။ အကြိမ်ကြိမ်နေရပ်စွန့်ခွာနေရသည်မှာ ကာလကြာမြင့်ပြီဖြစ်သည့် မိသားစုများသည် အသက်အန္တရာယ်ကိုပင် ခြိမ်းခြောက်နေသော ရင်ဆိုင်ဖြေရှင်းရေးနည်းလမ်းဆိုးများကို အစားထိုးအဖြစ် မဖြစ်မနေ ပိုမိုရွေးချယ်လာကြရ ပြီး၊ ယင်းနည်းလမ်းဆိုးများ၏ အကြမ်းတမ်းဆုံးအပိုင်းသည် ကလေးသူငယ်များအပေါ်တွင် သက်ရောက်နေပါ သည်။

မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများရှိ ဘေးဒဏ်ခံရသည့်လူဦးရေအုပ်စုများအားလုံးတွင် ကလေးသူငယ်လက်ထပ် ထိမ်းမြားမှုနှုန်း မြင့်မားနေကြောင်း မှတ်တမ်းတင်ထားချိန်တွင် လူကုန်ကူးခြင်းနှင့် ဘေးမကင်းသော ရွှေ့ပြောင်းသွားလာမှုများမှာ ကြီးမားသော စိုးရိမ်မှုတစ်ခုဖြစ်နေသည်။ အသက် (၁၂) နှစ်မှ (၁၇) နှစ်အကြားရှိ ကလေးသူငယ်များအတွက် အဆိုးရွားဆုံးခိုင်းစေမှုပုံစံများအပါအဝင် ကလေးလုပ်သားအဖြစ်စေခိုင်းခံရခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်လာနေသည်။ မိသားစုနှင့်ကွဲကွာနေသည့် တကိုယ်တည်း ကလေးသူငယ်များအား လက်နက်ကိုင်အဖွဲ့များအတွက် လူသစ်အဖြစ် စုဆောင်းခံရခြင်းသည်လည်း ဘေးမကင်းသောဒေသများမှ ထွက်ပြေးလာရသည့် ပြည်သူများအတွက် စိုးရိမ်မှုတစ်ခု ဖြစ်နေရာ၊ ထိုကလေးသူငယ်များအတွက် မိသားစုရှာဖွေ၍ ပြန်လည်ပေါင်းစည်းပေးခြင်း၊ အစားထိုးအုပ်ထိန်းသူဖြင့် အိမ်တွင်းစောင့်ရှောက်မှုပေးခြင်း၊ အမှုဖြစ်ရပ်စီမံခန့်ခွဲပေးခြင်းစသည့် အထူးပြုဝန်ဆောင်မှုများ လိုအပ်နေပါသည်။

လိင်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ခံစားမှုဆိုင်ရာ အကြမ်းဖက်မှုများအပါအဝင် အိမ်တွင်းအကြမ်းဖက်မှု များကို အစီရင်ခံမှုနည်းပါးနေဆဲဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ ရှင်းလင်းတိကျသော သက်သေအထောက်အထားများအရ အထူးသဖြင့် မိသားစုများစွာတို့အတွက် ငွေရေးကြေးရေးဖိအားများကို ရင်ဆိုင်နေရ သည့် ဤသို့သော အခြေအနေများတွင် အိမ်တွင်းအကြမ်းဖက်မှုများစွာရှိနိုင်ပါသည်။ ကာလရှည်ကြာနေပြီ ဖြစ်သည့် အကျပ်အတည်း၏ သဘောသဘာဝကြောင့်လည်းကောင်း၊ တောင်းရမ်းစားသောက်ရခြင်း၊ အရက်နှင့် မူးယစ်ဆေးသုံးစွဲခြင်း စသည့် လုပ်ရပ်များကြောင့်လည်းကောင်း၊ ကလေးသူငယ်များနှင့် ပြုစုစောင့်ရှောက်သူများ အပေါ် စိတ်ကျန်းမာရေးနှင့် စိတ္တလူမှုဆိုင်ရာ ထိခိုက်မှုများ ရှိလာပါသည်။

ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စိုးရိမ်မှုများရှိနေသည့် ကလေးသူငယ်များအား အရည်အသွေးရှိသော အမှုဖြစ်ရပ်စီမံခန့်ခွဲရေးနှင့် MHPSS အကူအညီများဖြင့် ထောက်ပံ့ကူညီပေးရန် အရေးတကြီးလိုအပ်နေပါသည်။ ကလေးလုပ်သားအဖြစ်စေခိုင်းခြင်းနှင့် ကလေးသူငယ်လက်ထပ်ထိမ်းမြားပေးခြင်းတို့ လျော့နည်းစေရေးအတွက် ကလေးသူငယ်များ၊ ပြုစုစောင့်ရှောက်သူများနှင့် ရပ်ရွာလူထုတို့အား အသိအမြင်ဖွင့်ပေးရန်လည်း မရှိမဖြစ်လိုအပ်ပါသည်။ အသက်ကယ်ဆယ်ရေးဆိုင်ရာ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး အခြေခံ ပစ္စည်းများနှင့် ကလေးသူငယ်များအတွက် ဘေးကင်းသော နေရာများသည် အချို့သော အန္တရာယ်ဖြစ်နိုင်ခြေ များကို လျှော့ချပေးနိုင်ပါသည်။

### လျာထားချက်နှင့်ဦးစားပေးသတ်မှတ်ခြင်း

ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးတာဝန်ခံလုပ်ငန်းအဖွဲ့ (CP AoR) သည် (အရွယ်ရောက်ပြီးသူ၊ လူငယ်များနှင့်ကလေးသူငယ်များ) လူဦးရေ (၁.၉) သန်းကို လူသားချင်းစာနာမှုအကူအညီများပေးရန် လျာထားရာ၊ ယခင်နှစ်ကထက် နှစ်ဆနီးပါးတိုးလာခြင်းဖြစ်သည်။ ဤအရေအတွက်သည် ကမ္ဘာလုံးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုစံချိန်စံညွှန်းများနှင့် ချိန်ညှိလျက်၊ ကဏ္ဍတွင်း လေ့လာဆန်းစစ်မှုများ၊ ကွင်းဆင်း အစီရင်ခံစာများ၊ ဒေသခံမိတ်ဖက်များနှင့်ပူးပေါင်းဆောင်ရွက်သော လုပ်ငန်းများမှ ဆင့်ပွားတွက်ချက်ထားခြင်း ဖြစ်သည်။ CP AoR သည် လိုအပ်ချက်ပြင်းထန်မှုကို စိစစ်ပိုင်းခြား၍ ရေရှည်လိုအပ်ချက်များကို မဟာဗျူဟာမြောက် ချိန်ညှိပြီးနောက် မရှိမဖြစ်သော ဝန်ဆောင်မှုများကို ပြတ်တောက်မှုမရှိစေဘဲ ပေးအပ်နိုင်ရေးအတွက်၊ ဦးစားပေးလုပ်ငန်းများ၊ လူဦးရေအုပ်စုများနှင့် ဒေသများကိုပြန်လည်သုံးသပ်ပြင်ဆင် ထားပါသည်။

လျာထားချက်အတွက် စံသတ်မှတ်ချက်များတွင် ကျွမ်းကျင်သူများ၏ ချိန်ညှိချက်များနှင့် ဒေသခံ မိတ်ဖက်အဖွဲ့များထံမှ အတည်ပြုချက်များကို ပေါင်းစည်းထည့်သွင်းထားပြီး၊ ဒေသခံတို့၏ စွမ်းဆောင်ရည်များ တိုးတက်လာခြင်း၊ ထိခိုက်လွယ်မှုလျော့နည်းသွားခြင်း၊ အစားထိုးအကူအညီပုံစံများရှိခြင်းစသည့် အချက်များ ပေါ်မူတည်၍ တမင်ရည်ရွယ်၍ ချန်လှပ်ထားမှုများလည်း ရှိသည်။ ဤသို့လိုက်လျောညီထွေပြင်ဆင်ထားသော မဟာဗျူဟာကြောင့် ကာလရှည်နေရပ်စွန့်ခွာရမှုများနှင့်ရင်ဆိုင်နေရပြီး၊ ကလေးသူငယ်များအတွက် ကာကွယ် စောင့်ရှောက်ရေးအန္တရာယ်များ ပိုဆိုးနေသည့်ဒေသများအား ပို၍ အာရုံစိုက်နိုင်စေသည်။ ပြင်းထန်မှုအဆင့် (၃)၊ (၄)နှင့် (၅) ရှိသည့် မြို့နယ်များကို ရွေးချယ်ပြီးနောက်၊ မတူညီသော လူဦးရေအုပ်စုများရှိနေသည့် အချိုးအစားဖြင့် ထပ်မံစဉ်းစားပါသည်။ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့သည် ၂၀၂၄ ခုနှစ်အတွက် အဓိကဦးတည်ထားသည့် ဒေသများဖြစ်ကြပြီး၊ တချိန်တည်းတွင် အခြေအနေများမှာ တည်ငြိမ်မှုမရှိဘဲ၊ လိုအပ်ချက်များ ထပ်မံပေါ်ပေါက်လာနိုင်သည်ကိုလည်း အသိအမှတ်ပြုထားပါသည်။

၂၀၂၃ ခုနှစ်နှင့်မတူညီသည့် သိသာသောပြောင်းလဲမှုမှာ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အကူအညီလိုအပ်နေသူများနှင့် ကူညီရန်လျာထားသူနှစ်မျိုးလုံးတွင် အရွယ်ရောက်သူများကိုပါ ထည့်သွင်းထားခြင်းဖြစ်သည်။ ဤအချက်အတွက် အကြောင်းရင်းမှာ လူမှုဂေဟ

စနစ်ဆိုင်ရာ စံပြုပုံစံကြောင့်ဖြစ်ပြီး၊ ယင်းပုံစံတွင် ပြုစုစောင့်ရှောက်သူများနှင့် ရပ်ရွာလူထုတို့သည် ကလေးသူငယ်များအတွက် ကာကွယ် စောင့်ရှောက်ရေးပတ်ဝန်းကျင်တစ်ခုထောက်ပံ့ပေးရာတွင် မရှိမဖြစ်အရေးပါကြောင်း အသိအမှတ်ပြုထားသည်။ ရပ်ရွာများအတွင်းရှိ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၏ ရေရှည်တည်တံ့မှုအတွက် ရပ်ရွာလူထုအဆင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် အပြုသဘောဆောင်သော မိဘအုပ်ထိန်းမှု ကဲ့သို့သော လုပ်ငန်းများကို မရှိမဖြစ်လိုအပ်ပါသည်။ မြို့ပြဒေသများတွင်မူ UNTCF နှင့်အညီ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအား ဖွံ့ဖြိုးရေးပါဝင်ဆောင်ရွက်သူများက အရှိန်မြှင့်တင်ဆောင်ရွက် မည်ဖြစ်သည့်အတွက် မြို့ပြဒေသများမှ အရွယ်ရောက်သူများကို လျာထားချက်တွင် ထည့်သွင်းထားခြင်းမရှိပါ။

# ကျားမအခြေပြုအကြမ်းဖက်မှုဆိုင်ရာတာဝန်ခံလုပ်ငန်းအဖွဲ့

### လိုအပ်ချက်များ

မြန်မာနိုင်ငံ၏ လူမှုအသိုက်အဝန်းတွင် နက်ရှိုင်းစွာ စွဲမြဲနေသည့် အန္တရာယ်ရှိသော ကျားမရေးရာစံနှုန်းများနှင့် မညီမျှမှုများသည် လက်ရှိ လူသားချင်းစာနာမှုအကျပ်အတည်းကြောင့်ဖြစ်ပေါ်သည့် လုံခြုံရေး၊ စားနပ်ရိက္ခာနှင့် စီးပွားရေးကဲ့သို့သော ထိခိုက်မှုများကို ပိုဆိုးစေပြီး၊ နေအိမ်တွင်းနှင့်နေအိမ်ပြင်ပနှစ်မျိုးလုံးတွင် ကျားမအခြေပြုအကြမ်းဖက်မှုအန္တရာယ်ကို ပိုမိုရင်ဆိုင်ရစေမည့် အခြေအနေများကို ဖန်တီးနေသည်။

အနီးကပ်လက်တွဲဖော်၏ အကြမ်းဖက်မှုသည် တစ်နိုင်ငံလုံးတွင် GBV ကို ထင်ရှားစွာဖော်ပြနေသည့် အများဆုံးတွေ့ရသော နည်းလမ်းတစ်ခုဖြစ်ပြီး၊ နေအိမ်တွင်း ဖိအားများနှင့် တင်းမာမှုများ တိုးလာခြင်း၊ မိသားစုများ၏ ငွေရေးကြေးရေးအခြေအနေ ဆိုးလာခြင်းနှင့် မူးယစ်ဆေးအလွဲသုံးမှုများစသည်တို့က အဓိက အကြောင်းရင်းများတွင် ပါဝင်နေသည်။ GBV ဆိုင်ရာ သတင်းအချက်အလက်စီမံခန့်ခွဲရေးစနစ်မှ အချက်အလက် များနှင့် တိုင်ပင်ဆွေးနွေးမှုများမှ တွေ့ရှိချက်များအရ လုံခြုံမှုမရှိခြင်း၊ လက်နက်ကိုင်များရှိနေခြင်းနှင့် ဘေးမကင်းသော ခိုလှုံရာစခန်းအခြေအနေများကြောင့် နေအိမ်ပြင်ပတွင် CRSV အပါအဝင် GBV ဖြစ်ပွားနိုင် သည့်အန္တရာယ်တိုးလာကြောင်းဖော်ပြနေသည်။

အမျိုးသမီးများနှင့် မိန်းကလေးများကို ထိခိုက်စေသည့် အခြားအတွေ့များသော GBV အမျိုးအစားများတွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် သက်ငယ်လက်ထပ်ထိမ်းမြားခြင်းတို့လည်း ပါဝင်သည်။ ဈေးသက်သာ၍ လွယ်ကူစွာ ရရှိလာနေသည့် မူးယစ်ဆေးများကို အလွဲသုံးခြင်း၊ အထူးသဖြင့် ဆင်းရဲနွမ်းပါးမှု တဟုန်ထိုးမြင့် တက်လာသည့် အခြေအနေတွင် လိင်ရောင်းချမှုကဲ့သို့သော ရင်ဆိုင်ဖြေရှင်းရေးနည်းလမ်းဆိုးများကို အသုံးပြု ခြင်းတို့ မြင့်တက်လာနေကြောင်း အမျိုးမျိုးသော အစီရင်ခံစာများနှင့် လေ့လာဆန်းစစ်မှုများက ဖော်ပြနေသည်။ လူသားချင်းစာနာမှုအခြေအနေအောက်တွင် ဆယ်ကျော်သက်ရွယ်မိန်းကလေးများ၏ အသက်အရွယ်၊ မသဘာဝ တို့နှင့် ဆက်စပ်နေသည့် အချက်များ ပေါင်းစပ်၍ ၎င်းတို့အတွက် GBV ဆိုင်ရာ အန္တရာယ်များ ထူးခြားစွာ ရှိနေပါ သည်။

ကဏ္ဍများစွာတို့တွင်ဆောင်ရွက်နေသည့် အမှုဖြစ်ရပ်စီမံခန့်ခွဲရေးနှင့် ဘေးကင်းသောခိုလှုံရာ (safe house) အစီအစဉ်များအပါအဝင် GBV တုံ့ပြန်ရေးဝန်ဆောင်မှုများမှာ GBV ရှင်သန်ကျန်ရစ်များသူများကို လုံလောက်စွာ ကူညီပေးနိုင်ခြင်းမရှိသေးဘဲ၊ အရှိန်မြှင့်တင်ဆောင်ရွက်ရန် လိုအပ်နေပါသည်။ သင့်လျော်စွာလည်ပတ်နေသော တရားရေးစနစ်မရှိခြင်းကြောင့်  GBV ရှင်သန်ကျန်ရစ်သူများအတွက် ဥပဒေရေးရာ အကူအညီများ ရယူမှုကို တားဆီးနေသည်။ အကျပ်အတည်းဒဏ်သင့်ဒေသများတွင် အဓမ္မပြုကျင့်မှုနှင့်  MHPSS ကုသရေးအပါအဝင် ရပ်ရွာလူထုအဆင့်တွင်ပေးအပ်သည့် ကျန်းမာရေးဝန်ဆောင်မှုများကို အရေးတကြီးလိုအပ်နေပါသည်။

### လျာထားချက်နှင့် ဦးစားပေးသတ်မှတ်ခြင်း

GBV AoR သည် ၂၀၂၄ ခုနှစ်တွင် တစ်နိုင်ငံလုံးမှ လူဦးရေ (၁.၆) သန်းခန့်သို့ GBV တားဆီးကာကွယ်ရေး၊ လျှော့ချရေးနှင့် တုံ့ပြန်ရေးလုပ်ငန်းများဖြင့် ဖြန့်ကြက်ကူညီပေးရန် ရည်ရွယ်ထားသည်။ ဤအရေအတွက်မှာ ၂၀၂၃ ခုနှစ်ကထက် လူဦးရေ (၆၀၀၀၀၀) တိုးလာခြင်းဖြစ်သည်။ ဤလျာထားချက်ကို ပြည့်မီစေရေးအတွက် စီမံကိန်းဆောင်ရွက်ရာတွင် အဝေးမှကူညီပေးခြင်းပုံစံများ၊ လိုက်လျောညီထွေပြောင်းလဲထားသော ပုံစံများနှင့် အတူ ဒေသအလိုက်ကိုက်ညီအောင်ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို အသုံးပြုပါမည်။ အမျိုးသမီးများနှင့် မိန်းကလေးများသည် GBV အန္တရာယ်နှင့် ပိုမိုတွေ့ကြုံနိုင်သောကြောင့် အဓိကဦးစားပေးအုပ်စုအဖြစ် သတ်မှတ်ထားပါသည်။ အမျိုးသားများနှင့် ယောကျ်ားလေးများသည် GBV တားဆီးကာကွယ်ရေး နှင့် လျှော့ချရေးလုပ်ငန်းများတွင် အရေးကြီးသောအခန်းကဏ္ဍမှပါဝင်နေခြင်း၊ ၎င်းတို့သည်လည်း GBV ကျူးလွန်ခံရ ခြင်းမှ မလွတ်ကင်းနိုင်ခြင်းနှင့် ပဋိပက္ခများအတွင်းတွင် ၎င်းတို့အပေါ် ကျူးလွန်သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအန္တရာယ်များ ပိုမိုများပြားလာခြင်းစသည်တို့ကြောင့် ၎င်းတို့အား GBV တားဆီးကာကွယ်ရေး၊ အန္တရာယ်ဖြစ်နိုင်ခြေလျှော့ချခြင်းနှင့် တုံ့ပြန်ရေးလုပ်ငန်းများအတွက် လျာထားချက်တွင် ထည့်သွင်းထားပါသည်။ လိင်သတ်မှတ်မှုအမျိုးမျိုးဖြစ်နေသူများက တွေ့ကြုံနေရသည့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စုပေါင်း အန္တရာယ်များကို လျှော့ချပေးရန်နှင့် တုံ့ပြန်ကူညီပေးရန်အတွက် ၎င်းတို့အားလည်း ထည့်သွင်းလျာထားပါသည်။

GBV AoR ၏ လျာထားချက်သတ်မှတ်ရာတွင် ဒေသတစ်ခုချင်းအလိုက် လိုအပ်ချက်များ၏ ပြင်းထန်မှုကို လည်းကောင်း၊ မိတ်ဖက်အဖွဲ့များ တည်ရှိမှု၊ ဝင်ရောက်ကူညီသွားလာနိုင်မှုနှင့် လုပ်ငန်းဆောင်ရွက် နိုင်စွမ်းတို့ကိုလည်းကောင်း အခြေခံထားသည်။ GBV AoR ၏ အကူအညီလိုအပ်နေသည့်လူဦးရေ အချက်အလက်များကို အခြေခံ၍ ပြင်းထန်မှုအဆင့် ၃၊ ၄ နှင့် ၅ ရှိသည့် မြို့နယ်များကို ဦးစားပေးအဖြစ် စဉ်းစားသည့်အတွက် ၂၀၂၄ ခုနှစ်တွင် ရခိုင်ပြည်နယ်တစ်ခုလုံးနှင့် အရှေ့မြောက်ပိုင်း၊ အနောက်မြောက်ပိုင်းနှင့် အရှေ့တောင်ပိုင်းဒေသများမှ အရေးကြီးနေရာများနှင့် ဆိုးရွားစွာထိခိုက်ခံနေရသည့် မြို့နယ်များကို ဦးတည်ဆောင်ရွက်ပါမည်။ လူဦးရေအုပ်စုအားလုံးတွင် အကူအညီလိုအပ်နေသူများအနက် အမျိုးသမီးနှင့် မိန်းကလေး များ၏ ၈၀% နှင့် အမျိုးသားများနှင့်ယောကျ်ားလေးများ၏ ၂၀% ကို လျာထားပြီး၊ ယင်းလျာထားသူများအနက် ၁၂% မှာ မသန်စွမ်းသူများဖြစ်မည်ဟုခန့်မှန်းထားသည်။

# မိုင်းရှင်းလင်းရေးတာဝန်ခံလုပ်ငန်းအဖွဲ့

## လိုအပ်ချက်များ

မြေမြှုပ်မိုင်းများနှင့် စစ်ကျန်ပေါက်ကွဲပစ္စည်းများ (ERWs) အပါအဝင် ပေါက်ကွဲစေတတ်သောလက်နက်ပစ္စည်း (EO) များသည် မြန်မာနိုင်ငံ တစ်ဝှမ်းလုံးတွင် ပျံ့နှံ့နေပြီး၊ ယခုအချိန်တွင် ပြည်နယ်/တိုင်းဒေသကြီး (၁၅) ခုလုံး၌ မိုင်းကွင်းများ အနည်းနှင့်အများ ရှိနေသည်ဟု ယုံကြည်ရသည်။ မြေမြှုပ်မိုင်းများကို နေရာမရွေး လက်လွတ်စပယ်ထောင်ထားခြင်း၊ မပေါက်ကွဲသေးသော လက်နက်ပစ္စည်းများရှိခြင်းနှင့် ချိန်ကိုက်ပေါက်ကွဲပစ္စည်း (IEDs) များအား အသုံးပြုခြင်းတို့သည် ဘေးဒဏ်ခံရသည့်ပြည်သူများကို ကြီးမားစွာ ခြိမ်းခြောက်နေပြီး၊ ရွှေ့လျားသွားလာမှုများနှင့် နေရပ်ပြန်ခြင်းတို့ကို အဟန့်အတားဖြစ်စေကာ၊ ယနေ့အထိ အများဆုံးဖြစ်ပေါ်နေသည့် မြေမြှုပ်မိုင်းများကြောင့် ထိခိုက်မှုဖြစ်ရပ်များ၊ သေဆုံးဒဏ်ရာရမှုများကို မြင့်တက်လာစေသည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအတွင်းအချက်အလက်များအရ မြန်မာနိုင်ငံ၏ သမိုင်းတလျှောက်လုံးတွင် မိုင်းကြောင့် ထိခိုက်မှုအရေအတွက်အမြင့်ဆုံးအဖြစ် မှတ်တမ်းဝင်ခဲ့သောကြောင့်၊ အခြေအနေမှာ စိုးရိမ်ဖွယ် ဖြစ်နေသည်။ မြေမြှုပ်မိုင်းများရှိနေခြင်းသည် စိုက်ပျိုးမြေများသို့ သွားလာရေးကို အကန့်အသတ်ဖြစ်စေသည့် အတွက် ဘေးဒဏ်ခံရသည့်ရပ်ရွာပြည်သူများ၏ အသက်မွေးဝမ်းကျောင်းစနစ်များကိုလည်းကောင်း၊ ဆက်လက်၍ တစ်နိုင်ငံလုံး၏ စားနပ်ရိက္ခာထုတ်လုပ်မှုကိုလည်းကောင်း ထိခိုက်စေပါသည်။ နေရပ်ပြန်ရသူ IDP အိမ်ထောင်စုများအနက် တစ်ဝက်နီးပါးခန့်က MSNA အချက်အလက်မကောက်ယူမီ (၁၂) လအတွင်း EO ကြောင့် ထိခိုက်ခံခဲ့ရသည့် မိသားစုဝင်များရှိခဲ့ကြောင်း အစီရင်ခံထားသည်။ ပေါက်ကွဲမှုများကြောင့် ထိခိုက်ဒဏ်ရာရခြင်း သို့မဟုတ် သေဆုံးရခြင်းတို့သည် နေရပ်ပြန်ရသူ IDP အိမ်ထောင်စုများမှ ယောကျာ်းလေးများ၊ အမျိုးသားများ၊ မိန်းကလေးများနှင့် အမျိုးသမီးများက ရင်ဆိုင်နေရသည့် အဓိကလုံခြုံရေးဆိုင်ရာ စိုးရိမ်မှုတစ်ခုဖြစ်ပြီး၊ EO များသည် IDP များနှင့် နေရပ်ပြန်ရသူ IDP အိမ်ထောင်စုများက အများဆုံးအစီရင်ခံထားသည့် အဓိက အိမ်၊ မြေယာနှင့် ပိုင်ဆိုင်မှု (HLP) ဆိုင်ရာ ပြဿနာတစ်ခုလည်းဖြစ်သည်။

**ကချင်ပြည်နယ်**
၂၀၂၃ ခုနှစ်က ကချင်ပြည်နယ်ရှိ IDP ယာယီနေအိမ်များနှင့် ပြန်လည်ပြင်ဆင်ပေးထားသည့် အမိုးများကို တွေ့ရစဉ်
ဓါတ်ပုံ - UNOCHA



တိုက်ပွဲများအဆက်မပြတ်ဖြစ်ပွားနေခြင်းနှင့် လက်နက်ကိုင်အဖွဲ့များအကြားတွင် လူသားချင်းစာနာမှုဆိုင်ရာ မိုင်းရှင်းလင်းရေးလုပ်ငန်းများကို ခွင့်ပြုသည့် သဘောတူညီချက်များ မရှိခြင်းအပါအဝင် လုပ်ငန်းဆောင်ရွက်မှု အခက်အခဲများကြောင့် အကြိုကွင်းဆင်းလေ့လာခြင်း၊ အန္တရာယ်နယ်မြေကို မှတ်သားခြင်း၊ မိုင်းရှင်းလင်း ဖယ်ရှားခြင်းစသည့် မိုင်းရှင်းလင်းရေးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းများအား အပြည့်အဝအကောင်အထည်ဖော်နိုင်ရေး အတွက် အဟန့်အတားဖြစ်နေသည်။ ထို့ကြောင့် လက်ရှိအခြေအနေတွင် မိုင်းအန္တရာယ်ပညာပေးခြင်း (EORE) လုပ်ငန်းသည်သာ အသက်များကို ကယ်ဆယ်ရန် ဆောင်ရွက်နိုင်သည့် အဓိကနည်းလမ်းဖြစ်နေသည်။

## လျာထားချက်နှင့်ဦးစားပေးသတ်မှတ်ခြင်း


မိုင်းရှင်းလင်းရေးတာဝန်ခံလုပ်ငန်းအဖွဲ့(Mine Action AoR) ၏ တုံ့ပြန်ရေးလုပ်ငန်းအတွက် လျာထားချက်နှင့် ဦးစားပေးသတ်မှတ်ရာတွင် မိုင်းထိခိုက်မှုဖြစ်ရပ်များကို အများဆုံးအစီရင်ခံထားသည့် ကျေးရွာအဆင့်ကို ဦးတည်ထားပြီး၊ လက်နက်ကိုင်ပဋိပက္ခတည်နေရာနှင့်ဖြစ်ရပ်ဆိုင်ရာ အချက်အလက်စုဆောင်းရေးစီမံကိန်း (ACLED) မှ ပဋိပက္ခနှင့် ထိခိုက်မှုဖြစ်ရပ်ဆိုင်ရာ အချက်များ၊ အထူးသဖြင့် IDP များအပါအဝင် လူဦးရေအုပ်စုများ၏ ရွှေ့လျားသွားလာမှုအချက်များနှင့် ညွှန်းကိန်းအမျိုးမျိုးတို့အား တိုက်ဆိုင်စိစစ်သည့်နည်းလမ်းကို အခြေခံထားသည်။ ဤလုပ်ငန်းကို ဒေသခံမိတ်ဖက်အဖွဲ့များနှင့်ပူးပေါင်း၍ ဆောင်ရွက်ခဲ့ပြီး၊ ဒေသခံတို့၏ စွမ်းဆောင်ရည်များ တိုးတက်လာခြင်း၊ ထိခိုက်လွယ်မှုလျော့နည်းသွားခြင်း၊ အစားထိုးအကူအညီပုံစံများ ရှိခြင်းစသည့် အချက်များပေါ်မူတည်၍ တမင်ရည်ရွယ်၍ ချန်လှပ်ခဲ့မှုများလည်း ရှိသည်။

တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေခြင်း၊ ခွင့်ပြုချက်မရှိခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအခက်အခဲများကြောင့် မိုင်းရှင်းလင်းရေးတာဝန်ခံလုပ်ငန်းအဖွဲ့၏ လုပ်ငန်းများအား အပြည့်အဝအကောင်အထည်ဖော်မှုကို နှောင့်နှေးစေ သော်လည်း၊ AoR အနေဖြင့် ပေါက်ကွဲပစ္စည်းများကြောင့် အထိခိုက်ဆုံးဒေသများတွင် အသေးစိတ်ပြင်ဆင်ထား သော လုပ်ငန်းများကို ဦးတည်ဆောင်ရွက်နေသည်။ ဤနည်းစနစ်သည် ကဏ္ဍတွင်းပိုမိုပျက်စီးဆုံးရှုံးမှု သို့မဟုတ် အလွန်အမင်းပျက်စီးဆုံးရှုံးမှုကို ရင်ဆိုင်နေရခြင်း၊ အကူအညီလိုအပ်နေသည့် လူဦးရေအချိုးအစား၊ အခြေအနေပြင်းထန်မှုနှင့် ချိတ်ဆက်၍ ခွဲဝေချထားသည့် အရင်းအမြစ်များစသည့် အချက်များဖြင့် မြို့နယ်များကို အမျိုးအစား ခွဲခြား၍ လျာထားသည်။ ဤနည်းစနစ်သည် လူဦးရေအုပ်စုအားလုံးအတွက် ပိုမိုဘေးကင်းစွာ ရွှေ့လျားသွားလာ ရေးနှင့် နေရပ်ပြန်ရေးတို့ကို ကူညီပံ့ပိုးပေးနိုင်ရေးအတွက် မြေမြှုပ်မိုင်းနှင့် အခြား EO များ၏ ခြိမ်းခြောက်မှုများကို လျှော့ချပေးရန် ရည်ရွယ်ပါသည်။


# ၃.၆။ ခိုလှုံရာ/အသုံးအဆောင်ပစ္စည်း/စခန်းစီမံခန့်ခွဲရေးနှင့်ပေါင်းစပ်ညှိနှိုင်းရေးအစုအဖွဲ့ (Shelter/NFI/CCCM)

| အကူအညီ လိုအပ်နေသည့် လူဦးရေ | ကူညီပေးရန် လျာထားသည့် လူဦးရေ | ရန်ပုံငွေ လိုအပ်ချက် (အမေရိကန်ဒေါ်လာ) | အမျိုးသမီးနှင့် မိန်းကလေးများ | ကလေးသူငယ်များ (၀ -၁၈ နှစ်) | မသန်စွမ်းသူများ |
|---|---|---|---|---|---|
| ၄.၃ သန်း | ၁.၃ သန်း | ၁၄၉ သန်း | ၆၉၆၀၀၀ | ၄၆၈၀၀၀ | ၁၈၂၀၀၀ |

## ၂၀၂၄ ခုနှစ်တွင် ကဏ္ဍတွင်းလိုအပ်ချက်များ၏ ပြင်းထန်မှုပြမြေပုံ (မြို့နယ်အလိုက်)




## ၂၀၂၄ ခုနှစ်တွင် ကဏ္ဍတွင်း အကူအညီလိုအပ်နေသည့် လူဦးရေနှင့် ကူညီပေးရန်လျာထားသည့်လူဦးရေ (ပြည်နယ်/တိုင်းဒေသကြီးအလိုက်)




**အစုအဖွဲ့ရည်ရွယ်ချက် - ၁ (CO1)**

ဘေးဒဏ်ခံရသည့်ပြည်သူများအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းသည့် ဖြေရှင်းနည်းများနှင့် ဖြစ်လာနိုင်သော ဘေးအန္တရာယ်များကို လျှော့ချနိုင်သည့် စွမ်းဆောင်ရည်များကို တိုးတက်စေခြင်းဖြင့် ကာကွယ်စောင့်ရှောက်ရေး၊ အသက်ကယ်ဆယ်ရေး၊ ဂုဏ်သိက္ခာနှင့် ပုဂ္ဂိုလ်ရေးလွတ်လပ်မှုတို့ကို မြှင့်တင်ပေးရေးအတွက် အရေးပေါ်ကာလယာယီခိုလှုံရာများနှင့် အရေးပေါ်အသုံးအဆောင်ပစ္စည်းများကို ထောက်ပံ့ပေးရန်။

**အစုအဖွဲ့ရည်ရွယ်ချက် - ၂ (CO2)**

ဘေးဒဏ်ခံရသည့်ပြည်သူများအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းသည့် ဖြေရှင်းနည်းများနှင့် ဖြစ်လာနိုင်သော ဘေးအန္တရာယ်များကို လျှော့ချနိုင်သည့် စွမ်းဆောင်ရည်များကို တိုးတက်စေခြင်းဖြင့် ကာကွယ်စောင့်ရှောက်ရေး၊ အသက်ကယ်ဆယ်ရေး၊ ဂုဏ်သိက္ခာနှင့် ပုဂ္ဂိုလ်ရေးလွတ်လပ်မှုတို့ကို မြှင့်တင်ပေးရေးအတွက် ကြားကာလအတွင်း ကာလရှည်ခိုလှုံရာများနှင့် အသုံးအဆောင်ပစ္စည်းများကို ထပ်မံဖြည့်တင်းထောက်ပံ့ပေးရန်။

**အစုအဖွဲ့ရည်ရွယ်ချက် - ၃ (CO3)**

အခြေကျနေထိုင်မှုများကိုစောင့်ကြည့်ခြင်း၊ ဝန်ဆောင်မှုများကိုပေါင်းစပ်ညှိနှိုင်းပေးခြင်းနှင့် စခန်းအခြေခံ အဆောက်အဦများ ပြုပြင်ထိန်းသိမ်းခြင်းတို့ကို အသက်ကယ်ဆယ်ရေးဆိုင်ရာ လူသားချင်းစာနာမှု အကူအညီများ နှင့်ချိန်ညှိ၍ ခိုင်မာအားကောင်းအောင်ဆောင်ရွက်ရန်။

**အစုအဖွဲ့ရည်ရွယ်ချက် - ၄ (CO1)**

စခန်းအဆင့် စီမံခန့်ခွဲရေးတွင် ပါဝင်ဆောင်ရွက်နေသူများ၊ ရပ်ရွာလူထုနှင့် ဝန်ဆောင်မှုပေးသူများ၏ စခန်း စီမံခန့်ခွဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးစွမ်းရည်များကို ခိုင်မာအားကောင်းအောင် ဆောင်ရွက်ပေးရန်နှင့် ကာကွယ် စောင့်ရှောက်ရေးကို လုပ်ငန်းတိုင်း၌ ထည့်သွင်းပါစေရန်။

**အစုအဖွဲ့ရည်ရွယ်ချက် - ၅ (CO2)**

အခြေချနေရာအဆင့်တွင် ရပ်ရွာလူထု ပူးပေါင်းပါဝင်စေရေးလုပ်ငန်းများကို အားဖြည့်ဆောင်ရွက်ရန်။

**အစုအဖွဲ့ရည်ရွယ်ချက် - ၆ (CO3)**

Shelter/NFI/CCCM အစုအဖွဲ့၏ ပေါင်းစပ်ညှိနှိုင်းရေးနှင့် သတင်းအချက်အလက်စီမံခန့်ခွဲရေးကို အဆင့်အားလုံး တွင် ပိုမိုအားကောင်းလာစေရန်။

## လိုအပ်ချက်များကို အကျဉ်းချုပ်ဖော်ပြချက်

၂၀၂၄ ခုနှစ်တွင် လူဦးရေ (၄.၂) သန်းခန့်သည် ခိုလှုံရာ/အသုံးအဆောင်ပစ္စည်းများ/စခန်းပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး (Shelter/NFI/CCCM) အကူအညီများကို အရေးတကြီးလိုအပ်နေကြသည်။ လွန်ခဲ့သော ဆယ်နှစ်ကျော်ကပင် မိမိတို့အိုးအိမ်များကို စွန့်ခွာထွက်ပြေးနေရသူများလည်း ပါဝင်သည့် လူဦးရေ (၃၀၆၀၀၀) ဦးတို့သည် ကာလရှည်နေရပ်စွန့်ခွာနေရခြင်းနှင့် အတင်းအကျပ်စခန်းပိတ်သိမ်းမှုများကြောင့် ဤအစုအဖွဲ့၏ ဦးစားပေးဇုန်များဖြစ်သည့် အရှေ့မြောက်ပိုင်းဒေသ၊ အနောက်မြောက်ပိုင်းဒေသနှင့် အရှေ့တောင်ပိုင်းဒေသ တို့တွင် အခက်အခဲများစွာကို ရင်ဆိုင်နေရသည်။ ထို့အပြင် ရခိုင်ပြည်နယ်ရှိ ကမန်နှင့် ရိုဟင်ဂျာများသည်လည်း အခြေကျနေပြီဖြစ်သည့် စနစ်တကျခွဲခြားဆက်ဆံခံရမှုများကို ဆက်လက်ကြုံတွေ့နေရဆဲဖြစ်ကာ၊ ရေရှည်တည်တံ့သောဖြေရှင်းနည်းများနှင့် တသမတ်တည်းဖြစ်သော လူသားချင်းစာနာမှုအကူအညီများကို လိုအပ်နေ သည်။

ကာလကြာမြင့်ပြီဖြစ်သည့် မလုံခြုံမှုများ၊ ဖိနှိပ်ချုပ်ချယ်မှုများ၊ ထပ်တလဲလဲရင်ဆိုင်နေရသည့် သဘာဝ ဘေးအန္တရာယ်များ၏ စုပေါင်းသက်ရောက်မှုများကြောင့် Shelter/NFI နှင့် CCCM အကူအညီလိုအပ်မှုမှာ ဆက်လက်မြင့်တက်နေသည်။ အရေးပေါ်ကာလ အမိုးအကာ အကူအညီများသည် လုံလောက်ခြင်းမရှိဘဲ၊ နေထိုင်မှုအခြေအနေများမှာလည်း မလုံခြုံကြပါ။ အထူးသဖြင့် အကြိမ်ကြိမ်ရွှေ့လျားသွားလာနေရသူများအတွက် မရှိမဖြစ်လိုအပ်သော အသုံးအဆောင်ပစ္စည်းများ (NFIs) မရှိကြပါ။ ဤအခြေအနေသည် ပြည်သူများ၏ အခြေခံအခွင့်အရေးများကို တိုက်ရိုက်ထိပါးချိုးဖောက်နေခြင်းပင်ဖြစ်ပြီး၊ သင့်တော်သော အမိုးအကာခိုလှုံရာများ ရယူနိုင်မှုကို ထိခိုက်စေကာ၊ ပုဂ္ဂိုလ်ရေးလွတ်လပ်မှု၊ ဘေးကင်းလုံခြုံမှု၊ ဂုဏ်သိက္ခာ၊ ရုပ်ပိုင်းဆိုင်ရာကျန်းမာရေး နှင့်စိတ်ကျန်းမာရေးတို့ကိုသာမက ကောင်းမွန်စွာနေထိုင်နိုင်မှုဆိုင်ရာ အန္တရာယ်များကို ဖြစ်ပေါ်စေ ပါသည်။

ရန်ပုံငွေပြတ်တောက်ခြင်းကြောင့်အပါအဝင်၊ စခန်း/ခိုလှုံရာနေရာ စီမံခန့်ခွဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေး လုပ်ငန်း များ မလုံလောက်ခြင်းမှ ပေါ်ထွက်လာသော အခက်အခဲများသည် ဘေးဒဏ်သင့်ပြည်သူများ၏ ထိခိုက်လွယ်မှု များကို ပိုဆိုးစေပါသည်။ ထိရောက်သော အကူအညီများနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို ထိရောက်စွာ ဆောင်ရွက်ပေးအပ်ရန်အတွက် စောင့်ကြည့်စစ်ဆေးခြင်း၊ အစီရင်ခံခြင်း၊ အခြေခံအဆောက်အဦပြုပြင် ထိန်းသိမ်းခြင်းနှင့် ဝန်ဆောင်မှုပေါင်းစပ်ညှိနှိုင်းခြင်းတို့ကို သင့်တော်စွာဆောင်ရွက်ရန် အရေးကြီးပါသည်။

## တုံ့ပြန်ရေးလုပ်ငန်းမဟာဗျူဟာ

လူသားချင်းစာနာမှုဆိုင်ရာ ဝင်ရောက်ကူညီသွားလာရေးတွင် အခက်အခဲများရှိနေသည်ကို ထည့်သွင်းစဉ်းစားပြီး နောက်၊ Shelter/NFI/CCCM အစုအဖွဲ့၏ တုံ့ပြန်ရေးမဟာဗျူဟာတွင် ပစ္စည်းနှင့် ငွေကြေးနှစ်မျိုးလုံးပါဝင်သည့် ရောစပ်ထားသော စံပြုပုံစံများ၊ နည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းထားပါသည်။ IDP များအနေဖြင့် သီးသန့်ပစ္စည်းလိုအပ်ချက်များရှိနေသော်လည်း၊ ဈေးသို့ သွားလာရန်ခက်ခဲသည့် အခြေအနေတွင် ငွေကြေးအကူအညီပေးရန်လည်း မဖြစ်နိုင်ပါက ပစ္စည်းအကူအညီပေးခြင်းနည်းလမ်း ကို အသုံးပြုပါမည်။

ပစ္စည်းအကူအညီပေးခြင်းနည်းလမ်းသည် ဈေးများ၏ အခြေအနေနှင့် ဈေးသို့ လက်လှမ်းမီ သွားလာနိုင်မှုပေါ်တွင် မူတည်နေသည်။ ဥပမာအားဖြင့် မြို့ပြဧရိယာပြင်ပတွင် နေထိုင်ကြသည့် ပဋိပက္ခနှင့် သဘာဝဘေးကြောင့် ထိခိုက်ခံရသူများသည် ဈေးများသို့ လွယ်ကူစွာ သွားရောက်ဝယ်ယူနိုင်ခြင်းမရှိ သည့်အတွက် ငွေကြေးအကူအညီနည်းလမ်းသည် အောင်မြင်မှုနည်းနိုင်သည်။ Shelter/NFI/CCCM အစုအဖွဲ့သည် အကူအညီပေးမည့် စံပြုနည်းလမ်းအမျိုးမျိုးတို့၏ ထိရှလွယ်မှုကိုလည်း အသိအမှတ်ပြုထားသည်။ ယင်းတို့ကို နိုင်ငံရေးနှင့် ပဋိပက္ခတွင်းအရွေ့များကလည်း လွှမ်းမိုးမှုများရှိနိုင်သည်။ အထူးသဖြင့် အရေးပေါ်ကာလများ အတွင်းတွင် ငွေကြေးအကူအညီပေးခြင်းနည်းလမ်းဖြင့် ကူညီရန် သင့်တော်သည့်ဒေသများတွင် အစုအဖွဲ့၏ မိတ်ဖက်အဖွဲ့များက ထိုဒေသများသို့ ဖြန့်ကြက်ရောက်ရှိအောင် ကြိုးပမ်း၍ လိုအပ်သော အကူအညီကို ငွေကြေးဖြင့် ထောက်ပံ့ပေးအပ်ပါမည်။

Shelter/NFI/CCCM အစုအဖွဲ့သည် နိုင်ငံအဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်နှစ်မျိုးလုံးတွင် အထူးသဖြင့် CCCM နှင့်ဆက်စပ်၍ စခန်းကော်မတီများ၏ ဝန်ဆောင်မှုစောင့်ကြည့်လေ့လာရေးအခန်းကဏ္ဍများ အတွက် အခြားသော အစုအဖွဲ့များနှင့်လည်းကောင်း၊ လုပ်ငန်းအဖွဲ့များနှင့်လည်းကောင်း ပေါင်းစပ်ညှိနှိုင်း၍ လုပ်ငန်း ဆောင်ရွက်ပါမည်။ IDP များနှင့် စခန်း/ခိုလှုံရာနေရာစီမံခန့်ခွဲရေးအဖွဲ့အစည်းများက သတ်မှတ် ဖော်ထုတ်ထား သည့် ကြီးမားသော ဝန်ဆောင်မှုကွာဟချက်များကို ပေါ်လွင်အောင်ဖော်ပြ၍ သက်ဆိုင်သည့် အဖွဲ့များသို့ လွှဲပြောင်းမျှဝေရာတွင်လည်း ဤပေါင်းစပ်ညှိနှိုင်းရေးကို တိုးချဲ့ဆောင်ရွက်ပါမည်။ လက်နက်ကိုင်အဖွဲ့ အမျိုးမျိုးတို့က ထိန်းချုပ်ထားသည့် စစ်ဆေးရေးဂိတ်များစွာရှိနေသည့် ဒေသများတွင် အကူအညီလိုအပ်နေသူများ ထံသို့ အကူအညီများဖြန့်ကြက်ရောက်ရှိနိုင်ရေးအတွက် မိုဘိုင်းဖုန်းမှတဆင့် ငွေကြေးလွှဲပြောင်းပေးခြင်းနှင့် ရပ်ရွာလူထုအခြေပြုသည့် ပစ္စည်းဖြန့်ဝေမှုများအပါအဝင် အဝေးမှအကူအညီပေးသည့် အကူအညီပုံစံများကိုလည်း အကောင်အထည်ဖော်သွားပါမည်။

Shelter/NFI/CCCM အစုအဖွဲ့သည် ၂၀၂၄ ခုနှစ်တွင် ဒေသအလိုက် ကိုက်ညီအောင်ဆောင်ရွက်ခြင်း မဟာဗျူဟာ၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် ဒေသခံအဖွဲ့အစည်းများ၊ ရပ်ရွာလူထုခေါင်းဆောင်များနှင့် လက်တွဲဆောင်ရွက်မှု များကို အရှိန်မြှင့်တင်သွားပါမည်။

## လျာထားချက်နှင့် ဦးစားပေးသတ်မှတ်ခြင်း

Shelter/NFI/CCCM အစုအဖွဲ့သည် IDP များ၊ နေရပ်ပြန်ရသူ IDP များ၊ အခြေကျသွားသည့် IDP များ၊ ဒေသတွင်းပေါင်းစည်းဝင်ဆံ့သွားသည့် IDP များ၊ နိုင်ငံမဲ့သူများနှင့် လူသားချင်းစာနာမှုအကူအညီလိုအပ်နေသည့် အခြားသော အကျပ်အတည်းဒဏ်သင့်ပြည်သူများပါဝင်သည့် လူဦးရေ (၁.၃) သန်းကို ကူညီပေးရန် ရည်ရွယ် ထားသည်။ အထူးသဖြင့် အမျိုးသမီးများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများစသည့် ထိခိုက်လွယ်အုပ်စုများကို အထူးဦးတည်ထားပါသည်။ တုံ့ပြန်ရေးလုပ်ငန်းများကို ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်။ ကရင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် တောင်ပိုင်း၊ တနင်္သာရီတိုင်း ဒေသကြီးတို့ အပါအဝင် ဒေသအများအပြားသို့ တိုးချဲ့ထားသည်။

ဦးစားပေးတုံ့ပြန်ရေးလုပ်ငန်းများတွင် အမိုးအကာပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးခြင်း နှင့်အတူ အိမ်ထောင်စုအဆင့်နှင့် ရပ်ရွာအဆင့်များ၌ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်မှုများကို လျော့နည်းစေမည့် နည်းလမ်းများလည်း ပါဝင်သည်။ နောက်ထပ်ဦးတည်ထားသည့် နယ်ပယ်တစ်ခုမှာ စခန်းစီမံ ခန့်ခွဲရေးမှတ

ဆင့် အခြေချနေထိုင်မှုစောင့်ကြည့်စစ်ဆေးခြင်း၊ ဝန်ဆောင်မှုပေါင်းစပ်ညှိနှိုင်းခြင်းနှင့် စခန်းအခြေခံ အဆောက်အဦပြုပြင်ထိန်းသိမ်းခြင်းတို့ကို ခိုင်မာအားကောင်းစေရန်ဖြစ်သည်။ စခန်းများတွင် ပြင်ပမှ ဝင်ရောက်ကူညီသွားလာမှုပြတ်တောက်သွားသည့်အချိန်၌ပင် ဝန်ဆောင်မှုများ အဆက်မပြတ်စေရေးအတွက် စခန်းအဆင့် တွင် ရပ်ရွာလူထုပူးပေါင်းပါဝင်ရေးလုပ်ငန်းများကို အားဖြည့်ဆောင်ရွက်ပါမည်။ ဤလုပ်ငန်းအတွက် ဝန်ဆောင်မှု ထောက်ပံ့ပေးသူများနှင့် စခန်းကော်မတီများ အပါအဝင် စခန်းစီမံခန့်ခွဲရေးတွင် ပါဝင်ဆောင်ရွက်သူများက ကာကွယ်စောင့်ရှောက်ရေးကို လုပ်ငန်းတိုင်း၌ ထည့်သွင်းပါဝင်စေခြင်းကို အဓိက ဦးတည်၍ မိမိတို့၏ တုံ့ပြန်ရေး လုပ်ငန်းစွမ်းရည်များ တိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်ပါသည်။

### အရည်အသွေးပြည့်ဝ၍ အားလုံးပါဝင်သော စီမံကိန်းများကို မြှင့်တင်ဆောင်ရွက်ခြင်း

Shelter/NFI/CCCM အစုအဖွဲ့နှင့် မိတ်ဖက်အဖွဲ့များသည် AAP မူဘောင်တစ်ခုကို ပေါင်းစည်းထည့်သွင်းထားသည့် ရပ်ရွာလူထုပူးပေါင်းပါဝင်ရေးနည်းလမ်းတစ်ခုကို အသုံးပြုမည်ဖြစ်ပြီး၊ ကောင်းစွာအသိပေးထားသော ဆုံးဖြတ် ချက်များကို ဘေးဒဏ်သင့်ပြည်သူများကိုယ်တိုင်ပြုလုပ်နိုင်ရေးအတွက် လက်ရှိအခြေအနေ သတင်းအချက် အလက်များကို ပုံမှန် မျှမ်းမံခြင်း၊ ရပ်ရွာလူထုတွင်း အရင်းအမြစ်များ စုရုံးခြင်းနှင့် ဘေးဒဏ်သင့်ပြည်သူများအား လုပ်ပိုင်ခွင့်ပေးခြင်းလုပ်ငန်းများ ပါဝင်ပါမည်။

လျှို့ဝှက်ထားရမည့် ပြဿနာများအပါအဝင် တုံ့ပြန်ချက်များကိုပေးနိုင်ပြီး၊ ဟန်ချက်ညီ၍ အများလက်လှမ်းမီ အသုံးပြုနိုင်သော တုံ့ပြန်ချက်ပေးရေးလုပ်ငန်းတစ်ခုတွင် ဤလုပ်ငန်းများကို ထင်ဟပ်ထည့်သွင်းသွားမည်ဖြစ်ရာ၊ ကျားမစုံလင်စွာပါဝင်သည့် စခန်းစီမံခန့်ခွဲရေးကော်မတီများမှဆင့်လည်းကောင်း၊ စခန်းငယ်များတွင် ဆက်သွယ်ပြန်ကြားရေးအဆက်မပြတ်စေရေးအတွက် တိုက်ရိုက်ဖုန်းလိုင်းများဖြင့်လည်းကောင်း အသုံးပြုနိုင်မည်ဖြစ်သည်။ Shelter/NFI/CCCM အစုအဖွဲ့သည် ခိုလှုံရာထောက်ပံ့ရေးစီမံကိန်းဒီဇိုင်းရေးဆွဲရာတွင် IDP များနှင့် တက်ကြွစွာ လက်တွဲဆောင်ရွက်နေပြီး၊ ခိုလှုံရာနေရာများတွင် သွားလာရေးလွယ်ကူစေရန် ထောက်ပံ့ပေးခြင်းအပါအဝင် ထူးခြားသော လိုအပ်ချက်ရှိနေသူများအတွက် အထူးပြုထောက်ပံ့မှုများကိုလည်း ပေါင်းစည်းထည့်သွင်းထားသည်။

Shelter/NFI/CCCM အစုအဖွဲ့သည် စခန်း/ခိုလှုံရာနေရာရှိ ဝန်ထမ်းများက PSEA ဆိုင်ရာပြဿနာများကို ကောင်းစွာဖြေရှင်းနိုင်စွမ်းရှိစေရေးအတွက် ၂၀၂၄ ခုနှစ်တွင် AAP/CE လုပ်ငန်းအဖွဲ့နှင့်လည်းကောင်း၊ မြေပြင်နှင့် ရုံးခွဲအဆင့်များတွင်ရှိနေသည့် ကာကွယ်စောင့်ရှောက်ရေး ပါဝင်ဆောင်ရွက်သူများ၊ PSEAတာဝန်ရှိသူများနှင့် လည်းကောင်း အနီးကပ်ဆက်လက်ပူးပေါင်းဆောင်ရွက်သွားပါမည်။ သင်တန်းပို့ချခြင်းနှင့် ရပ်ရွာလူထုနှင့်လက်တွဲ ဆောင်ရွက်ရေးနည်းလမ်းများသည်လည်း AAP နှင့် PSEA တို့ကို အလေးအနက်ထားသည့် တုံ့ပြန်ရေး လုပ်ငန်းများ၏ နည်းပညာပိုင်းကိုတိုးတက်စေမည့် အဓိကလုပ်ငန်းများဖြစ်ပါလိမ့်မည်။

Shelter/NFI/CCCM အစုအဖွဲ့သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအသိအမြင်ဖွင့်ပေးရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ရန်နှင့် တုံ့ပြန်ရေးလုပ်ငန်းများတွင် ပတ်ဝန်းကျင်ထိခိုက်မှုကို အနိမ့်ဆုံးဖြစ်စေရန်လည်း ထပ်မံကြိုးပမ်းဆောင်ရွက်ပါမည်။ ဤလုပ်ငန်းတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စံသတ်မှတ်ချက်များကို ဖြည့်ဆည်းပေးရေးအတွက် ညှန်းကိန်းများကို ရာခိုင်နှုန်းဖြင့် တိုင်းတာရန် ရှင်းလင်းတိကျသော လမ်းညွှန်ချက်များ ရေးဆွဲထုတ်ပြန်ခြင်း၊ စခန်းဒီဇိုင်းများတွင် ထိရောက်မှုတိုးမြင့်စေမည့် လုပ်ငန်းများကို ထည့်သွင်းဆောင်ရွက်ခြင်း၊ အသုံးအဆောင်ပစ္စည်းများအား ထုတ်ပိုးမှုလျှော့ချရန်အတွက် ပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေရှိပြီး ဒေသတွင်း ထုတ်လုပ် သည့်ပစ္စည်းများကို အသုံးပြုခြင်းစသည်တို့ပါဝင်ကြသည်။

### တုံ့ပြန်ရေးလုပ်ငန်း၏ ကုန်ကျစရိတ်


စီစဉ်ထားသော တုံ့ပြန်ရေးလုပ်ငန်း၏ ကုန်ကျစရိတ်ကို တွက်ချက်ရာတွင် အမှန်တကယ်ဈေးကွက်ဈေးနှုန်းများ၊ ငွေကြေးဖောင်းပွမှု အလားအလာတို့နှင့်အတူ လုပ်ငန်းကို အခြေခံသည့် နည်းလမ်းကို အသုံးပြုခဲ့သည်။ Shelter/NFI အပိုင်းတွင် ငွေကြေးဖောင်းပွမှုကုန်ကျစရိတ်အဖြစ် ၃၀% ထည့်ပေါင်းထားပြီး၊ CCCM အပိုင်းတွင်မူ ၂၆% ထည့်ပေါင်းထားသည်။ ထို့အပြင် ကာကွယ်စောင့်ရှောက်ရေးကို လုပ်ငန်းတိုင်း၌ ထည့်သွင်းပါဝင်စေခြင်း အတွက် လုပ်ငန်းတိုင်း၌ ၆% ကိုလည်းကောင်း၊ ဒေသခံမိတ်ဖက်အဖွဲ့များအား တာဝန်ယူမှု (duty of care) အတွက် ၅% ကိုလည်းကောင်း ထပ်မံပေါင်းထည့်ထားပါသည်။

| **ဒေသ** | **ဦးစားပေးတုံ့ပြန်ရေးလုပ်ငန်း** |
|---|---|
| ရခိုင်ပြည်နယ် | ဝေးလံခေါင်ပါးသော ဒေသများကို ဦးတည်သည်။<br>- ကျေးရွာနှင့် စခန်းတွင် နေထိုင်သူများအတွက် ခိုလှုံရာနှင့် အသုံးအဆောင်ပစ္စည်းများအကူအညီ<br>- စခန်း/ခိုလှုံရာနေရာများရှိ IDP များအတွက် စခန်းစီမံခန့်ခွဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းများ<br>- ဝန်ဆောင်မှုစောင့်ကြည့်စစ်ဆေးခြင်းနှင့် ရပ်ရွာလူထုပူးပေါင်းပါဝင်စေခြင်းလုပ်ငန်းများ |
| အနောက်မြောက်ပိုင်းဒေသ | ဝေးလံခေါင်ပါးသော ဒေသများကို ဦးတည်သည်။<br>- ပဋိပက္ခဒဏ်သင့် IDP များအတွက် လျာထားသည့် အရေးပေါ်ကာလ ခိုလှုံရာနှင့် အသုံးအဆောင်ပစ္စည်းဆိုင်ရာ တုံ့ပြန်ရေးလုပ်ငန်းများ<br>- ဝန်ဆောင်မှုစောင့်ကြည့်စစ်ဆေးခြင်းနှင့် ရပ်ရွာလူထုပူးပေါင်းပါဝင်စေခြင်းလုပ်ငန်းများ |
| အရှေ့မြောက်ပိုင်းဒေသ | - အထူးသဖြင့် အတင်းအကျပ်စခန်းပိတ်သိမ်းမှုကို ရင်ဆိုင်နေရသည့် ဒေသများကို ရည်ရွယ်သည့် အရေးပေါ်ကာလ ခိုလှုံရာ/ အသုံးအဆောင်ပစ္စည်း/ စခန်းစီမံခန့်ခွဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေး လုပ်ငန်းများ |
| အရှေ့တောင်ပိုင်းဒေသ | - လက်နက်ကိုင်ပဋိပက္ခများနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ခံစားရသူများကို ဦးတည်လျာထားသည်။<br>- တိုက်ပွဲဖြစ်ပွားနေသည့်ဇုန်များအနီးရှိ မြို့နယ်များ သို့မဟုတ် သဘာဝဘေးကျရောက်လွယ်သည့် မြို့နယ်များကို အထူးဦးတည်သည်။ |


# ၃.၇။ ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေး ဆိုင်ရာအစုအဖွဲ့ (WASH)

| အကူအညီ လိုအပ် နေသည့် လူဦးရေ | ကူညီပေးရန် လျာထားသည့် လူဦးရေ | ရန်ပုံငွေ လိုအပ်ချက် (အမေရိကန်ဒေါ်လာ) | အမျိုးသမီးနှင့် မိန်းကလေးများ | ကလေးသူငယ်များ (၀ -၁၈ နှစ်) | မသန်စွမ်းသူများ |
| --- | --- | --- | --- | --- | --- |
| ၅.၆ သန်း | ၁.၇ သန်း | ၁၀၆ သန်း | ၈၇၈၀၀၀ | ၅၆၆၀၀၀ | ၂၂၅၀၀၀ |

## ၂၀၂၄ ခုနှစ်တွင် ကဏ္ဍတွင်းလိုအပ်ချက်များ၏ ပြင်းထန်မှုပြမြေပုံ (မြို့နယ်အလိုက်)




## ၂၀၂၄ ခုနှစ်တွင် ကဏ္ဍတွင်း အကူအညီလိုအပ်နေသည့် လူဦးရေနှင့် ကူညီပေးရန်လျာထားသည့်လူဦးရေ (ပြည်နယ်/တိုင်းဒေသကြီးအလိုက်)




### အစုအဖွဲ့ရည်ရွယ်ချက် - ၁ (CO1)

ရေ၊ သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေးဆိုင်ရာ ဘက်စုံ ဝန်ဆောင်မှုများအတွက် အန္တရာယ်ဖြစ်နိုင်ခြေများကို ထိရှလွယ်စွာ စဉ်းစားထားသည့် စီမံကိန်း ရေးဆွဲခြင်းနှင့် ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်းတို့ကို အခြေခံ၍ ဘေးဒဏ်သင့်ပြည်သူများ၏ ကျန်းမာရေး၊ ဂုဏ်သိက္ခာနှင့် ကာကွယ်စောင့်ရှောက်ရေးအတွက် ပေးအပ်သည့် ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ ဝန်ဆောင်မှု များ၏ အရည်အသွေးနှင့် စံချိန်စံညွှန်းများကိုလည်းကောင်း၊ ကောင်းမွန်သော တကိုယ်ရေကျန်းမာရေးအလေ့အထများကို လည်းကောင်း ရေရှည်တည်တံ့စေရန်။

### အစုအဖွဲ့ရည်ရွယ်ချက် - ၂ (CO2)

WASH အစုအဖွဲ့၏ ပေါင်းစပ်ညှိနှိုင်းရေးနှင့် သတင်းအချက်အလက်စီမံ ခန့်ခွဲရေးကို အဆင့်အားလုံးတွင် ပိုမို အားကောင်းလာစေရန်။

## လိုအပ်ချက်များကို အကျဉ်းချုပ်ဖော်ပြချက်

လူဦးရေအုပ်စု(၄) စုလုံးမှ လူဦးရေ(၅.၆) သန်းခန့်သည် လူသားချင်းစာနာမှုဆိုင်ရာ ရေ၊ သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေး ဝန်ဆောင်မှုများကို လိုအပ်နေကြသည်။ ရေ၊ သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေး အကူအညီများကို အရေးအကြီးဆုံးလိုအပ်နေသူများမှာ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှဖြစ်ပြီး၊ ၂၀၂၃ ခုနှစ် မေလတွင် မိုခါမုန်တိုင်းဒဏ်ကြောင့် အခြေအနေများပိုဆိုးလာခဲ့သည့် ဤဒေသနှစ်ခုလုံးကို လိုအပ်ချက်ပြင်းထန်မှုအဆင့် (၅) ဟုသတ်မှတ်ထားပါသည်။ အိမ်ရှင်ရပ်ရွာလူထုအတွင်းရှိ ထိခိုက်လွယ်ပြည်သူများအတွက် ရေ၊ သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေး အခြေခံဝန်ဆောင်မှုအချို့ကို ရရှိသော်လည်း၊ ဝင်ရောက်သွားလာ ကူညီနိုင်မှုနှင့် မိတ်ဖက်များ၏ လုပ်ငန်းများမှာ အကန့်အသတ်ဖြင့်သာရှိနေသည့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသ၊ အနောက်မြောက်ပိုင်းဒေသနှင့် အရှေ့တောင်ပိုင်းဒေသတို့ကို လိုအပ်ချက်ပြင်းထန်မှုအဆင့် (၄)ဟု သတ်မှတ် ပါသည်။ မြန်မာတစ်နိုင်ငံလုံးတွင် ပြုပြင်ထားခြင်းမရှိသည့် သောက်ရေရင်းမြစ်များကို ကျယ်ပြန့်စွာအသုံးပြုနေပြီး၊ ချင်းပြည်နယ်တွင် အိမ်ထောင်စုများအနက် ၇၁%၊ ရခိုင်ပြည်နယ်တွင် ၆၄%အထိ၊ ကချင်ပြည်နယ်တွင် ၁၆%အထိနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၁၂%အထိတို့က မပြုပြင်ရသေးသော ရေရင်းမြစ်များကို မှီခိုနေကြရသည်။

ကာလကြာမြင့်ပြီဖြစ်သည့်  တကျော့ပြန် နေရပ်စွန့်ခွာရမှုများ ဆက်လက်ဖြစ်ပွားနေပြီး၊ စခန်းများနှင့် နေရပ်စွန့်ခွာခိုလှုံရာနေရာများရှိ ရေ၊ သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေး နေရာအများစုမှာ တိုးလာနေသော လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင် ရေးအတွက် ကြီးမားသော ပြုပြင်ထိန်းသိမ်းမှုများကို လိုအပ်နေပါသည်။ IDP များသည် မိမိတို့၏ ကျန်းမာရေး၊ ကောင်းမွန်စွာနေထိုင်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အပေါ် ဆိုးကျိုးများသက်ရောက်စေသည့် ညစ်ညမ်း သော ရင်းမြစ်နေရာများမှ သောက်ရေကို ရယူရခြင်း၊ အိမ်သာမရှိဘဲနေထိုင်ရခြင်းကဲ့သို့သော ရင်ဆိုင်ဖြေရှင်းရေး နည်းလမ်းများကို ပို၍အသုံးပြုလာကြရသည်။

ဘေးဒဏ်သင့်ပြည်သူများအတွက် မရှိမဖြစ်လိုအပ်သော ရေ၊ သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေး ပစ္စည်းများအား လက်လှမ်းမီရရှိမှုသည် အခက်အခဲတစ်ခုဖြစ်နေပြီး၊ ထောက်ပံ့ရေးကွင်းဆက်တွင်ဖြစ်ပေါ်နေသည့် ပြဿနာများနှင့် ငွေကြေး ဖောင်းပွမှုစသည့်အကြောင်းရင်းများကြောင့် ဒေသတွင်းဈေးကွက်များတွင် ဈေးနှုန်းများ မြင့်တက်လာခြင်း ကလည်း ပိုမိုထိခိုက်စေပါသည်။ IDP  များနှင့် အိမ်ရှင်ရပ်ရွာလူထုအားလုံးတို့က ပြည်ပမှသွင်းကုန် ပစ္စည်းများ ကိုသာ ကြီးမားစွာ မှီခိုနေရသည့် နယ်စပ်ဒေသများမှာ ဤပြဿနာအတွက် အထူးထိခိုက်လွယ် ကြပါသည်။ အထူးသဖြင့် ဝေးလံခေါင်ပါးသောဒေသများတွင် သွားလာရေးကန့်သတ်ချက်များရှိခြင်းနှင့် ခြောက်သွေ့ရာသီ အတွင်း ရေရှားပါးမှုတို့ကြောင့်လည်း ဤပြဿနာကို ပိုဆိုးစေပါသည်။

ဤအခြေအနေများအောက်တွင်၊ သောက်ရေအတွက် ရေသန့်ဆေးထုပ်များ၊ ဆေးပြားများ ထောက်ပံ့ပေးခြင်း၊ ရေကို ကား/လှေဖြင့် သယ်ဆောင်ပေးခြင်းကဲ့သို့သော အရေးပေါ်ကာလ ရေထောက်ပံ့ရေးဖြေရှင်းနည်းများသည်  အခြေခံ ရေ၊ သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေး စံချိန်စံညွှန်းများကိုပြည့်မီအောင်ဆောင်ရွက်ရာတွင် ပိုမိုအရေးပါလာသည်။

## တုံ့ပြန်ရေးလုပ်ငန်းမဟာဗျူဟာ

ရေ၊ သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေး အစုအဖွဲ့၏ တုံ့ပြန်ရေးလုပ်ငန်းသည် လိုက်လျောညီထွေပြောင်းလဲထားသော စီမံကိန်းဒီဇိုင်းများအား အသုံးပြုထားပြီး၊ သောက်သုံးရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးဝန်ဆောင်မှုများနှင့် တကိုယ်ရေးကျန်းမာရေးဆိုင်ရာ အလေ့အထများကို ဘေးကင်းလုံခြုံစွာလက်လှမ်းမီရရှိနိုင်မှု တိုးတက်စေရေးကို ဦးတည်ထားသည်။ တုံ့ပြန်ရေးလုပ်ငန်းသည် လက်ရှိ IDP များအပြင် နေရပ်ပြန်ရသူများ၊ အခြေကျသွားသူများနှင့် ဒေသတွင်း ပေါင်းစည်းဝင်ဆံ့သွားသူများ၏ ထွက်ပေါ်လာနေသော လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ရည်ရွယ်သည်။ ရေ၊ သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေး အစုအဖွဲ့သည် ရေရှည်တည်တံ့ပြီး ထိရောက်သော ဝန်ဆောင်မှုများကို ပေးအပ်နိုင်ရေးအတွက် ရေ၊ သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေး အစုအဖွဲ့နှင့် နိုင်ငံတကာတို့၏ အနိမ့်ဆုံးစံချိန်စံညွှန်းများကို စွဲမြဲလိုက်နာလျက် ရေ၊ သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေး နေရာများအား တည်ဆောက်ခြင်း၊ လည်ပတ်ဆောင်ရွက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းတို့ကို ဦးစားပေးဆောင်ရွက်ပါမည်။ ကာလကြာမြင့်ပြီဖြစ်သည့် ဒုက္ခသည်စခန်းများနှင့် စခန်းအနီးအနားရှိ အိမ်ရှင်ရပ်ရွာလူထုတို့အား ရေရှည် တည်တံ့သော ဖြေရှင်းနည်းများထောက်ပံ့ပေးနိုင်ရန်အတွက် အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်များနှင့်လည်း ပူးပေါင်းဆောင်ရွက်နေပါသည်။

တုံ့ပြန်ရေးနည်းလမ်းသည် အသေးစိတ်ပြင်ဆင်ထားသာ ပစ္စည်းများသို့မဟုတ် အစားထိုး ငွေကြေးထောက်ပံ့ ပေးခြင်းနှင့်အတူ လိုအပ်ချက်ကို အခြေခံသည့် တကိုယ်ရေကျန်းမာရေးမြှင့်တင်ရေးလုပ်ငန်းများကို ပံ့ပိုးပေးခြင်း ဖြင့် တကိုယ်ရေကျန်းမာရေးဆိုင်ရာပြဿနာများကို ဖြေရှင်းပေးပါသည်။ အရေးပေါ်ကာလ နည်းလမ်းများတွင် အထူးသဖြင့် ရောဂါပျံ့နှံ့ဖြစ်ပွားနေစဉ်အတွင်း လျင်မြန်စွာတုံ့ပြန်ကူညီနိုင်ရေးအတွက် ရေ၊ သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေး ထောက်ပံ့ ပစ္စည်းများကို သိုလှောင်ထိန်းသိမ်းထားခြင်းလည်း ပါဝင်သည်။ ဝင်ရောက်ကူညီသွားလာရေးဆိုင်ရာ အခက်အခဲ များကို ဖြေရှင်းနိုင်ရေးအတွက် မြို့နယ်အဆင့်တွင် ဖြေရှင်းနည်းများကို သတ်မှတ်ဖော်ထုတ်ထားပြီး၊ ရေ၊ သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေး အစုအဖွဲ့၏ မိတ်ဖက်အဖွဲ့များနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ဒေသတွင်းဈေးကွက်များ အခြေအနေနှင့် အစားထိုးပစ္စည်းထောက်ပံ့ပေးနိုင်မည့်နည်းလမ်းများကို ရှာဖွေနေပါသည်။

စာသင်ကျောင်းများနှင့် ဆေးရုံဆေးခန်းများတွင် ကာကွယ်စောင့်ရှောက်ရေးအန္တရာယ်များကို ကြိုတင်ကာကွယ်၍ လျှော့နိုင်ရန်နှင့် ရေ၊ သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေး ကို ဘေးကင်းလုံခြုံစွာ လက်လှမ်းမီရရှိနိုင်ရန်အတွက် ရေ၊ သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေး လုပ်ငန်းများတွင် အခြားအစုအဖွဲ့များမှ လုပ်ငန်းများနှင့်လည်း ပေါင်းစပ်ပြီး၊ လုပ်ငန်းတိုင်း၌ ပါဝင်ထည့်သွင်းသည့်နည်းလမ်းဖြင့် ဆက်လက်ဆောင်ရွက်သွားပါမည်။ ရေ၊ သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေး အစုအဖွဲ့၏ မဟာဗျူဟာမှာ ယခင်အတွေ့အကြုံများမှ သင်ယူ လေ့လာခြင်းအားဖြင့် တာဝန်ခံယူမှုကို အလေးအနက်ထားပြီး ဈေးကွက်အခြေခံသည့် စီမံကိန်းများတွင် ဒေသခံ NGOs  အဖွဲ့များ၏ စွမ်းဆောင်ရည်တည်ဆောက်ရေးကို အားပေးမြှင့်တင်ပေးသည်။ အသေးစိတ်အချက်များကို ရေ၊ သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေး အစုအဖွဲ့၏ မဟာဗျူဟာတွင် ကြည့်နိုင်ပါသည်။

### လျာထားချက်နှင့်ဦးစားပေးသတ်မှတ်ခြင်း

လူဦးရေအုပ်စု (၄) စုလုံးမှ လူဦးရေ (၁.၇) သန်းနီးပါးကို ရေ၊ သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေး တုံ့ပြန်ရေးအကူအညီများပေးအပ်ရန် လျာထားပါသည်။ လျာထားလူဦးရေအနက် ၅၂% မှာ အမျိုးသမီးများ၊ ၃၂% မှာ ကလေးသူငယ်များနှင့် ၁၂ % မှာ မသန်စွမ်းသူများ ဖြစ်ကြသည်။

IDP များမှာ အဓိကလျာထားသူများဖြစ်ပြီး၊ အထူးသဖြင့် လတ်တလောတွင်မှ ရောက်ရှိသည့် IDP အသစ်များကို ဦးတည်ပါသည်။ အသိအမှတ်ပြုထားခြင်းမရှိသော အခြေချနေရာများတွင်လည်းကောင်း၊ စခန်းများနှင့် နေရပ်စွန့်ခွာနေရာများတွင်လည်းကောင်း၊ သန့်ရှင်းသောရေ၊ သိက္ခာရှိသော အညစ်အကြေးစွန့်စနစ်နှင့် တကိုယ်ရေကျန်းမာရေးပစ္စည်းများကို လက်လှမ်းမီရရှိမှု ခက်ခဲခြင်းကြောင့် ထိုနေရာများရှိ ရေ၊ သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေး နေရာများအား ပြုပြင်ထိန်းသိမ်းခြင်းနှင့် တိုးတက်အောင်ဆောင်ရွက်ခြင်းအပြင် ယာယီ ရေ၊ သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေး နေရာများ တည်ထောင် ပေးခြင်းသည် ဦးစားပေးလုပ်ငန်းတစ်ခုဖြစ်ပါမည်။

ရေ၊ သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေး အစုအဖွဲ့သည် ရုပ်ပိုင်းဆိုင်ရာ အဟန့်အတားများ၊ ရေ၊ သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေး ထောက်ပံ့ပစ္စည်းများကို မရရှိနိုင်မှု၊ ငွေကြေး ဖောင်းပွမှုကြောင့် ဝယ်ယူနိုင်စွမ်းနည်းပါးမှုတို့အပါအဝင် ဈေးကွက်လက်လှမ်းမီမှုနှင့်စပ်လျဉ်းသည့် အခက်အခဲ များကို လျှော့ချရန်လည်း အလေးအနက်ထားဆောင်ရွက်ပါမည်။ ဆောင်ရွက်မည့် နည်းလမ်းများတွင် ဒေသခံ CSOs များနှင့် မိတ်ဖက်ဖွဲ့စည်း၍ ဒေသတွင်းရရှိနိုင်သော ပစ္စည်းထုတ်လုပ်ရောင်းချသူများနှင့် ဈေးကွက်များမှ တဆင့် အစားထိုးလမ်းကြောင်းများကို လေ့လာရှာဖွေခြင်း၊ လက်ရှိဈေးကွက်အတွင်း ရနိုင်သော ပစ္စည်းများဖြင့် အိမ်သာနှင့် အညစ်အကြေးစွန့်စနစ်များ တည်ဆောက်နိုင်ရန်အတွက် အကူအညီအကျိုးခံစားရသူများ၏ စွမ်းဆောင်ရည်ကို တည်ဆောက်ပေးမည့် ဈေးကွက်တိုးတက်စေရေး အစပျိုးလုပ်ငန်းများ ပါဝင်ပါသည်။

ပိုမိုကျန်းမာစေသော အစားထိုးနည်းလမ်းဖြေရှင်းနည်းများကို မြှင့်တင်ဆောင်ရွက်ခြင်းအပါအဝင် အသိအမြင်ဖွင့် လှုပ်ရှားမှုများဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများကို အားဖြည့်ပေးပါမည်။ WASH မဟာဗျူဟာ၏ ရည်မှန်းချက်မှာ သိက္ခာပိုရှိပြီး ရေရှည်တည်တံ့သော နေထိုင်မှုပတ်ဝန်းကျင်တစ်ခုဖြစ်လာစေရန် အားပေးမြှင့်တင်လျက်၊ အခက်အခဲများကို ချင်ချင်းဖော်ထုတ်ဖြေရှင်းရန်၊ သန့်ရှင်းမှုမရှိသော အညစ်အကြေးစွန့်စနစ်များ လျော့နည်း သွားစေရန်နှင့် ထိခိုက်လွယ်ပြည်သူများအတွက် အသေးစိတ်ပြင်ဆင်ထားသော ဖြေရှင်းနည်းများကို ထောက်ပံ့ ပေးရန်ဖြစ်သည်။

### အရည်အသွေးပြည့်ဝ၍ အားလုံးပါဝင်သော စီမံကိန်းများကို မြှင့်တင်ဆောင်ရွက်ခြင်း

ရေ၊ သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေး အစုအဖွဲ့သည် အချက်အလက်ကောက်ယူရေးလုပ်ငန်းများမှတဆင့် AAP နှင့် ပြည်သူဗဟိုပြုတုံ့ပြန်ရေး လုပ်ငန်းများကိုလည်းကောင်း၊ ရေ၊ သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေး အစုအဖွဲ့၏ အဓိကလုပ်ငန်းများနှင့်အညီ ခိုင်မာအားကောင်းသော AAP တုံ့ပြန်ချက်ပေးခြင်းနှင့် တိုင်ကြားခြင်း လုပ်ငန်းစဉ်ဆောင်ရွက်ရေးကိုလည်းကောင်း ဦးစားပေးအဖြစ်သတ်မှတ်ထားသည်။ ပြန်လည်ကုစားပြင်ဆင်ရေးလုပ်ငန်းများ၏ရလဒ်များကိုလည်း ဘေးဒဏ်သင့်ရပ်ရွာပြည်သူများထံ ပြန်လည်အသိပေးပြောကြားသွားပါမည်။

ကာကွယ်စောင့်ရှောက်ရေးကို လုပ်ငန်းတိုင်း၌ ထည့်သွင်းပါဝင်စေခြင်းနှင့် ကျားမရေးရာကို ထိရှလွယ်စွာ စဉ်းစားထားသော စီမံကိန်းများ ဆောင်ရွက်ခြင်းသည် ရေ၊ သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေး အစုအဖွဲ့၏ အဓိကလုပ်ငန်းများဖြစ်ကြသည်။ ယင်းနည်းလမ်းများသည် အမျိုးသမီးများ၊ ကလေးသူငယ်များ၊ မသန်စွမ်းသူများက ဓမ္မတာကျန်းမာရေးအပါအဝင် တကိုယ်ရေကျန်းမာရေးဆိုင်ရာ အရင်းအမြစ်များအား ဘေးကင်းလုံခြုံစွာ လက်လှမ်းမီရယူရာတွင်လည်းကောင်း၊ အခြေအနေနှင့်လိုက်လျောညီထွေပြုပြင်ထားသော အိမ်သာစနစ်များအပါအဝင် ရေ၊ သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေး ပံ့ပိုးပစ္စည်းများအား လက်လှမ်းမီရယူရာတွင်လည်းကောင်း ကြုံတွေ့နေရသည့် သီးသန့်အခက်အခဲများကို ထည့်သွင်းစဉ်းစားပါသည်။ ဘေးကင်းလုံခြုံရေးနည်းလမ်းများကို မြှင့်တင်ဆောင်ရွက်ခြင်းနှင့် PSEA ကွန်ရက်၏ အရင်းအမြစ်များကို နားလည်သဘောပေါက်စေရန် ထောက်ပံ့ပေးခြင်းတို့အပါအဝင် မိတ်ဖက်အဖွဲ့များကို အကူအညီပေးခြင်းနှင့် GBV နှင့် PSEA ဆိုင်ရာစွမ်းဆောင်ရည်တည်ဆောက်ပေးခြင်းအားဖြင့် ကာကွယ်စောင့်ရှောက်ရေးကို လုပ်ငန်းတိုင်း၌ ထည့်သွင်းပါဝင်စေရန် ဆောင်ရွက်သွားပါမည်။

မသန်စွမ်းသူဝန်ဆောင်မှုထောက်ပံ့ပေးသူများနှင့် OPD များအပါအဝင် သက်ဆိုင်ရာကျွမ်းကျင်သူများနှင့် မိတ်ဖက်ဖွဲ့စည်း ဆောင်ရွက်မှုများကို တက်ကြွစွာ အားပေးမြှင့်တင်ပါမည်။ အခြားအစုအဖွဲ့များနှင့် ငွေကြေး ဆိုင်ရာလုပ်ငန်းအဖွဲ့ (CWG) တို့နှင့်ပူးပေါင်း၍ ဝေးလံခေါင်ပါးသောဒေသများမှအပါအဝင် အကျပ်အတည်း ဒဏ်ခံရသည့် ရပ်ရွာပြည်သူများ၏ လိုအပ်ချက်များကို ဖြေရှင်းရန်အတွက် ဘက်စုံပူးပေါင်းဆောင်ရွက်သော နည်းလမ်းကိုလည်း အသုံးပြုဆောင်ရွက်သွားပါမည်။

### တုံ့ပြန်ရေးလုပ်ငန်း၏ ကုန်ကျစရိတ်

ရေ၊ သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေး အစုအဖွဲ့သည် ကုန်ကျစရိတ်တွက်ချက်ခြင်းကို အဖွဲ့ဝင်များနှင့် တိုင်ပင်ဆွေးနွေး၍ ဆောင်ရွက်ခဲ့ပြီး၊ စီစဉ်ထားသော တုံ့ပြန်ရေးလုပ်ငန်းအတွက် ရန်ပုံငွေလိုအပ်ချက်ကို ခန့်မှန်းနိုင်ရန် ယူနစ်အခြေခံသည့် ကုန်ကျစရိတ်တွက်ချက်ခြင်းနည်းလမ်းကို အသုံးပြုခဲ့သည်။ ဈေးကွက်အလားအလာနှင့် တစ်နိုင်ငံလုံး၏ စီးပွားရေးအခြေအနေတို့အား စိစစ်ပိုင်းခြားမှုများကို အခြေခံ၍ တစ်ယူနစ်ကုန်ကျစရိတ်တိုင်းတွင် ငွေကြေး ဖောင်းပွမှုနှုန်းကို ၁၅% ဖြင့် ထည့်သွင်းတွက်ချက်သည်။ စုစုပေါင်းရန်ပုံငွေလိုအပ်ချက်အပေါ်တွင် ကာကွယ် စောင့်ရှောက်ရေးကို လုပ်ငန်းတိုင်း၌ ထည့်သွင်းပါဝင်စေခြင်းအတွက် ၇% နှင့် အစုအဖွဲ့၏ တုံ့ပြန်လုပ်ငန်း ဆောင်ရွက်ရာတွင် တာဝန်ယူမှု (duty of care) အတွက် ၅ % တို့ကို ထပ်မံပေါင်းထည့်ထားပါသည်။

.

# ၃.၈။ပေါင်းစပ်ညှိနှိုင်းရေးနှင့် ဘုံဝန်ဆောင်မှုများ အစုအဖွဲ့

**ရန်ပုံငွေ လိုအပ်ချက်**
**(အမေရိကန်ဒေါ်လာ)**
## (၇) သန်း

**ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA)**

OCHA သည် လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူး၊ လူသားချင်းစာနာမှုဆိုင်ရာ နိုင်ငံအဆင့်အဖွဲ့အစည်း (HCT)နှင့် အစုအဖွဲ့များအကြား ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (ICCG) တို့ကို အောက်ပါလုပ်ငန်းများတွင် ဆက်လက်အထောက်အကူပြုပေးနေမည်ဖြစ်သည် -

- စည်းမျဉ်းနှင့်ကိုက်ညီပြီး၊ အချိန်နှင့်တပြေးညီ ထိရောက်သော လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေး လုပ်ငန်းဖြစ်စေရေးအတွက် နိုင်ငံအဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်တို့တွင် အားလုံးပါဝင်သော ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းစဉ်များကို ဆက်လက်ထိန်းသိမ်းထားခြင်းနှင့် ခိုင်မာအားကောင်းအောင် ဆောင်ရွက်ခြင်း။
- ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် လိုက်လျောညီထွေပေါင်းစည်းထားသော စီမံကိန်းဆောင်ရွက်မှုများကို အထောက်အကူပြုရန်အတွက် လူသားချင်းစာနာမှု လိုအပ်ချက်များ၊ အကူအညီပေးရန်လစ်ဟာမှုများနှင့် တုံ့ပြန်ရေးလုပ်ငန်းဆိုင်ရာ အခြေအနေသုံးသပ်ချက်များအား ပူးတွဲအသိအမြင်ဖွင့်ပေးခြင်း၊ လေ့လာဆန်းစစ်ခြင်းနှင့် တိုက်တွန်းလှုံ့ဆော်မှုပြုလုပ်ခြင်းတို့ကို ပံ့ပိုးကူညီပေးခြင်း။
- လူသားချင်းစာနာမှုဆိုင်ရာတုံ့ပြန်ရေးလုပ်ငန်းအတွက် မဟာဗျူဟာစီမံချက် ပူးတွဲရေးဆွဲရာတွင် လည်းကောင်း၊ ပူးတွဲစောင့်ကြည့်စစ်ဆေးခြင်းနှင့်အစီရင်ခံခြင်းတွင်လည်းကောင်း ပံ့ပိုးကူညီပေးခြင်း။
- တုံ့ပြန်ရေးလုပ်ငန်းအတွက် ပြောင်းလွယ်ပြင်လွယ်ရှိပြီး၊ ကြိုတင်ခန့်မှန်းနိုင်သော လူသားချင်းစာနာမှု ရန်ပုံငွေများကို စုရုံးမြှင့်တင်ပေးခြင်းနှင့် အရေးပေါ်အခြေအနေတုံ့ပြန်ရေးဗဟိုရန်ပုံငွေ (CERF) နှင့် မြန်မာနိုင်ငံ လူသားချင်းစာနာမှုရန်ပုံငွေ (MHF) တို့ကို ထိရောက်စွာ စီမံခန့်ခွဲပေးခြင်း။
- အရပ်သားပြည်သူများကို ကာကွယ်စောင့်ရှောက်ပေးရေးနှင့် အကူအညီလိုအပ်နေသည့် အမျိုးသမီးများ၊ အမျိုးသားများ၊ မိန်းကလေးများ၊ ယောကျ်ားလေးများအားလုံးသို့ ရေရှည်တည်တံ့သော လူသားချင်း စာနာမှုအကူအညီများ ဝင်ရောက်ကူညီပေးအပ်နိုင်ရေးအတွက် တိုက်တွန်းလှုံ့ဆော်ပေးခြင်း။
- သဘာဝဘေးအန္တရာယ်များနှင့် အခြားသော အရေးပေါ်အခြေအနေများအတွက် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်နိုင်စွမ်းတို့ကို ခိုင်မာအားကောင်းအောင်ဆောင်ရွက်ခြင်း။
- OCHA သည် HNRP အား လက်ရှိအခြေအနေနှင့်ကိုက်ညီအောင် နှစ်စဉ် မွမ်းမံပြင်ဆင်ရာတွင် လည်းကောင်း၊ တစ်နှစ်ပတ်လုံး HPC အကောင်အထည်ဖော်ဆောင်မှုကို လည်းကောင်း ပံ့ပိုးကူညီ ပေးမည်ဖြစ်သည်။
- OCHAသည် အရေးပေါ်အခြေအနေတုံ့ပြန်ရေးအတွက် ကြိုတင်ပြင်ဆင်ရေးစီမံချက်ကို လက်ရှိ အခြေအနေ နှင့် ကိုက်ညီအောင် မွမ်းမံပြင်ဆင်ခြင်းအပါအဝင် HCT ၏ အရေးပေါ် စီမံချက် ရေးဆွဲခြင်း လုပ်ငန်းစဉ်များတွင် ပေါင်းစပ်ညှိနှိုင်းပေးပါမည်။
- OCHA သည် ပြန်လည်သုံးသပ်ရေးမစ်ရှင် (P2P) အစီရင်ခံစာမှ ဦးစားပေးအကြံပြုချက်များအပေါ် လုပ်ငန်းပိုင်းခြားဆောင်ရွက်ရေးအဖွဲ့များ၏ ကြိုးပမ်းအားထုတ်မှုများကို အခြားသော HCT မိတ်ဖက်အဖွဲ့များနှင့်ပူးပေါင်း၍ ကူညီပေးပါမည်။
- OCHA သည် တုံ့ပြန်ရေးလုပ်ငန်းတစ်ခုလုံးရှိ သတင်းအချက်အလက်စီမံခန့်ခွဲရေးကို အထောက်အကူပြု ပေးမည်ဖြစ်ပြီး၊ မိတ်ဖက်အဖွဲ့များနှင့် နိုင်ငံတကာအသိုင်းအဝိုင်းသို့ အရေးကြီးသော လူသားချင်းစာနာမှု ဆိုင်ရာ အခြေအနေများကို အသိပေးရန်အတွက် စိစစ်ပိုင်းခြားမှုများနှင့် လက်ရှိအခြေအနေများကို ပံ့မှန် ထောက်ပံ့ပေးပါမည်။ ထို့အပြင် အစုအဖွဲ့၏ အချက်အလက်စုဆောင်းရေးလုပ်ငန်းများကို ကူညီရန် အတွက် လူသားချင်းစာနာမှုဆိုင်ရာ သတင်းအချက်အလက်စီမံခန့်ခွဲရေး (IM) လုပ်ငန်းအဖွဲ့ကိုလည်း ဥက္ကဌအဖြစ်ဦးဆောင်ပါသည်။
- OCHA သည် လူသားချင်းစာနာမှုဆိုင်ရာ ဝင်ရောက်ကူညီသွားလာရေး လုပ်ငန်းအဖွဲ့ (HAWG) တွင် ဥက္ကဌအဖြစ်ဆောင်ရွက်နေပြီး၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့်ရှိ OCHA ရုံးကွန်ရက်များမှတဆင့် ဝင်ရောက်ကူညီသွားလာမှုများကို ဦးဆောင်ပေးနေပါသည်။
- OCHA သည် တပြိုင်နက်တည်းဖြစ်နေသော အဓိကပြဿနာများကို သက်ဆိုင်ရာ စီမံချက်ရေးဆွဲရေး လုပ်ငန်းစဉ်များနှင့် တုံ့ပြန်ရေးလုပ်ငန်းများ၌ ပေါင်းစည်းထည့်သွင်းနိုင်ရေး ဆောင်ရွက်ရာတွင် HCT နှင့် ICCG တို့ကို အထောက်အကူပြုပေးပါမည်။
- OCHA သည် ကမ္ဘာလုံးဆိုင်ရာမူဘောင်များနှင့်အညီ လူသားချင်းစာနာမှုတုံ့ပြန်ရေးလုပ်ငန်းအတွက် ငွေသားအကူအညီဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးကိုလည်း ဦးဆောင်မည်ဖြစ်ပြီး၊ အေဂျင်စီများအကြားတွင် AAP လုပ်ငန်းဆောင်ရွက်မှုများကို ကူညီထောက်ပံ့ပေးပါမည်။

အစုအဖွဲ့၏ ဦးဆောင်အဖွဲ့အစည်းများသည် ပေါင်းစပ်ညှိနှိုင်းရေး လုပ်ငန်းများကို အားလုံးပါဝင်၍ ဘက်စုံ ပေါင်းစည်းထည့်သွင်းထားသော နည်းလမ်းဖြင့် အရှိန်မြှင့်တင်ဆောင်ရွက်သွားပါမည်။ အစုအဖွဲ့များအားလုံးသည် နိုင်ငံအဆင့်တွင် NGO အဖွဲ့များက ပူးတွဲဦးဆောင်လာစေရန် ရည်ရွယ်ထားကြပြီး၊ ဤအတွက်လည်း သီးသန့်သတ်မှတ်ထားသည့် အရင်းအမြစ်များကို လိုအပ်မည်ဖြစ်သည်။

## သက်သေအထောက်အထားအခြေခံသည့် တုံ့ပြန်ရေးလုပ်ငန်း

မိတ်ဖက်အဖွဲ့များက လက်ရှိအသုံးပြုနေသည့် စုံလင်သော အချက်အလက်ကောက်ယူရေးနည်းလမ်းများကို အခြေခံ၍ ပေါင်းစပ်ညှိနှိုင်းခြင်းအားဖြင့် သက်သေအထောက်အထားအခြေခံသည့် တုံ့ပြန်လုပ်ငန်းတစ်ခုကို အထောက်အကူပြုရန်အတွက် ဤ HNRP သည် ပုံမှန်အချက်အလက်များကောက်ယူခြင်း၊ စီမံခန့်ခွဲခြင်းနှင့် စိစစ်ပိုင်းခြားခြင်းဝန်ဆောင်မှုများအတွက် ရန်ပုံငွေထောက်ပံ့မှုကို လိုအပ်ပါသည်။ ၂၀၂၄ ခုနှစ်တွင် လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များနှင့် တုံ့ပြန်ရေးလုပ်ငန်းများအတွက် ကဏ္ဍစုံမှဆောင်ရွက်သည့် ထိခိုက်လွယ်မှုစိစစ်ပိုင်းခြားမှုများအပါအဝင် သက်သေအထောက်အထားအခြေခံများကို တိုးတက်စေခြင်းအားဖြင့် ပိုမိုတိကျပြီး၊ ကောင်းစွာအသိပေးထားသော တုံ့ပြန်ရေးလုပ်ငန်းစီမံချက်ရေးဆွဲရေး ဖြစ်လာစေရန် ရည်မှန်းထားသည်။

လူသားချင်းစာနာမှုတွင်ပါဝင်ဆောင်ရွက်သူအမျိုးမျိုးတို့က စုဆောင်းကောက်ယူထားသည့် အချက်အလက်များ အကြားတွင် အချင်းချင်း အားဖြည့်ပေးနိုင်စွမ်းနှင့် နှိုင်းယှဉ်လေ့လာနိုင်စွမ်းရှိစေရေးအတွက် အချက်အလက် ကောက်ယူရာတွင် ပေါင်းစပ်ညှိနှိုင်းရေးကို တိုးတက်အောင်ဆောင်ရွက်သွားမည်ဖြစ်သည်။

လူသားချင်းစာနာမှုအခင်းအကျင်းတွင် ပြောင်းလဲမှုများကို နားလည်စေရေးအတွက် ကဏ္ဍစုံပါဝင်သည့် ဘက်စုံလိုအပ်ချက်ဆန်းစစ်ခြင်းလုပ်ငန်းကို ၂၀၂၄ ခုနှစ်တွင်လည်း ဆောင်ရွက်မည်ဖြစ်ပြီး၊ ၂၀၂၃ ခုနှစ်မှ အချက်အလက်များကို ဆက်လက်တိုးချဲ့ဆောင်ရွက်ပါမည်။ ဤသို့အချက်အလက်များကို ခိုင်မာအားကောင်းစွာ စိစစ်ပိုင်းခြားခြင်းသည် အထိခိုက်လွယ်ဆုံးသော ပြည်သူများကို ၎င်းတို့အရေးအကြီးဆုံး လိုအပ်နေသည့်  အကူအညီများဖြင့် ထောက်ပံ့ပေးနိုင်စွမ်းရှိစေရန်အတွက် အရေးကြီးသော အဆင့်တစ်ဆင့်ဖြစ်ပါသည်။ ထို့ကြောင့် REACH  အစပျိုးစီမံကိန်းအရ ဘေးဒဏ်သင့်ပြည်သူများ၏ လက်ရှိနှင့်အနာဂတ်ကာလ လိုအပ်ချက်ပြင်းထန်မှုကို ကဏ္ဍအားလုံး၌ စိစစ်ပိုင်းခြားရန်နှင့် တစ်နိုင်ငံလုံး၌ တတိယအကြိမ်လေ့လာမှုဆောင်ရွက်ရန်အတွက် ရန်ပုံငွေတောင်းခံထားပါသည်။ ရန်ပုံငွေရရှိမှုပေါ်မူတည်၍ ဤလေ့လာမှုကို ဆောင်ရွက်မည်ဖြစ်ပြီး ၂၀၂၅ ခုနှစ် HNRP အသစ်အတွက် အချက်အလက်များဖြင့် အသိပေးနိုင်ပါလိမ့်မည်။

## ဘေးဒဏ်သင့်ပြည်သူများအပေါ် တာဝန်ခံယူခြင်း

၂၀၂၁ ခုနှစ်တွင် ပြန်လည်သက်ဝင်လှုပ်ရှားခဲ့ပြီး ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်တို့တွင် ပိုမိုခိုင်မာ အားကောင်းလာခဲ့သည့် AAP/CE လုပ်ငန်းအဖွဲ့သည် ဘေးဒဏ်သင့်ပြည်သူများ၏ ရင်တွင်းအသံများ၊ ၎င်းတို့နှင့် ဆက်သွယ်ပြောကြားရေး၊ ၎င်းတို့နှစ်သက်သည့် အကူအညီများ၊ စုပေါင်းလုပ်ငန်းစဉ်များမှတဆင့် ၎င်းတို့ပေးအပ်ခဲ့ သည့် တုံ့ပြန်ချက်များကို ထည့်သွင်းစဉ်းစားထားသည့် လူသားချင်းစာနာမှုတုံ့ပြန်ရေးလုပ်ငန်းကို ကူညီပေးရန် သတ်မှတ်ထားပါသည်။

AAP လုပ်ငန်းစဉ်များနှင့် တိုးတက်လာသော သတင်းအချက်အလက် စုဆောင်းရေးနည်းလမ်းများသည် လူသားချင်း စာနာမှုတွင် ပါဝင်ဆောင်ရွက်သူများက ဘေးဒဏ်သင့်ပြည်သူများ၏ လိုအပ်ချက်များကို နားလည်စေရန်နှင့် စိစစ်ပိုင်းခြားရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ကူညီပေးနေသည်။ ၂၀၂၄ ခုနှစ်တွင် ရပ်ရွာထူထုက ထိရောက်စွာလက်တွဲပါဝင်လာစေရေးအတွက် AAP လုပ်ငန်းအဖွဲ့သည် စီစဉ်နေဆဲဖြစ်သည့် စုပေါင်းတုံ့ပြန်ချက် ပေးရေးလုပ်ငန်းစဉ်တစ်ခုကို ဖော်ထုတ်ဆောင်ရွက်ရန်အပြင်၊ အခြားသောကြိုးပမ်းအားထုတ်မှုများကိုလည်း ဆောင်ရွက်ရန် ဦးစားပေးအဖြစ်သတ်မှတ်ထားပါသည်။ စုပေါင်းတာဝန်ခံယူမှုစနစ်များသည် လူသားချင်းစာနာမှု ဆိုင်ရာ ပါဝင်ဆောင်ရွက်သူများအကြားတွင် လွှဲပြောင်းပေးအပ်ရေးလုပ်ငန်းစဉ်များကို ပိုမိုရိုးရှင်းလွယ်ကူအောင် ပြုလုပ်ပေးပြီး၊ ဘေးဒဏ်သင့်ပြည်သူများက မိမိတို့အခြေအနေနှင့် ကြိုက်နှစ်သက်မှုပေါ်မူတည်၍ တုံ့ပြန်ချက်များ ပေးနိုင်သည့် ဖြောင့်စင်းသော လမ်းကြောင်းများကို ဖန်တီးပေးပါသည်။ တချိန်တည်းတွင် ဘေးဒဏ်သင့်ပြည်သူ များ၏ လိုအပ်ချက်များကို စိစစ်ပိုင်းခြားရေးမူဘောင်တစ်ခုလုံးအတွင်းသို့ ပေါင်းစည်းထည့်သွင်းလိုက်ကြောင်း ကိုလည်း သေချာစေသည်။ AAP/CE လုပ်ငန်းအဖွဲ့မှ အခြားအဖွဲ့အစည်းများသို့ AAP ဆိုင်ရာသီးသန့်အထောက် အကူပြုပေးနိုင်ရေးအတွက် AAP ကျွမ်းကျင်သူရာထူးခန့်အပ်ရန် ဒုတိယနှစ်အတွက် ရန်ပုံငွေရရှိထားပြီးဖြစ်သည်။ လက်ရှိ CERF မှရရှိသည့် AAP ရန်ပုံငွေကိုလည်း ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင် AAP ဆိုင်ရာစွမ်းဆောင်ရည်တည်ဆောက်ရန် အသုံးပြုသွားပါမည်။ ရန်ပုံငွေထပ်မံရရှိပါက၊ AAP မိတ်ဖက်အဖွဲ့များအနေဖြင့် ဘေးဒဏ်သင့်ပြည်သူများ၏ လိုအပ်ချက်များကို ပိုမိုနားလည်၍ တုံ့ပြန်ရေးလုပ်ငန်းတွင် သင့်လျော်စွာ အသေးစိတ်ပြင်ဆင်ထည့်သွင်းနိုင်ရန်အတွက် အသိအမြင်စိစစ်ပိုင်းခြားခြင်းလုပ်ငန်းတစ်ခုကို ဆောင်ရွက်ပါမည်။ အသိအမြင်စစ်တမ်းကောက်ယူခြင်းလုပ်ငန်းသည် လူသားချင်းစာနာမှုအသိုက်အဝန်း၏ စုပေါင်းတာဝန်ခံယူမှုနှင့် ဘေးဒဏ်သင့်ပြည်သူများနှင့် လက်တွဲဆောင်ရွက်နိုင်မှုတို့ကို စိစစ်နိုင်ရန် မရှိမဖြစ်လိုအပ်သည့် လုပ်ငန်းတစ်ခုဖြစ်သည်။

## ဝန်ထမ်းများ၏ လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး

ကုလသမဂ္ဂ၏ လုံခြုံရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးဌာန (UNDSS) သည် လူသားချင်းစာနာမှုလုပ်သားများ၏ လုံခြုံရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို အထူးဦးစားပေးခြင်းဖြင့် လူသားချင်းစာနာမှုလုပ်ငန်းများကို ဆောင်ရွက်နိုင်စွမ်းရှိစေရန် ဆက်လက်ဦးတည်ထားသည်။ UNDSS သည် HNRP တွင် နေရာတစ်နေရာအတွက်သာ ကုန်ကျစရိတ်သတ်မှတ်ပါဝင်သော်လည်း၊ တုံ့ပြန်ရေးလုပ်ငန်းတစ်ခုလုံးအတွက် အလွန်အရေးကြီးသော အခန်းကဏ္ဍတစ်ခုကို ထောက်ပံ့ပေးနေပြီး၊ အချက်အလက်စုဆောင်းမှုကို တိုးတက်စေခြင်း၊ သက်သေအထောက်အထားအခြေခံသည့်လေ့လာဆန်းစစ်မှုများ ပြုလုပ်ခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့ဖြင့် ဤဦးတည်ချက်ကို ရရှိနိုင်မည်ဖြစ်သည်။ လုံခြုံရေးအခြေအနေအရ အခက်အခဲများရှိနေသည့် ဒေသများသို့ အဖွဲ့အစည်းများစွာပါဝင်သော မစ်ရှင်အဖွဲ့များသွားရောက်ခြင်းသည် ဝင်ရောက်ကူညီသွားလာရေးနှင့် လုပ်ငန်းဆောင်ရွက်မှုတို့ကို ဆက်လက်တိုးတက်စေပါလိမ့်မည်။ အနာဂတ်ကာလ လမ်းကြောင်းများနှင့် သင့်တော်သည့် လုပ်ငန်းလမ်းကြောင်းများကို ဆုံးဖြတ်နိုင်ရေးအတွက် ဝန်ထမ်းများ၏ လုံခြုံရေး၊ လုပ်ငန်းဆက်လက်ဆောင်ရွက်နိုင်မှု သို့မဟုတ် သွားလာခွင့်များကို ထိခိုက်စေသော လုံခြုံရေးနှင့် ဆက်စပ်နေသည့် ဖြစ်ရပ်များကို လေ့လာစိစစ်သွားမည်ဖြစ်သည်။ လက်ရှိအခြေအနေများကို အမြဲသတိရှိနေစေရန်အတွက် လုံခြုံရေး၊

ဘေးအန္တရာယ်ကင်းရှင်းရေးတို့နှင့် ဆက်စပ်နေသည့် သတင်းအချက်အလက်များ၊ လေ့လာဆန်းစစ်မှုများနှင့် အစီရင်ခံစာများကို လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့် မိတ်ဖက်အဖွဲ့များနှင့်ဆက်လက်မျှဝေပေးသွားပါမည်။ UNDSS သည် ကုလသမဂ္ဂလုံခြုံမှုစီမံခန့်ခွဲရေးစနစ်ကို ကိုယ်စားပြု၍ အတူတကွ အသက်ကယ်ဆယ်ရေး (Save Lives Together) မူဘောင်နှင့်အညီ လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေသည့် မိတ်ဖက်အဖွဲ့ များနှင့် လုံခြုံရေးဆိုင်ရာ ပုံမှန်ပူးပေါင်းဆောင်ရွက်ရာတွင် ဦးတည်အဖွဲ့အဖြစ်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

## HNRP တွင် ကုန်ကျစရိတ် တွက်ချက်ထားခြင်း မရှိသည့် အခြားသောထောက်ပံ့ရေးဝန်ဆောင်မှုများ

### သတင်းအချက်အလက်စီမံခန့်ခွဲရေး

MIMU သည် ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးရုံးမှ ပေးအပ်နေသောဝန်ဆောင်မှုတစ်ခုဖြစ်ပြီး၊ မြန်မာတစ်နိုင်ငံလုံး ရှိ အရေးပေါ်အခြေအနေကြိုတင်ပြင်ဆင်ရေး၊ လူသားချင်းစာနာမှု၊ ဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးကို ဦးတည်သည့် လုပ်ငန်းများတွင် ချိတ်ဆက်ပါဝင်နေကြသည့် အဖွဲ့အစည်းများနှင့် အလှူရှင်များသို့ သတင်းအချက်အလက် စီမံခန့်ခွဲရေးအထောက်အပံ့အမျိုးမျိုးကို ပေးအပ်နေသည်။ MIMU သည် HNRP တွင် ကုန်ကျစရိတ်နှင့် ရန်ပုံငွေတွက်ချက်ပါဝင်ခြင်းမရှိသော်လည်း၊ အောက်ပါလုပ်ငန်းများကို ဆက်လက်ဦးတည် ဆောင်ရွက်သွားမည် ဖြစ်သည် -

- တစ်နိုင်ငံလုံးအတွက် လုပ်ငန်းဆောင်ရွက်မှုအချက်အလက်များနှင့် အများသုံးသတင်းအချက်အလက်နှင့် ကိန်းဂဏန်းအချက်အလက်များကို စုစည်းထိန်းသိမ်းပေးထားခြင်း။
- ကြိုတင်ပြင်ဆင်ရေး၊ တုံ့ပြန်ဆောင်ရွက်ရေးနှင့် ပြန်လည်တည်ထောင်ရေးလုပ်ငန်းများကို ခိုင်မာအားကောင်းစေရေးအတွက်၊ လက်ရှိအခြေစိုက်စခန်းများနှင့် ဘေးအန္တရာယ်ပြမြေပုံများ၊ ထိခိုက်လွယ်မှုစိစစ်ပိုင်းခြားချက်များအပါအဝင် သက်ဆိုင်ရာသတင်းအချက်အလက်စာစောင်များကို ထုတ်ဝေခြင်း။
- အေဂျင်စီများအကြား ပေါင်းစပ်ညှိနှိုင်းရေးကို အထောက်အကူပြုရန်အတွက် လက်ရှိအခြေအနေပြ 3 W အချက်အလက်များ (မည်သူက မည်သည့်လုပ်ငန်းကို မည်သည့်နေရာတွင် ဆောင်ရွက်နေသည်)၊ ဆက်သွယ်ရန် လိပ်စာများနှင့် လေ့လာဆန်းစစ်မှုများကို ထိန်းသိမ်းပေးထားခြင်း။
- တစ်နိုင်ငံလုံးအတွက် အချက်အလက် ကုဒ်စနစ်ဆိုင်ရာ စံချိန်စံညွှန်းများထောက်ပံ့ပေးခြင်းနှင့် စိစစ် ပိုင်းခြားခြင်း၊ စီမံကိန်းရေးဆွဲခြင်းနှင့်လျာထားချက်သတ်မှတ်ခြင်းတို့ကို ပိုမိုထိရောက်အကျိုးရှိစေရေး အတွက် နိုင်ငံအဆင့်လုပ်ထုံးလုပ်နည်းနှင့်စနစ်များဖော်ထုတ်ရေးဆွဲရာတွင် နည်းပညာအကူအညီ ပေးခြင်း။
- မြန်မာနိုင်ငံတွင် အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်ရေး၊ လူသားချင်းစာနာမှု၊ ဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးကို ဦးတည်သည့် လုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်နေကြသူအားလုံးအတွက် သတင်းအချက်အလက်စီမံခန့်ခွဲရေးနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းထားပြီး စံချိန်စံညွှန်းများနှင့် ကိုက်ညီသော နည်းလမ်းများကို မြှင့်တင်ပေးရေးအတွက် အဖွဲ့အစည်းများ၊ အစုအဖွဲ့များ၊ ကဏ္ဍများအားလုံးမှ သတင်းအချက်အလက်စီမံခန့်ခွဲရေးဆိုင်ရာဦးတည်ပုဂ္ဂိုလ်များကို စုစည်းထားသည့် သတင်းအချက်အလက်စီမံခန့်ခွဲရေးကွန်ရက်ကို ဦးဆောင်ခြင်း - လူသားချင်းစာနာမှုကို ဦးတည်သည့် သတင်းအချက်အလက်စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့က ဤလုပ်ငန်းကို အားဖြည့်ကူညီပေးသည်။
- သတင်းအချက်အလက်စီမံခန့်ခွဲရေးဆိုင်ရာ စွမ်းဆောင်ရည် ခိုင်မာအားကောင်းစေရေးအတွက် အဖွဲ့အစည်းများနှင့် မိတ်ဖက်အဖွဲ့များအား နည်းပညာအကူအညီပေးခြင်းနှင့်သင်တန်းများ ပို့ချပေးခြင်း။
- MIMU ၏ သတင်းအချက်အလက်နှင့် စိစစ်ပိုင်းခြားမှု စာတမ်းစာစောင်များ (ထို့အတူ ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် အခြားမိတ်ဖက်များထံမှ သတင်းအချက်အလက်နှင့် စိစစ်ပိုင်းခြားမှု စာတမ်းစာစောင်များ) ကို MIMU ဝဘ်ဆိုဒ်မှတဆင့် အကျိုးသက်ဆိုင်သူအုပ်စုများက ပိုမိုကျယ်ပြန့်စွာ ရယူကြည့်ရှုနိုင်ရေးအတွက် ဆောင်ရွက်ထားပါသည်။ MIMU သည် မြန်မာနိုင်ငံရှိ လူသားချင်းစာနာမှု လုပ်ငန်းများကို အထောက်အကူပြုရန်အတွက် သတင်းအချက်အလက်စီမံခန့်ခွဲရေးဆိုင်ရာ စွမ်းဆောင်ရည်များကို ထောက်ပံ့ပေးရာတွင် အစုအဖွဲ့များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အခြား မိတ်ဖက်အဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပါသည်။

## နိုင်ငံအဆင့်အစုအဖွဲ့များအတွက် ညှိနှိုင်းရေးမှူးများစာရင်း

| အစုအဖွဲ့အမည် | ညှိနှိုင်းရေးမှူးအမည် | အီးမေးလ်လိပ်စာ |
|---|---|---|
| ပညာရေး | Catherine Mercy | cc.edcluster-mm@humanitarianresponse.info |
| စားနပ်ရိက္ခာဖူလုံရေး | Laurent Gimenez | laurent.gimenez@wfp.org |
| ကျန်းမာရေး | Ann Fortin | afortin@who.int |
| အာဟာရ | Mabasa Farawo | mfarawo@unicef.org |
| ကာကွယ်စောင့်ရှောက်ရေး | Toloe Masori | masori@unhcr.org |
| Shelter/NFI/CCCM | Jacqueline Julca | julca@unhcr.org |
| WASH | Eyad Aldubai | ealdubai@unicef.org |
| ပေါင်းစပ်ညှိနှိုင်းရေးနှင့် ဘုံဝန်ဆောင်မှုများ | Marcel  Vaessen | vaessen@un.org |

# အပိုင်း ၄
# နောက်ဆက်တွဲများ


**ကရင်ပြည်နယ်**
ကရင်ပြည်နယ်တွင် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ ကလေးသူငယ်ပြုစုစောင့်ရှောက်သူများက အာဟာရအစီအစဉ် တစ်ခုတွင် ပူးပေါင်းပါဝင်နေကြပုံ (၂၀၂၃ ခုနှစ်)ဓါတ်ပုံ - မိတ်ဖက်အဖွဲ့တစ်ဖွဲ့



# ၄.၁။ နည်းစနစ်

မြန်မာတစ်နိုင်ငံလုံးသည် ၂၀၂၄ ခုနှစ်တွင် ဆောင်ရွက်မည့် လူသားချင်းစာနာမှုအခြေအနေ စိစစ်ပိုင်းခြား ခြင်းလုပ်ငန်း၏ နယ်ပယ်အတွင်း ပါဝင်နေပါသည်။ ယခင်နှစ်များကဲ့သို့ပင် ၂၀၂၄ ခုနှစ်အတွက် လူသားချင်းစာနာမှုအကူအညီလိုအပ်နေသည့် ပြည်သူအရေအတွက်နှင့် လိုအပ်ချက်များ၏ ပြင်းထန်မှုတို့ကို ကမ္ဘာလုံးဆိုင်ရာ လမ်းညွှန်ချက်များအတိုင်းစွဲမြဲလိုက်နာ၍ JIAF နည်းလမ်းဖြင့် တွက်ချက်ခဲ့သည်။ ဤနည်းလမ်းသည်ကဏ္ဍများအကြား ဆက်သွယ်မှုများနှင့် စုပေါင်းသက်ရောက်မှုများကို အသိအမှတ်ပြု၍ ကဏ္ဍအလိုက်သီးသန့် လိုအပ်ချက်များနှင့် ပြင်းထန်မှုများကို ထင်ဟပ်ဖော်ပြထားသည်။ စိစစ်ပိုင်းခြားမှုကို မြို့နယ်အဆင့်တွင် ပြုလုပ်ခဲ့ရာ၊ စီမံအုပ်ချုပ်ရေးဆိုင်ရာ အသေးစိတ်အချက်အလက်များ မရရှိနိုင်ခြင်းကြောင့် စိန်ခေါ်မှု အကြိမ်များစွာ ကြုံတွေ့ခဲ့ရသည်။ ဤ HNRP ပါ လိုအပ်ချက်များအား စိစစ်ပိုင်းခြားခြင်းနှင့် ရှင်းလင်းတင်ပြချက်များသည် တုံ့ပြန်ရေးလုပ်ငန်းတွင် AAP, မသန်စွမ်းမှု၊ GBV, လူ့အခွင့်အရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ PSEA နှင့် တပြိုင်တည်းဖြစ်နေသော ပြဿနာများအား ထည့်သွင်းစဉ်းစားခြင်းတို့ကို ယှက်နွယ်ထည့်သွင်းထားပြီး၊ အားလုံးပါဝင်၍ အရည်အသွေးရှိသော စီမံကိန်းရေးဆွဲမှုကို ထင်ဟပ်စေရန် ရည်ရွယ်ပါသည်။

### JIAF 2.0 စံပြုပုံစံများ




JIAF မူဘောင်ရေးဆွဲခြင်းလုပ်ငန်းစဉ်ကို ICCG လက်အောက်ရှိ လိုအပ်ချက်စောင့်ကြည့်စစ်ဆေးခြင်းနှင့် စိစစ်ပိုင်းခြားခြင်းလုပ်ငန်းအဖွဲ့ဖြင့် ဆောင်ရွက်ခဲ့ပြီး၊ အစုအဖွဲ့အားလုံး၊ REACH နှင့် MIMU တို့မှ နည်းပညာနှင့် သတင်းအချက်အလက်စီမံခန့်ခွဲရေးဆိုင်ရာ တာဝန်ရှိသူများ ပါဝင်ခဲ့သည်။ စိစစ်ပိုင်းခြားခဲ့သည့် အချက်အလက်ဇာစ်မြစ်များတွင် တစ်နိုင်ငံလုံးလွှမ်းခြုံသည့် လေ့လာဆန်းစစ်မှုများနှင့် အစုအဖွဲ့အလိုက်သီးသန့်ဆောင်ရွက်သည့် စစ်တမ်းများ၊ အချက်အလက်စုဆောင်းမှုများ ပါဝင်ပြီး၊ အဓိကအားဖြင့် (နမူနာ အရေအတွက်ကို တိုးထားပြီး၊ ပထမဆုံးအကြိမ်အဖြစ် စစ်တမ်းအများစုကို လူကိုယ်တိုင်တွေ့ဆုံ မေးမြန်းထားသည့်) ၂၀၂၃ ခုနှစ် MSNA နှင့် (၂၀၂၂ ခုနှစ်မှစ၍ စားနပ်ရိက္ခာဖူလုံမှုအခြေအနေကို နှိုင်းယှဉ်ကြည့်နိုင်ပြီး ကမ္ဘာလုံးဆိုင်ရာအကောင်းဆုံးအလေ့အကျင့်နှင့် ပိုမိုကိုက်ညီသည့်) အသစ်ဆောင်ရွက်သည့် စားနပ်ရိက္ခာဖူလုံရေး နှင့် အာဟာရဆိုင်ရာစိစစ်ပိုင်းခြားခြင်း တို့ဖြစ်ကြသည်။

ထပ်တလဲလဲနေရပ်စွန့်ခွာရမှုများအပါအဝင် နေရပ်စွန့်ခွာရမှုအလားအလာလမ်းကြောင်းများအတွက် ပိုမိုအသေးစိတ်သောအချက်အလက်များကိုလည်း စိစစ်ပိုင်းခြားခဲ့သည်။ ၂၀၂၃ ခုနှစ်ကဲ့သို့ပင်၊ ၂၀၂၄ ခုနှစ်တွင်လည်း HNRP ထုတ်ဝေချိန်၌ ရှိနေသည့် IDP အရေအတွက်ကိုသာ အားထားရယူခြင်းမဟုတ်ဘဲ၊ IDP အရေအတွက်ကို ခန့်မှန်းနိုင်ရန်အတွက် ကြိုတင်ခန့်မှန်းသည့် နည်းလမ်းတစ်ခုကို သုံးခဲ့သည်။ ဤနည်းလမ်းတွင် လူဦးရေရွှေ့လျားမှုစောင့်ကြည့်ရေးလုပ်ငန်း (Population Movement Tracker) နှင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး၏ စာရင်းအင်းအစီရင်ခံစာတွင် ပါဝင်သည့် ရွှေ့လျားသွားလာမှုအလားအလာ လမ်းကြောင်းများ (တည်ငြိမ်မှု/စီးဆင်းမှု) ကို ၂၀၂၄ ခုနှစ် HNRP အတွက် သတ်မှတ်ထားသည့် အနာဂတ်ဖြစ်စဉ်များနှင့် ယူဆချက်များ၊ ကျွမ်းကျင်သူများ၏ ထင်မြင်ချက်များနှင့်လည်းကောင်း၊ နေရပ်စွန့်ခွာခြင်းကို ဖြစ်ပေါ်စေသည့် မောင်းနှင်အားများ၊ အလားအလာများ၊ ပဋိပက္ခနှင့်စပ်လျဉ်းသည့်အချက်အလက်များ၊ လက်နက်ကိုင်အုပ်စုများတည်ရှိမှုစသည်တို့ကို အသုံးပြုထားသည့် ပြင်းထန်မှုအတိုင်းအတာ စိစစ်ပိုင်းခြားမှု ရလဒ်များနှင့်လည်းကောင်း ပေါင်းစပ်၍ စိစစ်ပိုင်းခြားထားပါသည်။

ဤ HNRP တွင် ပါဝင်သည့် လူဦးရေအုပ်စု (၄) စုအတွက် တွက်ချက်မှုများမှာ အောက်ပါတို့ကိုအခြေခံထားသည် -

- IDP များ - နေရပ်စွန့်ခွာရသည့် နိုင်ငံမဲ့သူများ၊ ဒုက္ခသည်စခန်းများတွင် နေထိုင်နေရသူများ၊ စခန်းကဲ့သို့ သော အခြေအနေများနှင့် အသိအမှတ်မပြုထားသော ခိုလှုံရာနေရာများတွင် နေထိုင်ကြရသူများ၊ အကြိမ်ကြိမ်စွန့်ခွာရသူများအပါအဝင် ကာလရှည်ကြာပြီဖြစ်သည့် IDP များနှင့် IDP အသစ်များကို ကြိုတင်ခန့်မှန်းခြင်း။

- နေရပ်ပြန်ရသည့်၊ အခြေကျသွားသည့်၊ ဒေသတွင်းပေါင်းစည်းဝင်ဆံ့သွားသည့် IDP များ - အကူအညီများကို ဆက်လက်လိုအပ်နေဆဲဖြစ်သည့် နေရပ်ပြန်ရသူ IDP အဟောင်းများနှင့်အသစ်များကို ကြိုတင်ခန့်မှန်းခြင်း။

- နေရပ်စွန့်ခွာရခြင်းမရှိသည့် နိုင်ငံမဲ့သူများ - မိမိတို့ကျေးရွာများတွင်ပင် နေထိုင်နေကြသည့် ရိုဟင်ဂျာများ၏ အခြေပြုအချက်အလက်များ။

- လူသားချင်းစာနာမှုအကူအညီများကို လိုအပ်နေသည့် အခြားသော အကျပ်အတည်းဒဏ်သင့်ပြည်သူများ - သဘာဝဘေးကြောင့် ထိခိုက်ခံစားရသည့် ပြည်သူများ၊ IDP များကို လက်ခံထားသည့် အိမ်ရှင်ရပ်ရွာလူထုများ၊ အခြေခံဝန်ဆောင်မှုများကို အကန့်အသတ်ဖြင့်သာ လက်လှမ်းမီရရှိပြီး ပဋိပက္ခများပြားသည့် ဒေသများတွင် နေထိုင်ကြသူများ၊ ကာကွယ်စောင့်ရှောက်ရေးအကူအညီများကို ကြီးမားစွာ လိုအပ်နေသူများ၊ အာဟာရချို့တဲ့မှုရင်ဆိုင်နေရသည့် သို့မဟုတ် အသင့်အတင့်/ပြင်းထန်သော စားနပ်ရိက္ခာမလုံလောက်မှု ရင်ဆိုင်နေရသည့် နေရပ်စွန့်ခွာရခြင်းမရှိသော ပြည်သူများ၊ အခြားပြင်းထန်သော ထိခိုက်မှုများကြောင့် မိမိတို့ကိုယ်ပိုင်စွမ်းအားဖြင့် ရှင်သန်ရပ်တည်ရန် မဖြစ်နိုင်တော့သည်အထိ ထိခိုက်ခံစားရသည့် ပြည်သူများအပါအဝင် ထိခိုက်လွယ်မှုအမျိုးမျိုးတို့ကို ပေါင်းစပ်၍ ခန့်မှန်းထားသော အခြေပြုအချက်အလက်များ။

အချက်အလက်များတွင် ကွာဟချက်များ ရှိနေပါက၊ အကောင်းဆုံး အလေ့အကျင့် (best practice)ကို လိုက်နာသည့်အနေဖြင့် တဆင့်ခံ အချက်အလက်များကို အသုံးပြုခဲ့ပါသည်။

**ကဏ္ဍအလိုက် အကူအညီလိုအပ်သူအရေအတွက်ကို တွက်ချက်သည့် နည်းစနစ်များ**

**ပညာရေး**

MSNA တွင် ပညာရေးအစုအဖွဲ့အတွက် လိုအပ်ချက်ညွှန်းကိန်းများ အား ရွေးချယ်ခြင်းကို (၁) ပညာရေးကို လက်လှမ်းမီရရှိမှု (၂) ပညာသင် ကြားရေးပတ်ဝန်းကျင် (၃) ကာကွယ်စောင့်ရှောက်ရေးပတ်ဝန်းကျင်နှင့် (၄) အခြေအနေပိုဆိုးစေသော အချက်များဟူသော ရှုထောင့် (၄) ခုဖြင့် လမ်းညွှန်ထားပါသည်။ ဤညွှန်းကိန်းများဖြင့် တိုင်းတာရရှိသော MSNA ရလဒ်များကို ၂၀၂၂ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် JENA လေ့လာဆန်းစစ်မှုမှ ရလဒ်များဖြင့် ထပ်မံ၍ တိုက်ဆိုင်စိစစ်ခဲ့ပါသည်။

**စားနပ်ရိက္ခာဖူလုံရေး**

စားနပ်ရိက္ခာဖူလုံရေးအစုအဖွဲ့သည် စားနပ်ရိက္ခာမလုံလောက်မှု၏ ပြင်းထန်မှုကို တိုင်းတာရန်အတွက် အမျိုးမျိုးသော အချက်အလက် ဇာစ်မြစ်များနှင့် စိစစ်ပိုင်းခြားမှုများနှင့်အညီ လိုအပ်ချက်ညွှန်းကိန်း များကို ရွေးချယ်ခဲ့သည်။ ထို့အပြင် ကမ္ဘာလုံးဆိုင်ရာအကောင်းဆုံး အလေ့အကျင့်နှင့်နည်းလမ်းများအပါအဝင် လူနေမှုဘဝ အခြေအနေ ကို လွှမ်းခြုံထည့်သွင်းထားသည့် ညွှန်းကိန်းများကိုလည်း အသုံးပြု ပါသည်။ ယင်းညွှန်းကိန်းများဖြင့် ၂၀၂၃ ခုနှစ် စက်တင်ဘာလမှ ၂၀၂၄ ခုနှစ် ဩဂုတ်လအထိကာလအတွင်း တစ်နိုင်ငံလုံးမှ နေရပ်စွန့်ခွာရသူ နှင့် နေရပ်စွန့်ခွာရခြင်းမရှိသူနှစ်မျိုးလုံး၏ လက်ရှိနှင့် အနာဂတ်ကာလ စားနပ်ရိက္ခာလုံလောက်မှုအခြေအနေကို စိစစ်ပိုင်းခြားခဲ့သည်။

ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာဖူလုံရေးအစုအဖွဲ့မှ ဖော်ထုတ်ထားသည့် နည်းစနစ်သည် နိုင်ငံ/ဒေသအလိုက် စားနပ်ရိက္ခာမလုံလောက်မှုအပေါ် သက်ရောက်နေသည့် အခြေအနေပြအချက်များနှင့်စပ်လျဉ်း၍ အများ ပြည်သူ သို့ ထုတ်ပြန်ထားသည့် သတင်းအချက်အလက်များကို အခြေခံ ပါသည်။ ဤနည်းစနစ်တွင် အဆင့် (၁) မှ (၅) အထိ ပါဝင်သော အဆင့် သတ်မှတ်ချက်ကို အသုံးပြုပြီး၊ အဆင့် (၅) မှာ အဆိုးဆုံးဖြစ်သည်။ ၂၀၂၄ ခုနှစ်အတွက်အဆင့် (၃) နှင့်အထက်တွင် ကျရောက်နေသည့် လူဦးရေစုစုပေါင်းသည် အကူအညီလိုအပ်နေ သည့်လူဦးရေ (PiN) ဖြစ်သည်ဟု စဉ်းစားပါသည်။

**ကျန်းမာရေး**

စုစုပေါင်း PiN အရေအတွက်ကို သတ်မှတ်ရန်အတွက် ကျန်းမာရေးအစု အဖွဲ့က ဖော်ထုတ်ထားသည့် နည်းစနစ်ကို ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေး အစုအဖွဲ့၏ လမ်းညွှန်ချက်များနှင့် JIAF 2.0 အချက်အလက်များဖြင့် အသိပေးပုံဖော်ထားသည်။ ဘေးဒဏ်သင့်လူဦးရေစုစုပေါင်းနှင့် ချိန်ညှိ ထားသော (လျော့နည်းလာသော) အများပြည်သူဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှုကို ရရှိနေသေးသည့် လူဦးရေတို့အကြားရှိ ခြားနားချက် ကို အကူအညီလိုအပ်သူများအဖြစ် စဉ်းစားထားသည်။ နေရပ်စွန့်ခွာရ သူများ၊ နေရပ်ပြန်ရသူများ၊ နေရပ်စွန့်ခွာ ရခြင်းမရှိသည့် နိုင်ငံမဲ့သူများ နှင့် အခြားသော အကျပ်အတည်းဒဏ်သင့်ပြည်သူများ၏ ကျန်းမာရေး ဆိုင်ရာ စိန်ခေါ်မှုများကို ဆန်းစစ်အကဲဖြတ်ရန်အတွက် ကဏ္ဍတွင်း နှင့်ကဏ္ဍစုံမှ ညွှန်းကိန်းစုစုပေါင်း (၁၈) ခုကို သတ်မှတ်ဖော်ထုတ် ထားသည်။ ဤညွှန်းကိန်းများတွင် အာဟာရအခြေအနေ၊ သန့်ရှင်းသော ရေနှင့် အညစ်အကြေး စွန့်စနစ်ကို လက်လှမ်းမီအသုံးပြုနိုင်မှု၊ သွားလာ ရေးလွယ်ကူမှု၊ သဘာဝဘေးနှင့် တွေ့ကြုံရမှုစသည်တို့ပါဝင်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အချက်များ၊ ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှု စနစ်ကို ရရှိနိုင်မှုနှင့် ပြည်သူများ၏ ထိခိုက်လွယ်မှုတို့ လွှမ်းခြုံပါဝင် သည်။ ကိန်းဂဏန်းအချက်အလက်များကို မရရှိနိုင်ပါက၊ နည်းပညာ ကျွမ်းကျင်သူ အားလုံးက အကောင်းဆုံးဟု ယူဆသည့် ခန့်မှန်းချက်များ ကို အသုံးပြုပါသည်။

ကျန်းမာရေးအစုအဖွဲ့သည် ကျန်းမာရေးကဏ္ဍ၏ အခင်းအကျင်း ကို ဘက်စုံပိုမိုနားလည်စေရေးအတွက် စိစစ်ပိုင်းခြားရာတွင် ကဏ္ဍ တွင်းနှင့် ကဏ္ဍစုံမှ လေ့လာဆန်းစစ်မှုများကိုလည်း အားကိုးအားထား ပြုခဲ့ပါသည်။

**အာဟာရ**

အာဟာရဆိုင်ရာ အကူအညီလိုအပ်နေသည့် ပြည်သူအရေအတွက်ကို ကမ္ဘာလုံးဆိုင်ရာအာဟာရအစုအဖွဲ့၏ အာဟာရဆိုင်ရာ လူသားချင်း စာနာမှုလိုအပ်ချက်စိစစ်ပိုင်းခြားတွက်ချက်မှု၊ စားနပ်ရိက္ခာဖူလုံမှုနှင့် အာဟာရတို့ကို တဆင့်ခံအချက်များဖြင့် စိစစ်ပိုင်းခြားမှုနှင့် ပြင်းထန် မှုအဆင့် ခန့်မှန်းသတ်မှတ်ခြင်းနည်းလမ်းများကို ပေါင်းစပ်ပြီးနောက်၊ MSNA ရလဒ်များနှင့်လည်းကောင်း၊ ပါဝင်ကူညီနေသည့်အချက် များ၊ စစ်တမ်းများ၊ နိုင်ငံတွင်းရှိ ကလေးသူငယ်များ၏ အခြေအနေ အတွက် ကျွမ်းကျင်သူများ၏ ချိန်ညှိချက်များနှင့်လည်းကောင်း ထပ်မံ၍တိုက်ဆိုင်စိစစ်ပြီး တွက်ချက်ခဲ့ပါသည်။

လတ်တလောဆောင်ရွက်ထားပြီး ကိုယ်စားပြုနိုင်သည့် ပြင်းထန်အာဟာရချို့တဲ့မှုလေ့လာဆန်းစစ်ချက် ရလဒ် များကို သော်လည်းကောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများအား စိန္နန်းကိုက်စောင့် ကြည့်စစ်ဆေးခြင်းနှင့် လေ့လာ ဆန်းစစ်မှုများ၊ ကြားကာလစစ်တမ်း များ၏ ရလဒ်များကိုသော်လည်းကောင်း မရရှိနိုင်သည့် မြန်မာနိုင်ငံ ကဲ့သို့သော အခြေအနေများတွင် အာဟာရဆိုင်ရာ လူသားချင်းစာနာမှု လိုအပ်ချက်စိစစ်ပိုင်းခြားတွက်ချက်မှုသည် အကူအညီလိုအပ်နေသည့် လူဦးရေ အရေအတွက်ကို သတ်မှတ်ရာ၌ အသင့်လျော်ဆုံးစနစ်ဖြစ် ပါသည်။ မတူညီသော လုပ်ငန်းများကို အခြေခံသည့် အကူအညီလိုအပ် နေသည့်လူဦးရေ အရေအတွက်ကို အလိုအလျောက်တွက်ချက်နိုင်ရန် အတွက် ပြည်နယ်/တိုင်းဒေသကြီးအလိုက် လက်ရှိလူဦးရေကို အသုံးပြု ပြီး၊ ဆက်လက်၍ ယခင်ကရှိထားသည့် ပြင်းထန်အာဟာရချို့တဲ့မှု ဆန်းစစ်ရေး ရလဒ်များ၊ ယင်းတို့ကို လက်ရှိအခြေအနေနှင့်ကိုက်ညီ အောင် ကျွမ်းကျင်သူများက ချိန်ညှိထားသည့် ကိန်းဂဏန်း များဖြင့် ထပ်မံ၍ အသေးစိတ်တွက်ချက်ပါသည်။

HNRP တွင်ဖော်ပြထားသာ လူဦးရေအုပ်စုအားလုံးအတွက် လုပ်ငန်း များကို အခြေခံသည့် အကူအညီလိုအပ်နေသည့်လူဦးရေ အရေအတွက် ကို တွက်ချက်နိုင်ရန် စားနပ်ရိက္ခာစားသုံးမှုအဆင့်ရမှတ်၊ အိမ်ထောင်စု အတွင်း ဆာလောင်မှု (အစားအစာ ပြတ်တောက်မှု) ရမှတ်နှင့် ကဏ္ဍ တွင်းအခြားအချက်များကဲ့သို့သော မတူညီသည့် အချက်များ၏ ပြင်းထန်မှု အဆင့်အတန်းများကို ထပ်မံပေါင်းစပ်ထားပါသည်။

**ကာကွယ်စောင့်ရှောက်ရေး**

ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လိုအပ်ချက်များအတွက် ညွှန်းကိန်း များအား ရွေးချယ်ရာတွင် ယင်း ညွှန်းကိန်းများက ဘေးဒဏ်ခံရသည့်

ပြည်သူများ၏ သီးသန့်လိုအပ်ချက်များနှင့် သက်ဆိုင်မှု၊ အချက်အလက်ဇာစ်မြစ်များကို ရရှိနိုင်မှု၊ ကဏ္ဍတွင်းနှင့်ကဏ္ဍစုံလေ့လာဆန်းစစ်မှုများနှင့်ကိုက်ညီမှုတို့ကို အခြေခံထားပါသည်။ ကာကွယ်စောင့်ရှောက်ရေးအစုအဖွဲ့သည် မြန်မာနိုင်ငံတွင် လူသားချင်းစာနာမှုလိုအပ်ချက်များအား ဆန်းစစ်ရာ၌ အရေးကြီးပြီးအသုံးဝင်သည်ဟု ကျယ်ပြန့်စွာ အသိအမှတ်ပြုထားသော အဓိကညွှန်းကိန်းများကို သတ်မှတ် ဖော်ထုတ်ရန်အတွက် လက်ရှိလေ့လာဆန်းစစ်မှုများကို အပြည့်အဝပြန်လည်သုံးသပ်ခဲ့ပြီး၊ အကူအညီလိုအပ်နေသည့်လူဦးရေ အရေအတွက်ကို သတ်မှတ်နိုင်ရန် MSNA အပါအဝင် တိုက်ရိုက်နှင့် တဆင့်ခံအချက်အလက်ဇာစ်မြစ်အမျိုးမျိုးတို့ကို အသုံးပြုခဲ့သည်။

ကာကွယ်စောင့်ရှောက်ရေးအစုအဖွဲ့သည် လေ့လာဆန်းစစ်မှုများအား ထိရောက်စွာပေါင်းစပ်ညှိနှိုင်းရေးနှင့် စောင့်ကြည့်စစ်ဆေးရေးအတွက် ခိုင်မာအားကောင်းသော သတင်းအချက်အလက်မျှဝေရေးလုပ်ငန်းစဉ်တစ်ရပ်ကို တည်ထောင်ထားရှိပြီး၊ အခြားသော အစုအဖွဲ့များ၊ အဖွဲ့အစည်းများနှင့် အနီးကပ်ပူးတွဲလုပ်ဆောင်နေသည်။ ကာကွယ်စောင့်ရှောက်ရေးအစုအဖွဲ့တွင်းရှိ အခြား AoR များနှင့် ထပ်နေခြင်းမရှိဘဲ တိကျပြီးဘက်စုံပါဝင်သည့် အကူအညီလိုအပ်နေသည့်လူဦးရေ အရေအတွက်ကို ရရှိစေရေးအတွက် ကမ္ဘာလုံးဆိုင်ရာ လမ်းညွှန်ချက်များနှင့် စံချိန်စံညွှန်းများကို လက်ခံကျင့်သုံးပြီး၊ မတူညီသော ဇာစ်မြစ်အမျိုးမျိုးမှ အချက်အလက်များနှင့် အပြန်အလှန်တိုက်ဆိုင်စစ်ဆေးခဲ့ပါသည်။

 အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် အခြားထိခိုက်လွယ်အုပ်စုများက ရင်ဆိုင်နေရသည့် ထူးခြားသော လိုအပ်ချက်များနှင့် အခက်အခဲများကို ပါဝင်စေပြီး၊ ဘေးဒဏ်သင့်ပြည်သူများအတွင်းရှိ မတူညီသော လူဦးရေအုပ်စုများ၏ အထူးထိခိုက်လွယ်မှုများနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စိုးရိမ်မှုများကို ထင်ဟပ်ထည့်သွင်းထားကြောင်းသေချာစေရန်အတွက် ကျားမခွဲခြားထားသည့် အချက်အလက်များကို အသုံးပြု၍ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာစိစစ်ပိုင်းခြားမှုများကိုလည်း ပြုလုပ်ခဲ့သည်။

### ခိုလှုံရာ/ အသုံးအဆောင်ပစ္စည်း/ စခန်းစီမံခန့်ခွဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေး

ခိုလှုံရာ/ အသုံးအဆောင်ပစ္စည်း/ စခန်းစီမံခန့်ခွဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေး အစုအဖွဲ့၏ ညွှန်းကိန်းများနှင့် အကူအညီလိုအပ်နေသည့်လူဦးရေအရေအတွက်ကို သတ်မှတ်နိုင်ရန်အတွက် ဘက်စုံနည်းလမ်းတစ်ခုကို အသုံးပြုခဲ့သည်။ စခန်းစီမံခန့်ခွဲရေး အဖွဲ့အစည်းများ၊ စခန်း၏ ဦးတည်ပုဂ္ဂိုလ်များနှင့် ပူးပေါင်း၍ အိမ်ထောင်စုအဆင့်စာရင်းကောက်ယူမှုများတွင် အိမ်ထောင်စုနှင့် လူတစ်ဦးချင်းအရေအတွက်တို့ကို စုဆောင်းခဲ့သည်။ ဤသို့ စုဆောင်းကောက်ယူထားသည့် အချက်အလက်များကို အဓိကသတင်းပေးသူများနှင့် လက်တွဲ၍ ထပ်မံတိုက်ဆိုင်စိစစ်ခဲ့ပါသည်။

ဤနည်းစနစ်တွင် အထူးသဖြင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ခံရသည့်ဒေသများတွင် ပြုလုပ်ခဲ့သည့် ထိခိုက်ပျက်စီးမှုအခြေအနေလေ့လာဆန်းစစ်မှုများနှင့် ဘေးအန္တရာယ်ကြောင့် ထိခိုက်မှုအစီရင်ခံစာများကို အထူးအလေးထား၍ အသုံးပြုခဲ့သည်။  ထိုလေ့လာဆန်းစစ်မှုများသည် ခိုလှုံရာ/အသုံးအဆောင်ပစ္စည်း လုပ်ငန်းများကိုလည်းကောင်း၊ လိုအပ်ချက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများကိုလည်းကောင်း လမ်းညွှန်ပေးရာတွင် မရှိမဖြစ် လိုအပ်ပြီး တချိန်တည်းတွင်  IDP များ၏ဂုဏ်သိက္ခာကိုလည်း ထိန်းသိမ်းပေးသည်။ ထို့နောက် နေရပ်စွန့်ခွာမှု ဆိုင်ရာကိန်းဂဏန်းများနှင့် ဘေးဒဏ်သင့်ဒေသများတွင် နေရပ်စွန့်ခွာရမှု၏ ပြင်းထန်မှုတို့ကိုလည်းကောင်း၊ ထို့အတူ ရွေးချယ်ထားသော MSNA ညွှန်းကိန်းများနှင့် အကူအညီပေးရန် သွားလာနိုင်မှုတို့ကိုလည်းကောင်း ပေါင်းစပ်စဉ်းစား၍ အကူအညီလိုအပ်နေသည့် လူဦးရေ အရေအတွက်ကို တွက်ချက်ပါသည်။ ရရှိလာသည့် ရလဒ်အားလုံးကို ကမ္ဘာလုံးဆိုင်ရာ Shelter အစုအဖွဲ့က ဖော်ထုတ်ထားသည့် အမိုးအကာလိုအပ်ချက်ပြင်းထန်မှုအဆင့်သတ်မှတ်သည့်စနစ်ကို အသုံးပြု၍ စိစစ်ပိုင်းခြားပါသည်။

### ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေး  (WASH)

WASH အစုအဖွဲ့သည် ပြင်းထန်မှုအဆင့်သတ်မှတ်ခြင်းကို အခြေခံ၍ အကူအညီလိုအပ်နေသည့်လူဦးရေ အရေအတွက်ကို သတ်မှတ်ခဲ့ပြီး၊ လိုအပ်ချက်ပြင်းထန်မှုအဆင့် (၃)၊ (၄) နှင့် (၅) တို့တွင် ရှိနေသည့် လူဦးရေအုပ်စုများကို ဦးစားပေးထားပါသည်။ အဆင့်သတ်မှတ်ခြင်းသည် ဤလူဦးရေအုပ်စုများ၏ ထိခိုက်လွယ်မှုပမာဏ သို့မဟုတ် လိုအပ်ချက်များအား အရေးတကြီးလိုအပ်နေမှုတို့ကို ဖော်ပြပေးသည်။ ဦးစားပေးသတ်မှတ်ရာတွင် MSNA ရလဒ်များ၊ WASH မိတ်ဖက်အဖွဲ့များ၏ လေ့လာဆန်းစစ်မှုများ၊ အခြားအစုအဖွဲ့များ၏ လေ့လာဆန်းစစ်မှုများမှ သက်ဆိုင်သည့် တွေ့ရှိချက်များအပါအဝင် ဇာစ်မြစ်အမျိုးမျိုးမှ အချက်အလက်များဖြင့် အသိပေးဆောင်ရွက်ပါသည်။

# ၄.၂။ အချက်အလက်ကွာဟချက်များနှင့် အကန့်အသတ်များ

မြန်မာနိုင်ငံရှိ လူသားချင်းစာနာမှုဆိုင်ရာ ပါဝင်ဆောင်ရွက်သူများသည် ရရှိနိုင်သော အချက်အလက်များ အကန့်အသတ်ရှိခြင်းနှင့် ကွာဟချက်များရှိနေခြင်းကြောင့် စိန်ခေါ်မှုများကို ဆက်လက်ရင်ဆိုင်နေရဆဲဖြစ်ပြီး၊ နိုင်ငံ၏ ဒေသအများအပြားတွင် လူသားချင်းစာနာမှုဆိုင်ရာ ပါဝင်ဆောင်ရွက်သူ အကန့်အသတ်ဖြင့်သာ ရှိနေခြင်းကြောင့်လည်း ဤပြဿနာကို ပိုဆိုးစေသည်။ ၂၀၂၃ ခုနှစ်အတွင်းတွင် ကဏ္ဍစုံနှင့် ကဏ္ဍတွင်း အချက်အလက်စုဆောင်းခြင်းလုပ်ငန်းများ အနည်းငယ်တိုးတက်လာသည်ကို တွေ့ရှိရသည်။ မှတ်သားဖွယ် အချက်မှာ MSNA စစ်တမ်းအများစုတို့ကို လူကိုယ်တိုင်တွေ့ဆုံကောက်ယူနိုင်ခဲ့ခြင်းဖြစ်ပြီး၊ ဤအချက်အလက်များ ၏ အားထားယုံကြည်ရမှုနှင့် ပြည့်စုံမှုတို့ သိသာစွာတိုးတက်လာခဲ့သည်။

သို့ရာတွင် လုံခြုံရေးစိတ်မချရခြင်းနှင့် သဘာဝဘေးအန္တရာယ်များ၊ ဝင်ရောက်ကူညီသွားလာရေးအခက်အခဲနှင့် ဗျူရိုကရေစီစနစ်၏ကန့်သတ်ချက်များ၊ "တရားဝင်" ထုတ်ပြန်သည့်အချက်အလက်များ မလုံလောက်ခြင်းတို့ ပေါင်းစပ်၍ အထူးသဖြင့် ကျား/မ၊ အသက်အရွယ်၊ မသန်စွမ်းမှုနှင့် အခြားသော ထိခိုက်လွယ်မှု အမျိုးအစား များနှင့်စပ်လျဉ်း၍ ကွာခြားချက်များကို ပိုမိုသိသာစွာ နားလည်နိုင်စွမ်းရှိစေသည့် အချက်အလက်များအား စုဆောင်းရာတွင် အဟန့်အတားဖြစ်စေပါသည်။ ဤအခက်အခဲများသည် အထူးသဖြင့် ဝေးလံပြီး သွားရောက်ရန် ခက်ခဲသော ပဋိပက္ခဒဏ်သင့်ဒေသများတွင် အဆိုးဆုံးဖြစ်ပြီး၊ ဘေးဒဏ်သင့်ပြည်သူများ၏ လိုအပ်ချက်များနှင့် နှစ်သက်လိုလားချက်များကို အသေးစိတ်သိရှိနိုင်ရန်အတွက် ယင်းပြည်သူများနှင့် တိုက်ရိုက်လက်တွဲ ဆောင်ရွက်နိုင်စွမ်းကို ထိခိုက်စေခဲ့သည်။ လူသားချင်းစာနာမှုဆိုင်ရာ အစီအစဉ်စက်ဝန်းအတွက် အချက်အလက်ကောက်ယူခြင်းနှင့် စိစစ်ပိုင်းခြားမှုများ ပြီးစီးချိန်တွင် ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့မှစ၍ တိုက်ပွဲများတဟုန်ထိုးမြင့်တက်လာခဲ့ရာ၊ အစုအဖွဲ့များအနေဖြင့် ၂၀၂၄ ခုနှစ်၏ ပထမနှစ်ဝက်အတွင်း အခြေအနေကို အနီးကပ်စောင့်ကြည့်၍ စီမံချက်တွင် ပြင်ဆင်မှုများပြုလုပ်ရန် လိုအပ်ခြင်းရှိမရှိကို ဆုံးဖြတ်သွားပါမည်။ သို့သော် တိုက်ပွဲများအရှိန်မြင့်လာခြင်းနှင့် ဆက်စပ်နေရပ်စွန့်ခွာရမှုများပြားလာခြင်းတို့ကို ၂၀၂၄ ခုနှစ် HNRP စီမံချက်ရေးဆွဲရာတွင် ယူဆချက်များအဖြစ် အပြည့်အဝချိန်ညှိထားပြီးဖြစ်ရာ၊ အကျိုးဆက်များကိုလည်း မဟာဗျူဟာတွင် ထည့်သွင်းတွက်ချက်ထားပြီး ဖြစ်ကြောင်း သတိပြုသင့်ပါသည်။

လက်ရှိတွင် သေချာရေရာမှုမရှိဘဲ ပြောင်းလဲလွယ်သည့် အခြေအနေများဖြစ်ပေါ်လာနိုင်ပြီး၊၂၀၂၄ ခုနှစ်အတွင်း တွင်  ပြည်သူများထံသို့ ဝင်ရောက်ကူညီသွားလာနိုင်မှုနှင့် သတင်းအချက်အလက်ရရှိနိုင်မှုတို့ကို ကြိုတင်ခန့်မှန်း ရန် ခက်ခဲနေဆဲဖြစ်သည်။

### ပညာရေး

၂၀၂၄ ခုနှစ်အတွက် ပညာရေးအစုအဖွဲ့၏ လိုအပ်ချက်စိစစ်ပိုင်းခြားခြင်းတွင် အချက်အလက်ကွာဟမှုသည် ယခင်နှစ်များနှင့် နှိုင်းယှဉ်ပါက လျော့နည်းခဲ့သည်။ လိုအပ်ချက်စိစစ်ပိုင်းခြားခြင်းလုပ်ငန်းကို ၂၀၂၂ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် JENA  လေ့လာဆန်းစစ်မှုဖြင့် ပံ့ပိုးကူညီပေးနိုင်ခဲ့သည်။ JENA လေ့လာဆန်းစစ်မှုသည် ပညာရေး အခြေအနေအတွက် ဘက်စုံရှုထောင့်မှ အမြင်များကို ထောက်ပံ့ပေးပြီး၊ ကလေးသူငယ်များနှင့် တိုင်ပင်ဆွေးနွေးမှု များလည်း ပါဝင်ကာ၊ အချက်အလက်များကို ၂၀၂၃ ခုနှစ် MSNA ဖြင့် ထပ်မံအတည်ပြုထားသည်။ ကျောင်း မတက်နိုင်တော့သည့် ကလေးသူငယ်များ၏ အခြေအနေနှင့်စပ်လျဉ်းသည့် အချက်အလက်များအတွက်မူ သိသာ ထင်ရှားသော ကွာဟချက်များ ရှိနေဆဲဖြစ်သည်။ ဤကွာဟချက်ကို ဖြည့်ဆည်းရန် ကြိုးပမ်းဆောင်ရွက်နေပြီး၊ ရရှိထားသော အရင်းအမြစ်များကို အသုံးပြု၍ မကြာတော့သည့်ကာလအတွင်း ဤပြဿနာကို လေ့လာမှု တစ်ခုပြုလုပ်ရန် စီစဉ်နေသည်။

### စားနပ်ရိက္ခာဖူလုံရေး

မြန်မာနိုင်ငံ၏ ၂၀၂၄ ခုနှစ် လူသားချင်းစာနာမှုဆိုင်ရာ အစီအစဉ်စက်ဝန်းလုပ်ငန်းစဉ်အတွက် အသုံးပြုခဲ့သော ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာဖူလုံရေးအစုအဖွဲ့၏ နည်းစနစ်အသစ်မှာ ၂၀၂၃ ခုနှစ်တွင်သုံးခဲ့သည့် နည်းစနစ်ကို မွမ်းမံပြင်ဆင်ထားခြင်းဖြစ်ရာ၊ ပဋိပက္ခကြောင့် အများဆုံးထိခိုက်ခံရသည့်ဒေသများအတွက် သတင်းအချက်အလက် ကွာဟချက်များ ရှိနေဆဲ ဖြစ်သည်။ အချက်အလက်များကို (ကျား/မ၊ အသက်၊ မသန်စွမ်းမှုစသည်ဖြင့်) သီးသန့်ခွဲခြားထားခြင်းမှာလည်း မလုံလောက်သေးသည့်အတွက် အစုအဖွဲ့၏ စိစစ်ပိုင်းခြားမှုများတွင် နေရပ်ပြန်ရသူ IDP များနှင့် နိုင်ငံမဲ့သူများကို သီးသန့်အုပ်စုများအဖြစ် ခွဲခြားဖော်ပြနိုင်ခြင်းမရှိခဲ့ပါ။

နည်းစနစ်အသစ်သည် သတ်မှတ်ကာလတစ်ခုအတွင်းရှိ လိုအပ်ချက်များကို ခန့်မှန်းပြီး၊ လူသားချင်းစာနာမှုဆိုင်ရာ စားနပ်ရိက္ခာဖူလုံရေး အကူအညီများကြောင့် ယင်းလိုအပ်ချက်များအား လျှော့ချပေးနိုင်မှုကို ထည့်သွင်းစဉ်းစား သည်။ သို့ဖြစ်ရာ ရလဒ်များတွင် သတိထားရမည့် အရေးကြီးအချက်တစ်ချက်ရှိလာပါသည်။ ဥပမာအားဖြင့် အကူအညီကို လက်ခံရရှိပြီးသည့် လူတစ်ဦးကို စားနပ်ရိက္ခာလုံလောက်သည်ဟု သတ်မှတ်ပါက၊ ထိုလူများသည် လူသားချင်းစာနာမှုဆိုင်ရာ စားနပ်ရိက္ခာဖူလုံရေးနှင့်စပ်လျဉ်း၍ အဆက်မပြတ်သော အရေးတကြီး အကူအညီ များကို မလိုအပ်တော့ဟု ဆိုလိုရာမရောက်ပါ။  သို့သော် ၎င်းတို့ရရှိလိုက်သည့် ထိုအကူအညီသည် ၎င်းတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့ပြီးဖြစ်သော်လည်း၊ လက်ရှိအကူအညီကို ဆက်လက်ပေးအပ်ခြင်း မရှိတော့ပါက၊ ပိုမိုဆိုးရွားသော စားနပ်ရိက္ခာမလုံလောက်မှုဆီသို့ ရောက်ရှိသွားနိုင်သည့်အန္တရာယ်ရှိနေသည်ဟု ဆိုလိုပါသည်။

### ကျန်းမာရေး

ကြီးမားသော အချက်အလက်ကွာဟချက်များသည် မြန်မာနိုင်ငံတွင် ကျန်းမာရေးဆိုင်ရာ စိစစ်ပိုင်းခြားခြင်း လုပ်ငန်းနှင့် ပိုမိုကျယ်ပြန့်သော လိုအပ်ချက်ဆန်းစစ်ခြင်းလုပ်ငန်းနှစ်မျိုးလုံးကို ဆိုးကျိုးများသက်ရောက်စေသည်။ ဝေးလံခေါင်ပါးပြီး ပဋိပက္ခကြောင့် ထိခိုက်ခံနေရသည့် မြို့နယ်များမှ ပြည်သူများက အမျိုးသားကျန်းမာရေး ဓါတ်ခွဲခန်းနှင့် ရောဂါရှာဖွေစောင့်ကြည့်ရေးစနစ်အား လက်လှမ်းမမီခြင်းသည် ကူးစက်ရောဂါဖြစ်ပွားမှုများကို အချိန်နှင့်တပြေးညီ တိကျစွာ စောင့်ကြည့်ထောက်လှမ်းနိုင်စွမ်းကို အဟန့်အတားဖြစ်စေသည်။ တ

ချိန်တည်းတွင် အစိုးရကဏ္ဍရှိ ပြည်သူ့ကျန်းမာရေးစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် (HMIS) ပြိုလဲနေခြင်း၊ စစ်တမ်း ကောက်ယူမှုအသစ်မပြုလုပ်နိုင်ခြင်း၊ နိုင်ငံသားမှတ်ပုံတင်ခြင်းနှင့် အရေးကြီးစာရင်းအင်းစနစ်၏လုပ်ငန်းများ တဖြည်းဖြည်းပြိုလဲခဲ့ခြင်းတို့ကြောင့် သေဆုံးမှု၊ မွေးဖွားမှု၊ သေဆုံးနှုန်းစသည်တို့နှင့်ဆက်စပ်နေသည့် အချက်အလက်များအပေါ် ဆိုးကျိုးများဖြစ်စေပြီး၊ ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များ ရရှိမှုကို ဆိုးရွားစွာ ထိခိုက်စေသည်။ ထို့အတူပင် ငှက်ဖျား၊ တီဘီနှင့် HIV/AIDS ဆိုင်ရာ ကျန်းမာရေးစီမံကိန်းများတွင်လည်း ကူးစက်ရောဂါဖြစ်ပွားမှု၊ ကြိုတင်ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးတို့ကို ပုံမှန်စောင့်ကြည့်စစ်ဆေးရာတွင် အချက်အလက်စုဆောင်းခြင်းနှင့် စိစစ်ပိုင်းခြားခြင်းလုပ်ငန်းများသည် ဆိုးရွားသော ဆုတ်ယုတ်မှုများကို ရင်ဆိုင်နေရသည်။ မရှိမဖြစ်လိုအပ်သော ဆေးဝါးနှင့် ဆေးကုသရေးပစ္စည်းများအတွက် အားထားရသော ထောက်ပံ့မှုကွင်းဆက်များ၏ အချက်အလက်များနှင့် ထောက်ပံ့ရေးစနစ်များ မရှိခြင်းက ဤအခက်အခဲများကို ပိုဆိုးစေသည်။

အရေးအကြီးဆုံးမှာ လူသားချင်းစာနာမှုဆိုင်ရာ ဝင်ရောက်ကူညီသွားလာခွင့်များအား ဆက်လက်တားမြစ်ထား ခြင်းနှင့် မလုံခြုံမှုများ အဆက်မပြတ်ရှိနေခြင်းကြောင့် လူသားချင်းစာနာမှုမိတ်ဖက်အဖွဲ့များက ပုံမှန်ဆောင်ရွက် နေသည့် ဘက်စုံလိုအပ်ချက်ဆန်းစစ်ခြင်းလုပ်ငန်းများကို  နှောင့်နှေးစေသည်။ ယင်းအတားအဆီးများကို အဓိက အားဖြင့် နစက ထိန်းချုပ်မှုပြင်ပမှ ဒေသများ၊ ဝေးလံခေါင်ဖျားသော ဒေသများနှင့် ပဋိပက္ခဒဏ်သင့်ဒေသများတွင် အများဆုံးတွေ့ရှိရသည်။

**အာဟာရ**

အာဟာရအစုအဖွဲ့သည် ကြီးမားသော သတင်းအချက်အလက်ကွာဟချက်များကို ဆက်လက် တွေ့ကြုံ နေရသည်။ ၂၀၁၉ ခုနှစ်တွင် မြန်မာနိုင်ငံ ဖြည့်စွက်အားဆေးနှင့် စားနပ်ရိက္ခာစားသုံးမှု စစ်တမ်းကောက်ယူပြီး ချိန်မှစ၍ ဒေသတွင်းနိုင်ငံများအဆင့်/နိုင်ငံအဆင့် သို့မဟုတ် ပြည်တွင်းမှ ကိုယ်စားလှယ်များနှင့် ပြုလုပ်သည့် ပြင်းထန်အာဟာရချို့တဲ့မှုလေ့လာဆန်းစစ်မှုများကို လတ်တလောတွင် မပြုလုပ်နိုင်တော့ပါ။ ဤကွာဟချက်များ ကို ဖြည့်ဆည်းရန် ကြိုးပမ်းဆောင်ရွက်မှုများတွင် တဆင့်ခံလေ့လာဆန်းစစ်မှုများ၊ စားနပ်ရိက္ခာဖူလုံရေးအစုအဖွဲ့၊ MSNA၊ MUAC လေ့လာဆန်းစစ်မှုကဲ့သို့သော အခြားဇာစ်မြစ်များမှ တွေ့ရှိချက်များနှင့် တဆင့်ခံလေ့လာဆန်းစစ်မှု များကို အသုံးပြုခြင်းလည်း ပါဝင်သည်။ သို့သော် အဆိုပါအချက်အလက်များသည် မြန်မာနိုင်ငံ၏ အာဟာရချို့တဲ့မှုအခြေအနေကို တိကျစွာဆန်းစစ်ရာ၌ အကောင်းဆုံးမဟုတ်ကြသေးပါ။ အာဟာရအခြေအနေကို အနာဂတ်ကာလအတွက် ကြိုတင်ခန့်မှန်းနိုင်ရန်အတွက် ရရှိသည့်အချက်အလက်များကို ဖြစ်ရပ်ဇာတ်လမ်းများမှ သက်သေအထောက်အထားများ၊ ကျွမ်းကျင်သူများ၏ ချိန်ညှိချက်များဖြင့် ထပ်မံ၍ တိုက်ဆိုင်စစ်ဆေးပါသည်။ ဤနည်းလမ်းသည် တိုးတက်မှုစောင့်ကြည့်စစ်ဆေးရန် မဖြစ်နိုင်ဘဲ၊ သီးသန့်ကောက်ယူသည့် ကိန်းဂဏန်း အချက်အလက်များကဲ့သို့လည်း အားမထားရသည့်အတွက် အကောင်းဆုံးမဟုတ်သေးပါ။

ကယ်ဆယ်ရေးနှင့် ကြားကာလစစ်တမ်းများအား စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းများမှ တဆင့် ဤအချက်အလက်ကွာဟချက်များကို ဖြေရှင်းရန်အတွက် စီစဉ်ဆောင်ရွက်နေဆဲဖြစ်ပြီး၊ ၂၀၂၄ ခုနှစ်အတွင်း အာဟာရဆိုင်ရာလေ့လာဆန်းစစ်မှုများအတွက် ခွင့်ပြုချက်ရရှိရေးနှင့် ရန်ပုံငွေရှာဖွေစုရုံးရေး တို့အတွက် တိုက်တွန်းလှုံ့ဆော်ရေးလုပ်ငန်းများကို ဆောင်ရွက်နေဆဲဖြစ်သည်။

**ကာကွယ်စောင့်ရှောက်ရေး**

ကာကွယ်စောင့်ရှောက်ရေးအစုအဖွဲ့သည် ကြီးမားသော အချက်အလက်ကွာဟချက်များကို ရင်ဆိုင်နေရပြီး၊ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လိုအပ်ချက် စိစစ်ပိုင်းခြားမှုများ၏ တိကျမှုနှင့် ပြည့်စုံမှုတို့အပေါ် သက်ရောက်မှုများ ရှိနေသည်။ ကွာဟချက်ဖြစ်ရသည့် အကြောင်းရင်းများတွင် ဝေးလံခေါင်ပါးပြီး ပဋိပက္ခကြောင့် ထိခိုက်ခံရသော ဒေသများကြောင့်လည်းပါဝင်ပြီး၊ ထိုဒေသများတွင် လိုအပ်ချက်များမှာ အမြင့်မားဆုံး ဖြစ်သော်လည်း လုံခြုံရေးဆိုင်ရာစိုးရိမ်မှုများနှင့် သွားလာရေးအကန့်အသတ်ရှိခြင်းတို့ကြောင့် အချက်အလက် ကောက်ယူရန် အခက်အခဲများရှိနေသည်။ ထို့အပြင် လက်ရှိ နိုင်ငံရေးနှင့် လူမှုရေးအရွေ့များကလည်း ကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ အချက်အလက်များ ကောက်ယူမှုကို ပိုမိုရှုပ်ထွေး၍ ထိရှလွယ်စေသည်။ ကာကွယ်စောင့်ရှောက်ရေးအစုအဖွဲ့သည် ဤအချက်ကို လျှော့ချနိုင်ရန်အတွက် လက်တံများစွာပါဝင်သော နည်းလမ်း တစ်ခုကို ကျင့်သုံးခဲ့သည်။ ယင်းနည်းလမ်းတွင် တဆင့်ခံညွှန်းကိန်းများကို ပေါင်းစည်းထည့်သွင်းထားပြီး၊ တိုက်ရိုက်အချက်အလက်များရှိ ကွာဟချက်များကိုဖြည့်ပေးနိုင်ရန်အတွက် ACLED ကဲ့သို့သော ရရှိနိုင်သည့် တဆင့်ခံဇာစ်မြစ်များ၊ နေရပ်စွန့်ခွာရမှုအချက်အလက်များကို အသုံးပြုခဲ့သည်။

ကာကွယ်စောင့်ရှောက်ရေးအစုအဖွဲ့သည် ၂၀၂၄ ခုနှစ်တွင် ဘေးဒဏ်သင့်ပြည်သူများ၏ ဖြစ်ပေါ် တိုးတက်လာသော လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ကြောင်းကျိုးညီညွတ်သော ယူဆချက်များ ပြုလုပ်နိုင်ရေးအတွက် လက်ရှိအချက်အလက်များကို သုံး၍  ကြိုတင်ခန့်မှန်းပါသည်။ ဝေးလံခေါင်ပါးသောဒေသများတွင် အချက်အလက်စုဆောင်းခြင်းနှင့် စိစစ်ပိုင်းခြားမှုတိုးတက်စေရန်လည်းကောင်း၊ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လိုအပ်ချက်လေ့လာဆန်းစစ်မှုများ၏ တိကျမှုနှင့် သက်ဆိုင်မှုတို့ ထပ်မံတိုးတက်စေရန်လည်းကောင်း ဒေသခံမိတ်ဖက်အဖွဲ့များ၊ NGO  အဖွဲ့များနှင့် အခြားသော အကျိုးသက်ဆိုင်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားပါမည်။ ဤနည်းလမ်းများသည် ကန့်သတ်ချက်အချို့ရှိနေသော်လည်း မြန်မာနိုင်ငံ၏ ကာကွယ် စောင့်ရှောက်ရေးလိုအပ်ချက်များကို ပိုမိုတိကျစွာနားလည်စေရေးအတွက် နည်းစနစ်များနှင့် အချက်အလက် ကောက်ယူရေးမဟာဗျူဟာများကို ပြင်ဆင်ရာတွင် အဓိကနည်းလမ်းများဖြစ်လာပါလိမ့်မည်။

**ခိုလှုံရာ/ အသုံးအဆောင်ပစ္စည်း/ စခန်းစီမံခန့်ခွဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေး (Shelter/NFI/CCCM)**

ဝင်ရောက်ကူညီသွားလာရေးနှင့် ဗျူရိုကရေစီစနစ်၏ အကန့်အသတ်များ၊ ဆက်သွယ်ရေးပြတ်တောက်မှုများ စသည်တို့ကြောင့်ဖြစ်ပေါ်သော သတင်းအချက်အလက်ကွာဟချက်များသည် Shelter/NFI/CCCM အစုအဖွဲ့ကို ဆက်လက်စိန်ခေါ်နေဆဲဖြစ်သည်။ Shelter/NFI/CCCM အစုအဖွဲ့သည် ဤပြဿနာကို ဖြေရှင်းရန်အတွက် CSOs များ၊ ရပ်ရွာခေါင်းဆောင်များနှင့် အခြားအကျိုးသက်ဆိုင်သူများအား အထူးသဖြင့် ဝေးလံခေါင်ပါးသောဒေသများ အပါအဝင် ဒေသမျိုးစုံမှ သက်ဆိုင်ရာ အချက်အလက်များကို စုဆောင်းရာတွင် လုပ်ပိုင်ခွင့်ပေးအပ်ရေး အတွက် လေ့ကျင့်သင်တန်းပေးခဲ့သည်။ Shelter/NFI/CCCM အစုအဖွဲ့အနေဖြင့် ခိုလှုံရာနေရာများနှင့် စခန်းအခြေစိုက် ဝန်ထမ်းများ အပါအဝင် အဓိကသတင်းပေးသူများနှင့် ဖွဲ့စည်းထားသည့် ကွန်ရက်များမှ အကျိုးကျေးဇူးရရှိခဲ့ပြီး၊ တဆင့်ခံဇာစ်မြစ်များမှ အချက်အလက်များကို ကြိုတင်ခန့်မှန်းခြင်းနှင့်အတူ ကျွမ်းကျင်သူများ၏ ချိန်ညှိမှုများကိုလည်း အသုံးချနိုင်ခဲ့သည်။

Shelter/NFI/CCCM အစုအဖွဲ့သည် ၂၀၂၄ ခုနှစ်တွင်လည်း ဤကွန်ရက်ကို ဆက်လက်တိုးချဲ့သွားမည်ဖြစ်ပြီး၊ ဒေသခံအကျိုးသက်ဆိုင်သူများ၏ အချက်အလက်စုဆောင်းနိုင်သည့်စွမ်းရည်ကို တည်ဆောက်ပေးသွားပါမည်။

**ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေး (WASH)**

WASH အစုအဖွဲ့သည် ကဏ္ဍတွင်းလိုအပ်ချက်စိစစ်ပိုင်းခြားမှုများအပေါ် သက်ရောက်မှုရှိခဲ့သည့် သတိပြုဖွယ် သတင်းအချက်အလက်ကွာဟချက်များကို ဆက်လက်တွေ့ကြုံနေရဆဲဖြစ်သည်။ ယင်းကွာဟချက်များကို လျှော့ချရေးအတွက်ကြိုးပမ်းဆောင်ရွက်မှုများတွင် ဒေသခံအကျိုးသက်ဆိုင်သူများ၏ စွမ်းဆောင်ရည် တည်ဆောက်ရေးအတွက် အချက်အလက်ကောက်ယူရေးနည်းလမ်းများကို သင့်လျော်မှန်ကန်စွာအသုံးပြုနိုင်ရေး၊ လမ်းမှားရောက်စေနိုင်သော အချက်အလက်များကို ရှောင်ရှားရေးနှင့် အကျိုးခံစားရသူထပ်နေမှုများကို ရှောင်ရှားရေးကဲ့သို့သော ခေါင်းစဉ်များဖြင့် မြေပြင်ကွင်းဆင်းအဆင့်တွင် သင်တန်းများ ပို့ချပေးခြင်းလည်း ပါဝင်သည်။ မြန်မာနိုင်ငံ၏ အခြေအနေတွင် အာဟာရချို့တဲ့မှုအတွက် ကမ္ဘာလုံးဆိုင်ရာ စံနှုန်းများကို အသုံးချခဲ့ပြီး တချိန်တည်းတွင် တဆင့်ခံညွှန်းကိန်းများ၊ ကျွမ်းကျင်သူများ၏ ချိန်ညှိမှုများ၊ အခြားသော လက်ရှိ အချက်အလက်များမှ တဆင့် ကြိုတင်ခန့်မှန်းမှုများကိုလည်း သင့်တော်သည့်နေရာများတွင် အသုံးပြုခဲ့သည်။

WASH အစုအဖွဲ့သည် ၂၀၂၄ ခုနှစ်တွင် သီးသန့်ဆောင်ရွက်မည့် လေ့လာဆန်းစစ်မှုများနှင့် သုတေသန လုပ်ငန်းများမှတဆင့် ဤအချက်အလက်ကွာဟချက်များကို ထပ်မံဖြေရှင်းရန် စီစဉ်ထားသည်။ အချက်အလက်ကောက်ယူရေးနည်းလမ်းများကို ဆင့်တက်ပြုပြင်ရန်၊ တိကျမှန်ကန်မှုတိုးတက်စေရန်နှင့် ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေး အတွက် သီးသန့်လိုအပ်ချက်များကို ပြည့်စုံစွာနားလည်စေရန် ရည်ရွယ်၍ ဆောင်ရွက်သွားပါမည်။

# ၄.၃။ လူသားချင်းစာနာမှုရန်ပုံငွေကို လုံလောက်စွာ မရှာဖွေနိုင်ပါက ဖြစ်လာနိုင်သည့်အချက်များ

ဖိနှိပ်ချုပ်ချယ်မှုခံရမည်ကို ကြောက်လန့်စွာနေထိုင်နေကြသည့် ပြည်သူများ၊ နိုင်ငံအနှံ့အပြားတွင် ဖြစ်ပွားနေသော တိုက်ပွဲများ၊ ၂၀၂၃ ခုနှစ်၏ စတုတ္ထသုံးလပတ်အတွင်း မမျှော်မှန်းထားသည့်အရေအတွက်အထိ တဟုန်ထိုး မြင့်တက်လာသည့် နေရပ်စွန့်ခွာရမှုများ၊ ငွေကြေးဖောင်းပွမှုနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆုံးရှုံးမှုများကို ဖြစ်ပေါ်စေသည့် စီးပွားရေးထိခိုက်မှုများ၊ ကိုဗစ်-၁၉ ကပ်ရောဂါ၏ လက်ကျန်ထိခိုက်မှုများ၊ အရေးကြီး သော ပြည်သူ့ဝန်ဆောင်မှုများကို ပြိုလဲလုနီးပါးဖြစ်စေသည့် အထွေထွေမငြိမ်သက်မှုများ စသည်တို့ရှိနေသည့်  မြန်မာနိုင်ငံ၏ အခြေအနေသည် ၂၀၂၃ ခုနှစ်တွင် သိသာစွာ ပိုမိုယိုယွင်းလာခဲ့သည်။ ဤအခြေအနေများ စုပေါင်း၍ သန်းပေါင်းများစွာသော ပြည်သူများကို လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေါ်တွင် မှီခိုနေရသည့် အနေအထားသို့ ရောက်ရှိသွားစေခဲ့သည်။

၂၀၂၃ ခုနှစ်တစ်နှစ်လုံးတွင် ရှုထောင့်များစွာရှိနေသည့် ထိခိုက်လွယ်မှုများနှင့် နေရပ်စွန့်ခွာရမှုအသစ်များကြောင့် ဝန်ထုပ်ဝန်ပိုးများ အဆက်မပြတ်ရှိနေသည့် ကြားမှပင်၊ လူသားချင်းစာနာမှုမိတ်ဖက်အဖွဲ့အစည်းများသည် ၂၀၂၃ ခုနှစ်အတွင်းပေါ်ပေါက်နေသည့် လိုအပ်ချက်အသစ်များကို တုံ့ပြန်ရာတွင် အရှိန်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့ပြီး၊ ဖြန့်ကြက်ရောက်ရှိမှုနယ်ပယ်ကိုလည်း ဆက်လက်တိုးချဲ့နိုင်ခဲ့သည်။ ပဋိပက္ခဒဏ်သင့်ဒေသများတွင် ဝင်ရောက် ကူညီသွားလာရေး အခက်အခဲများနှင့် ဗျူရိုကရေစီစနစ်၏ အဟန့်အတားများရှိနေသည်နှင့်လျော်ညီစွာ အကူအညီ ပေးအပ်ရေးပုံစံများကိုလည်း ပြောင်းလွယ်ပြင်လွယ်ရှိစွာဖြင့် လိုက်လျောညီထွေပြောင်းလဲခဲ့ကြသည်။ လူသားချင်းစာနာမှုပါဝင်ဆောင်ရွက်သူများသည် ယခုနှစ်အကုန်တွင် အကူအညီအမျိုးအစားတစ်ခုထက်မနည်းကို လူဦးရေ (၃.၁) သန်းသို့ ဖြန့်ကြက်ကူညီပေးနိုင်မည်ဟု မျှော်မှန်းထားရာ လျာထားချက်ဖြစ်သည့် လူဦးရေ (၅) သန်းသို့ ရောက်ရှိရန် များစွာကွာဟနေပါသေးသည်။ ရန်ပုံငွေလိုအပ်ချက်များရှိနေခြင်းသည် အကူအညီပေးရန် လစ်ဟာမှုများစွာကိုဖြစ်စေခဲ့ပြီး၊ ၂၀၂၄ ခုနှစ်အတွင်း လိုအပ်ချက်များအတွက်လည်း ဆင့်ကဲသက်ရောက်မှုများကို ဖြစ်စေပါမည်။ ရန်ပုံငွေထောက်ပံ့မှုနည်းပါးခြင်းသည် အကူအညီများကို အဓိပ္ပါယ်ပြည့်ဝစွာ ပေးအပ်နိုင်သည့် မိတ်ဖက်အဖွဲ့များ၏ စွမ်းရည်ကို အဟန့်အတားဖြစ်စေခဲ့သည်။ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့အထိ အခြေအနေအရ ၂၀၂၃ ခုနှစ် HRP အတွက် ရန်ပုံငွေလိုအပ်ချက်၏ ၂၉% ကိုသာ လက်ခံရရှိထားရာ၊ အကူအညီများ၏ နက်ရှိုင်းမှု၊ အကြိမ်ရေနှင့် အရည်အသွေးတို့သည် စီစဉ်ထားသည့်အဆင့်သို့ မရောက်ရှိနိုင်ခဲ့ဟု ဆိုလိုနေပါသည်။

၂၀၂၄ ခုနှစ်အတွက် HNRP ရန်ပုံငွေလိုအပ်ချက်စုစုပေါင်းသည် အမေရိကန်ဒေါ်လာ (၉၉၄) သန်းဖြစ်ပြီး၊ အလှူရှင်အသိုက်အဝန်းအနေဖြင့် စီစဉ်ထားသော တုံ့ပြန်ရေးလုပ်ငန်းများကို အပြည့်အဝအကောင်အထည်ဖော် ခွင့်ပြုရန် ဆုံးဖြတ်ပေးရမည့် ကတိကဝတ်ပြုမှုကို လိုအပ်ပါလိမ့်မည်။ လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက်အဖွဲ့များအနေဖြင့် လိုအပ်သည့် ရန်ပုံငွေပမာဏကို မရရှိပါက၊ ဦးစားပေးလုပ်ငန်းများကို ထပ်မံရွေးချယ်သတ်မှတ် ရဦးမည်ဖြစ်ရာ၊ ကယ်ဆယ်ရေးအတွက် လိုအပ်သည့်နက်ရှိုင်းမှု၊ ပြည်သူများ ကျန်းမာပျော်ရွှင်ရေးကို ကူညီနိုင်မှု၊ သိက္ခာရှိစွာနေထိုင်နိုင်မှု၊ SPHERE စံချိန်စံညွှန်းများကို ဖြည့်ဆည်းနိုင်မှု၊ ရေရှည်တည်တံ့သော ဖြေရှင်းနည်းများ စသည်တို့ကို မဆောင်ရွက်ပေးနိုင်တော့ဘဲ ကုန်ကျစရိတ်လျှော့၍ အသုံးပြုထားသည့် အသက်ကယ်ဆယ်ရေးနှင့် အရေးကြီးလုပ်ငန်းများကိုသာ ဦးစားပေးရတော့မည်ဖြစ်သည်။ HNRP စီမံချက်တွင် ဦးစားပေးသတ်မှတ်မှုများကို ကြီးမားစွာ ပြုလုပ်ထားပြီးဖြစ်သည်။ ရန်ပုံငွေကွာဟချက်များ ဆက်လက်ဖြစ်ပေါ်နေပါက လိုအပ်ချက်ပိုမိုပြင်းထန် သည့် ပိုမိုများပြားသော ပြည်သူများအတွက် အကူအညီများကို မရရှိနိုင်တော့ဟု ဆိုလိုပါလိမ့်မည်။

ကာလရှည်ကြာ မဖြည့်ဆည်းပေးနိုင်သော လိုအပ်ချက်များသည် နောင်လာမည့်နှစ်များတွင်လည်း လက်ကျန် သက်ရောက်မှုများ ဆက်လက်ရှိနေဦးမည်ဖြစ်ရာ၊ အချိန်နှင့်အမျှ လိုအပ်ချက်များ ပိုမိုဆိုးရွားလာ၍ အနာဂတ် ကာလတွင် ကုန်ကျစရိတ်ပိုများပြီး အသေးစိတ်လုပ်ဆောင်ပေးရမည့် အကူအညီလုပ်ငန်းများကို လိုအပ်လာ ပါလိမ့်မည်။  လက်ရှိအခြေအနေအောက်တွင် ယခင်က ရှိထားသည့် ရင်ဆိုင်ဖြေရှင်းရေးစွမ်းရည်များ ကုန်ခမ်း နေပြီး စားနပ်ရိက္ခာမလုံလောက်မှု ဆက်လက်ဖြစ်ပေါ်နေခြင်းက အထူးသဖြင့် နေရပ်စွန့်ခွာရသူ အသစ်များ အပါအဝင် ပြည်သူများသည် ရှင်သန်ရပ်တည်ရန်ပင်မတတ်နိုင်တော့သည့် အခြေအနေကို ရင်ဆိုင်ရတော့မည်ဟု ဆိုလိုနေပါသည်။ ဤအပိုင်းတွင် ရန်ပုံငွေထောက်ပံ့မှုနည်းပါးခြင်း၏ အကျိုးဆက်များကိုလည်းကောင်း၊ အစုအဖွဲ့ တစ်ခုချင်းစီက မိမိတို့၏အရေးအကြီးဆုံးဦးစားပေးလုပ်ငန်းများကို လမ်းညွှန်သတ်မှတ်ပေးရန်နှင့် ရန်ပုံငွေ ထောက်ပံ့မှုနည်းပါးခြင်းကြောင့် ဘေးဒဏ်သင့်ပြည်သူများအပေါ် မည်သည့်အကျိုးဆက်များဖြစ်လာမည်ကို သရုပ်ဖော်ပြရန်အတွက် (ရန်ပုံငွေလိုအပ်ချက်၏ လေးပုံတစ်ပုံ၊ တစ်ဝက်၊ လေးပုံသုံးပုံစသည်ဖြင့်) ရန်ပုံငွေရရှိမှု အဆင့်အမျိုးမျိုးတွင် စီစဉ်ထားသော တုံ့ပြန်ရေးလုပ်ငန်းများအား မည်သို့ ဦးစားပေးဆောင်ရွက်မည်ကို လည်းကောင်း ဖော်ပြထားပါသည်။ အလှူရှင်များအနေဖြင့် ၂၀၂၃ ခုနှစ်တွင် မြင်တွေ့ခဲ့ရသည့် ရန်ပုံငွေ ထောက်ပံ့မှုကွာဟချက်များကြောင့် မဖြေရှင်းရသေးသည့် ထိခိုက်ခံစားရမှုများနှင့် စီမံကိန်းများ၏ စစ်မှန် လက်တွေ့ကျမှုတို့ကို သေချာစွာစဉ်းစားပေးပါရန် တိုက်တွန်းအပ်ပါသည်။

## ပညာရေး

| ရန်ပုံငွေထောက်ပံ့မှု အဆင့် | ဦးစားပေးရမည့် လုပ်ငန်းများ/ဒေသများ/လူဦးရေအုပ်စုများနှင့် ရပ်ဆိုင်းရမည့် လုပ်ငန်းများ/ဒေသများ/လူဦးရေအုပ်စုများ |
|---|---|
| ရန်ပုံငွေလိုအပ်ချက်၏ ၇၅% ကို ရရှိပါက | ပညာရေးအစုအဖွဲ့သည် IDP များ၊ နေရပ်စွန့်ခွာရခြင်းမရှိသည့် နိုင်ငံမဲ့သူများ၊အထိခိုက် လွယ်ဆုံးသော အခြား ကလေးသူငယ်များနှင့် လူငယ်များအပါအဝင် အကျပ်အတည်း ကြောင့် ထိခိုက်ခံရသည့် ကလေးသူငယ်များ နှင့် လူငယ်များအတွက် အရည်အသွေးရှိပြီး အားလုံးပါဝင်သော ပညာသင်ကြားရေးကို ဆက်လက်ထောက်ပံ့ ပါ မည်။ ယင်းကလေး သူငယ်နှင့် လူငယ်များသည် ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေး အပါအဝင် သင်ကြားရေးဌာန များအား ပြန်လည် ထူထောင်ပေးခြင်းမှတဆင့် တိုးတက်သော သင်ကြား ရေး ပတ်ဝန်းကျင် တစ်ခုကို အကျိုး ခံစားရမည်၊ သက်ဆိုင်သည့်သင်ကြားရေးပစ္စည်းများကို  လက်ခံရရှိ မည်၊ လေ့ကျင့်ပေးထားသော ဆရာ/ဆရာမများနှင့် ကျန်းမာပျော်ရွှင်မှု တိုးတက်စေရန် ရည်မှန်းထားသော အကူအညီများကို လက်လှမ်းမီရရှိပါမည်။ ဤ လုပ်ငန်းသည် ပညာ သင်ယူသူနှင့် သင်ကြားပေးသူ (၁၀၂၀၀၀) ဦးသို့ ဖြန့်ကြက်ရောက် ရှိ နိုင်မည်။ လျာထားသူများအနက် (၃၄၁၀၀၀) ဦးနီးပါးကို အကူအညီပေးနိုင် ခြင်းမရှိသဖြင့် ကလေးသူငယ်လူကုန်ကူးခြင်း၊ ကျားမအခြေပြုအကြမ်းဖက်မှု, ကလေးလုပ်သားအဖြစ် ခေါင်းပုံဖြတ်ခံ ရခြင်း၊ ကလေးသူငယ်လက်ထပ်ထိမ်းမြားခြင်း စသည့် ကာကွယ်စောင့်ရှောက်ရေး အန္တရာယ် များကို တွေ့ကြုံ ရစေပြီး၊ ၎င်းတို့၏ ဖွံ့ဖြိုးမှုနှင့် အနာဂတ်တွင် ၎င်းတို့အစွမ်းရှိသမျှ အောင်မြင်နိုင်မှုတို့ကို အဟန့်အတားဖြစ် စေသည်။ |
| ရန်ပုံငွေလိုအပ်ချက်၏ ၅၀% ကို ရရှိပါက | ပညာရေးအစုအဖွဲ့သည် တူညီသောလုပ်ငန်းများဖြင့် ထောက်ပံ့မည်ဖြစ်သော်လည်း၊ ပိုမိုနည်းပါးသော လူအရေ အတွက်သို့သာ ဖြန့်ကြက်ရောက်ရှိပါမည်။ ဤရန်ပုံငွေ ထောက်ပံ့မှုအဆင့်တွင် ပညာသင်ယူသူနှင့် သင်ကြား ပေးသူ (၆၈၂၀၀၀) နီးပါးသို့သာ ဖြန့်ကြက်ရောက်ရှိပြီး၊ ကျန် (၆၈၂၀၀၀)နီးပါးကို အကူအညီပေးနိုင်ခြင်းမရှိ သဖြင့်  ကလေးသူငယ်လူကုန်ကူးခြင်း၊ ကျားမအခြေပြုအကြမ်းဖက်မှု, ကလေးလုပ်သားအဖြစ် ခေါင်းပုံဖြတ်ခံ ရခြင်း၊ ကလေးသူငယ်လက်ထပ်ထိမ်းမြားခြင်း စသည့် ကာကွယ်စောင့်ရှောက်ရေးအန္တရာယ် များကို တွေ့ကြုံ ရစေပြီး၊ ၎င်းတို့၏ ဖွံ့ဖြိုးမှုနှင့် အနာဂတ်တွင် ၎င်းတို့အစွမ်းရှိသမျှ အောင်မြင်နိုင်မှုတို့ကို အဟန့်အတားဖြစ် စေသည်။ |
| ရန်ပုံငွေလိုအပ်ချက်၏ ၂၅% ကိုသာ ရရှိပါက | ပညာရေးအစုအဖွဲ့သည် တူညီသော လုပ်ငန်းများဖြင့် ထောက်ပံ့မည်ဖြစ်သော်လည်း၊ လျာထားချက်၏ အပိုင်းငယ်တစ်ပိုင်းကိုသာ ဖြန့်ကြက်ရောက်ရှိပါမည်။ ဤရန်ပုံငွေ ထောက်ပံ့မှုအဆင့်တွင် ပညာသင်ယူသူ နှင့် သင်ကြားပေးသူ (၃၄၁၀၀၀) ခန့်သို့သာ ဖြန့်ကြက်ရောက်ရှိပြီး၊ ကျန် (၁၀၂၀၀၀)ကျော်ကို အကူအညီပေး နိုင်ခြင်းမရှိသဖြင့်  ကလေးသူငယ်လူကုန်ကူးခြင်း၊ ကျားမအခြေပြုအကြမ်းဖက်မှု, ကလေးလုပ်သားအဖြစ် ခေါင်းပုံဖြတ်ခံရခြင်း၊ ကလေးသူငယ်လက်ထပ်ထိမ်းမြားခြင်း စသည့် ကာကွယ်စောင့်ရှောက်ရေးအန္တရာယ် များကို တွေ့ကြုံရစေပြီး၊ ၎င်းတို့၏ ဖွံ့ဖြိုးမှုနှင့် အနာဂတ်တွင် ၎င်းတို့အစွမ်းရှိသမျှ အောင်မြင်နိုင်မှုတို့ကို အဟန့်အတားဖြစ်စေသည်။ |

## စားနပ်ရိက္ခာဖူလုံရေး

| ရန်ပုံငွေထောက်ပံ့မှု အဆင့် | ဦးစားပေးရမည့် လုပ်ငန်းများ/ဒေသများ/လူဦးရေအုပ်စုများနှင့် ရပ်ဆိုင်းရမည့် လုပ်ငန်းများ/ဒေသများ/လူဦးရေအုပ်စုများ |
|---|---|
| ရန်ပုံငွေလိုအပ်ချက်၏ ၇၅% ကို ရရှိပါက | စားနပ်ရိက္ခာဖူလုံရေးအစုအဖွဲ့သည် အရေးကြီးကွာဟချက်များကို ကာမိစေရန်နှင့် အရေးပေါ်ကာလရင်ဆိုင်ဖြေ ရှင်းရေးနည်းလမ်းများအသုံးပြုမှုကို ကူညီလျှော့ချပေးရန် အတွက် နေရပ်စွန့်ခွာရမှုမြင့်မားပြီး၊ ပဋိပက္ခကြောင့် ကြီးမားစွာထိခိုက်ခံနေရသည့် ဒေသများတွင် အရေးပေါ်ကာလစားနပ်ရိက္ခာအကူအညီနှင့် အရေးပေါ်ကာလ စိုက်ပျိုး ရေး နှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ တုံ့ပြန်ရေးလုပ်ငန်းများကို ဦးစားပေးပါမည်။ ပဋိပက္ခဒဏ် သင့်ဒေသအားလုံးနှင့် ထိခိုက်လွယ်အုပ်စုအားလုံးတို့သည် တုံ့ပြန်ရေး စီမံချက်၏ ပုံစံအမျိုးမျိုးတွင် လွှမ်းခြုံ ပါဝင်နေရန် ဆောင်ရွက်ပါမည်။ |
| ရန်ပုံငွေလိုအပ်ချက်၏ ၅၀% ကို ရရှိပါက | စားနပ်ရိက္ခာဖူလုံရေးအစုအဖွဲ့သည် အရေးပေါ်ကာလစားနပ်ရိက္ခာအကူအညီနှင့် အရေးပေါ်ကာလစိုက်ပျိုးရေး နှင့်အသက်မွေးဝမ်းကျောင်းဆိုင်ရာ တုံ့ပြန်ရေးလုပ်ငန်း များကို လျာထားသည့်ဒေသအားလုံးတွင် ဦးစားပေး ဆောင်ရွက်ပါမည်။ သို့ရာတွင် အကူအညီများသည် အဓိကအားဖြင့် IDP များ၊ နေရပ်ပြန်ရသူများ၊ နိုင်ငံမဲ့ သူများနှင့် အိမ်ရှင်ရပ်ရွာလူထုတို့ကိုသာ ဦးတည်ပါမည်။ စားနပ်ရိက္ခာကို ဆက်လက်ရရှိနိုင်ရန်/ ဝယ်ယူနိုင်စွမ်း ရှိစေရန်၊ ပိုင်ဆိုင်မှုပစ္စည်းအများအပြား ကုန်ခမ်းမှုကို ရှောင်ရှားရန်နှင့် အရေးပေါ်ကာလရင်ဆိုင်ဖြေရှင်းရေး နည်းလမ်းများ သုံးရခြင်းမှ လျှော့ချနိုင်ရန်အတွက် စိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ထိန်းသိမ်းထားနိုင်ရန် ကြိုးပမ်းဆောင်ရွက်ပါမည်။ |

| ရန်ပုံငွေထောက်ပံ့မှု အဆင့် | ဦးစားပေးရမည့် လုပ်ငန်းများ/ဒေသများ/လူဦးရေအုပ်စုများနှင့် ရပ်ဆိုင်းရမည့် လုပ်ငန်းများ/ဒေသများ/လူဦးရေအုပ်စုများ |
|---|---|
| ရန်ပုံငွေလိုအပ်ချက်၏ ၂၅% ကိုသာ ရရှိပါက | စားနပ်ရိက္ခာဖူလုံရေးအစုအဖွဲ့သည် IDP များ၊ နေရပ်ပြန်ရသူများနှင့် နိုင်ငံမဲ့သူများ အတွက်သာ အရေးပေါ်ကာလစားနပ်ရိက္ခာ၊ အရေးပေါ်ကာလ စိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာ တုံ့ပြန်ရေးလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်ပါမည်။ စားနပ်ရိက္ခာကို ဆက်လက်ရရှိနိုင်ရန်/ဝယ်ယူနိုင်စွမ်းရှိစေရန်၊ ပိုင်ဆိုင်မှုပစ္စည်းအများအပြား ကုန်ခမ်းမှုကို ရှောင်ရှားရန်နှင့် အရေးပေါ်ကာလ ရင်ဆိုင် ဖြေရှင်းရေးနည်းလမ်းများ သုံးရခြင်းမှ လျှော့ချနိုင်ရန်အတွက် စိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ထိန်းသိမ်းထားနိုင်ရန် ကြိုးပမ်းဆောင်ရွက် ပါမည်။ |

## ကျန်းမာရေး

| ရန်ပုံငွေထောက်ပံ့မှု အဆင့် | ဦးစားပေးရမည့် လုပ်ငန်းများ/ဒေသများ/လူဦးရေအုပ်စုများနှင့် ရပ်ဆိုင်းရမည့် လုပ်ငန်းများ/ဒေသများ/လူဦးရေအုပ်စုများ |
|---|---|
| ရန်ပုံငွေလိုအပ်ချက်၏ ၇၅% ကို ရရှိပါက | ကျန်းမာရေးအစုအဖွဲ့သည် လွှဲပြောင်းပေးရေးလုပ်ငန်းများကို ငွေကြေးထောက်ပံ့ ပေးခြင်း၊ ဆေးနှင့် ဆေးပစ္စည်းများလှူဒါန်းခြင်းအပါအဝင် ဦးစားပေးထားသော အသက် ကယ်ဆယ်ရေးဆိုင်ရာ ကျန်းမာရေးဝန်ဆောင်မှုများကို ထောက်ပံ့ပေးအပ်ပါမည်။ ကူးစက်ရောဂါဖြစ်ပွားမှုနှင့် အခြားသော ကျန်းမာရေးဆိုင်ရာ အရေးပေါ် အခြေအနေ များကို အချိန်နှင့်တပြေးညီ စုံစမ်းဖော်ထုတ်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းထားသော တုံ့ပြန် ရေးလုပ်ငန်းများတွင် ပါဝင်ကူညီပါမည်။ ထို့နောက် ကျန်းမာရေးမိတ်ဖက်အဖွဲ့များ၏ စွမ်းဆောင်ရည် တည်ဆောက်ရေးတွင် (လမ်းညွှန်ချက်များ၊ နည်းလမ်းများ၊ သင်တန်း များ၊ ကြီးကြပ်မှုများ၊ ဒေသအလိုက် ပေါင်းစပ်ညှိနှိုင်းပေးခြင်းစသည်ဖြင့်) ချိတ်ဆက်ပါ ဝင်ပါမည်။ |
| ရန်ပုံငွေလိုအပ်ချက်၏ ၅၀% ကို ရရှိပါက | ကျန်းမာရေးအစုအဖွဲ့သည် လွှဲပြောင်းပေးရေးလုပ်ငန်းများကို ငွေကြေးထောက်ပံ့ ပေးခြင်း၊ ဆေးနှင့် ဆေးပစ္စည်းများလှူဒါန်းခြင်းအပါအဝင် ဦးစားပေးထားသော အသက် ကယ်ဆယ်ရေးဆိုင်ရာ ကျန်းမာရေးဝန်ဆောင်မှုများကို ထောက်ပံ့ပေးအပ်ပါမည်။လူနာ ကိုယ်တိုင်စီမံခန့်ခွဲကုသနိုင်သည့်စွမ်းရည်ရှိစေရေးနှင့် အဝေးမှကုသသည့် နည်း လမ်း ကို အသုံးပြုနိုင်ရေးအတွက် ပညာပေးလုပ်ငန်းများကို အလေးထား ဆောင်ရွက်ခြင်း သည် လူသားချင်းစာနာမှုအကူအညီ၏ အဓိကဦးတည်ချက်ဖြစ်ပါမည်။ ကျန်းမာရေး အစုအဖွဲ့သည် ကူးစက်ရောဂါဖြစ်ပွားမှုနှင့် အခြားသောကျန်းမာရေး ဆိုင်ရာ အရေးပေါ် အခြေအနေများကို အချိန်နှင့်တပြေးညီ စုံစမ်းဖော်ထုတ်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းထား သော တုံ့ပြန်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီပါမည်။ ထို့နောက် ကျန်းမာရေးမိတ်ဖက် အဖွဲ့များ၏ စွမ်းဆောင်ရည်တည်ဆောက်ရေးတွင်(လမ်းညွှန်ချက် များ၊ နည်းလမ်းများ၊ သင်တန်းများ၊ ကြီးကြပ်မှုများ၊ ဒေသအလိုက်ပေါင်းစပ်ညှိနှိုင်း ပေးခြင်း စသည်ဖြင့်) ချိတ်ဆက်ပါဝင်ပါမည်။ |
| ရန်ပုံငွေလိုအပ်ချက်၏ ၂၅% ကိုသာ ရရှိပါက | ကျန်းမာရေးအစုအဖွဲ့သည် အသက်ကယ်ဆယ်ရေးဆိုင်ရာ အခြေခံကျန်းမာရေး စောင့်ရှောက်မှုကို ဦးတည်လျက်၊ ဦးစားပေးထားသော ကျန်းမာရေးဝန်ဆောင်မှုများကို ဆက်လက်ထောက်ပံ့ပေးအပ်ပါမည်၊ လွှဲပြောင်းပေးရေးလုပ်ငန်းများကို ငွေကြေး ထောက်ပံ့ပေးခြင်း၊ ဆေးနှင့် ဆေးပစ္စည်းများလှူဒါန်းခြင်းတို့ကိုလည်း ဆက်လက် ဆောင်ရွက်ပါမည်။ သို့ရာတွင် ရန်ပုံငွေလိုအပ်ချက်၏ ၂၅% ကိုသာရရှိပါက၊ လူနာ ကိုယ်တိုင် စီမံခန့်ခွဲကုသနိုင်သည့်စွမ်းရည်ရှိစေရေးအတွက် ပညာပေးလုပ်ငန်းများကို အလေးထားပြီး၊ အဝေးမှကုသသည့် နည်းလမ်းသည် အဓိကဦးတည်ချက်ဖြစ်ပါမည်။ ကျန်းမာရေးအစုအဖွဲ့သည် ကူးစက်ရောဂါဖြစ်ပွားမှုများကို အချိန်နှင့်တပြေးညီ စုံစမ်း ဖော်ထုတ်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းထားသော တုံ့ပြန်ရေးလုပ်ငန်းများတွင် ပါဝင် ချက်များ၊ နည်းလမ်းများ၊ သင်တန်းများ၊ ကြီးကြပ်မှုများ၊ ဒေသအလိုက်ပေါင်းစပ်ညှိနှိုင်းပေးခြင်းစသည်ဖြင့်) ချိတ်ဆက်ပါဝင်ပါမည်။ |

## အာဟာရ

| ရန်ပုံငွေထောက်ပံ့မှု အဆင့် | ဦးစားပေးရမည့် လုပ်ငန်းများ/ဒေသများ/လူဦးရေအုပ်စုများနှင့် ရပ်ဆိုင်းရမည့် လုပ်ငန်းများ/ဒေသများ/လူဦးရေအုပ်စုများ |
|---|---|
| ရန်ပုံငွေလိုအပ်ချက်၏ ၇၅% ကို ရရှိပါက | ကျန်းမာရေးအစုအဖွဲ့သည် လွှဲပြောင်းပေးရေးလုပ်ငန်းများကို ငွေကြေးထောက်ပံ့ ပေးခြင်း၊ ဆေးနှင့် ဆေးပစ္စည်းများလှူဒါန်းခြင်းအပါအဝင် ဦးစားပေးထားသော အသက် ကယ်ဆယ်ရေးဆိုင်ရာ ကျန်းမာရေးဝန်ဆောင်မှုများကို ထောက်ပံ့ပေးအပ်ပါမည်။ ကူးစက်ရောဂါဖြစ်ပွားမှုနှင့် အခြားသော ကျန်းမာရေးဆိုင်ရာ အရေးပေါ် အခြေအနေ များကို အချိန်နှင့်တပြေးညီ စုံစမ်းဖော်ထုတ်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းထားသော တုံ့ပြန် ရေးလုပ်ငန်းများတွင် ပါဝင်ကူညီပါမည်။ ထို့နောက် ကျန်းမာရေးမိတ်ဖက်အဖွဲ့များ၏ စွမ်းဆောင်ရည် တည်ဆောက်ရေးတွင် (လမ်းညွှန်ချက်များ၊ နည်းလမ်းများ၊ သင်တန်း များ၊ ကြီးကြပ်မှုများ၊ ဒေသအလိုက် ပေါင်းစပ်ညှိနှိုင်းပေးခြင်းစသည်ဖြင့်) ချိတ်ဆက်ပါ ဝင်ပါမည်။ |

| **ရန်ပုံငွေထောက်ပံ့မှု အဆင့်** | **ဦးစားပေးရမည့် လုပ်ငန်းများ/ဒေသများ/လူဦးရေအုပ်စုများနှင့် ရပ်ဆိုင်းရမည့် လုပ်ငန်းများ/ဒေသများ/လူဦးရေအုပ်စုများ** |
| --- | --- |
| ရန်ပုံငွေလိုအပ်ချက်၏ ၅၀% ကို ရရှိပါက | ကျန်းမာရေးအစုအဖွဲ့သည် လွှဲပြောင်းပေးရေးလုပ်ငန်းများကို ငွေကြေးထောက်ပံ့ ပေးခြင်း၊ ဆေးနှင့် ဆေးပစ္စည်းများလှူဒါန်းခြင်းအပါအဝင် ဦးစားပေးထားသော အသက် ကယ်ဆယ်ရေးဆိုင်ရာ ကျန်းမာရေး ဝန်ဆောင်မှုများကို ထောက်ပံ့ပေးအပ်ပါမည်။လူနာ ကိုယ်တိုင်စီမံခန့်ခွဲကုသနိုင်သည့်စွမ်းရည်ရှိစေရေးနှင့် အဝေးမှကုသသည့် နည်း လမ်း ကို အသုံးပြုနိုင်ရေးအတွက် ပညာပေးလုပ်ငန်းများကို အလေးထား ဆောင်ရွက်ခြင်း သည် လူသားချင်းစာနာမှုအကူအညီ၏ အဓိကဦးတည်ချက်ဖြစ်ပါမည်။ ကျန်းမာရေး အစုအဖွဲ့သည် ကူးစက်ရောဂါဖြစ်ပွားမှုနှင့် အခြားသောကျန်းမာရေး ဆိုင်ရာ အရေးပေါ် အခြေအနေများကို အချိန်နှင့်တပြေးညီ စုံစမ်းဖော်ထုတ်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းထား သော တုံ့ပြန်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီပါမည်။ ထို့နောက် ကျန်းမာရေးမိတ်ဖက် အဖွဲ့များ၏ စွမ်းဆောင်ရည်တည်ဆောက်ရေးတွင်(လမ်းညွှန်ချက် များ၊ နည်းလမ်းများ၊ သင်တန်းများ၊ ကြီးကြပ်မှုများ၊ ဒေသအလိုက်ပေါင်းစပ်ညှိနှိုင်း ပေးခြင်း စသည်ဖြင့်) ချိတ်ဆက်ပါဝင်ပါမည်။ |
| ရန်ပုံငွေလိုအပ်ချက်၏ ၂၅% ကိုသာ ရရှိပါက | ကျန်းမာရေးအစုအဖွဲ့သည် အသက်ကယ်ဆယ်ရေးဆိုင်ရာ အခြေခံကျန်းမာရေး စောင့်ရှောက်မှုကို ဦးတည်လျက်၊ ဦးစားပေးထားသော ကျန်းမာရေးဝန်ဆောင်မှုများကို ဆက်လက်ထောက်ပံ့ပေးအပ်ပါမည်၊ လွှဲပြောင်းပေးရေးလုပ်ငန်းများကို ငွေကြေး ထောက်ပံ့ပေးခြင်း၊ ဆေးနှင့် ဆေးပစ္စည်းများလှူဒါန်းခြင်းတို့ကိုလည်း ဆက်လက် ဆောင်ရွက်ပါမည်။ သို့ရာတွင် ရန်ပုံငွေလိုအပ်ချက်၏ ၂၅% ကိုသာရရှိပါက၊ လူနာ ကိုယ်တိုင် စီမံခန့်ခွဲကုသနိုင်သည့်စွမ်းရည်ရှိစေရေးအတွက် ပညာပေးလုပ်ငန်းများကို အလေးထားပြီး၊ အဝေးမှကုသသည့် နည်းလမ်းသည် အဓိကဦးတည်ချက်ဖြစ်ပါမည်။ ကျန်းမာရေးအစုအဖွဲ့သည် ကူးစက်ရောဂါဖြစ်ပွားမှုများကို အချိန်နှင့်တပြေးညီ စုံစမ်း ဖော်ထုတ်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းထားသော တုံ့ပြန်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီ ပါမည်။ ထို့နောက် ကျန်းမာရေးမိတ်ဖက်အဖွဲ့များ၏ စွမ်းဆောင်ရည် တည်ဆောက် ရေး တွင် (လမ်းညွှန်ချက်များ၊ နည်းလမ်းများ၊ သင်တန်းများ၊ ကြီးကြပ်မှုများ၊ ဒေသအလိုက်ပေါင်းစပ်ညှိနှိုင်းပေးခြင်းစသည်ဖြင့်) ချိတ်ဆက်ပါဝင်ပါမည်။ |

**ကာကွယ်စောင့်ရှောက်ရေး**

| **ရန်ပုံငွေထောက်ပံ့မှု အဆင့်** | **ဦးစားပေးရမည့် လုပ်ငန်းများ/ဒေသများ/လူဦးရေအုပ်စုများနှင့် ရပ်ဆိုင်းရမည့် လုပ်ငန်းများ/ဒေသများ/လူဦးရေအုပ်စုများ** |
| --- | --- |
| ရန်ပုံငွေလိုအပ်ချက်၏ ၇၅% ကို ရရှိပါက | ကာကွယ်စောင့်ရှောက်ရေးအစုအဖွဲ့သည် အသက်ကယ်ဆယ်ရေးဆိုင်ရာ ကာကွယ် စောင့်ရှောက်ရေး ဝန်ဆောင်မှုများ၊ ရပ်ရွာလူထုအခြေပြုသည့် ကာကွယ်စောင့်ရှောက် ရေး၊ ဥပဒေရေးရာအကူအညီနှင့် အကြမ်းဖက်မှုမှ ရှင်သန်ကျန်ရစ်သူများ သို့မဟုတ် ထိခိုက်ခံရသူများအတွက် အကူအညီတို့ကို ဦးစားပေးဆောင်ရွက်ပါမည်။ ဆိုလိုသည်မှာ အခြားသော ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်နိုင်တော့ မည်မဟုတ်ဘဲ၊ လျာထားသည့် ဒေသများအားလုံးရှိ ကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ အန္တရာယ်များကို ပိုဆိုးစေပါလိမ့်မည်။ |
| ရန်ပုံငွေလိုအပ်ချက်၏ ၅၀% ကို ရရှိပါက | ဦးစားပေးသတ်မှတ်ထားသည့် ဒေသများနှင့် လျာထားသည့် လူဦးရေအုပ်စုများအတွင်း လျာထားမှု အရေအတွက် လျော့နည်းသွားပါမည်။ IDP များ၊ နေရပ်စွန့်ခွာရခြင်းမရှိ သည့် နိုင်ငံမဲ့သူများကို ဦးစားပေးပါမည်။ ရေရှည်အတွက် ကြိုတင်ကာကွယ်ရေးနှင့် လုပ်ပိုင်ခွင့်ပေးရေးစီမံကိန်းများ မရေးဆွဲမီတွင် ချက်ချင်းဆောင်ရွက်ရမည့် အသက် ကယ်ဆယ်ရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပါမည်။ |
| ရန်ပုံငွေလိုအပ်ချက်၏ ၂၅% ကိုသာ ရရှိပါက | အကူအညီလုပ်ငန်းများသည် ဖယ်ကြဉ်မှုအခံရဆုံးဒေသများကို ဦးတည်မည်ဖြစ်ပြီး၊ IDP များနှင့် နေရပ်စွန့်ခွာရခြင်းမရှိသည့် နိုင်ငံမဲ့သူများကိုသာ ဖြန့်ကြက်ရောက်ရှိပါ မည်။ ကလေးသူငယ်များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ မြေမြှုပ်မိုင်း/ERW ကြောင့် ထိခိုက်ခံရသူများ၊ အကြမ်းဖက်မှု/အလွဲသုံးမှု/ခေါင်းပုံဖြတ်မှု/ဆိုးရွားသော ကျူးလွန်မှုများမှ ရှင်သန်ကျန်ရစ်သူများအပါအဝင် အန္တရာယ်ဖြစ်နိုင်ခြေမြင့်မားပြီး ဆိုးရွားသော ထိခိုက်လွယ်မှုများကို ရင်ဆိုင်နေရသူများအား ဦးစားပေးပါမည်။ လတ်တလောလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် ကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ အန္တရာယ်များ၊ ရရှိနိုင်သော ဝန်ဆောင်မှုများနှင့်စပ်လျဉ်းသည့် အရေးကြီး အချက်အလက်များနှင့် အသိနိုးကြားစေရေးလုပ်ငန်းများကို ထောက်ပံ့ပေးနိုင်ရန်အတွက် အကူအညီလုပ်ငန်းများသည် အရေးပေါ် အသက်ကယ်ဆယ်ရေးဖြစ်ပြီး၊ တစ်ကြိမ်တည်းဖြင့် ပြီးစီးကာ ဖြန့်ကြက်ရောက်ရှိမှုများပြားရန် ဦးတည်ပါမည်။ |

**ခိုလှုံရာ/ အသုံးအဆောင်ပစ္စည်း/ စခန်းစီမံခန့်ခွဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေး (Shelter/NFI/CCCM)**

| ရန်ပုံငွေထောက်ပံ့မှု အဆင့် | ဦးစားပေးရမည့် လုပ်ငန်းများ/ဒေသများ/လူဦးရေအုပ်စုများနှင့် ရပ်ဆိုင်းရမည့် လုပ်ငန်းများ/ဒေသများ/လူဦးရေအုပ်စုများ |
|---|---|
| ရန်ပုံငွေလိုအပ်ချက်၏ ၇၅% ကို ရရှိပါက | Shelter/NFI/CCCM အစုအဖွဲ့သည် မရှိမဖြစ်လိုအပ်သော စခန်းစီမံခန့်ခွဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးဆိုင်ရာ တုံ့ပြန်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီး၊ လတ်တလောတွင်မှ နေရပ်စွန့်ခွာရသူများ အတွက် အရေးပေါ် ခိုလှုံရာများကို ဦးစားပေးထောက်ပံ့ပေးကာ၊ ကြားကာလဖြေရှင်းနည်းများကို ပံ့ပိုး ကူညီပေးသွားပါမည်။ သို့ရာတွင် ခိုလှုံရာနှင့် အသုံးအဆောင်ပစ္စည်း အကူအညီများမှာ အကန့်အသတ်ရှိနိုင် သည့်အတွက် သိက္ခာရှိစွာ နေထိုင်နိုင်ရေးအခြေအနေများဖန်တီးပေးရာတွင် စိုးရိမ်မှုများ ရှိနေပါသည်။ သဘာ ဝဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးအတွက် ထောက်ပံ့ပစ္စည်းများအား ကြိုတင်နေရာချထားခြင်းလုပ်ငန်း များနှင့်အတူ နေရပ်ပြန်ရသူများအတွက် ကြားကာလဖြေရှင်းနည်းများကို လည်းကောင်း၊ မိတ်ဖက်အဖွဲ့များနှင့် ရပ်ရွာလူထုအတွက် စွမ်းဆောင်ရည်တည်ဆောက်ရေးလုပ်ငန်းများကိုလည်းကောင်း ဦးတည်ဆောင်ရွက်ရန် အရေးကြီးနေဆဲဖြစ်သည်။ ရန်ပုံငွေအကန့်အသတ်ရှိခြင်းသည် အကူအညီ၏ အရည်အသွေးကို ထိခိုက်စေနိုင် ပြီး၊ အရည်အသွေးထက် အရေအတွက်ကို ပိုမိုအလေးထားရမည့် အနေအထားသို့ ရောက်ရှိစေနိုင်သည်။ |
| ရန်ပုံငွေလိုအပ်ချက်၏ ၅၀% ကို ရရှိပါက | Shelter/NFI/CCCM အစုအဖွဲ့သည် မရှိမဖြစ်လိုအပ်သော စခန်းစီမံခန့်ခွဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးဆိုင်ရာ အကူအညီများကို ဦးစားပေးမည်ဖြစ်ပြီး၊ စခန်းလည်ပတ်စရိတ်များနှင့် အရေးပေါ်အမိုးအကာ ထောက်ပံ့မှု တို့ ကို အလေးထားပါမည်။ သို့ရာတွင် ရန်ပုံငွေအကန့်အသတ်များ ရှိခြင်း သည် အဆောက်အဦသစ်တည်ဆောက် ခြင်း၊ အမိုးအကာအစားထိုး လဲလှယ်ခြင်းနှင့် အဆောက်အဦပြုပြင်ထိန်းသိမ်းခြင်းတို့အပေါ် သက်ရောက်မှုရှိပါ မည်။ အသုံးအဆောင်ပစ္စည်း အကူအညီမှာလည်း အကန့်အသတ်ရှိမည်ဖြစ်ပြီး၊ အရေးကြီးသော လိုအပ်ချက် များကိုသာ ဦးတည်ပါမည်။ မုတ်သုန်ရာသီအတွက် ထောက်ပံ့ပစ္စည်း ကြိုတင်နေရာချထားခြင်းလုပ်ငန်းမှာ အရေးကြီးဆဲဖြစ်သည်။ ဘတ်ဂျက် အကန့်အသတ် ရှိသည့်ကြားမှပင် လူမှုဆိုင်ရာ ပေါင်းစည်းညီညွတ်မှုနှင့် ရပ်ရွာလူထု ဦးဆောင်သည့် စီမံကိန်းများကို ဆက်လက်လျာထားမည်ဖြစ်ပြီး၊ ကာလရှည်ကြာ နေရပ်စွန့်ခွာနေရ သူများအတွက် အကူအညီထောက်ပံ့ပေးရာတွင် အခက်အခဲဖြစ်စေနိုင်သည်။ |
| ရန်ပုံငွေလိုအပ်ချက်၏ ၂၅% ကိုသာ ရရှိပါက | Shelter/NFI/CCCM အစုအဖွဲ့သည် နေရပ်စွန့်ခွာရသူအသစ်များ သို့မဟုတ် အကြိမ်ကြိမ် နေရပ်စွန့်ခွာနေရ သူများအတွက် အရေးပေါ်ကာလ အမိုးအကာ၊ အသုံးအဆောင်ပစ္စည်းနှင့် စခန်းစီမံခန့်ခွဲရေးနှင့် ပေါင်းစပ်ညှိနှိုင်း ရေး ဆိုင်ရာစွမ်းဆောင်ရည်လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ပါမည်။ သို့ရာတွင် အခြေခံလိုအပ်ချက်များ နှင့်အနိမ့်ဆုံးစံချိန်စံညွှန်းများကို ဖြည့်ဆည်းနိုင်မည်မဟုတ်ဘဲ၊ ဘေးဒဏ်ခံရသည့်ပြည်သူများစွာတို့အတွက် လည်း အမိုးအကာနှင့် အသုံးအဆောင်ပစ္စည်းများကို မထောက်ပံ့ပေးနိုင်တော့ပါ။ ပိုမိုများပြားသောမိသားစု များသည် လူနေထူထပ် ကျပ်တည်းသော ခိုလှုံရာနေရာများတွင် နေရပြီး၊ ရာသီဥတုအေးသော ဒေသများတွင် ဆောင်းရာသီသုံး ပစ္စည်းများကို ရရှိကြမည်မဟုတ်ပါ။ |

**ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေး (WASH)**

| ရန်ပုံငွေထောက်ပံ့မှု အဆင့် | ဦးစားပေးရမည့် လုပ်ငန်းများ/ဒေသများ/လူဦးရေအုပ်စုများနှင့် ရပ်ဆိုင်းရမည့် လုပ်ငန်းများ/ဒေသများ/လူဦးရေအုပ်စုများ |
|---|---|
| ရန်ပုံငွေလိုအပ်ချက်၏ ၇၅% ကို ရရှိပါက | WASH အစုအဖွဲ့သည် ပြည်နယ်/တိုင်းဒေသကြီး (၁၅) ခုလုံးရှိ လျာထားသော ဒေသများ တွင် ဝန်ဆောင်မှု နှင့်ပစ္စည်းထောက်ပံ့ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ပါမည်။ သို့သော်ဖြန့်ကြက်ရောက်ရှိမှုမှာမူ လျော့နည်းသွားပါမည်။ ထိခိုက်လွယ်မှုမြင့်မားသည့် လတ်တလောတွင်မှ နေရပ်စွန့်ခွာရသူများနှင့် နေရပ်စွန့်ခွာ ရခြင်းမရှိသည့် နိုင်ငံမဲ့သူ များအပါအဝင် လူဦးရေ (၄၀၇၀၀၀) ခန့်သည် အရေးကြီးသော အသက်ကယ်ဆယ် ရေး အကူအညီများကို ရရှိတော့မည်မဟုတ်ပါ။ IDP များနှင့် အခြားသော ထိခိုက်လွယ် သည့် အကျပ်အတည်း ဒဏ်သင့်ပြည်သူများ အတွက် ရေကို ကား/လှေဖြင့် သယ်ပို့ပေး ခြင်း၊ အိမ်သာတည်ဆောက်ပေးခြင်း၊ ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေးပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများ ဖြန့်ဝေပေး ခြင်း၊ ရေနှင့်မိလ္လာစနစ်များအား အသေးစားပြန်လည် ပြုပြင်ခြင်းစသည့် ဝန်ဆောင်မှုများကို ဦးစားပေးအဖြစ် မ ဆောင်ရွက်နိုင်ခြင်းနှင့် အသက်ကယ်ဆယ်ရေးအကူအညီများ အကန့်အသတ်ရှိခြင်းတို့ ဖြစ်လာနိုင်ပါသည်။ |

| ရန်ပုံငွေထောက်ပံ့မှု အဆင့် | ဦးစားပေးရမည့် လုပ်ငန်းများ/ဒေသများ/လူဦးရေအုပ်စုများနှင့် ရပ်ဆိုင်းရမည့် လုပ်ငန်းများ/ဒေသများ/လူဦးရေအုပ်စုများ |
| --- | --- |
| ရန်ပုံငွေလိုအပ်ချက်၏ ၅၀% ကို ရရှိပါက | WASH အစုအဖွဲ့သည် ပမာဏနှင့် ဖြန့်ကြက်ရောက်ရှိမှု လျော့နည်းစွာဖြင့် လုပ်ငန်း ဆောင်ရွက်ပါမည်။ လူဦးရေ (၈၁၅၀၀၀) ခန့်သည် ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေး ဆိုင်ရာ အသက်ကယ်ဆယ် ရေးဝန်ဆောင်မှုများကို မရရှိနိုင်တော့ဘဲ၊ ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေး နှင့်ဆက်စပ်နေသည့် ရောဂါဖြစ်ပွားမှု များအား လျှော့ချနိုင်ရန်အတွက် သောက်ရေသန့်၊ အညစ်အကြေးစွန့်စနစ်နှင့် တကိုယ်ရေကျန်းမာရေးပစ္စည်းကဲ့သို့သော မရှိမဖြစ်လိုအပ်ချက်များအပေါ် သက်ရောက် စေပါလိမ့်မည်။ ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေး ဝန်ဆောင်မှုများသည် SPHERE နှင့် ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေး အစုအဖွဲ့၏ အနိမ့်ဆုံးစံချိန်စံညွှန်းများကို မပြည့်မီနိုင်တော့ဘဲ၊ ဂုဏ်သိက္ခာရှိမှု၊ ကျားမရေးရာ ထိရှလွယ်စွာစဉ်းစားမှု၊ ကာကွယ်စောင့်ရှောက်ရေးနှင့် AAP လုပ်ငန်းများကို ထိခိုက် နိုင်ပါသည်။ အကူအညီလျှော့ချရခြင်းကြောင့် IDP များနှင့် ရခိုင်ပြည်နယ်ရှိ နိုင်ငံမဲ့ သူများအတွက်လည်းကောင်း၊ အခြားထိခိုက်လွယ်သော အကျပ်အတည်းဒဏ်ခံပြည်သူ များ အတွက်လည်းကောင်း ရေပေးဝေရေးနှင့် မိလ္လာစနစ်ပြုပြင်ရေးကဲ့သို့သော တုံ့ပြန်လုပ်ငန်းများကိုလည်း အကန့်အသတ်ဖြစ်စေနိုင်သည်။ |
| ရန်ပုံငွေလိုအပ်ချက်၏ ၂၅% ကိုသာ ရရှိပါက | ဦးစားပေးများထပ်မံသတ်မှတ်၍ ကာလရှည်ကြာနေရပ်စွန့်ခွာမှုရှိနေသည့် ဒေသများ တွင် ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေး  လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပါမည်။ ဤရန်ပုံငွေရရှိမှု အဆင့် တွင် ဒေသအားလုံးရှိ ထိခိုက်လွယ်ပြည်သူ (၁၂၂၀၀၀) ခန့်သည် ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေး အကူအညီ များကို အကန့်အသတ်ဖြင့်/အနိမ့်ဆုံးအတိုင်းအတာဖြင့်သာ လက်ခံရရှိကြမည်ဖြစ်ပြီး၊ WASH အစုအဖွဲ့သည် အဆုံးစွန်ဖြစ်ရပ်များတွင် အရေးပေါ်ကာလအသက်ကယ်ဆယ် ရေးဆိုင်ရာ လုပ်ငန်းများကိုသာ အဓိကအားဖြင့် ဦးစားပေးဆောင်ရွက်ပါမည်။ ထိုအခါ SPHERE နှင့် WASH အစုအဖွဲ့၏ အနိမ့်ဆုံးစံချိန်စံညွှန်းများကို မပြည့်မီနိုင်တော့ဘဲ၊ ဂုဏ်သိက္ခာရှိမှု၊ ကျားမရေးရာထိရှလွယ်စွာစဉ်းစားမှု၊ ကာကွယ်စောင့်ရှောက်ရေး၊ AAP နှင့် အခြားအဓိကနယ်ပယ်များကို ထိခိုက်နိုင်ပါသည်။ မစင်မှတဆင့် ကူးစက်သည့် ရောဂါများကဲ့သို့သော ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေး နှင့်ဆက်စပ်သည့် ရောဂါများဖြစ်ပွားနိုင်ခြေ မြင့်တက် လာပြီး၊ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို အကျပ်အတည်းဖြစ်စေနိုင်သည်။ ရေကို ကား/လှေဖြင့်သယ်ပို့ပေးခြင်း၊ ရေပေးဝေရေး၊ အိမ်သာတည်ဆောက်ပေးခြင်း၊ အန္တရာယ်ဖြစ်နိုင်ခြေအလွန်အမင်းမြင့်မားသည့် အုပ်စုများအတွက် ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေး ပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများ ပစ္စည်းများ ဖြန့်ဝေခြင်းစသည်တို့ပါဝင်သည့် တုံ့ပြန်ရေးလုပ်ငန်းများကို ပဋိပက္ခဒဏ်ခံပြည်သူများအတွက်သာ အရေးကြီးသော အသက်ကယ်ဆယ်ရေးလုပ်ငန်းများ အဖြစ် အလွန်ကန့်သတ်၍ ပေးအပ်ထောက်ပံ့ရပါမည်။ |

# ၄.၄။ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်သူများက ရန်ပုံငွေလုံလောက်စွာ မရှာဖွေနိုင်ပါက ဖြစ်လာနိုင်သည့် လူသားချင်းစာနာမှုဆိုင်ရာ အကျိုးဆက်များ

| ၂၀၂၅ ခုနှစ်တွင်၊ အဓိကအားဖြင့် အထိခိုက်လွယ်ဆုံးသူများပါဝင်နေသည့် မြန်မာနိုင်ငံရှိ ပြည်သူများသည် ရာသီဥတုပြောင်းလဲမှုအပါအဝင် သဘာဝနှင့် လူလုပ် ထိခိုက်မှုများနှင့် ဖိအားများကို ရင်ဆိုင်နိုင်ရန်အတွက် အကူအညီများကို လက်လှမ်းမီရရှိမှု၊ လုပ်ပိုင်ခွင့်ပေးထားသော ရပ်ရွာလူထု၏ ကြံ့ကြံ့ခံနိုင်မှုနှင့် စီးပွားရေးတို့ တိုးတက်လာပြီး၊ ငြိမ်းချမ်းရေး၏ မောင်းနှင်အားများ (Drivers of Peace) ခိုင်မာအားကောင်းလာစေရမည်။ | | | |
|---|---|---|---|
| မဟာဗျူဟာဦးစားပေး-၁ (SP 1) - အသက်ကယ်ဆယ်ရေးနှင့် အသက်အန္တရာယ် ကာကွယ်ပေးရေး။ | မဟာဗျူဟာဦးစားပေး-၂ (SP 2) - မရှိမဖြစ်သော လူမှုဝန်ဆောင်မှု စနစ်များ ရေရှည်တည်တံ့စေရေးနှင့် စနစ်များ၏ ကြံ့ကြံ့ခံနိုင်မှု တိုးတက်စေရေး။ | မဟာဗျူဟာဦးစားပေး-၃ (SP 3) – ပြည်သူများကို လုပ်ပိုင်ခွင့်ပေးရေးနှင့် ရပ်ရွာအဆင့် ကြံ့ကြံ့ခံနိုင်မှု ခိုင်မာအားကောင်းစေရေး။ | မဟာဗျူဟာဦးစားပေး-၄ (SP 4) – ငြိမ်းချမ်းရေး၏ မောင်းနှင်အားများ (Drivers of Peace) ခိုင်မာအားကောင်းလာစေရေး။ |
| မျှော်မှန်းရလဒ် (၁) - ၂၀၂၅ ခုနှစ် အကုန်တွင် လူသားချင်းစာနာမှု အကူအညီကို အလွန်အမင်း လိုအပ်နေသူများက ၎င်းတို့ရှင်သန်ရပ်တည်ရေးအတွက် အရေးကြီးသော အသက်ကယ်ဆယ်ရေး အထောက်အပံ့များနှင့် ကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုများကို ရရှိပြီးဖြစ်ရမည်။ | မျှော်မှန်းရလဒ် (၂) - ၂၀၂၅ ခုနှစ် အကုန်တွင် လူသားချင်းစာနာမှု အကူအညီကို အလွန်အမင်း လိုအပ်နေသူများက ၎င်းတို့ရှင်သန်ရပ်တည်ရေးအတွက် အရေးကြီးသော အသက်ကယ်ဆယ်ရေး အထောက်အပံ့များနှင့် ကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုများကို ရရှိပြီးဖြစ်ရမည်။ | မျှော်မှန်းရလဒ် (၃) - ၂၀၂၅ ခုနှစ် အကုန်တွင် လူသားချင်းစာနာမှု အကူအညီကို အလွန်အမင်း လိုအပ်နေသူများက ၎င်းတို့ရှင်သန်ရပ်တည်ရေးအတွက် အရေးကြီးသော အသက်ကယ်ဆယ်ရေး အထောက်အပံ့များနှင့် ကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုများကို ရရှိပြီးဖြစ်ရမည်။ | မျှော်မှန်းရလဒ် (၄) - ၂၀၂၅ ခုနှစ် အကုန်တွင် လူသားချင်းစာနာမှု အကူအညီကို အလွန်အမင်း လိုအပ်နေသူများက ၎င်းတို့ရှင်သန်ရပ်တည်ရေးအတွက် အရေးကြီးသော အသက်ကယ်ဆယ်ရေး အထောက်အပံ့များနှင့် ကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုများကို ရရှိပြီးဖြစ်ရမည်။ |

ဤ HNRP တွင်ဖော်ပြထားသော လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များတွင် မကြာမီ ရေးဆွဲပြီးစီး တော့မည့် မြန်မာနိုင်ငံအတွက် ကုလသမဂ္ဂကြားကာလပူးပေါင်းဆောင်ရွက်ရေးမူဘောင် (UNTCF) ၏ မဏ္ဍိုင် (၄) ခုအနက် တစ်ခုသာ ပါဝင်သည်။ UNTCF သည် အရေးကြီးသော လူသားချင်းစာနာမှုဆိုင်ရာလုပ်ငန်းများကို ဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးပါဝင်သူများက ဆောင်ရွက်သည့် ရပ်ရွာလူထု ဖွံ့ဖြိုးရေးနှင့် ကြံ့ကြံ့ခံနိုင်မှု တည်ဆောက်ရေးလုပ်ငန်းများနှင့် ချိန်ညှိပေးထားသည်။ အပြန်အလှန်အားဖြည့်ပေးနေသော ဤလုပ်ငန်းများသည် မြန်မာနိုင်ငံအား ကာလရှည်အတွက် ငြိမ်းချမ်းရေးနှင့် ဂုဏ်သိက္ခာပြန်လည်တည်ဆောက်နိုင်မည့် အခြေအနေများကို ဖော်ဆောင်ပေးမည့်အပြင်၊ ထိခိုက်လွယ်ပြည်သူများအား ပိုမိုဆိုးရွားသည့် လူသားချင်းစာနာမှု အခြေအနေများအတွင်းသို့ မကျရောက်အောင် ချက်ချင်းကာကွယ်ပေးရေးဟူသော လူသားချင်းစာနာမှု အသိုက်အဝန်းက ဖြေရှင်းနိုင်စွမ်းမရှိသည့် လုပ်ငန်းကိုလည်း ပြီးမြောက်စေမည်ဖြစ်သည်။ လူသားချင်းစာနာမှု လိုအပ်ချက်များ ပိုများလာသည့် လက်ရှိအခြေအနေကို ထိန်းသိမ်းထားနိုင်ခြင်းမရှိဘဲ၊ လူသားချင်းစာနာမှု ရန်ပုံငွေထောက်ပံ့နိုင်သည့် လက်တွေ့နယ်ပယ်ထက်ပင် ကျော်လွန်နေပါသည်။ ထို့ကြောင့် ပိုမိုဆိုးရွားသို့ အခြေအနေသို့ မရောက်ရှိစေရေးအတွက် အပြန်အလှန်အားဖြည့်ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေး ဆိုင်ရာ ရန်ပုံငွေများကို စုရုံးရှာဖွေရန် အရေးကြီးလာပါသည်။ လူမှုဆိုင်ရာ ပေါင်းစည်းခြင်းနှင့် အရပ်သားနေရာ ရယူမှုဆိုင်ရာ အစပျိုးစီမံကိန်းများသည် ကြုံတွေ့နေရသည့် ခြိမ်းခြောက်မှုများအား ပိုမိုကောင်းမွန်စွာ ရင်ဆိုင်ဖြေရှင်းနိုင်စွမ်းရှိသည့် ကြံ့ကြံ့ခံနိုင်သော ရပ်ရွာလူထုများကို ထောက်ပံ့ပေးမည့် အရေးကြီးသော ငြမ်းတိုင်များဖြစ်ကြသည်။ ဤလုပ်ငန်းများသည် ရေရှည်တွင် အကျပ်အတည်းကို ဖြစ်ပေါ်စေသည့် အရင်းခံ အကြောင်းရင်းများကို တိုက်ဖျက်ရာတွင်လည်း ကူညီပေးနိုင်ပါသည်။

ဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးတွင် ပါဝင်ဆောင်ရွက်နေသူများက TCF တွင် ဖော်ပြထားသည့် အပြန်အလှန်အားဖြည့် ပေးနေသော မဟာဗျူဟာဦးစားပေးများကို လုံလောက်စွာ ဆောင်ရွက်နိုင်စွမ်း မရှိပါက အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် မသန်စွမ်းသူများပါဝင်ပြီး ယခင်ကပင် ထိခိုက်လွယ်၍ ဖယ်ကြဉ်ခံထားရသည့် အုပ်စုများအပေါ် အဆိုးရွားဆုံးသော သက်ရောက်မှုများရှိလာမည်ဖြစ်ပြီး၊ ကဏ္ဍအားလုံးတွင် ကာကွယ် စောင့်ရှောက်ရေးဆိုင်ရာအန္တရာယ်များ ပိုမိုမြင့်တက်လာပါလိမ့်မည်။

## ပညာရေး

ပညာရေးအစုအဖွဲ့သည် ပညာရေးကဏ္ဍကိုယ်စားပြုအဖွဲ့ (ESRG) နှင့် ပညာရေးကဏ္ဍအလှူရှင် နှင့်မိတ်ဖက် များအဖွဲ့ကဲ့သို့သော အဓိကလမ်းကြောင်းများမှတဆင့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များနှင့် အားကောင်းစွာ ချိတ်ဆက်ဆောင်ရွက်နေသည်။ အဓိကဦးတည်ချက်မှာ လူသားချင်းစာနာမှုလုပ်ငန်းများဖြစ်ပြီး၊ ၂၀၂၄ ခုနှစ်တွင်လည်း ဆက်လက်ဆောင်ရွက်ပါမည်၊ သို့ရာတွင် အပြန်အလှန်အားဖြည့်ဆောင်ရွက်သော ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ချိတ်ဆက်ရန်နှင့် ရန်ပုံငွေထောက်ပံ့မှု ရရှိရန် အရေးကြီးပါသည်။

အပြန်အလှန်အားဖြည့်ပေးနေသော TCF မဟာဗျူဟာဦးစားပေးအချက်များ (အထူးသဖြင့် SP2) ကို ၂၀၂၄ ခုနှစ်တွင် ရန်ပုံငွေလုံလောက်စွာ ထောက်ပံ့ပေးနိုင်ခြင်းမရှိပါက၊ ဖြစ်လာနိုင်သော သက်ရောက်မှုများတွင် ပညာရေးဝန်ဆောင်မှုများကို လက်လှမ်းမီရရှိနိုင်ရန်အတွက် လူသားချင်းစာနာမှုအကူအညီလိုအပ်နေသည့် ကလေးသူငယ်အရေအတွက်သည် မထိန်းသိမ်းနိုင်သည့်အဆင့်အထိ သိသာထင်ရှားစွာ တိုးလာခြင်းလည်း ပါဝင်ပါသည်။ ဤအချက်သည် လက်ရှိအကူအညီလိုအပ်

နေသူများကို လုံလောက်စွာကူညီပေးရန်အတွက် လျော့နည်းလာနေသည့်ရန်ပုံငွေများဖြင့် ရုန်းကန်နေရသော ပညာရေးအစုအဖွဲ့အတွက် အရေးတကြီး ဖြေရှင်းရမည့် အကျိုးဆက်တစ်ခုဖြစ်လာပါလိမ့်မည်။ အကူအညီလိုအပ်သူဦးရေ ထပ်မံများပြားလာပါက၊ အရေးပေါ်ကာလ ပညာရေးအတွက် ကူညီထောက်ပံ့မှုများ ပြတ်တောက်သွားပြီး၊ ကလေးသူငယ်များသည် ပညာသင်ကြားရေးနှင့်တစ်နှစ်ဝေးကွာသွားတိုင်း ၎င်းတို့၏ အနာဂတ်အလားအလာများနှင့် စီးပွားရေးတွင် ပါဝင်ကူညီနိုင်မှုများအပေါ် ရေရှည်ဆိုးကျိုးများဆင့်ကဲဖြစ်ပေါ်စေပါလိမ့်မည်။

### စားနပ်ရိက္ခာဖူလုံရေး

စားနပ်ရိက္ခာဖူလုံရေးဆိုင်ရာ ဖွံ့ဖြိုးရေးမိတ်ဖက်များသည် စားနပ်ရိက္ခာဖူလုံရေးအစုအဖွဲ့၏ နိုင်ငံအဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့် ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းစဉ်များနှင့် မဟာဗျူဟာများတွင် ယခင်ကပင် ပေါင်းစည်းဆောင်ရွက်နေပြီး၊ စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးအဖွဲ့၊ NGO ဖိုရမ်နှင့် နည်းပညာဆိုင်ရာ အထူးလုပ်ငန်းအဖွဲ့များမှတဆင့် ပါဝင်နေကြခြင်းဖြစ်သည်။ စားနပ်ရိက္ခာဖူလုံရေးအစုအဖွဲ့သည် ၂၀၂၄ ခုနှစ်တွင် အရေးပေါ်ကာလ လူသားချင်းစာနာမှုဆိုင်ရာ စိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကျောင်းလိုအပ်ချက်များကို ဖော်ထုတ်ဖြေရှင်းရန် ဆက်လက်ဦးတည်ဆောင်ရွက်မည်ဖြစ်ပြီး၊ စားနပ်ရိက္ခာမလုံလောက်မှုနယ်ပယ်တွင် အပြန်အလှန်အားဖြည့်ဆောင်ရွက်မည့်လုပ်ငန်းများကိုမူ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များနှင့်ညှိနှိုင်း၍ စီစဉ်နေဆဲဖြစ် သည်။ ယင်းလုပ်ငန်းများတွင် အရေးကြီးစိုက်ပျိုးရေးသွင်းအားစုဈေးကွက်များအား ပိုမိုလက်လှမ်းမီစေခြင်း၊ စိုက်ပျိုးရေးအသိပညာပေးဝန်ဆောင်မှုများ ထောက်ပံ့ပေးခြင်း၊ စိုက်ပျိုးရေးမှသည် အစားအစာအထိ ထုတ်လုပ်သည့် စနစ်များနှင့် ထောက်ပံ့ရေးကွင်းဆက်များအထိ ပိုမိုခိုင်မာအားကောင်းစေခြင်းတို့ပါဝင်ကြသည်။

ရပ်ရွာလူထု၏ ကြိုတင်သတိပေးစနစ်ဆိုင်ရာ သတင်းအချက်အလက်များကို လက်လှမ်းမီမှုနှင့် အသုံးပြုနိုင်သည့် စွမ်းရည်တို့ တိုးတက်စေရေးအတွက် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများသည် ရပ်ရွာလူထုအခြေပြုသည့် DRR နှင့် ကြိုတင်မျှော်မှန်းထားသော လုပ်ငန်းများကို ဦးတည်ထားပြီး၊ မြန်မာနိုင်ငံ ဒေသအများအပြားရှိ ထိခိုက်လွယ်အိမ်ထောင်စုများက နှစ်စဉ်ရင်ဆိုင်နေရသည့် သဘာဝဘေးများကြောင့် ထိခိုက်မှုများကို လျှော့ချပေးနိုင်ပါမည်။ ဤကွာဟချက်ကို နည်းပါးစေရန်ဆောင်ရွက်ပေးခြင်းဖြင့် ကနဦးကယ်ဆယ်ရေးအကူအညီ မပေးမီအချိန်တွင်လည်းကောင်း၊ ကနဦးကယ်ဆယ်ရေးအကူအညီပေးပြီးချိန်တွင်လည်းကောင်း ရေရှည်အတွက် ပိုမိုသက်ရောက်မှုရှိသောအကူအညီများကို ထောက်ပံ့ပေးနိုင်မည်ဖြစ်သည်။

TCF အရ ဆောင်ရွက်သည့် စိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ စီမံကိန်းများကို ရန်ပုံငွေ လုံလောက်စွာ ထောက်ပံ့ပေးနိုင်ခြင်းမရှိပါက၊ ချောက်ကမ်းပါးစွန်းတွင်ရောက်နေပြီဖြစ်သည့် ပြည်သူများသည် စားနပ်ရိက္ခာမလုံလောက်မှုဆီသို့ ကျရောက်သွားပြီး၊ ရေရှည်အကျိုးမရှိသောဖြေရှင်းနည်းများကို မဖြစ်မနေပိုမိုရွေးချယ်လာရကာ၊ ရန်ပုံငွေထောက်ပံ့မှု လုံလောက်စွာ ရရှိထားခြင်းမရှိသည့် လူသားချင်းစာနာမှုဆိုင်ရာ စားနပ်ရိက္ခာအကူအညီများပေါ်တွင်သာ ပိုမိုမှီခိုလာရမည်ဖြစ်သည်။ စားနပ်ရိက္ခာဖူလုံရေးအစုအဖွဲ့သည် ၂၀၂၄ ခုနှစ်တွင် လိုအပ်သည့်ရန်ပုံငွေကို အပြည့်အဝရရှိခဲ့လျှင်ပင် စားနပ်ရိက္ခာလုံလောက်မှုမရှိသည့် လူဦးရေ၏ ၁၈% ကိုသာ လွှမ်းခြုံကူညီပေးနိုင်မည့် အခြေအနေတွင် ရှိနေသည်ဖြစ်ရာ၊ ဒုက္ခရောက်နေသည့်လူဦးရေထပ်တိုးလာပါကအခြေအနေများပိုမိုဆိုးရွားသွားပါလိမ့်မည်။

### ကျန်းမာရေး

ကျန်းမာရေးအစုအဖွဲ့သည် ယခင်သမိုင်းတလျှောက်လုံးတွင် မြန်မာနိုင်ငံ HRP ၌ပါဝင်ခဲ့သည့်လုပ်ငန်းအချို့ကို TCF သို့ ကူးပြောင်းဆောင်ရွက်နေရာ၊ ယင်းတို့တွင် ကာကွယ်ဆေးထိုးခြင်းစီမံကိန်းများကဲ့သို့သော နိုင်ငံအဆင့်ကျန်းမာရေးစနစ်များအား ခိုင်မာအားကောင်းစေမည့် လုပ်ငန်းများ၊ ထိရောက် ဘေးကင်း၍ ပြည်သူကို ဗဟိုပြုသော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပါဝင်ကြသည်။ ကျန်းမာရေးကဏ္ဍပါဝင်ဆောင်ရွက်သူများ သည် ကျန်းမာရေးစောင့်ရှောက်ပေးသည့် ဆေးရုံဆေးခန်းများပျက်စီးခြင်း၊ ရေပေးဝေရေးစနစ်များပျက်စီးခြင်း၊ စိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ စီမံကိန်းများ မဆောင်ရွက်နိုင်တော့ခြင်းတို့အပါအဝင် လက်ရှိကျန်းမာရေးအကျပ်အတည်းကြောင့် ထိခိုက်ခံရသူများအား ရေရှည် ပြန်လည်ကောင်းမွန်လာစေရေး အတွက် မရှိမဖြစ်လိုအပ်သော အခြေခံအဆောက်အဦတိုးတက်စေရေးလုပ်ငန်းများကို TCF မှတဆင့် ထောက်ပံ့ပေးရန် မျှော်လင့်ထားကြသည်။

TCF ၏ မဟာဗျူဟာဦးစားပေးအချက်များ (အထူးသဖြင့် SP2 နှင့် SP3) အား ရန်ပုံငွေလုံလောက်စွာ ထောက်ပံ့ပေးနိုင်ခြင်းမရှိပါက ကျန်းမာရေးကဏ္ဍတွင် ဖြစ်ပေါ်လာမည့် ထိခိုက်မှုများမှာ ကြီးမားပါသည်။ မဟာဗျူဟာဦးစားပေးအချက် SP2 အရ ကျန်းမာရေးစနစ်များကို ခိုင်မာအားကောင်းအောင်ဆောင်ရွက်ရန် ပျက်ကွက်ခြင်းသည် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အခြေခံအဆောက်အဦများကို ထပ်မံအားနည်းစေပြီး၊ လက်ရှိတွင် မရှိမဖြစ်သော ကျန်းမာရေးဝန်ဆောင်မှုများကို လက်လှမ်းမီရရှိနေသည့် အနည်းငယ်သော လူများအတွက်ပင် ယင်းဝန်ဆောင်မှုများအား ရယူနိုင်မှုကို ထိခိုက်စေပါလိမ့်မည်။ တချိန်တည်းတွင် SP3 သည်လည်း ကျန်းမာရေးဆိုင်ရာအကျပ်အတည်းများအား အခြေခံအဆင့်တွင်ပင် ကြိုတင်တားဆီးကာကွယ်ရေး အတွက်အရေးကြီးပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ မဆောင်ရွက်နိုင်ခြင်းနှင့် ရန်ပုံငွေထောက်ပံ့မှုနည်းပါးခြင်း၏ အကျိုးဆက်များတွင် ကြိုတင်ကာကွယ်၍ရသော ရောဂါဖြစ်ပွားမှုများတိုးလာခြင်းလည်းပါဝင်ပြီး၊ နောက်ခံလူမှု ဆိုင်ရာအချက်များကို ဖော်ထုတ်ဖြေရှင်းပေးသည့် ရေရှည်တည်တံ့သော ဖြေရှင်းနည်းများမရှိပါက ပိုဆိုးလာမည် ဖြစ်သည်။ မရှိမဖြစ်သော ကျန်းမာရေးစောင့်ရှောက်မှုကို လက်လှမ်းမမီနိုင်သည့် လူဦးရေ ပိုများလာသည်နှင့်အမျှ အိမ်နီးချင်းနိုင်ငံများအတွက်ပင် ဒေသတွင်းသက်ရောက်မှုများရှိလာနိုင်သည့် ကျန်းမာရေးခြိမ်းခြောက်မှုများကို တွေ့ကြုံနေရသည့် ပြည်သူများ၏ ဒုက္ခခံစားရမှုများ၊ ရောဂါဖြစ်ပွားနှုန်းနှင့် သေဆုံးနှုန်းတို့ တဟုန်ထိုးမြင့်တက် လာဖွယ်ရှိနေပါသည်။

### အာဟာရ

TCF ကိုရှုထောင့်စုံမှ အပြည့်အဝအကောင်အထည်ဖော်ခြင်းသည် အထူးသဖြင့် "အခြားသော အကျပ်အတည်း ဒဏ်သင့်" ရပ်ရွာပြည်သူများအတွက် လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးလုပ်ငန်းဖြင့် လွှမ်းခြုံကူညီနိုင်ခြင်း မရှိသည့် အာဟာရချို့တဲ့မှုကြိုတင်တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထောက်ပံ့ပေးရာတွင် အရေးကြီးပါသည်။ အာဟာရအစုအဖွဲ့သည် လူသားချင်းစာနာမှုပါဝင်ဆောင်ရွက်သူများနှင့် ဖွံ့ဖြိုးရေးဆိုင်ရာပါဝင်ဆောင်ရွက်သူများ အကြားရှိ လက်ရှိပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များကို ပိုမိုအားကောင်းအောင်ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ လူသားချင်း စာနာမှုနှင့် ဖွံ့ဖြိုးရေးအာဟာရဆိုင်ရာ လုပ်ငန်းများအားလုံးတွင် တဆက်တစပ်တည်းစောင့်ရှောက်မှု ပေးစွမ်းနိုင်

ရန်အတွက် ဆက်စပ်အုပ်စုဖြင့် လုပ်ငန်းဆောင်ရွက်ခြင်းကဲ့သို့သော ရေရှည်တည်တံ့သည့် ဖြေရှင်း နည်းများ တည်ထောင်နိုင်ရေးအတွက် ပူးပေါင်းကြိုးပမ်းအားထုတ်သွားပါမည်။

TCF သည် ရန်ကုန်၊ မြန်မာနိုင်ငံအလယ်ပိုင်းဒေသနှင့် အရှေ့တောင်ပိုင်းဒေသများရှိ မြို့ပြနှင့်ဆင်ခြေဖုံးရပ်ကွက်များတွင် အာဟာရဆိုင်ရာ အထွေထွေတုံ့ပြန်ရေးစီမံကိန်းများ ဆောင်ရွက်ခြင်းနှင့် အသက်မွေးဝမ်းကျောင်း ကူညီရေးစီမံကိန်းများအား တိုးချဲ့ခြင်းတို့အတွက် အရေးပါသော ချိတ်ဆက်မှုတစ်ခုအဖြစ် ဆောင်ရွက်ပေးပါသည်။ HNRP ၏ လွှမ်းခြုံနယ်ပယ်ပြင်ပတွင် အာဟာရဆိုင်ရာလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်၍ ထောက်ပံ့ ပေးနိုင်ရေးအတွက် အာဟာရဆိုင်ရာပါဝင်ဆောင်ရွက်သူများပူးပေါင်း၍ အားကောင်းစွာဖြင့် တိုက်တွန်းလှုံ့ဆော် သွားရန် ဦးစားပေးပါမည်။

TCF ၏ အခြားသော မဟာဗျူဟာဦးစားပေးအချက်များအား ရန်ပုံငွေလုံလောက်စွာ ထောက်ပံ့ပေးနိုင်ခြင်း မရှိပါက၊ ပိုမိုများပြားသော ကလေးသူငယ်များသည် SAM အဆင့်အတွင်း ကျရောက်သွားပြီး၊ ၎င်းတို့၏ ထိခိုက်လွယ်မှုများ ပိုများလာကာ၊ ကျန်းမာရေးအန္တရာယ်ကျရောက်လာမည်ဖြစ်သည့်အတွက် ယခင်ကပင် ဖိစီးမှုများရှိနေပြီဖြစ်သည့် ကျန်းမာရေးစနစ်အနေဖြင့် အကုန်အကျပိုများပြီး ခက်ခဲသော ကုသမှုများကို လိုအပ်လာမည်ဖြစ်သည်။ အာဟာရချို့တဲ့မှုရှိသည့် ကလေးသူငယ်များသည် သာမန်ကလေးများထက် သေဆုံးနိုင်ခြေ (၁၁) ဆပိုများကြသည်။ TCF ရန်ပုံငွေနှင့် အကောင်အထည်ဖော်မှု မလုံလောက်ခြင်းသည် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ (PLWs)တွင် အာဟာရချို့တဲ့မှုနှင့်ဆက်စပ်ဖြစ်ပေါ်သော ရောဂါဖြစ်ပွား နှုန်းကို ပိုတိုးလာစေမည့်အန္တရာယ်ရှိသည်။ ထို့အတူပင် ကလေးသူငယ်များ၏ သင်ယူနိုင်စွမ်းနှင့် ကျောင်းတွင်း ဆက်ဆံရေးအားနည်းမှုနှင့်ဆက်စပ်နေသည့် ခန္ဓာကိုယ်နှင့် မှတ်ဉာဏ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုနှေးကွေးခြင်း ကဲ့သို့သော ပြင်းထန်သော်လည်း ကြိုတင်ကာကွယ်နိုင်သည့် ကာလရှည်ဆိုးကျိုးသက်ရောက်မှုများ ကိုကြုံတွေ့ရ နိုင်သည်။

အမျိုးသမီးများအတွက် ကြိုတင်ကာကွယ်ဆောင်ရွက်သော အာဟာရဆိုင်ရာတုံ့ပြန်ရေးလုပ်ငန်းများတွင် ရင်းနှီး မြှုပ်နှံမှုနည်းပါးခြင်းသည်လည်း ရောဂါခုခံနိုင်စွမ်းနည်းပါးပြီး၊ ကလေးဘဝတွင် ဖျားနာသေဆုံးရန်လွယ်ကူ၍ နောက်ပိုင်းတွင် ဆီးချို၊ နှလုံးနှင့် တီဘီကဲ့သို့သော နာတာရှည်ရောဂါဖြစ်ပွားနိုင်မှု မြင့်မားသည့် ကိုယ်အလေးချိန်မပြည့်သော ကလေးမွေးဖွားနိုင်ခြေလည်း ပိုတိုးလာနိုင်သည်။ လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးလုပ်ငန်းအရ ကူညီပေးရန် လျာထားချက်တွင် မပါဝင်သည့် ထိခိုက်လွယ်ရပ်ရွာပြည်သူများအတွင်းရှိ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအား အာဟာရအားဖြည့်ဆေးများ သို့မဟုတ် အားဖြည့်အစားအစာများကို ထောက်ပံ့ပေးခြင်းမရှိပါက၊ သွေးအားနည်းရောဂါကဲ့သို့သော အနည်းလိုအာဟာရဓါတ်ချို့တဲ့မှုကြောင့် ဖြစ်ပွားသည့် ရောဂါများလည်း မြင့်တက်လာပါလိမ့်မည်။

သက်ရောက်မှုများမှာ နိုင်ငံ၏ စီးပွားရေးအထိ ကျယ်ပြန့်စွာသက်ရောက်သွားနိုင်ပြီး၊ အာဟာရချို့တဲ့မှုသည် ဝင်ငွေနည်းပါးသည့် နိုင်ငံများတွင် တစ်နိုင်ငံလုံးထုတ်ကုန်နှင့်စီးပွားရေးတိုးတက်မှုနှုန်းကို ပျမ်းမျှအားဖြင့် GDP ၏ ၃% မှ ၁၆% အထိ ဆုံးရှုံးစေနိုင်သည်။[25]

**ကာကွယ်စောင့်ရှောက်ရေး**

ကာကွယ်စောင့်ရှောက်ရေးအစုအဖွဲ့သည် ဆက်စပ်အဖွဲ့အားလုံးတွင် ကာကွယ်စောင့်ရှောက်ရေးကို ထည့်သွင်း စဉ်းစားစေရေးအတွက် ဖွံ့ဖြိုးရေးကို အခြေခံသည့် ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များ၊ မိတ်ဖက်အဖွဲ့များနှင့် ချိတ်ဆက် လုပ်ကိုင်နေပြီး၊ စနစ်များကို အပြိုင်ဆောင်ရွက်နေခြင်းမျိုး မဖန်တီးမိစေရန် ရှောင်ရှားနိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်နေသည်။ အများပြည်သူဆိုင်ရာလူမှုဝန်ဆောင်မှုများ ပြတ်တောက်နေခြင်းကြောင့် ကာကွယ် စောင့်ရှောက်ရေးအစုအဖွဲ့နှင့် မိတ်ဖက်အဖွဲ့များအနေဖြင့် အပြန်အလှန်အားဖြည့်ပေးနေသော အသက်ကယ်ဆယ် ရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှုများကို  ပေးအပ်နိုင်စေရေးနှင့် လက်လှမ်းမီရရှိနိုင်စေရေး အတွက် လုပ်ငန်းများ၏ လွှမ်းခြုံမှုကို တိုးချဲ့သွားပါမည်။

ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများသည် လူ့အခွင့်အရေးချိုးဖောက်မှုသည့်အမှုများအား လွှဲပြောင်းပေးရေး စနစ်များနှင့် ချိတ်ဆက်ထားမည်ဖြစ်ပြီး၊ ချိုးဖောက်မှုဖြစ်ရပ်များကို သတ်မှတ်ဖော်ထုတ်သည့်အချိန်တွင် တိုက်တွန်းလှုံ့ဆော်မှုများကိုလည်း  ပြုလုပ်သွားပါမည်။ အရေးပေါ်ကာလ လူသားချင်းစာနာမှုတုံ့ပြန်ရေး လုပ်ငန်း မှ အစောပိုင်းပြန်လည်ထူထောင်ရေးဆီသို့ သင့်လျော်သကဲ့သို့ အသွင်ကူးပြောင်းဆောင်ရွက်မည်ဖြစ်ပြီး၊ နောက်ပိုင်းတွင် IDP များအတွက် ရေရှည်တည်တံ့သော ဖြေရှင်းနည်းများကိုလည်း ရှာဖွေသွားပါမည်။ ဤလုပ်ငန်းများ အမှန်တကယ်ဖြစ်မြောက်စေရေးအတွက် အပြန်အလှန်အားဖြည့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကို ကြီးမားစွာ လိုအပ်ပါမည်။

တရားဝင်သက်သေခံစာရွက်စာတမ်း (ID) မရှိခြင်းသည် အခြေခံလူ့အခွင့်အရေးများကို ကျင့်သုံးရယူရာတွင် အဓိကအတားအဆီးတစ်ခုဖြစ်နေပြီး၊ လူသားချင်းစာနာမှုဆိုင်ရာ ပါဝင်ဆောင်ရွက်သူများအနေဖြင့် တရားဝင် သက်သေခံစာရွက်စာတမ်းများနှင့်  အိမ်၊ မြေယာနှင့်ပိုင်ဆိုင်မှု (HLP) စာရွက်စာတမ်းများရရှိရေး၊ HLP ဆိုင်ရာ အခွင့်အရေးများကို နားလည်မှုတိုးတက်စေရေးတို့ကို ကူညီပေးရန်နှင့် လူမှုဆိုင်ရာ ပေါင်းစည်းညီညွတ်ရေးအတွက် အပြုသဘောဆောင်သော လမ်းကြောင်းများကို ဖမ်းဆုပ်နိုင်ရန်အတွက် ရပ်ရွာလူထုများ၊ အခြားသော အကျိုးသက်ဆိုင်သူများနှင့် တိုက်ရိုက်ပူးတွဲလုပ်ဆောင်နေပါသည်။ တချိန်တည်းတွင် ဖွံ့ဖြိုးရေးဆိုင်ရာ ပါဝင်ဆောင်ရွက်သူများကလည်း မြန်မာနိုင်ငံရှိ မတူညီသော ရပ်ရွာပြည်သူများက ရင်ဆိုင်နေရသည့် စနစ်တကျပြုလုပ်ဖန်တီးထားသော HLP ပြဿနာများကို ကူညီဖြေရှင်းပေးနိုင်ရန်အတွက် ကာလရှည်နည်းလမ်းများကို ဆောင်ရွက်နိုင်ပါသည်။

TCF ရည်ရွယ်ချက်များကို မရောက်ရှိနိုင်ပါက၊ ၂၀၂၄ ခုနှစ်တွင် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အန္တရာယ်များနှင့် ကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှုလိုအပ်ချက်များ မြင့်တက်လာမည်ဖြစ်ပြီး၊ အထူးသဖြင့် မသန်စွမ်းသူများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ လူနည်းစုများကို ထိခိုက်စေပါလိမ့်မည်။ လူငယ်များအတွက် လက်နက်ကိုင်အဖွဲ့များသို့ ဝင်ရောက်ခြင်း၊ သက်ငယ်လက်ထပ်ထိမ်းမြားခြင်း၊ ဘေးမကင်း သော ရွှေ့ပြောင်းသွားလာမှုပြုလုပ်ခြင်း၊ မူးယစ်ဆေးသုံးစွဲခြင်းစသည့် ရင်ဆိုင်ဖြေရှင်းရေးနည်းလမ်းဆိုးများကို မဖြစ်မနေရွေးချယ်မည့် အန္တရာယ်လည်း မြင့်မားလာပါမည်။ ရာဇဝတ်မှုများနှင့် လူမျိုးရေးတင်းမာမှုများ မြင့်တက်လာဖွယ်ရှိရာ၊ ပြည်သူများအတွက် အကြမ်းဖက်မှုများ၊ သို့မဟုတ် စိတ်ကျန်းမာရေးနှင့် စိတ္တလူမှုဆိုင်ရာ

သောကရောက်မှုများ သို့မဟုတ် နှစ်မျိုးလုံးကို ရင်ဆိုင်ရနိုင်သည့် အန္တရာယ်ဖြစ်စေပါသည်။

## ခိုလှုံရာ/ အသုံးအဆောင်ပစ္စည်း/ စခန်းစီမံခန့်ခွဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေး (Shelter/NFI/CCCM)

ဖွံ့ဖြိုးရေးရန်ပုံငွေနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများမရှိခြင်းသည် လူသားချင်းစာနာမှုဆိုင်ရာ Shelter/NFI/CCCM အစုအဖွဲ့ပေါ်သို့ ကြီးမားသောဖိအားများကို သက်ရောက်စေသည်။ ထို့ကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ကိုက်ညီသော ဖြေရှင်းနည်းများကို လုပ်ငန်းတိုင်း၌ ဖော်ထုတ်ထည့်သွင်းရေး၊ ဖြစ်လာနိုင်သော ဘေး အန္တရာယ်များကို လျှော့ချရန်အတွက် စွမ်းဆောင်ရည်မြှင့်တင်ရေး၊ အဆုံးစွန်အားဖြင့် ဘေးဒဏ်သင့်ပြည်သူများက ထပ်တလဲလဲကြုံတွေ့နေရသည့် သဘာဝဘေးများကို ကြံ့ကြံ့ခံနိုင်ရန်၊ ထိခိုက်လွယ်မှုလျှော့ချရန်နှင့် မိမိကိုယ်တိုင်ပြန်လည်ထူထောင်နိုင်စွမ်းရှိစေရန်အတွက် ဘေးဒဏ်သင့်ပြည်သူများအား လုပ်ပိုင်ခွင့်ပေးရေးတို့ကို ပိုမို၍ ဦးတည်ဆောင်ရွက်ရန် လိုအပ်လာပါသည်။

DRR နှင့် ကြံ့ကြံ့ခံနိုင်မှုတည်ဆောက်ရေးမဟာဗျူဟာများကို လုပ်ငန်းတိုင်း၌ ထည့်သွင်းပါဝင်စေခြင်း၊ ဘေးဒဏ်သင့်ပြည်သူများအား အကြိမ်ကြိမ်ကြုံတွေ့နေရသည့် သဘာဝဘေးများကို ကြံ့ကြံ့ခံနိုင်ရန် လုပ်ပိုင်ခွင့် ပေးခြင်း၊ ထိခိုက်လွယ်မှုများကို လျှော့ချခြင်းနှင့် မိမိကိုယ်တိုင်ပြန်လည်ထူထောင်နိုင်စွမ်းမြှင့်တင် ပေးခြင်း လုပ်ငန်းများတွင် ဖွံ့ဖြိုးရေးဆိုင်ရာ ပါဝင်ဆောင်ရွက်သူများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပါသည်။ လတ်တလောနှစ်များအတွင်း ဖွံ့ဖြိုးတိုးတက်မှုနည်းခဲ့သည့် သဘာဝဘေးအန္တရာယ်လျှော့ချရေး လုပ်ငန်းသည် အရေးကြီးပြီး၊ အထူးသဖြင့် လူမှုပေါင်းစည်းညီညွတ်ရေးဆိုင်ရာ ကာလရှည်ပြဿနာများရှိနေသည့် ဒေသများတွင် ကြိုတင်ပြင်ဆင်ရေးနှင့် ရေရှည်တည်တံ့သောဖြေရှင်းနည်းများကို လုပ်ငန်းတိုင်း၌ ထည့်သွင်းပါဝင်စေရေးအတွက် ဤ DRR လုပ်ငန်းများကို ချိန်ညှိဆောင်ရွက်ရန် လူသားချင်းစာနာမှုဆိုင်ရာ Shelter/NFI/CCCM ပါဝင်ဆောင်ရွက်သူများနှင့် အပြည့်အဝပေါင်းစပ်ညှိနှိုင်းရပါမည်။ ဖွံ့ဖြိုးရေးပါဝင်ဆောင်ရွက်သူများထံမှ ရရှိသည့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းအကူအညီများသည် ပြန်လည်ထူထောင်ရေး၊ ဒေသတွင်းပေါင်းစည်းဝင်ဆံ့ရေးနှင့် မိမိကိုယ်မိမိ အားကိုးစေရေးတို့အတွက် အထူးသဖြင့် လူငယ်နှင့် အရွယ်ရောက်သူနှစ်မျိုးလုံးကို လွှမ်းခြုံဆောင်ရွက်သည့် အားလုံးပါဝင်သော နည်းလမ်းတစ်ခုဖြင့် ပံ့ပိုးကူညီပေးရာတွင် အဓိကကျပါသည်။

Shelter/NFI/CCCM အစုအဖွဲ့သည် ကြိုတင်မျှော်မှန်းရေးလုပ်ငန်းကို လုပ်ငန်းတိုင်း၌ထည့်သွင်းပါဝင်စေရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပိုမိုနိုးကြားစေရေးတို့တွင် ယခင်ကပင် တက်ကြွစွာ ချိတ်ဆက်ဆောင်ရွက် နေပါသည်။ ဤလုပ်ငန်းများတွင် ကြိုတင်သတိပေးစနစ်များ တည်ထောင်ခြင်း၊ ရပ်ရွာလူထုသို့ ကြိုတင်မျှော်မှန်း ရေးလုပ်ငန်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းစေသော ဖြေရှင်းနည်းများအကြောင်း သင်တန်းများပေးခြင်း၊ အကြိမ်ကြိမ် ကြုံတွေ့နေရသည့် သဘာဝဘေးများကြောင့် ထိခိုက်မှုများကို လျှော့ချနိုင်ရန် အရင်းအမြစ်များကို ကြိုတင် နေရာချထားခြင်းစသည်တို့ ပါဝင်ကြသည်။ ထို့အပြင် Shelter/NFI/CCCM အစုအဖွဲ့သည် ဘေးဒဏ်သင့်ပြည်သူ များအား ဝင်ငွေရအခွင့်အလမ်းသစ်များထောက်ပံ့ပေးခြင်းအားဖြင့် ကိုယ်တိုင်ပြန်လည်ထူထောင်နိုင်စွမ်းရှိလာ စေရေးကိုလည်း မြှင့်တင်ပေးရန် ကတိကဝတ်ပြုထားသည်။

အကျပ်အတည်းခံရသည့်ပြည်သူများ၏ ကြံ့ကြံ့ခံနိုင်ရေး၊ DRR နှင့် ကိုယ်တိုင်လုံလောက်အောင် ဆောင်ရွက်ရေးတို့အတွက် TCF ရန်ပုံငွေထောက်ပံ့မှု မလုံလောက်ပါက သို့မဟုတ် ဖွံ့ဖြိုးရေးစီမံကိန်းများကို အကောင်အထည်ဖော်နိုင်ခြင်းမရှိပါက၊ ကာလရှည်ထိခိုက်လွယ်မှုများကို ဖြစ်စေနိုင်သည်။ Shelter/ NFI/CCCM အစုအဖွဲ့သည် မရှိမဖြစ်လိုအပ်သော ကြံ့ကြံ့ခံနိုင်မှုတည်ဆောက်ရေးလုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ် အတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ရှားပါးနေသော အရင်းအမြစ်များနှင့် ကျွမ်းကျင်မှုများကို ပိုမိုခွဲဝေသုံးစွဲခြင်းဖြင့် ဤကွာဟချက်ကို ဖြည့်ဆည်းရာတွင် ပိုမိုအရေးကြီးသော အခန်းကဏ္ဍမှပါဝင်ရန် လိုအပ်ပါလိမ့်မည်။ နေရပ်စွန့်ခွာရသူများက အဆင်ပြေအောင်မြင်စွာနေရပ်ပြန်နိုင်မည့် အခွင့်အရေးများမှာ အပြန်အလှန်အားဖြည့်ပေးနေသော ဖွံ့ဖြိုးရေးရန်ပုံငွေများမရှိခြင်းကြောင့် ဆိုးရွားစွာ ထိခိုက်နေပြီး သန်းနှင့်ချီသော ပြည်သူများကို ဂုဏ်သိက္ခာကင်းမဲ့သည့် ကာလရှည်နေရပ်စွန့်ခွာရမှုဆီသို့ နောက်ပြန်ဆွဲနေပါသည်။

## ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေး (Water, Sanitation and Hygiene)

အဓိကနယ်ပယ်အချို့ကို ခိုင်မာအားကောင်းစေရန်အတွက် ဖွံ့ဖြိုးရေးပါဝင်ဆောင်ရွက်သူများထံမှလည်း ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေး အကူအညီကို လိုအပ်နေပါသည်။ ယင်းအကူအညီများတွင် လူဦးရေများပြားလာမှုကို တွေ့ကြုံနေရသည့် ဒေသများကို ဦးတည်လျက် ကာလရှည်နေရပ်စွန့်ခွာနေရသည့် အခြေအနေများတွင် ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေးနေရာများအတွက် အခြေခံအဆောက်အဦဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ပေးခြင်းနှင့် နေရပ်ပြန်ရသူ IDP များကို ပိုမိုပေါင်းစည်းပေးနိုင်ရေးအတွက် ဝင်ငွေရလုပ်ငန်းများနှင့် သက်မွေးပညာသင်တန်းများမှတဆင့် အသက်မွေးဝမ်းကျောင်းအထောက်အပံ့များပေးခြင်းတို့ ပါဝင်ကြသည်။

ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေး ရေရှည်တည်တံ့ရေးနှင့် နောက်ပိုင်းတွင် ကိုယ်တိုင်လုံလောက်မှုရှိစေရေးအတွက် ဦးစားပေးလုပ်ငန်းများမှာ ရပ်ရွာလူထုအခြေခံသည့် ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေး အစပျိုးလုပ်ငန်းများနှင့် ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေး ထောက်ပံ့ပစ္စည်းများကို လက်လှမ်းမီရရှိမှုနှင့် ဝယ်ယူနိုင်စွမ်းတိုးတက်စေရန် ဈေးကွက်တိုးတက်စေရေးမဟာဗျူဟာများ ဖော်ထုတ်ဆောင်ရွက်ခြင်းတို့ ဖြစ်ကြ သည်။ အထူးသဖြင့် မြို့ပြဖွံ့ဖြိုးမှုနှုန်းမြန်ဆန်သည့်ဒေသများတွင် မြို့ပြနှင့် ဆင်ခြေဖုံးဒေသများရှိ ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေး ဝန်ဆောင်မှုများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည်လည်း ဦးစားပေးလုပ်ငန်းတစ်ခုဖြစ်ပါသည်။ ဒေသအလိုက် အသေးစိတ်ပြင်ဆင်ထားသည့် လုပ်ငန်းများသည် ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေး အခက်အခဲများအား ဖော်ထုတ်ဖြေရှင်းရာတွင် လည်းကောင်း၊ ဘေးဒဏ်သင့်ပြည်သူများ၏ ကောင်းမွန်စွာနေထိုင်နိုင်ရေးကို တိုးတက်အောင်ဆောင်ရွက်ပေး ရာတွင်လည်းကောင်း ကြီးမားစွာ ပါဝင်ကူညီနေမည်ဖြစ်သည်။

အပြန်အလှန်အားဖြည့်ပေးနေသော TCF မဟာဗျူဟာဦးစားပေးအချက်များကို ရန်ပုံငွေထောက်ပံ့မှုနှင့် အကောင်အထည်ဖော်ဆောင်မှုမလုံလောက်ပါက၊ ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တကိုယ်ရေ

ကျန်းမာရေး အခြေအနေများ ပိုမိုဆိုးရွားလာပါမည်။ အထူးသဖြင့် ထိခိုက်လွယ်ရပ်ရွာပြည်သူများကို ထိခိုက်စေပြီး၊ ကျန်းမာရေးပြဿနာများကို ပိုဆိုးစေကာ၊ ပိုမိုများပြားသော ပြည်သူများအတွက် လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များပေါ်ပေါက်လာစေနိုင်သည်။ အကျပ်အတည်း ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးလုပ်ငန်းများ မလုံလောက်ခြင်းနှင့် စွမ်းဆောင်ရည်တည်ဆောက်ရေး အခွင့် အလမ်းများနည်းပါးခြင်းတို့သည်  အရေးကြီးထောက်ပံ့ပစ္စည်းများအား အချိန်ကိုက်ပေးအပ်ရေးနှင့် ရေရှည် တည်တံ့ပြီး ဒေသခံကိုယ်တိုင် ဖော်ထုတ်ဆောင်ရွက်သော ဖြေရှင်းနည်းများကို နှောင့်နှေးစေပါသည်။

ထို့အပြင်၊ စီစဉ်ထားသော ဖွံ့ဖြိုးရေးလုပ်ငန်းများအား ရန်ပုံငွေထောက်ပံ့မှုနည်းပါးခြင်းကြောင့် တီထွင်ဆန်းသစ် နိုင်မှုအခွင့်အလမ်းများကို လက်လွတ်သွားခြင်းနှင့် တာဝန်ခံယူမှုလုပ်ငန်းစဉ်များ လျော့နည်းသွားခြင်းသည်လည်း ဘေးဒဏ်သင့်ပြည်သူများ၏ အချိန်နှင့်အမျှပေါ်ထွက်နေသော လိုအပ်ချက်များကို ဖြေရှင်းပေးရာတွင် ထိရောက် အကျိုးရှိမှုနှင့် လိုက်လျောညီထွေပြောင်းလဲဆောင်ရွက်နိုင်မှုတို့ကို ထိခိုက်စေပါသည်။ ဤအကျိုးဆက်များကို လျှော့ချနိုင်ရေးနှင့် မြန်မာနိုင်ငံရှိ ရပ်ရွာပြည်သူများကောင်းမွန်စွာနေထိုင်နိုင်ရေးအတွက် TCF မဟာဗျူဟာဦးစားပေးအချက်များအား ရန်ပုံငွေအပြည့်အဝထောက်ပံ့ပေးရန်နှင့် အကောင်အထည်ဖော်ဆောင်ရန် မဖြစ်မနေ လိုအပ်နေပါသည်။

# ပါဝင်ကူညီနိုင်သည့် နည်းလမ်းများ

### လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးလုပ်ငန်းစီမံချက် (HRP) တွင် ပါဝင်ကူညီပါ။

မြန်မာနိုင်ငံ၏ HRP သည် ဘေးဒဏ်သင့်ပြည်သူများ၏ လိုအပ်ချက်များကို ဖြေရှင်းပေးရန်လိုအပ်သည့် ကဏ္ဍအလိုက် လုပ်ငန်းများနှင့် ထိုလိုအပ်ချက်များကို ဖြေရှင်းရာတွင် လိုအပ်မည့် ခန့်မှန်းရန်ပုံငွေပမာဏတို့ကို ခြုံငုံဖော်ပြထားသည်။ ထူးခြားသော လိုအပ်ချက်များ၊ အကူအညီပေးရန်လစ်ဟာမှုများနှင့် ဦးစားပေးတုံ့ပြန်ရေး လုပ်ငန်းများကို အသေးစိတ်ကြည့်ရှုနိုင်ရန်နှင့် ဦးဆောင်အဖွဲ့အစည်းများကို ဆက်သွယ်ရန်အတွက် HRP စီမံချက်ကို www.unocha.org/myanmar တွင် ဒေါင်းလုဒ်ရယူနိုင်ပါသည်။

### မြန်မာနိုင်ငံ လူသားချင်းစာနာမှုရန်ပုံငွေ (MHF) တွင် ပါဝင်ကူညီပါ။

MHF သည် အလှူရှင်များစွာတို့က စုစည်းထည့်ဝင်ထားသည့် ရန်ပုံငွေတစ်ရပ်ဖြစ်ပြီး၊ လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးလုပ်ငန်းတွင် အရေးအကြီးဆုံးသော ရန်ပုံငွေကွာဟချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် မြန်မာနိုင်ငံရှိ လူသားချင်းစာနာမှုအဖွဲ့အစည်းများသို့ လျင်မြန်၍ ပြောင်းလွယ်ပြင်လွယ်ရှိသော နည်းလမ်းများဖြင့် ရန်ပုံငွေများကို ထောက်ပံ့ပေးနေသည်
www.unocha.org/myanmar/about-myanmar-humanitarian-fund

### အရေးပေါ်အခြေအနေတုံ့ပြန်ရေး ဗဟိုရန်ပုံငွေ (CERF) သို့ လှူဒါန်းပါ။

CERFသည် အရေးပေါ်အခြေအနေစတင်သည့်အချိန်၌ အသက်ကယ်ဆယ်ရေး လုပ်ငန်းများအတွက်လည်းကောင်း ၊ ကာလကြာမြင့်ပြီဖြစ်သည့် အကျပ်အတည်း အခြေအနေများတွင် ရန်ပုံငွေမလုံလောက်သည့် လူသားချင်းစာနာမှု ဆိုင်ရာ မရှိမဖြစ်သောလုပ်ငန်းများအတွက်လည်းကောင်း ရန်ပုံငွေထောက်ပံ့ပေးသည်။ OCHA က စီမံခန့်ခွဲသည့် CERF ရန်ပုံငွေသည် အလှူရှင်အမျိုးမျိုးထံမှ ထည့်ဝင်လှူဒါန်းမှုများကို လက်ခံရရှိသည်။ အလှူရှင်များမှာ အဓိကအားဖြင့် နိုင်ငံအစိုးရများဖြစ်သော်လည်း ပုဂ္ဂလိကကုမ္ပဏီများ၊ ဖောင်ဒေးရှင်းများ၊ လှူဒါန်းမှု အဖွဲ့အစည်းများနှင့် တစ်ဦးချင်းပုဂ္ဂိုလ်များလည်း ပါဝင်သည်။ အဆိုပါထည့်ဝင်လှူဒါန်းငွေများကို စုပေါင်း၍ တစ်ခုတည်းသော ရန်ပုံငွေအဖြစ် တည်ထောင်ထားပြီး ကမ္ဘာတစ်ဝန်းရှိ မည်သည့်နေရာတွင်မဆို ဖြစ်ပေါ်သည့် အကျပ်အတည်းများအတွက် အသုံးပြုသည်။ cerf.un.org/donate

### ဤစီမံချက်အကြောင်း

ဤစီမံချက်ကို လူသားချင်းစာနာမှုဆိုင်ရာနိုင်ငံအဆင့်အဖွဲ့အစည်း (HCT) နှင့် မိတ်ဖက်အဖွဲ့များ၏ ကိုယ်စား OCHA က စုစည်းပြုစုထားခြင်းဖြစ်သည်။ ဤစီမံချက်သည် အကျပ်အတည်းအကြောင်း ဘုံနားလည်ထားမှုများကို ဖော်ပြပေးထားပြီး၊ ဖိအားအပေးဆုံးဖြစ်နေသော လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များနှင့် အကူအညီလိုအပ်နေသည့် ပြည်သူများ၏ ခန့်မှန်းအရေအတွက်တို့လည်း ပါဝင်သည်။ စုစည်းထားသော သက်သေအထောက်အထားအခြေခံတစ်ခုကို ကိုယ်စားပြုနေသော ဤစီမံချက်သည် မဟာဗျူဟာမြောက်တုံ့ပြန်ရေးစီမံချက်များ ပူးတွဲရေးဆွဲနိုင်ရေးကို ကူညီအသိပေးပုံဖော်ပေးသည်။

**မျက်နှာဖုံးဓါတ်ပုံ**
ရခိုင်ပြည်နယ်တွင် မိုခါမုန်တိုင်းတိုက်ခတ်ပြီးနောက် ပြန်လည်ပြင်ဆင်ထားသော မိမိ၏နေအိမ်ရှေ့တွင် မတ်တပ်ရပ်နေသော ရိုဟင်ဂျာယောကျာ်းလေးတစ်ဦး (၂၀၂၃ ခုနှစ်)။ ဓါတ်ပုံ - UNHCR/Fabien Faivre

*ဤအစီရင်ခံစာတွင် ဖော်ပြထားသည့် တည်နေရာများနှင့် ရှင်းလင်းတင်ပြချက်များသည် မည်သည့်နိုင်ငံ၊ နယ်မြေ၊ မြို့တော်၊ ဧရိယာ သို့မဟုတ် အာဏာသက်ရောက်ရာပိုင်နက်တစ်ခုခု၏ တရားဝင်မှုနှင့်စပ်လျဉ်း၍ဖြစ်စေ၊ နယ်ခြား သို့မဟုတ် နယ်နိမိတ်မျဉ်းများသတ်မှတ်ခြင်းနှင့်ဖြစ်စေ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရုံး၏ သဘောထားတရပ်ရပ်ကို ဖော်ပြခြင်းဖြစ်သည်ဟု မဆိုလိုပါ။*

### နောက်ဆုံးရအချက်အလက်များကို ရယူပါ။

OCHA

OCHA သည် အကျပ်အတည်းဒဏ်ခံရသည့်ပြည်သူများက ၎င်းတို့လိုအပ်သည့် အကူအညီများနှင့် ကာကွယ်စောင့်ရှောက်မှုတို့ကို လက်ခံရရှိကြောင်းသေချာစေရေးအတွက် လူသားချင်းစာနာမှုလုပ်ငန်းတစ်ခုလုံးကို ပေါင်းစပ်ညှိနှိုင်းပေးသည်။ အကျပ်အတည်းများကြောင့် ထိခိုက်ခံနေရသည့် ပြည်သူများထံသို့ လူသားချင်းစာနာမှုဆိုင်ရာအကူအညီများ ဖြန့်ကြက်ရောက်ရှိမှုကို နှောင့်နှေးစေသည့် အတားအဆီးများကို ကျော်လွှားနိုင်ရန် ဆောင်ရွက်ပေးပြီး၊ လူသားချင်းစာနာမှုစနစ်တစ်ခုလုံး၏ ကိုယ်စား အကူအညီများနှင့် အရင်းအမြစ်များကို စုရုံးရှာဖွေရေးတွင် ဦးဆောင်မှုအခန်းကဏ္ဍကို ထောက်ပံ့ပေးသည်။
www.unocha.org/myanmar
twitter.com/ochamyanmar
www.facebook.com/OCHAMyanmar

Humanitarian Action
ANALYSING NEEDS AND RESPONSE

Humanitarian Action သည် လူသားချင်းစာနာမှုအခင်းအကျင်းတစ်ခုလုံးကို ပြည့်စုံစွာဖြင့် ခြုံငုံဖော်ပြပေးသည်။ လိုအပ်ချက်ဆိုင်ရာ သတင်းအချက်အလက်များ၊ လူသားချင်းစာနာမှုတုံ့ပြန်ရေး လုပ်ငန်းဆောင်ရွက်မှုများနှင့် ရန်ပုံငွေထည့်ဝင်ကူညီမှုများနှင့် စပ်လျဉ်း၍ နောက်ဆုံးအတည်ပြုထားသည့် သတင်းအချက်အလက်များကို ထောက်ပံ့ပေးသည်။
humanitarianaction.info

rw response

ReliefWeb Response ဆိုသည်မှာ လူသားချင်းစာနာမှုဆိုင်ရာ အရေးပေါ်အခြေအနေတစ်ရပ်ရပ်တွင် လက်ရှိအခြေအနေကို နားလည်၍ ဆုံးဖြတ်ချက်ချမှတ်မှုကို ပံ့ပိုးကူညီပေးနိုင်ရန် အတွက် သက်ဆိုင်သည့် သတင်းအချက်အလက်များကို ရရှိစေရမည်ဟူသော လူသားချင်းစာနာမှုအသိုက်အဝန်းသို့ OCHA မှ ကတိကဝတ်ပြုထားမှု၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ReliefWeb Response သည် လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်လုပ်ငန်း၏ မျိုးဆက်သစ်လည်းဖြစ်သည်။
reliefweb.int/country/mmr

fts Financial Tracking Service

ဘဏ္ဍာငွေရရှိမှုအခြေအနေစုစည်းတင်ပြရေးဝန်ဆောင်မှု (FTS) သည် ကမ္ဘာလုံးဆိုင်ရာလူသားချင်း စာနာမှု ရန်ပုံငွေထောက်ပံ့မှုနှင့်စပ်လျဉ်း၍ လက်ရှိအခြေအနေကို စဉ်ဆက်မပြတ်ဖော်ပြနေသည့် အချက်အလက်များကို အဓိကထောက်ပံ့ပေးသည်။ အကူအညီပေးရန်လစ်ဟာမှုများနှင့် ဦးစားပေးလုပ်ငန်းများကို ပေါ်လွင်အောင် ဖော်ပြခြင်းဖြင့် မဟာဗျူဟာအဆင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းကို အဓိကကူညီပေးပြီး၊ ထိရောက်အကျိုးရှိ၍ စည်းမျဉ်းနှင့်အညီဆောင်ရွက်ပေးအပ်သော လူသားချင်းစာနာမှုအကူအညီများဖြစ်စေရေးအတွက် ပါဝင်ကူညီ သည်။
fts.unocha.org/countries/153/summary/2024

# Acronyms

| | |
|---|---|
| AAP | ဘေးဒဏ်ခံရသည့်ပြည်သူများအပေါ် တာဝန်ခံယူခြင်း (Accountability to affected people) |
| ACLED | လက်နက်ကိုင်ပဋိပက္ခများ၏ တည်နေရာနှင့် ဖြစ်ရပ်ဆိုင်ရာ အချက်အလက်ကောက်ယူရေးစီမံကိန်း (Armed Conflict Location and Event Data Project) |
| AoR | တာဝန်ခံလုပ်ငန်းအဖွဲ့ (Area of Responsibility) |
| CBO | ရပ်ရွာလူထုအခြေခံသည့် အဖွဲ့အစည်း (Community-Based Organization) |
| CCCM | စခန်းပေါင်းစပ်ညှိနှိုင်းရေးနှင့် စခန်းစီမံခန့်ခွဲရေး (Camp Coordination and Camp Management) |
| CE | ရပ်ရွာလူထုနှင့် လက်တွဲဆောင်ရွက်ခြင်း (Community Engagement) |
| CERF | အရေးပေါ်အခြေအနေတုံ့ပြန်ရေး ဗဟိုရန်ပုံငွေ (Central Emergency Response Fund) |
| CoP | ရပ်ရွာလူထုတွင်း အဖွဲ့ငယ်ဆွေးနွေးဝိုင်း (Community of Practice) |
| CRSV | ပဋိပက္ခနှင့်ဆက်စပ်ဖြစ်ပွားသည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု (Conflict-Related Sexual Violence) |
| CSO | အရပ်ဖက်လူမှုအဖွဲ့အစည်း (Civil-Society Organization) |
| CVA | ငွေကြေးနှင့် ဘောက်ချာအကူအညီ (Cash and Voucher Assistance) |
| CVP | ရပ်ရွာလူထုဟစ်သံစင်မြင့်အစီအစဉ် (Community Voices Platform) |
| CWG | ငွေကြေးဆိုင်ရာ လုပ်ငန်းအဖွဲ့ (Cash Working Group) |
| DRR | သဘာဝဘေးအန္တရာယ်လျှော့ချရေး (Disaster Risk Reduction) |
| EROs | တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ (Ethnic Armed Organizations) |
| EO | ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းများ (Explosive Ordnance) |
| EORE | ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းအန္တရာယ်အသိပညာပေးခြင်း (Explosive Ordnance Risk Education) |
| ERW | ပေါက်ကွဲစေတတ်သော စစ်ကျန်ပေါက်ကွဲပစ္စည်းများ (Explosive Remnants of War) |
| GBV | ကျားမအခြေပြုအကြမ်းဖက်မှု (Gender-Based Violence) |
| GiHA | လူသားချင်းစာနာမှုလုပ်ငန်းတွင် ကျားမရေးရာကို ထည့်သွင်းပါဝင်စေခြင်း (Gender in Humanitarian Action) |
| HCT | လူသားချင်းစာနာမှုဆိုင်ရာ နိုင်ငံအဆင့်အဖွဲ့အစည်း (Humanitarian Country Team) |
| HIV/AIDS | ခုခံအားကျဆင်းမှုရောဂါ (Human Immunodeficiency Virus/Acquired Immune Deficiency Syndrome) |
| HLP | အိမ်၊ မြေယာနှင့်ပိုင်ဆိုင်မှု (Housing, Land, and Property) |
| HNRP | လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များနှင့် တုံ့ပြန်ရေးစီမံချက် (Humanitarian Needs and Response Plan) |
| HPC | လူသားချင်းစာနာမှုဆိုင်ရာ စီမံကိန်းစက်ဝန်း (Humanitarian Programme Cycle) |
| HRP | လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးလုပ်ငန်းစီမံချက် (Humanitarian Response Plan) |
| IASC | အေဂျင်စီများအကြား အမြဲတမ်းကော်မတီ (Inter-Agency Standing Committee) |
| IASC | အစုအဖွဲ့များအကြား ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (Inter-Cluster Coordination Group) |
| ID | သက်သေခံစာရွက်စာတမ်း (Identity Documentation) |
| IDPs | နိုင်ငံတွင်း နေရပ်စွန့်ခွာရသူများ (Internally Displaced Persons) |
| IED | ချိန်ကိုက်ပေါက်ကွဲပစ္စည်းများ (Improvised Explosive Devices) |
| IHL | အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာမှုဥပဒေ (International Humanitarian Law) |
| IHRL | အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေ (International Human Rights Law) |
| IYCF | နို့စို့ကလေးနှင့် ကလေးငယ်များအား နို့နှင့်အစားအစာတိုက်ကျွေးခြင်း (Infant and Young Child Feeding) |
| JENA | ပညာရေးဆိုင်ရာ လိုအပ်ချက်များအား ပူးတွဲဆန်းစစ်ခြင်း (Joint Education Needs Assessment) |
| JIAF | ကဏ္ဍများအကြား ပူးတွဲစိစစ်ပိုင်းခြားခြင်းမူဘောင် (Joint Intersectoral Analysis Framework) |
| MAF | မြန်မာ့တပ်မတော် (Myanmar Armed Forces) |
| MAM | အသင့်အတင့်အာဟာရချို့တဲ့မှု (Moderate Acute Malnutrition) |
| MHF | မြန်မာနိုင်ငံ လူသားချင်းစာနာမှုဆိုင်ရာ ရန်ပုံငွေ (Myanmar Humanitarian Fund) |
| MHPSS | စိတ်ကျန်းမာရေးနှင့် စိတ္တလူမှုဆိုင်ရာ အထောက်အပံ့ (Mental Health and Psychosocial Support) |
| MIMU | မြန်မာနိုင်ငံ သတင်းအချက်အလက်စီမံခန့်ခွဲရေးယူနစ် (Myanmar Information Management Unit) |
| MMK | မြန်မာကျပ်ငွေ (Myanmar Kyat) |
| MPCA | ဘက်စုံရည်ရွယ်ချက်သုံး ငွေကြေးအကူအညီ (Multi-Purpose Cash Assistance) |
| MSNA | ကဏ္ဍစုံ လိုအပ်ချက်ဆန်းစစ်ခြင်း (Multi-Sector Needs Analysis) |
| MUAC | လက်မောင်းလုံးပတ်တိုင်းတာခြင်း (Mid-Upper Arm Circumference) |
| NFIs | အသုံးအဆောင်ပစ္စည်းများ (Non-Food Items) |

| | |
|---|---|
| NGO | အစိုးရမဟုတ်သော အဖွဲ့အစည်း (Non-Governmental Organization) |
| OPD | မသန်စွမ်းသူရေးရာ အဖွဲ့အစည်း(Organization of Persons with Disabilities) |
| PDFs | ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ (People's Defence Forces) |
| PLW | ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များ (Pregnant and Lactating Women) |
| PSEA | လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းနှင့် အလွဲသုံးမှု တားဆီးကာကွယ်ပေးရေး (Protection from Sexual Exploitation and Abuse) |
| နစက | နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ (State Administration Council) |
| SAM | ပြင်းထန်အာဟာရချို့တဲ့မှု (Severe Acute Malnutrition) |
| SEA | လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းနှင့် အလွဲသုံးခြင်း (Sexual Exploitation and Abuse) |
| TAG | နည်းပညာအကြံပေးအဖွဲ့ (Technical Advisory Group) |
| TCF | ကုလသမဂ္ဂ၏ ကြားကာလပေါင်းစပ်ညှိနှိုင်းရေးမူဘောင် (UN Transitional Cooperation Framework) |
| UNDSS | ကုသမဂ္ဂ လုံခြုံရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးဌာန (United Nations Department of Safety and Security) |
| WASH | ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တကိုယ်ရေကျန်းမာရေး (Water, Sanitation and Hygiene) |

# စာကြွင်းများ

1. လူငါးဦး သို့မဟုတ် ငါးဦးထက်ပိုသော စုဝေးခြင်း၊ ချီတက်ခြင်း၊ ဆန္ဒပြခြင်း၊ ဆူပူဖျက်ဆီးခြင်း၊ ယာဉ်တစ်မျိုးမျိုးကို အသုံးပြု၍ လှုံ့ဆော်ခြင်း၊ စုဝေးခြင်း၊ မိန့်ခွန်းပြောခြင်းတို့အား တားမြစ်ထားပြီး ညမထွက်ရအမိန့်မှာ နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိဖြစ်သည်။ သို့သော် ညမထွက်ရအမိန့်အတွက် ကန့်သတ်အချိန်မှာ ဒေသအလိုက် ပြောင်းလဲသည်။

2. နိုင်ငံရေးအကျဉ်းသားများအား အကူအညီပေးရေးအဖွဲ့ (မြန်မာ) www.aappb.org. (၁၂-၁၂-၂၀၂၃ ရက်နေ့တွင် ဖော်ပြထားချက်)

3. ACLED data.

4. https://mapaction-maps.herokuapp.com/health

5. https://extranet.who.int/ssa. (၁၂-၁၂-၂၀၂၃ ရက်နေ့တွင် ဖော်ပြထားချက်)

6. ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ၂၁-၁၂-၂၀၂၂ ရက်နေ့ ဆုံးဖြတ်ချက်အမှတ် ၂၆၆၉ (https://press.un.org/ en/2022/sc15159.doc.htm)

7. https://www.unmultimedia.org/avlibrary/asset/3082/3082550/

8. https://germanwatch.org/en/19777

9. https://data.unhcr.org/en/situations/myanmar, "Myanmar refugees and asylum seekers"

10. https://data.unhcr.org/en/situations/myanmar

11.Weaving Gender. Challenges and - ILO, 2018

12.https://www.ilo.org/yangon/publications/WCMS_888644/lang--en/index. htm

13. International Crisis Group

14. International Crisis Group

15. https://freedomhouse.org/report/freedom-net/2023/repressive-powerartificial-intelligence#the-repressive-power-of-artificial-intelligence

16. မြန်မာနိုင်ငံရှိ နိုင်ငံမဲ့ပြည်သူများအားလုံးနီးပါးမှာ ရိုဟင်ဂျာများဖြစ်ကြသည်။

17. ရေလောင်း/ရေဆွဲချအိမ်သာများကို အသုံးပြုနေသည့် အိမ်ထောင်စုများ သို့မဟုတ် ကျင်းအိမ်သာများကို သီးသန့် အသုံးပြုနေသူများ မပါဝင်ပါ။

18. https://themimu.info/sector/protection-sexual-exploitation-abuse-psea

19. ပြည်နယ်/တိုင်းဒေသကြီးအဆင့်ရှိ ညှိနှိုင်းရေးမှူးအများစုသည် ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၌ အလုပ်လုပ်နေသည့် မြန်မာနိုင်ငံသားများဖြစ်ကြသည်။

20. https://interagencystandingcommittee.org/humanitarian-financing/iascguidance-provision-overheads-local-and-national-partners.

21. 2023 MSNA

22. 2023 MSNA

23. ၂၀၂၄ ခုနှစ် HNRP တွင် ဖော်ပြထားသည့် ဆေးကုသရေးအဖွဲ့ဆိုသည်မှာ လူသားချင်းစာနာမှုဆိုင်ရာတုံ့ပြန်ရေးလုပ်ငန်း အတွက် ဦးစားပေးအသက်ကယ်ဆယ်ရေးဆိုင်ရာ ကျန်းမာရေးဝန်ဆောင်မှုများကို ထောက်ပံ့ပေးသည့် ကျန်းမာရေးပညာရှင် (ဆရာဝန်များ၊ သူနာပြုများ၊ အကူများ) အဖွဲ့များဖြစ်ကြသည်။ ၎င်းဝန်ဆောင်မှုများကို ရွေ့လျားဆေးခန်းများ၊ အထိုင်ဆေးခန်းများဖြင့်လည်းကောင်း၊ ရပ်ရွာလူထု၊ ပြင်ပလူနာတို့အပါအဝင် မတူကွဲပြားသော အခြေအနေများအတွက် ဖုန်းဖြင့်အဝေးမှ ကုသပေးခြင်းနည်းလမ်းကို အသုံးပြုခြင်းနှင့် ပုဂ္ဂလိကဆေးရုံးဆေးခန်းများကို အသုံးပြုခြင်းတို့ဖြင့် ထောက်ပံ့ပေးနိုင်သည်။

24. စိုးရိမ်မှုရှိကြောင်း ဖော်ပြခဲ့သည့် လူဦးရေအုပ်စုအတွင်းရှိ MSNA ဖြေကြားသူ ရာခိုင်နှုန်း

25. https://www.worldbank.org/en/topic/nutrition/overview#:~:text=The%20economic%20costs%20of%20undernutrition,GDP%20in%20low%2Dincome%20 settings

လူသားချင်းစာနာမှုဆိုင်ရာ
လိုအပ်ချက်များနှင့် တုံ့ပြန်ရေး
လုပ်ငန်းစီမံချက်
မြန်မာနိုင်ငံ